
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





Quality Publishing House

အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သုရဗီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။



http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

OCTOBER 2014

ဒဂုန်ရွှေမျှား


မြွေပွေးနှင့် မြွေဟောက် ၆

စိုးစာင့်ထူး (မအူပင်)

မှန်ရှိန်စစ်ဆင်ရေး ၁၆

ဇော်လှယဉ် (ဖော်သမြိုင်)

မုန်တိုင်းကြမ္မာမလွှတ်သာ ၃၂

နေမထူး

လက်တိုင်စုန်း ၅၁

သီချာသန်းအောင် (မြင်းခြံ)

မျက်ငြေလက်ာရှစ်စုံမှာ ၆၅

အောင်ညီမြိုင် (ဆန်နီလျှင်)

လွမ်းလွန်းလို့... ၈၄

မိုးဇန်းမွှန် (ရှာမညာ)

ကြွေသုံးတိစ် ၁၀၇

စိုးလှသင် (အုမ်းခြံကျွန်း)

ရေကြာမိုးကြိုး ၁၂၀

မြောင်းမြ အောင်ကို

ယောင်တျှချင်းတော့မဖြစ်ပါလေ... ၁၃၄

မြတ်သက်ကျော်

ပူမျက်ရည်များငြိမ်းစေသား... ၁၄၄

ညီညီနိုင်

မရှာတာခတ် ၁၇၀

အောင်မျိုးကြီး သိန်းဇဝင်း

ဟိုးရှေးတုန်းကကန်တွင်းမှာ ၁၈၈

ကျော်ဇင်းညွှန့် (လှည်းကား)

သည်းထိတ်ရင်ဖို ၂၀၃

ဝင်းမြင့်နိုင် (ရွာသိမ်းကောင်)

ဝတ်ထိုးမှုသုံး ၂၂၉

ကာလဝက်ရွှေ

ဇော်ဝမ်းဇော်ရှူး ၂၄၂

PREVIEW




www.burmeseclassic.com


www.burmeseclassic.com


အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဝေလှမြင့်မောင် (ဝ၉ ၃၁၁၁၆၉၉၉)
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရှုအမြဲ
ကိုစိုးသိန်း၊ ထွန်းထွန်းလှုပ်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နှောင်းလတ်၊ ဝေလင်း၊ သန်းထက်စင်။
ဟေမာကိုကို၊ မြမြသင်း၊ ဝင်းဝင်းမာ၊ ဒီဖြူ၊ မီမီ။
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၄၂၀)Quality Publishing House
အမှတ် - ၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိမ်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှုန်လင်း၊ ပေါ်ကား၊ ဗိုင်းမော်။
ကွန်ပျူတာနှင့်ဖောင်
Quality
ပုံနှိပ်သူ
မြီးဝေမျှပုံနှိပ်တိုက်(၀၁၆၅၉)
ဒေါ်ယဉ်ယဉ်မွန်၊ ဆန်စက်အပိုင်းပစ္စည်းစက်ရုံးဝင်း၊ အထက်ပုဇွန်တောင်လမ်း၊
ဆက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
တန်ဖိုးနှုန်း
အုပ်ရေ-၅၀၀
တန်ဖိုး-၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် - ၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၁


# NEXT MONTH PREVIEW



**ပန်းဝတ်ရှု...**
ဒဂုန်ရွှေမျှား




**ဒီသည်းမာသည် ဆိုသော်လည်း**
ဆွေမြင့်



**နှင်းလားဟဲ့...**
ရှင်ဆိုင်ရာ...
မောင်သိန်းပိုင် (သန်...

www.burmeseclassic.com




ဂျပန်ခေတ်ကာလ
လူလည်လူပွေများ၏ ခေါင်းတုံးပေါ်ထိပ်ကွက်
လူလည်ကျပုံကို မြင်ရမည့် ..

**တစ်နေ့သော** ည(၇)နာရီအချိန်လောက်တွင် ဒါလဟိုဇီလမ်း(ယခု မဟာဗန္ဓုလလမ်း)နှင့် လမ်းမတော်လမ်းထောင့်ရှိ ကုလားလက်ဖက်ရည်ဆိုင်ရှေ့၌ ရှေ့နေမောင်မောင်ထွန်း၏ကားကလေး ဆိုက်လာပြီးလျှင် မောင်မောင်ထွန်းသည် ဘလေဇာအင်္ကျီနက်ပြာရောင်၊ ဘောင်းဘီအနက်၊ ညှိဆောင်းဦးထုပ်အနက် စသည်တို့ကိုဝတ်ပြီးလျှင် ကားပေါ်မှ ဆင်းလာပြီး ဆိုင်တွင်းသို့ ဝင်သွားလေ၏။

ဆိုင်အတွင်းရှိ စားပွဲတစ်လုံး၌ကား အံဝတ်အစားခပ်စုတ်စုတ်နှင့် လူတစ်ယောက်သည် မောင်မောင်ထွန်းအား ဆီးကြိုနှုတ်ဆက်လေသည်။ ထိုသူမှာ အသက် (၂၅)နှစ်ခန့်မျှရှိ၍ ရုပ်လက်တိုနှင့် ပလေကပ်လုံချည်တစ်ပတ်ရစ်ကိုဝတ်ဆင်ထားရှိသော်လည်း အရှိုးအစား ကျပြီးလျှင် ကျနစွာဝတ်ဆင်ထားပါက လူချောလူလှတစ်ယောက် ဖြစ်ပေလိမ့်မည်ဟု ဝန်ခံရသည့် လူတစ်ယောက်ဖြစ်လေသည်။ မောင်မောင်ထွန်းဝင်လာသည်ကိုမြင်သော

www.burmeseclassic.com

www.burmeseclassic.com

အခါထိုသူလည်းနေရာမှထပြီးလျှင်မောင်မောင်ထွန်းအား ဆီးကြိုနှုတ်ဆက်လေ၏။

"ကျွန်တော်ဖြင့် - ဆရာ မလာတော့ဘူးလားလို့ - ဆရာရယ်"

"ခင်ဗျားရောက်နေတာ ဘယ်လောက်ကြာသွားပြီလဲ"

"နာရီဝက်လောက် ရှိသွားပြီ - ဆရာ"

"ကိစ္စကလေးရှိလို့ လမ်းမှာဝင်နေတာနဲ့ နည်းနည်းကလေး နောက်ကျသွားတယ် - ကိုကျင်မောင်။ နို့ပေမဲ့ - ကတိတော့မဖျက်တတ်ပါဘူး။ လာမယ်ဆို လာမှာပေါ့"

"ဟုတ်ပါတယ် - ဆရာ။ ဆရာ့အကြောင်း ကျွန်တော် သိပါတယ်"

"ကိုင်း - ဆရာမှာတာ ပါရဲ့လား"

"ပါ, ပါတယ် - ဆရာ"

မောင်ကျင်မောင်သည် ရှပ်အင်္ကျီအိတ်ထဲမှ မှတ်တမ်းစာအုပ်ပေါင်းတလေးတစ်အုပ်ကို ထုတ်ပြီးလျှင် စာအုပ်ကြားထဲတွင် ရှိသေစွာ ညှပ်၍ထားသော စာခေါက်ကလေးတစ်ခုကိုထုတ်၍ မောင်မောင်ထွန်းအား ပေးလေ၏။ စာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ရည်းစားစာတစ်စောင်ဖြစ်၍ လက်ရေးမှာ အလွန်သေးငယ်လှပသော မိန်းမလက်ရေး ဖြစ်လေသည်။ စာ၌ပါသောအဓိပ္ပာယ်မှာ မြန်မာဘာသာဖြင့် အောက်ပါအတိုင်း ဖြစ်၏။

*ကျွန်ုပ်၏ ချစ်လှစွာသော မစ္စတာကီမူရာ ...*

*ရှင်၏စာကို ကျွန်မ ရပါသည်။ ကျွန်မသည် ရှင့်အိမ်သို့ အလည်အပတ်လာရောက်စဉ်ကပင် ရှင့်အား မေတ္တာသက်ဝင်မိသော်လည်း ကျွန်မတို့မြန်မာလူမျိုးများမှာ မိန်းမက စတင်၍ အချစ်ကို ဖွင့်လှစ်ပြောဆိုရိုးထုံးစံမရှိ၍ ရှင့်စကားကို စောင့်ဆိုင်းနေပါသည်။ ရှင်သည် ကျွန်မတို့အိမ်သို့ ကားကြည့်ရန်လာရောက်ပြီးလျှင်ကားကိုယူသွားသောခါကျွန်မ၏အရိုင်ဘာမောင်ကျင်မောင်က ရှင်သည် လမ်းတစ်လျှောက်လုံးတွင် ကျွန်မ ချောကြောင်းလှကြောင်းကို ချည်း ပြောနေကြောင်း ပြန်ပြောသဖြင့် ရှင်သည် ကျွန်မအပေါ်မေတ္တာသက်ရောက်လျက်ရှိကြောင်း သိရပါပြီ။ ကျွန်မသည် အင်္ဂလိပ်လူမျိုးကို လက်ထပ်ခဲ့ရသော်လည်း ကျွန်မ၏ သဘောအတိုင်းမဟုတ်ဘဲ မိဘဆွေမျိုးများ သဘောတူသဖြင့် ဖြစ်ခဲ့ရပါသည်။ ကျွန်မမှာ အနောက်နိုင်ငံသားများကို နဂိုကပင် မုန်းတီးသူ ဖြစ်ပါသည်။ ယခုအခါ ကျွန်မတို့ မြန်မာလူမျိုးများသည် နိပ္ပွန်အဆွေတော်များနှင့်အတူ အရှေ့အာရှတိုက်ကြီး၏ သဘောတူညီမျှခံစားရေးအတွက် ပူးပေါင်းရှိနေကာ နဂိုကပင် ကျွန်မသည် နိပ္ပွန်စစ်သားများ၊ စစ်ဗိုလ်များအား ကြည်ညိုလေးစားပါသည်။ ကျွန်မ၏လင်ယောကျ်ားသည် မည်သည့်နည်းနှင့်မျှ မြန်မာနိုင်ငံသို့ပြန်လာနိုင်တော့မည်မဟုတ်ပါကြောင်း။ ညီညွတ်က လက်ထပ်ရန် စီစဉ်ဖို့ ရှိပါသည်။*

မိမိလေး

မောင်မောင်ထွန်းသည် စာကို (၂)ခေါက်ပြန်၍ ဖတ်လေ၏။ အခေါက်လိုက်၊ ကျိုး၍နေသောနေရာများနှင့် လက်မှတ်ထိုးသည့်နေရာများကို မီးရောင်၌ အသေအချာ ကြည့်ရှုပြန်၏။

"ဒီစစ်ဗိုလ်နဲ့ မိမိလေးနဲ့ ဆက်သွယ်ပုံကလေး တစ်ဆိတ် ပြောစမ်းပါဦး"

"ကီမူရာဆိုတဲ့စစ်ဗိုလ်က အင်းစိန်လမ်းမှာနေတယ် - ဆရာရဲ့။ သူတို့ချင်း ပထမစပြီး ဘယ်ထိစပြီး တွေ့တယ်ဆိုတာတော့ မပြောတတ်ဘူး။ တစ်နေ့တော့ဒီစစ်ဗိုလ်ဟာကျွန်တော်တို့မင်းကတော်ဆီကိုမော်တော်ကားဝယ်ဖို့ အကြောင်းနှင့်ပတ်သက်ပြီး ပွဲစားတစ်ယောက်ကခေါ်လို့ရောက်လာတယ်။ မင်းကတော်က အိမ်မှာ ဧည့်ဝတ်ကျေအောင် စားစရာသောက်စရာတွေနဲ့ အရက်နဲ့ ကျကျနန ဧည့်ခံလိုက်တယ် - ဆရာရဲ့။ ကျွန်တော် လိုက်ပို့ရတယ်။ တတိယအခေါက်ကျတော့ မင်းကတော်ကိုယ်တိုင် လိုက်လာပြီး စစ်ဗိုလ်အိမ်မှာ (၁)နာရီလောက် စကားပြောနေတာ ကျွန်တော် စောင့်နေရပါတယ်။ နောက်ပြီးတော့ ကားကလေးကို (ငါးသောင်း)နဲ့ ရောင်းလိုက်တာပါ။ အဲဒီတော့ - ကျွန်တော့်ကိုပါ အလုပ်ပေးမယ်ဆိုပြီး စစ်ဗိုလ်ဆီကို လိုက်ပြီး ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်မှာ ကားမောင်းရတာကိုး – ဆရာရဲ့၊ သူတို့ချင်း အချိန်းအချက်ပေးပြီး နေရာအမျိုးမျိုးမှာ ဟိုတယ်အမျိုးမျိုးမှာ တွေ့ကြတာတွေ၊ ကျွန်တော် အားလုံးသိတာပေါ့ – ဆရာရယ်၊ နို့ပေမဲ့ – သူတို့ချင်း အတိအလင်း လက်ထပ်ယူကြတာ မဟုတ်လေတော့ ကျွန်တော့်ဆရာကတော်ရဲ့ဂုဏ်ကို မထိခိုက်စေပါစေနဲ့ဆိုပြီး ကျွန်တော် ဘယ်သူ့မှမပြောဘဲ သိုဝှက်ထားပါတယ် – ဆရာရယ်၊ နို့ပေမဲ့ – ကျွန်တော် စောင့်ရှောက်သလို သူ ကျွန်တော့်အပေါ်မစောင့်ရှောက်ဘူး – ဆရာရဲ့၊ ဂျပန်ခေတ်တုန်းက ကျွန်တော် ယူသုံးမိတဲ့ ငွေတစ်ထောင်ကို အလွဲသုံးစားမှုဖြစ်အောင် ဉာဏ်ဆင်ပြီး တရားစွဲတာ ကံကောင်းလို့ ထောင်မကျတာ – ဆရာရဲ့"

"နေပါဦး – ဒီစာရပုံကို ပြောစမ်းပါဦး"

"သူ့ဆီမှာ ကားမောင်းနေတုန်း တော်လှန်ရေးတွေ ဘာတွေဖြစ်လာပြီး စစ်ဗိုလ်ဟာ ဝါးနက်ချောင်းဘက်မှာ အသတ်ခံရတာကိုး – ဆရာရဲ့၊ ဒီတော့ ကျွန်တော်လည်း သူ့အကျီအဝတ်အစားကလေးနဲ့ ဂျပန်ငွေ တစ်သောင်းလောက် သူ့ဆီက ရလိုက်တယ် – ဆရာရယ်၊ နောက် – ကျွန်တော်ပါ ပါနေမှာစိုးလို့ ဒလဘက်ကို ကျွန်တော် ထွက်ပြေးရပါတယ်"

"ဒီစာဟာ သူ့အဝတ်အစားထဲကရတယ် ဆိုပါတော့ ..."

"ဟုတ်ပါတယ်"

"လက်ရေးက မင်းကတော်လက်ရေးပဲလား"

"သူ့လက်ရေးအစစ်ပါ – ဆရာရယ်၊ ကျွန်တော် အင်္ဂလိပ်စာ ကောင်းကောင်းမတတ်ပေမဲ့ သိပါတယ်၊ လတ်ရေးကို သေးသေးနဲ့ လှလှကလေး ရေးတတ်တယ်"

"စစ်ဗိုလ်ကကော စာပြန်မပေးဖူးဘူးလား"

"ပေးမှာပေါ့ – ဆရာရယ်၊ သူလည်း အင်္ဂလိပ်လို ကောင်းကောင်း ပြောတတ်တာပဲ၊ သူတို့ချင်း စကားပြောရင် အင်္ဂလိပ်လို အပြောများတယ် – ဆရာရဲ့"



မောင်မောင်ထွန်းသည် ငွေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်သောက်ပြီးလျှင် မောင်ကျင်မောင်ဘက်သို့ စီးကရက်ဘူးကို လှမ်း၍ ပေးလိုက်လေ၏။

"ကိုင်း – ဆေးလိပ်များ သောက်စမ်းပါဦး"

"ဟုတ်ကဲ့ – ဆရာ"

"ဒါထက် – ခင်ဗျား – မင်းကတော်ယောကျ်ားက ဘယ်သူဗျ"

ထိုအခါ မောင်ကျင်မောင်သည် စီးကရက်ကို အားရပါးရ ဖွာထုတ်ပြီးနောက် ယောကျ်ား၏အမည်ကို မောင်မောင်ထွန်း၏နား နားသို့ကပ်၍ ပြောလိုက်ရာ မောင်မောင်ထွန်းသည် ဦးခေါင်းကို ညင်သာစွာ ညိတ်လျက်ရှိလေ၏။

"ကောင်းပြီ – ကောင်းပြီ၊ ဒီစာအတွက် ကိုကျင်မောင်က ဘယ်လောက်လိုချင်သလဲ – ပြောလေ"

"ဆရာ့သဘောအတိုင်းပါ – ဆရာ၊ ကျွန်တော် လက်စားချေရရင် တော်ပါပြီ၊ သူ့ယောကျ်ား ဘိလပ်က ပြန်လာလို့ ဒီအကြောင်းတွေများ သိသွားရင် ဒီမိန်းမ – အနားတောင် ကပ်မှာမဟုတ်ဘူး"

"မိန်းမဆိုတာ လင်နဲ့ဝေးကွာနေရရင် ဖောက်ပြန်တတ်စမြဲပေါ့ – ကိုကျင်မောင်ရဲ့"

ၡင်းနောက် မောင်မောင်ထွန်းလည်း အတွင်းအိတ်ထဲမှ (၁၀၀)တန် စက္ကူ (၅)ချပ်ကို မောင်ကျင်မောင်၏လက်ထဲသို့ ထည့်လိုက်လေ၏၊ မောင်ကျင်မောင်မှာ မမျှော်လင့်သော စာကလေးတစ်စောင်အတွက် (၅၀၀) ရရှိသည်မှာ တော်လှပေပြီဟု အောက်မေ့သော်လည်း မောင်မောင်ထွန်းကမူ ကား၊ အချောင်ရသည်ဟု ထင်မှတ်မိ၏၊ ဤကဲ့သို့ ရက်ရောစွာ ပေးကမ်းမှုကြောင့်လည်း မောင်မောင်ထွန်းမှာ အခြားသူများ မရသေးသော သတင်းကို ရရှိခြင်း၊ အခြားသူများ မရှာဖွေနိုင်သောပစ္စည်းကို ရှာဖွေနိုင်ခြင်း၊ စက်သန် ကြမ်းကြုတ်သောသူနှင့် မာန်မာနကြီးသူများအား မိမိဘက်သို့ပါအောင် ဆွဲယူနိုင်ခြင်း အစရှိသော တန်ခိုးသတ္တိနှင့် ပြည့်စုံခြင်း ဖြစ်လေသည်။

www.burmeseclassic.com

မောင်ကျင်မောင်သည် မောင်မောင်ထွန်းအား ကျေးဇူးတင်စကား ပြောကြားပြီးလျှင် စီးကရက်တံစလိပ်ကို ထပ်၍မီးညှိပြီးနောက် -

"ဒီမိန်းမနဲ့များ အဆက်အသွယ်လုပ်ရင် တစ်ခုတော့ သတိထားနော် ဆရာ"

"ဘာလဲဗျ - ကိုကျင်မောင်ရဲ့"

"ဂျပန်လက်ထက်ကတည်းကပဲ ဒီမိန်းမမှာ ငွေစက္ကူလုပ်တဲ့စက်ရှိသလိုလို၊ ဘာလိုလို သတင်းကြားတယ်နော်။ သူ သုံးစွဲနေတာဟာ ရတာနဲ့ မမျှဘူး။ သူ့ယောက်ျားကြီးထားခဲ့တဲ့ပစ္စည်းတွေဟာ မကုန်တဲ့အပြင် တိုးပွားတောင်နေသေးတယ်လို့ သတင်းကြားရတယ် - ဆရာရဲ့"

"အေးလေ - ကြည့်လုပ်ရတာပေါ့ - ကိုကျင်မောင်။ ဒီလိုသတိပေးတာ အများကြီးကျေးဇူးတင်ပါတယ်။ နောက် - တွေ့ကြသေးတာပေါ့။ ကိုင်း - သွားလိုက်ဦးမယ်"

"ကောင်းပါပြီ ခင်ဗျာ"

တစ်ပတ်ခန့်ကြာလတ်သော်မောင်မောင်ထွန်းသည်ဆိပ်ကမ်းသာလမ်းရှိ မိမိ၏တိုက်ခန်း၌ ကြိမ်ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင်ထိုင်ကာ အင်ဒါတိုးဆေးတံတွင် ဆေးတစ်ဆုံထည့်၍သောက်ပြီးလျှင်ကောင်းကင်သို့ တက်သွားသော မီးခိုးလုံးများကို ကြည့်ရှုလျက် ရှိလေ၏။

ဤသို့ရှိစဉ် အခန်းတံခါးခေါက်သံကြားသဖြင့် အစေခံသည် တံခါးကို ဖွင့်ပေးလေရာ ခေတ်ဆန်သော အဝတ်အစားများကိုဝတ်စားလျက်အသက် (၃၀)ခန့်ရှိလုံးကြီးပေါက်လှမိန်းမတစ်ယောက်သည် ဂျပန်လက်ဆွဲ သားရေအိတ်တစ်လုံးကိုဆွဲကာ အခန်းထဲသို့ ဝင်လာလေ၏။ လှပသော ရုပ်အဆင်းထက် ဘိုဆန်သော အမူအရာမှာ ဘိုကတော်တစ်ယောက် ဖြစ်ထိုက်ပါပေသည်ဟု မောင်မောင်ထွန်းက အကဲခတ်မိ၏။ မောင်မောင်ထွန်းသည် စားပွဲဝိုင်းရှိ ကုလားထိုင်ပေါ်သို့ပြောင်း၍ အခြားကုလားထိုင်တစ်လုံးကို ထိုမိန်းမအားပေးလျက် "ကြွပါခင်ဗျာ ကြွပါ။ မင်းကတော် မိမိလေး ဟုတ်ပါစ"

"ဟုတ်ပါတယ်။ ကျွန်မ - ဟိုဟာကြည့်ချင်တယ်"



"ကြည့်ပါရစေမယ် ခင်ဗျာ"

မောင်မောင်ထွန်းသည်စားပွဲအံဆွဲမှသော့တွဲကိုယူပြီးလျှင် မီးခံသေတ္တာကြီးကိုဖွင့်ပြီးနောက် အံဝှက်တစ်ခုအတွင်းရှိသေတ္တာကလေးတစ်ခုထဲမှ စာခေါက်ကလေးကို ထုတ်ယူပြီးလျှင် မိမိလေးလက်သို့ ပေးလျက် -

"ဒီစာပါပဲ ခင်ဗျာ"

"အင်း - ရှင်က အခုနေအခါငွေ (၅၀၀၀) ဆိုတာများနည်းတယ် အောက်မေ့နေသလား။ ဂျပန်ငွေစက္ကူ မဟုတ်ဘူး - အမိန့်တော်ရမင်းရဲ့ အင်္ဂလိပ်စက္ကူ"



မောင်မောင်ထွန်းလည်း မိမိလေးပြောသည့်အတိုင်း ငွေစက္ကူများကို မရေတွက်ဘဲ အံဆွဲအတွင်းသို့ အထပ်လိုက် ပစ်သွင်းလိုက်ပြီးနောက် မတ်တတ်ရပ်ကာ မိမိလေးအား ခေါင်းငုံ့၍ နှုတ်ဆက်လိုက်လေ၏။ ၎င်းနောက် မိမိလေးသည် မောင်မောင်ထွန်းတိုက်ခန်းမှ လျင်မြန်စွာ ဆင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် - မင်းကတော်၊ ဟော - ဒါထက် - မင်းကတော်ရဲ့ယောကျ်ားလည်း ဘိလပ်က ပြန်လာတော့မယ်လို့ သတင်းစာတစ်စောင်ထဲမှာ တွေ့လိုက်ပါကလား"

"အို - ဒီဟာရှင့်အပူ မဟုတ်ပါဘူး၊ စာအကြောင်းသာပြောပါ၊ ငါးထောင်ပေးမှ ဒီစာကို ရှင်က ပေးနိုင်မယ်ဆိုပါတော့"

"မှန်ပါတယ်ခင်ဗျာ၊ စာထဲမှာ ကာကွယ်ရေးပုဒ်မ မလွတ်တဲ့စကားတွေတောင် မင်းကတော်က လွန်လွန်ကြူးကြူး သုံးထားပါတယ်၊ သည်တော့ ဒီစာကို မင်းကတော်ယောကျ်ား မတွေ့နဲ့ဦး၊ အစိုးရလက်ထဲ ရောက်သွားရင် မင်းကတော်အပေါ်မှာအပြစ်မလွတ်ဘူးဆိုတာမင်းကတော် သိတယ်မဟုတ်လား"

"ဒါကြောင့်လည်း (၅၀၀၀) ပေးဝယ်တာပေါ့"

"မှန်ပါတယ်"

"ကိုင်းလေ - အချိန်ကုန်ပါတယ် - ရော့ပါ"

မင်းကတော် မိမိလေးသည် လက်ဆွဲသားရေအိတ်ကြီးထဲမှ (၁၀) တန်၊ အချပ် (၁၀၀) စီ ခေါက်၍ထားသော အခေါက် (၅) ခေါက်ကို မောင်မောင်ထွန်းထံသို့ ပစ်၍ပေးလိုက်ပြီးလျှင် နေရာမှထလေ၏၊

"ဘယ့်နှယ် - အံ့ရင်လို လုချေကလား - မင်းကတော်"

"ကျွန်မမှာ ကိစ္စရှိသေးတယ်၊ အို - စက္ကူတွေ ရေမနေပါနဲ့ ရှင်၊ လျှော့ရင် ကျွန်မ တာဝန်ခံပါ့မယ်"

မောင်မောင်ထွန်းလည်း မိမိလေးပြောသည့်အတိုင်း ငွေစက္ကူများကို မရေတွက်ဘဲ အံဆွဲအတွင်းသို့ အထပ်လိုက် ပစ်သွင်းလိုက်ပြီးနောက် မတ်တတ်ရပ်ကာ မိမိလေးအား ခေါင်းငုံ့၍ နှုတ်ဆက်လိုက်လေ၏၊ ၎င်းနောက် မိမိလေးသည် မောင်မောင်ထွန်းတိုက်ခန်းမှ လျင်မြန်စွာ ဆင်းသွားလေသည်၊

— ✽ —

မောင်မောင်ထွန်းလည်း အထက်ပါ အကြောင်းအရာများကို ကျွန်တော့်အား ပြောပြလျက်ရှိရာ ကျွန်တော်က "ဒါဖြင့် - ငွေ (၅၀၀) ရင်းတာ ငွေ (၅၀၀၀) ရတယ်ဆိုတော့ တစ်ချီတည်းနဲ့ ငွေ (၄၅၀၀) ခင်ဗျား ပွလိုက်တာပေါ့လေ"

"ကျုပ်ကတော့ ဖ - ဆ - ပ - လ ဘိလပ်သွားရန်ပုံငွေထဲကို ဒီငွေ (၅၀၀၀) တစ်ခါတည်း ထည့်ဖို့ကြံတာပေါ့လေဗျာ၊ နို့ပေမဲ့ ..."

"ဘာဖြစ်သလဲ"

"ဘယ်ကလာပြီး ပွမလဲဗျာ၊ သူပေးခဲ့တဲ့ စက္ကူတွေဟာ တစ်ချပ်မျှ အမှန်မဟုတ်ဘူး၊ အားလုံး အတုချည်းပဲဗျ"

"ဟင် - ဒီတစ်ခါ - မြွေပွေးပိုးထိတာပဲဗျို့၊ ဒါဖြင့် - ခင်ဗျားငွေ (၅၀၀) ရှုံးတာပေါ့"

"ရှုံးလည်း မရှုံးပါဘူး၊ အရင်းပါပဲ"

"နို့ - ဒီစာကို မောင်ကျင်မောင်ဆီက ငွေ (၅၀၀) ပေးပြီး ဝယ်ရတယ်ဆို"

"ဟုတ်ပါတယ်"

"ဒါဖြင့် - ဘာကြောင့် မရှုံးတာလဲဗျ"

"ကျုပ်ပေးလိုက်တဲ့စာကလည်း အစစ်မှမဟုတ်ပဲ၊ သူ့လက်ရေး သူ့လက်မှတ်နဲ့တူအောင် ကူးပြီးထားတဲ့ ကော်ပီပဲ"

"တတ်လည်းတတ်နိုင်တဲ့လူဗျာ"

ပြ> ဒဂုန်ရွှေမျှား

စာမူများ
ပေးပို့လိုပါက

www.burmeseclassic.com

# စွန့်ရဲနိစစ်ခဝင်ရေး



**ပင်လယ်တွင်း ကုန်စည်လှေသင်္ဘောများကို
လုယက်တိုက်ခိုက်နေသော ဓားပြအဖွဲ့ကို
သက်စွန့်ဆံဖျား လက်ရဖမ်းဆီးပုံဖြစ်သည့် ..**

"**ခေါ်ယာကြီး**" ကျွန်းမှာ ပုလဲငုပ်သည့် ရွာကလေးများသာ ရှိ၏။ ရွာဟုဆိုသော်လည်း အိမ်ခြေမများလှ၊ အလွန်ဆုံး လေးငါးဆယ်အိမ်သာ ရှိသည်၊ ရာသီဥတုကလည်းကြမ်းတမ်းလှ၏။ တစ်ရွာလုံးမှာအုန်းပင်များသာ မင်းမူနေ၏။

ထိုကျွန်းသည်မြန်မာနိုင်ငံတောင်ဘက်ဖျား တနင်္သာရီတိုင်းဒေသကြီး တွင် တည်ရှိ၏။ ကျွန်းပေါင်းရှစ်ရာကျော်တွင် တစ်ခုအပါအဝင် ဖြစ်သည်၊ ကျွန်းသူကျွန်းသားများ၏ဘဝက ပင်ပန်းဆင်းရဲလှ၏။ ရေလုပ်ငန်းနှင့်သာ အသက်မွေးရသည်မို့ ကျွန်းသားတို့၏အသားအရောင်က နီနီချိတ်ချိတ်ဖြစ် နေ၏၊ လူသူအရောက်အပေါက်နည်းလှသည့် ကျွန်းကလေးဟုလည်း ဆိုနိုင်၏။

လှမောင်တို့ရွာကလေးက ကျွန်းစပ်တွင်ရှိ၏၊ လေတဟူးဟူးတိုက်ခတ် နေသောရွာကလေး၊ မိုးတွင်းပိုင်းဆိုလျှင် တစ်ရွာလုံး မိုးကြမ်းလေကြမ်းဒဏ် ကို ခံကြရ၏။ ရွာအရှေ့ဖျားကျွန်းဆိပ်တွင် မှတ်ငုပ်သည့် လှေလေးများ အစီအရီ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

လှမောင်ကိုယ်တိုင်ကလည်းမှတ်ငုပ်သမားဖြစ်၏။ ကိုယ်ပိုင်လှေတစ်စီးရှိပြီးအလုပ်သမားငါးဦးကိုဦးစီးလုပ်ကိုင်နေသူဖြစ်၏။ သူကိုယ်တိုင်ကလည်းရေငုပ်ကျွမ်းကျင်ပြီး အတောင်ငါးဆယ်နီးပါးလောက်ကို ငုပ်နိုင်သူ ဖြစ်၏။ ပုလဲထွက်သည့်မှတ်ကောင်များကလည်း သန္တာကျောက်တန်းများကြားတွင် နေထိုင်တတ်၏။

လဆုတ် (သို့မဟုတ်) လဆန်းရက်များတွင် ပုလဲငုပ်ထွက်လှေ ရှိ၏။ သူတို့ဘဝက ပင်လယ်ထဲတွင်သာ အနေများ၏။ တစ်ရက် သူတို့လူစု မှတ်လှေကလေးနှင့် ထွက်လာရာ ကျွန်းနှင့် ရေမိုင်လေးဆယ်လောက်အရောက်တွင် လှေအရှိန်ကို ရပ်တန့်ပြီး မှတ်ငုပ်ရန်ပြင်ကြ၏။

ထိုအချိန်တွင် မြောက်ဘက်ရေစီးကြောင်းမှ မျောလာသောလှေတစ်စီးကိုတွေ့လိုက်ရ၏။ လှေကြီးမှာ ကုန်တင်လှေကြီးဖြစ်၍ လူသူအရိပ်အယောင်လည်း မမြင်ရ။ ဦးတည်ရာ မဲ့မျောပါနေ၏။

သူတို့လူစု လှေကြီးကို စောင့်ကြည့်ခဲ့၏။ အသံပေး၍ အော်ဟစ်ခဲ့ကြ၏။ လှေကြီးက တုတ်တုတ်မလှုပ်၊ မျောချင်ရာ မျောနေမည့်ပုံပင်၊ သူတို့စိတ်ထဲ၌ သံသယဖြစ်လာ၍ လှေကြီးဆီသို့ အလျင်အမြန် လှော်ခတ်ခဲ့ကြ၏။

လှေကြီးအနီးသို့အရောက် တစ်ဖက်လှေကြီးပေါ်သို့ လှမောင်နှင့် သောင်းစုတို့ တက်ခဲ့ကြ၏။

"ဟာ – ဟိုမှာ"

"ဘာလဲ"

"လူ – လူတွေ သေနေတယ်"

"ဘုရား – ဘုရား"

မြင်ကွင်းကိုကြည့်ပြီး လှမောင် မယုံကြည်နိုင်လောက်အောင် ဖြစ်ရ၏။ ကုန်းပတ် ကြမ်းပြင်ပေါ်တွင် လူအချို့လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရ၏။ မှောက်ခုံတချို့ ပက်လက်တချို့ အားလုံး သွေးသံရဲရဲ ...။

နှစ်ယောက်သား အလောင်းတွေနား ရောက်သွား၏။ ဒဏ်ရာမျိုးစုံနှင့် အသက်ခံထားရပုံပေါ်သည်၊ သောင်းစုသည် မြင်ကွင်းကိုကြည့်ပြီး ထိတ်ထိတ်လန့်လန့် ပြောလိုက်၏။



"ဒါ – ဒါ – ဓားပြလက်ချက်ဖြစ်ရမယ်"

"ဟုတ်တယ် – ဖြစ်နိုင်တယ်၊ တစ်ယောက်မကျန် သတ်ထားတာကွ။ ရက်စက်လိုက်တာ"

"ဘယ်လိုလုပ်ကြမလဲ"

"လုံခြုံရေးအဖွဲ့ကို အကြောင်းကြားရမှာပေါ့ကွာ၊ ကိုင်း – လှေကြီးကို ကြိုးချိတ်ကွာ"

နောက်ဆုံး – သူတို့လူစု ကုန်တင်လှေကြီးကို ကြိုးနှင့် ချိတ်ဆွဲလာကာ ဘော်ယာကြီးကျွန်းအရှေ့ဘက် လုံခြုံရေးစခန်းသို့ ရောက်ရှိသွား၏။ စခန်းတာဝန်ခံက "အောင်ရဲကျော်"။

အသားညိုစိမ့်စိမ့်၊ အရပ်မြင့်မြင့် ယောက်ျားပီသသောရုပ်ရည်ရှိပြီး သူ့တာဝန်က ပင်လယ်ပြင်လုံခြုံရေး ...။ လှမောင်တို့ ဆွဲယူလာသည့် ကုန်တင်လှေကြီးပေါ် တက်ကြည့်လိုက်၏။

အသတ်ခံရသူလူပေါင်း ရှစ်ယောက်တိတိ၊ ဒဏ်ရာတွေကလည်း မျိုးစုံလှ၏။ အောင်ရဲကျော်တို့သည် အလောင်းများကို အသေးစိတ်စစ်ဆေးရင်း မှတ်ချက်ပြုလိုက်၏။

"ဒါ – ကျောက်တော်ဘက်က ထွက်လာတဲ့လှေ ဖြစ်ရမယ်၊ ကုန်ရောင်းအပြန် ဓားပြအတိုက် ခံရတာပဲဖြစ်မယ်"

"ရက်စက်လိုက်တာ – ဆရာရယ်၊ လူတွေကို ဘာဖြစ်လို့သတ်သွားတာလဲဗျာ၊ ယူစရာရှိယူပြီး ထွက်သွားကြပေါ့"

"ထွန်းကြိုင်ကလဲကွာ၊ ဓားပြတိုက်ပါတယ်ဆိုမှ သူတို့ထင်ရာ လုပ်သွားမှာပေါ့ကွ"

"အဲဒီလိုလုပ်တာတော့ ဘယ်ကောင်းပါ့မလဲ – ဆရာရယ်၊ တစ်လောတလည်း ဘိုဇော်ကျွန်းဘက်မှာ အဲဒီလိုပဲလုပ်ခဲ့တာဗျ"

"ဟုတ်တယ် – ဒီကောင်တွေ အတော့်ကို လက်ရဲဇက်ရဲရှိလာပြီကွ၊ ဒါပဲနဲ့ဆို – သုံးကြိမ်တိတိရှိသွားပြီ – မဖြစ်ဘူး၊ ငါတို့ – ဒီကိစ္စကို စစ်ဆင်ရေးသဘောထားပြီး ဝင်မှဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

အောင်ရဲကျော်တို့လူစု အတော်ကို တုန်လှုပ်သွားခဲ့၏။ ဓားပြအုပ်စု၏ လုပ်ရပ်က ကိစ္စတုံးလုပ်ရပ်။ ပြီးတော့ - အလောင်းတွေကို လှေပေါ်တင်၍ မျှောလိုက်ခြင်းပင် ဖြစ်၏။ ထိုအချက်သည် သူတို့အတွက် စဉ်းစားစရာ ဖြစ်နေ ၏။ ယခုလည်း လှေတစ်စင်းလုံးမှာ အသတ်ခံရသည့်လူတွေက အတုံး အရုံး။ အံ့သြစရာကောင်းသည်မှာ လှေဦးပိုင်းတွင် စွန်ရဲကြီးတစ်ကောင် ပျံ့ဝဲနေသည့်ပုံပါသော အလံကလေး စိုက်ထားခြင်းပင်။ အလံအောက်ခံမှာ အနက်ရောင်ဖြစ်ပြီး စွန်ရဲကြီး၏အရောင်က အနီရောင်။ အသွင်က ထိုးသုတ် တော့မည့်အသွင် ...။

အောင်ရဲကျော်သည် လှေဦးပိုင်းနံရံမှ အလံကလေးကို ဖြုတ်ပြီးကြည့် လိုက်၏။ တပည့်လုပ်သူ ထွန်းကြိုင်အနားသို့ ရောက်လာ၏။

"ဟာ - ဒါ - ဟိုတလောက မျှောလာတဲ့လှေထိပ်မှာလည်း အဲဒီလိုအလံ မျိုး ပါလာတယ်မဟုတ်လား"

"ဟုတ်တယ် - ဒီကိစ္စဟာ တစ်ဖွဲ့တည်း လှုပ်ရှားနေတာဖြစ်ရမယ်ကွ။ ဒီလိုလုပ်တာတော့ လက်မခံနိုင်ဘူးကွာ။ တော်တော်ရက်စက်တဲ့လူတွေ။ တိုင်း - သက်သေမှတ်တမ်းတွေယူပြီး လုပ်စရာရှိတာ လုပ်ကြ ..."

နောက်ဆုံးတော့ လှေပေါ်ကအလောင်းတွေကို ဓာတ်ပုံမှတ်တမ်းတင် လိုက်ပြီး လုပ်ငန်းအဆင့်ဆင့်ကို ဆက်၍လုပ်ဆောင်ခဲ့ကြလေ၏။

ကျောက်တော်ရွာကလေးမှာ ဖွံ့ဖြိုးစမြို့ကလေးတစ်မြို့အသွင် ရှိနေ၏။ အိမ်ခြေသုံးလေးရာကျော်ခန့်ရှိပြီး အတန်အသင့်စည်ကားလှသော ရွာကလေး ဟု ဆိုရမည်ပင်။ ထို့ပြင် ကျောက်တော်ရွာသည် ပုလဲလုပ်ငန်း ရောင်းဝယ် ဖောက်ကားရေးတွင် အချက်အချာကျ၏။

မြို့ဘက်မှ လူတွေလည်းရောက်လာလေ့ရှိ၏။ မြို့စပ်တွင် လှေကြီးလှေ ငယ်အသွယ်သွယ်နှင့် မော်တော်ဘုတ်များ ဆိုက်ကပ်ထားပြီး လူမျိုးစုံ ဥဒဟို သွားလာဝင်ထွက်နေ၏။



စားသောက်ဆိုင်ကြီးများ၊ ဈေးဆိုင်ကြီးများ၊ ပုလဲရောင်းဝယ်ရေး ပုဂ္ဂလိကဆိုင်များ ရှိ၏။ ထို့အပြင် အရက်ဆိုင်ကြီးများ၊ လောင်းကစားရုံကြီး များလည်း ရှိ၏။ အုပ်ချုပ်ရေးအဖွဲ့က ခွင့်မပြုသော်လည်း သူတို့က ပုန်းလျှိုး ကွယ်လျှိုး ဖွင့်လှစ်ထား၏။

အောင်ရဲကျော်သည် ကျောက်တောင်ကို တစ်ပတ်တစ်ခေါက်တော့ ရောက်စမြဲပင်။ ယခုလည်း မော်တော်တစ်စီးနှင့် ခရီးကြုံလိုက်လာပြီး ကျောက်တော်တွင် ဆင်းနေခဲ့၏။

သူ၏အဓိကတာဝန်မှာ "စွန်ရဲနီ" စစ်ဆင်ရေးပင် ဖြစ်၏။ ပင်လယ်တွင် ကုန်စည်ကူးသန်းနေကြသော လှေကြီးလှေငယ်များကို စွန်ရဲနီအဖွဲ့က ကောင်းကောင်းကြီး ဒုက္ခပေးနေ၏။ သူတို့လူစု ခြေရာခံခဲ့သည်မှာလည်း ကျွန်းတွေ နှံ့နေပြီဖြစ်၏။

ယခုထိ ခြေရာလက်ရာ မတွေ့ရသေး။ စွန်ရဲနီသတင်းကြောင့် ကုန်တင် လှေအချို့ပင် ပင်လယ်ပြင် မထွက်ရဲကြ။ အောင်ရဲကျော်၏စိတ်ထဲတွင် ကျောက်တော်မြို့ကို မသင်္ကာ။

မြို့မှအပြန် ကုန်သည်လှေအတော်များများ ဓားပြအတိုက်ခံခဲ့ရသည်မို့ စွန်ရဲနီအဖွဲ့သည် ကျောက်တော်တွင် ရှိနိုင်ကြောင်း ယူဆမိ၏။ ထို့ကြောင့် လည်း ယခုလို တကူးတက ရောက်ရှိလာခြင်းဖြစ်၏။

သူနှင့်အတူ အဖွဲ့သားသုံးဦးပါလာပြီး ကျွန်းသားအသွင်နှင့် ရုပ်ဖျက်လာ ခဲ့ကြသည်။ ကျောက်တော်တွင် ထွန်းကြိုင်တို့ကို ရှေ့ပြေးလွှတ်ထား၏။ မြို့ပေါ်သို့ ရောက်သည်နှင့် ထွန်းကြိုင် သတင်းပို့ရန် ရောက်လာ၏။

"ဘယ်လိုလဲ - ထွန်းကြိုင် - ဘာထူးလဲ"

"လောလောဆယ်တော့ ခြေရာခံလို့မရသေးဘူး။ ဒါပေမဲ့ - အိမ်ပြာကြီး ဆိုတဲ့ စားသောက်ဆိုင်မှာတော့ လူရှုပ်တွေ စုနေတယ်"

"ဟုတ်လား ..."

"အဲဒီဆိုင်က အရက်လည်း ရတယ်၊ လောင်းကစားလုပ်ငန်းတွေကို လည်း လုပ်တယ် - ဆရာ။ ပြီးတော့ - အဲဒီဆိုင်ရဲ့ဆိုင်ပိုင်ရှင် "ချစ်ရာ" ဟာ ထောင်ပြေးတစ်ဦးလို့ သတင်းရထားတယ် - ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ချစ်ရာဇာ – ဟုတ်လား။ သူ့ရဲ့နောက်ကြောင်းကို မင်း လိုက်ပြီးပြီလား"

"ရသလောက်တော့ မှတ်တမ်းလုပ်ထားတယ် – ဆရာ"

"ပြစမ်းကွာ"

ပြောပြောဆိုဆိုနှင့် ထွန်းကြိုင်လက်ထဲမှ မှတ်တမ်းကို ယူကြည့်လိုက်၏။ မှတ်တမ်းဖွင့်လိုက်သည်နှင့် ချစ်ရာဇာ၏ဓာတ်ပုံကို တွေ့လိုက်ရ၏။ မျက်ခုံးထူထူ၊ နှာတံလုံးလုံး၊ ခေါင်းတုံးဆံပင်ပေါက်၊ မျက်နှာပြုံးပြုံးနှင့် အကျည်းတန်လှသူ ဖြစ်၏။

ကြောက်စရာအကောင်းဆုံးက ချစ်ရာဇာ၏ မျက်လုံးအစုံပင် ဖြစ်၏။ မျက်လုံးအရောင်က ညိုမှိုင်းမှိုင်း။ အကြောင်းအရာတစ်ရပ်ကို သွေးအေးအေးနှင့် ရက်စက်စွာ လုပ်ရဲသည့်အရိပ်လက္ခဏာတွေ ပေါ်နေ၏။

ထွန်းကြိုင်လိုက်ထားသည့် အချက်အလက်များကို ဆက်၍ဖတ်လိုက်၏။ ချစ်ရာဇာ (ခေါ်) တောသား (ခေါ်) ကြွက်ကြီး၊ ဇာတိက ရေနံချောင်း၊ အနောက်မြို့သစ်ကျေးရွာသား။ ထောင်နှစ်ကြိမ် ကျဖူး၏။ နောက်ဆုံးအကြိမ်မှာ လူသတ်မှုဖြစ်ပြီး ရဲဘက်စခန်းသို့အပို့တွင် လမ်းခရီး၌ ကားမှောက်ရာမှ ထွက်ပြေးလွတ်မြောက်သွားသည်ဟု သိရ၏။

ထွန်းကြိုင်လိုက်ထားသည့် အချက်များကို အသေးစိတ်ဖတ်ရင်း အောင်ရဲကျော် – "ချစ်ရာဇာ" ကို စိတ်ဝင်စားသွား၏။ ကျောက်တော်မြို့ကြက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အလှမ်းဝေးသဖြင့် ချစ်ရာဇာ တစ်ယောက် လာရောက်ပုန်းအောင်းနေခြင်း ဖြစ်ရမည်ဟု ယူဆမိ၏။

အထောက်အထားမရှိတော့ ချစ်ရာဇာကို ဆွဲလို့မဖြစ်သေး။ သို့နှင့် ညဉ့်ဦးပိုင်းလောက်တွင် သူတို့နှစ်ဦး အိမ်ပြာကြီးဆီသို့ ရောက်ရှိသွားခဲ့သည်။ မီးရောင်တွေက တလင်းလင်း တလက်လက်။ မီးရောင်အောက်တွင်သောက်သုံးသူတွေ စည်ကားနေ၏။ များသောအားဖြင့် ကျွန်းသားတွေ များ၏။

အသံဗလံများကလည်း ကျွတ်ကျွတ်ဆူနေ၏။ မနက်ပိုင်း စားသောက်ဆိုင်ဖွင့်ထားပြီး ညပိုင်းတွင် ယမကာဆိုင်နှင့် လောင်းကစားဝိုင်းမျိုးစုံဖွင့်ထား၏။ အိမ်ပြာကြီးဆိုသည့်အတိုင်း အိမ်ကြီးကို မဲနယ်ရောင်ဆေးပြာများ သုတ်ထား၏။



အိမ်ကြီးသည် နှစ်ထပ်အိမ်ကြီးဖြစ်ပြီး ဝေးဝေးကကြည့်လျှင် ဖရုံကြီးအလား ထင်မှတ်ရ၏။ အိမ်ပြာကြီး၏အနောက်ဘက်တွင် သစ်လုံးအိမ်ကြီးတစ်လုံးကိုပါ တွေ့လိုက်ရ၏။

သူတို့နှစ်ဦး အိမ်ပြာကြီး၏အပေါ်ထပ်သို့ တက်ခဲ့၏။ မူးရူးနေသူအချို့ကိုလည်း တွေ့ရ၏။ သီချင်းသံတွေလည်း ကြားနေရ၏။ စောင့်ကြပ်ကွပ်ကဲနေသည့်လူအချို့ကိုလည်း တွေ့ရ၏။

သူတို့နှစ်ယောက် စားသောက်ဖွယ်ရာများမှာယူစားသောက်ရင်း အခြေအနေကို အကဲခတ်လိုက်၏။ ထွန်းကြိုင်လည်း အစောင့်တစ်ဦးကိုခေါ် ကာ လေသံတိုးတိုးနှင့် မေးလိုက်၏။ အစောင့်က ခေါင်းတခါခါဖြင့် –

"မဖြစ်ဘူးဗျ – ဒီညပိုင်းက မြို့ကလာတဲ့လူတွေနဲ့ပဲ စီစဉ်ထားတာ၊ အဲဒီဘက်ကို ဘယ်သူမှမလာရဘူးလို့ ဆရာကြီးက အမိန့်ထုတ်ထားတယ်။ ကစားချင်ရင် မနက်ဖြန်မှလာခဲ့ …"

အစောင့်လုပ်သူ၏စကားကို နားထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။ ထွန်းကြိုင်နှင့် အောင်ရဲကျော် စိတ်ဝင်စားသည်က အိမ်ပြာကြီး အနောက်ဘက် သစ်လုံးအိမ်ကြီးပင် ဖြစ်သည်။

ထိုအိမ်ကြီးထဲတွင် လောင်းကစားဝိုင်းကြီးတွေ ရှိ၏။ ချစ်ရာဇာက သစ်လုံးအိမ်ကြီးထဲတွင် နေထိုင်သည်ဟု သတင်းရထား၏။ ယခုတော့ အစောင့်လုပ်သူက ခေါင်းတခါခါလုပ်နေသဖြင့် သူတို့နှစ်ယောက် ငြိမ်နေလိုက်ရ၏။

"ဘယ်လိုလုပ်မလဲ – ဆရာရဲ့"

"လောလောဆယ်တော့ စောင့်ကြည့်ရမှာပဲ …"

"ဒါဆို – မြရွှေတို့ဆီ သွားမယ်၊ အဲဒီမှာပဲ တည်းကြတာပေါ့"

ချစ်ရာဇာနေတဲ့အနီးအနားမှာ အစောင့်အကြပ်များက တင်းကျပ်၏။ ထို့ကြောင့်လည်း မြရွှေဆီကို ပြန်ခဲ့ကြရ၏။ မြရွှေက ကျောက်တော်မြို့၏ လုံခြုံရေးတာဝန်ခံ၊ မြရွှေအကြောင်းကို သိသူနည်းလှ၏။ ရိုးရိုးအေးအေးနေတတ်ပြီး ဈေးဆိုင်ကလေး ဖွင့်ထား၏။ ကျောက်တော်မှာ မြုပ်ထားသည့် အထောက်တော်တစ်ဦးပင် …။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုမြင်တော့ မြရွှေဝမ်းသာအားရ ဖြစ်နေ၏။ စားသောက်ဖွယ်ရာများနှင့်သာ ဧည့်ခံခဲ့၏။ ချစ်ရာဇာနှင့် ပင်လယ်ပြင်တွင် ဖြစ်ပျက်နေသော အကြောင်းအရာများကို မေးကြည့်လိုက်၏။

"အဲဒီ့တိစ္ဆ - ကျွန်တော် - ဆရာတို့ကိုသတင်းပေးတဲ့အတိုင်းစုံစမ်းကြည့်တယ်။ တော်တော်ကြောက်စရာကောင်းတယ် - ဆရာရယ်"

"ဘာဖြစ်လို့တုံး"

"အဲဒီ့ငါးပြတွေဟာ ရေအောက်က ဖြန်းစားကြီး တက်လာတာတဲ့ဗျ။ ပြီးတော့ - ဝတ်ထား၊ စားထားတာက အနက်ရောင်အဝတ်အစားတွေနဲ့ဗျ။ မျက်နှာကြီးတွေကလည်း ကြောက်စရာပဲ၊ ပြောတာတော့ ပင်လယ်တစ္ဆေတွေလို့ပြောတာပဲ"

"ပင်လယ်တစ္ဆေ မဟုတ်နိုင်တာပဲ - မြရွှေရာ၊ တစ္ဆေက ဓားတွေ၊ တုတ်တွေ ကိုင်ပါ့မလား။ ခင်ဗျား - ဘယ်လိုကြားလဲ"

"ဒီလိုဆရာရဲ့ - အဲဒီ့အဖြစ်အပျက်ကို ကုန်သည်ကြီးတစ်ယောက် ကြုံဖူးတယ်၊ သူလည်း ပင်လယ်ထဲ ခုန်ချပြီး ခြေလွတ်လက်လွတ် ထွက်ပြေးခဲ့ရတာ၊ အရပ်ကြီးတွေကလည်း အရှည်ကြီးတွေဆိုပဲဗျ။ မျက်နှာတွေ၊ ခန္ဓာကိုယ်တွေမှာလည်း အမွှေးအမှင်တွေ စုတ်ဖွားဖွားနဲ့တဲ့ ..."

"ဟုတ်လား - တော်တော်ထူးဆန်းတယ်၊ ဒါထက် - ချစ်ရာဇာဆိုတဲ့လူကို ဘယ်လိုမြင်လဲ"

"သူက ထောင်ပြေးတစ်ဦးပဲ။ မဟုတ်တာ အကုန်လုပ်တယ်၊ ဒါပေမဲ့ အံ့သြစရာကောင်းတာက အဲဒီလူဟာ ရေဆို အသေကြောက်တယ်၊ သူက လောင်းကစားရုံဖွင့်ပြီး ပိုက်ဆံရှာတာလောက်ပဲ ရှိတယ် - ဆရာ"

မြရွှေဆီက စကားကြောင့် အောင်ရဲကျော် မှန်းဆရ ခက်သွားသည်။ ပြီးတော့ - စွန်ရဲနီအလံအကြောင်း မေးကြည့်တော့လည်း မြရွှေဖြေပုံက ဝမ်းတဝါးဝါး၊ ဘာပဲဖြစ်ဖြစ်၊ အညီရှိရာ ယင်ကောင်လာဆိုတဲ့ ဆိုရိုးအတိုင်း ချစ်ရာဇာကို စောင့်ကြည့်ခဲ့သည်။

သို့နှင့်တစ်ပြိုင်နက်တစ်ရက်၊နှစ်ရက်အတွင်းမှာ ချစ်ရာဇာဖွင့်ထားသည့် လောင်းကစားရုံထဲသို့ ရောက်ခဲ့သည်။ ကစားနည်းတွေ မျိုးစုံလှ၏။ လူမျိုးခြားများလည်း ပါ၏။ ဥပဒေနှင့် ဆန့်ကျင်ဘက် လုပ်ကိုင်နေသူဖြစ်၍ ချစ်ရာဇာတို့ လုပ်ငန်းကို ချက်ချင်းဖမ်းပစ်လိုက်နိုင်၏။

သို့သော် သူတို့လိုချင်သည့်အချက်အလက် မတွေ့သေး၍ စောင့်ကြည့်ခဲ့ရ၏။ ထိုအတောအတွင်း ချစ်ရာဇာနှင့် ကစားဝိုင်းတွင် ဆုံမိ၏။

လူက ဝဝဖိုင့်ဖိုင့်၊ မျက်နှာ ရှည်မျောမျော၊ အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။ သူ့နံဘေးတွင် မိန်းမချောလေး သုံးလေးဦး ဝိုင်းနေတတ်၏။ ဆေးပြင်းလိပ်ကြီးခဲကာ ညာဘက်လက်ညှိုးတွင် ပုလဲနက်ကြီးတစ်လုံးကို လက်စွပ်ကွင်း ဝတ်ထား၏။

မျက်နှာပေါက်က ခပ်ကျူးကျူး၊ စကားသံက ခြောက်ကပ်ကပ်။ မိန်းမချောလေး သုံးယောက်ကလည်း သူ့ကို ပွတ်သီးပွတ်သပ်လုပ်နေ၏။ လက်ထဲက ဖဲချပ်ကို စိမ်ပြေနပြေပွတ်ရင်း ပြုံးတေ့တေ့အမူအရာနှင့် ကစားနေ၏။

အောင်ရဲကျော်သည် ဖဲချပ်ကို မျက်နှာနှင့်ကွယ်ရင်း ချစ်ရာဇာ၏ အသိုင်းအဝိုင်းကို စောင့်ကြည့်ခဲ့၏။ သူ့ဘေးနားတွင် ဝိုင်းနေသည့်လူတွေက ချစ်ရာဇာ၏လူဆိုးများ ဖြစ်ဖို့သေချာ၏။ မှုန်ကုပ်ကုပ်၊ မိုက်ကန်းကန်း၊ ထင်ရာမြင်ရာ လုပ်ရဲသည့်ပုံပေါ်၏။ ဖဲဝိုင်းတွင် ငွေကို ရေလို သုံး၏။ သူတို့ဝိုင်းတွင် နိုင်ငံခြားသားသုံးဦး ပါ၏။

အောင်ရဲကျော်သည် ချစ်ရာဇာတို့လူစု၏ လှုပ်ရှားမှုကို စောင့်ကြည့်ရင်း အခြေအနေကို ရိပ်မိနေ၏။ နိုင်ငံခြားသားသုံးဦးသည် ရတနာကုန်သည်ကြီးများဖြစ်ပြီး ကျောက်တော်တွင် ပုလဲလာဝယ်သူတွေ ဖြစ်၏။

သူတို့ လာရောက်ဝယ်ယူနည်းမှာလည်း ဥပဒေကို ကျောခိုင်းမျက်ကွယ်ပြုထားပုံရ၏။ တရားမဝင်နည်းနှင့် လှုပ်ရှားနေသည်ဟု ထင်ရ၏။ လေးငါးပွဲလောက်အပြီးတွင် နိုင်ငံခြားသားကြီးသုံးဦး အနိုင်ရသွား၏။

ရသမျှ ငွေကြေးအသပြာတွေကို လုံးဝမယူဘဲ ချစ်ရာဇာထုတ်ပေးသည့် ရွှေရောင်ပုလဲရတနာများကိုသာ ယူသွား၏။ ချစ်ရာဇာကတော့ ခပ်ပြုံးပြုံးပင်။

နိုင်ငံခြားသားသုံးဦးသည် ပုလဲရတနာများကိုယူကာ မော်တော်ဆိပ်သို့ ဆင်းသွား၏။ အောင်ရဲကျော်သည် ဝိုင်းထဲတွင် ထိုင်နေရာမှ ချစ်ရာဇာ၏ လှုပ်ရှားမှုကို စောင့်ကြည့်နေ၏။ ထိုစဉ် ချစ်ရာဇာက အမျိုးသမီးငယ်ကလေး





www.burmeseclassic.com

www.burmeseclassic.com

ထိုအခြင်းအရာကိုမြင်သည်နှင့် လူမည်းကြီး၏ဝတ်စုံကို အလျင်အမြန် ပြောင်းလဲဝတ်ဆင်လိုက်ပြီး အခန်းထဲကထွက်လိုက်၏။ သူ အပြင် ရောက်သည်နှင့် လူမည်းကြီးလေးဦး ပစ္စည်းတွေထည့်ထားသည့် အိတ်ကြီးတစ်လုံးနှင့် ရောက်လာ၏။ မော်တော်ပေါ်ရှိ လူအားလုံး ဈည်းအတုံးအရုံး သေဆုံးနေကြ၏။ အောင်ရဲကျော်နှင့် သူတို့လေးဦး ပင်လယ်ထဲသို့ခုန်ချသွားခဲ့ကြ၏။ မော်တော်လေးမှာလည်း လှသူကင်းမဲ့သွားတော့ မျောချင်ရာမျောနေ၏။



တစ်ဦးကိုဖက်ကာ နမ်းရှုပ်သလိုလိုနှင့် တီးတိုးစကား ပြောလိုက်သည်ကိုမြင် လိုက်ရ၏။

ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် အောင်ရဲကျော် ဝိုင်းထဲမှထွက်ကာ မော်တော်ဆိပ်သို့ ဆင်းခဲ့၏။ သူ ရောက်ရှိသွားချိန်တွင် မော်တော်ထွက်တော့ မည်ဖြစ်၏။

မော်တော်ပေါ်တွင် နိုင်ငံခြားသားသုံးဦးကို တွေ့လိုက်ရ၏။ ခရီးသည် သုံး လေးဦးသာ ပါ၏။ အောင်ရဲကျော်သည် လျှို့ဝှက်အခန်းတစ်ခန်းကို ယူလိုက် ကာ အခြေအနေကို စောင့်ကြည့်ခဲ့၏။ ထိုအချိန်တွင် မော်တော်လေးက



မီးရောင်တလင်းလင်း စက်သံ တရှောင်းရှောင်းပေးပြီး ကျွန်းဆိပ်က ထွက် ခွာခဲ့ပြီဖြစ်၏။

ညဥ့်ဦးပိုင်းအချိန်အခါဖြစ်၍ ပင်လယ်ပြင်ကြီးတစ်ခုလုံး မှောင်မိုက်နေ ၏။ လရောင်က ခပ်ပျပျလေး သာနေ၏။ ညဥ့်ငှက်တစ်အုပ် မြစ်ပြင်ပေါ်အသံ ပေးရင်း တရစ်ဝဲဝဲလုပ်နေ၏။

လျှို့ဝှက်အခန်းထဲတွင်ပုန်းအောင်းရင်း လိုက်ပါခဲ့ရာ စက်သံတဒုတ်ဒုတ် ကို ကြားနေရ၏။ သူ ပုန်းအောင်းနေရာအနောက်ဘက်တွင် ပြတင်းပေါက် ကလေးတစ်ခု ရှိ၏။ အခန်းထဲတွင် ဖရစည်များ၊ ကြိုးများ၊ တာယာခွေများနှင့် ရှုပ်ထွေးမွှရှုပ်နေ၏။ အနံ့အသက်ကလည်း မကောင်း ...။

ပြတင်းပေါက်က လှမ်းကြည့်တော့ ပင်လယ်ထဲကိုရောက်ရှိနေပြီဖြစ်၏။ သောင်မမြင်၊ ကမ်းမမြင်သည့်ပင်လယ်ကြီး၊ လရောင် ခပ်ပျပျအောက်တွင် တလိမ့်လိမ့် တလူးလူးလှုပ်ရှားနေသော ပင်လယ်လှိုင်းလုံးကြီးများကို မြင် နေရ၏။

ထိုစဉ်ပင်လယ်ကြမ်းပြင်ပေါ်မှ ဘွားခနဲ၊ ဘွားခနဲ ဖောက်ထွက်လာသော မီးကျည်းမီးပန်းများကို လှမ်းမြင်လိုက်ရ၏။ ရုတ်တရက်မြင်ရသည်မှာ ပင်လယ် စုန်းများ ဖောက်ထွက်လာသည့်အတိုင်းပင်။ ထိုအခြင်းအရာကြောင့် တဒုတ် ဒုတ် ခုတ်မောင်းနေသော မော်တော်ကလေးမှာ စက်ရိုက်ရပ်သွား၏။

အသံဗလံအချို့ကိုလည်း ကြားလိုက်ရ၏။ ပြေးသံ၊ လွှားသံတွေကို ကြား နေရ၏။ ထိုအသံများနှင့် မရေးမနှောင်း မော်တော်ပေါ်သို့ လူမည်းကြီးငါးဦး တက်လာသည်ကို သူ့အခန်းမှ မြင်နေရ၏။ အမွေးစုတ်ဖွားဖွားမျက်နှာကြီး တွေက တွန့်လိမ်ရှုံ့တွနေ၏။

လက်ထဲမှာလည်း ဓားကောက်ကြီးတွေ၊ တင်းပုတ်ကြီးတွေကိုင်ထား၏။ အသံကြီးတွေကလည်း ရင်ကွဲသံကြီးတွေနှင့် ဟစ်တက်လာ၏။ သူတို့လာရာ လမ်းက ပင်လယ်မျက်နှာပြင်မှ ရုတ်ခြည်းဖောက်ထွက်၍ ထိုးထွက်လာခြ ခြင်းဖြစ်၏။ ကိုယ်တွေမှာလည်း ရေတွေ ရွှဲရွှဲစိုနေ၏။

သူတို့လူစုသည် နိုင်ငံခြားသားသုံးဦးနေသည့် အခန်းထဲသို့ ဝင်သွား၏။ အော်သံဟစ်သံ၊ လုယက်သံများကို ကြားနေရ၏။ အသွင်အပြင်တွေက

www.burmeseclassic.com

လည်း တစ္ဆေသရဲအသွင်အပြင်တွေ ရှိနေသော်လည်း အသံဗလံများကြားရခြင်းအားဖြင့် ဘယ်နည်းနှင့်မျှ တစ္ဆေသရဲတွေ မဖြစ်နိုင်ဟု အောင်ရဲကျော်ယုံကြည်မိ၏။

ထိုစဉ်သူ့အခန်းထဲသို့လူမည်းကြီးတစ်ယောက်ဝင်လာ၏။ အောင်ရဲကျော်သည် သူ့အနား ရောက်လာသည့် လူမည်းကြီးကို လက်ထဲက စတီးကြိုးနှင့်ရှင်းပစ်လိုက်၏။

စတီးကြိုးက သူ၏အသံတိတ်လက်နက်။ အဝေးသို့လည်း ပစ်ခတ်နိုင်သလို အနားရောက်လာသည့်ရန်သူကိုလည်း အသံတိတ် တိုက်ခိုက်နိုင်၏။ ကြိုး၏ တစ်ဖက်တစ်ချက်တွင် သံမဏိတုံးနှစ်တုံးပါရှိပြီး ပစ်လိုက်လျှင် တစ်ဖက်ရန်သူ၏ကိုယ်ပေါ်ကို တုပ်နှောင်နိုင်စွမ်းရှိ၏။

ယခုလည်း သူ့လက်ချက်နှင့် လူမည်းကြီး လဲကျမေ့မြောသွားပြီဖြစ်၏။ ထိုအခါ လူမည်းကြီး၏ကိုယ်ကို လှန်လှောစစ်ဆေးလိုက်ရာ ကိုယ်ပေါ်တွင် မွေးပွသားရေထည်ကြီး ဝတ်ထားသည်ကို တွေ့လိုက်ရ၏။ ရှုံ့တွနေသော မျက်နှာကြီးမှာလည်း မျက်နှာဖုံးအတုကြီး ဖြစ်နေမှန်း သိလိုက်ရ၏။

ထိုအခြင်းအရာကိုမြင်သည်နှင့် လူမည်းကြီး၏ဝတ်စုံကို အလျင်အမြန်ပြောင်းလဲဝတ်ဆင်လိုက်ပြီး အခန်းထဲက ထွက်လိုက်၏။ သူ အပြင်ရောက်သည်နှင့် လူမည်းကြီးလေးဦး ပစ္စည်းတွေ ထည့်ထားသည့်အိတ်ကြီးတစ်လုံးနှင့် ရောက်လာ၏။ မော်တော်ပေါ်ရှိလူအားလုံးလည်း အတုံးအရုံး သေဆုံးနေကြ၏။ အောင်ရဲကျော်နှင့် သူတို့လေးဦး ပင်လယ်ထဲသို့ ခုန်ချသွားခဲ့ကြ၏။ မော်တော်လေးမှာလည်း၊ လူသူကင်းမဲ့သွားကာ မျောချင်ရာ မျောနေ၏။ သူတို့ငါးဦးသည် ရေအောက်တွင် အရှိန်ကြာမြင့်စွာ ကူးခပ်ခဲ့ကြ၏။

ရေအောက်တွင် နှစ်နာရီနီးပါးခန့် ရေငုပ်ပြီး ကူးခဲ့ရ၏။ တော်ရုံလူ မလုပ်နိုင်သောအလုပ်ပင်၊ ရေအောက်တွင် မိနစ်နှစ်ဆယ်ကျော်၍ မည်သူမျှ မငုပ်နိုင်၊

အောင်ရဲကျော်သည် ရေအောက်ရောက်သည်နှင့် ပင်လယ်ဂမုန်းခြောက်ကို အာခံတွင်းတွင် ငုံ၍ ကူးခတ်ခဲ့၏။ ပင်လယ်ဂမုန်း၏ အာနိသင်က

ရေအောက်တွင် သုံးနာရီနီးပါး လှုပ်ရှားနိုင်၏။ အမောအပန်းလည်း ခံနိုင်၏။ ပင်လယ်ရေစီးဖိအားကိုလည်း ခံနိုင်၏။

သူတို့ငါးဦး ရေအောက်ကြမ်းပြင်တွင် အရှိန်ကြာမြင့်စွာ ကူးခပ်ခဲ့ရင်း တစ်နေရာအရောက်တွင် ပင်လယ်မျက်နှာပြင်ပေါ်သို့ တက်ခဲ့ကြ၏။

ထိုအခါ သူတို့ကို ကြိုဆိုနေသည့် စက်လှေတစ်စင်းကို တွေ့လိုက်ရ၏။ သူတို့ငါးယောက် စက်လှေပေါ် တက်ခဲ့ကြ၏။ စက်လှေအတွင်းခန်းသို့ အရောက်တွင် စတိုင်ကျကျနှင့်ထိုင်နေသော လူတစ်ယောက်ကို တွေ့ရ၏။ မီးရောင်မှောင်ပျပျအောက်တွင်ထိုင်နေသော ခေါင်းဆောင်ကြီး၏မျက်နှာတို့ သဲသဲကွဲကွဲမမြင်ရ၊ သူ့ပေါင်ပေါ်တွင်ဖြူဆွတ်နေသော ကြောင်ကြီးတစ်ကောင်ကို တွေ့ရ၏။

ကြောင်ကြီးကိုသူ့လက်နှစ်ဖက်နှင့်ပွတ်သပ်နေ၏။ အောင်ရဲကျော်သည် ခေါင်းဆောင်ကြီး၏အသွင်သဏ္ဌာန်ကို အကဲခတ်ရင်း ညာဘက်လက်တွင် ဝတ်ထားသည့် ပုလဲနက်လက်စွပ်ကြီးကို မြင်သွား၏။

ထိုစဉ် သူတို့လှုပ်ရှားလာသမျှကို ခေါင်းဆောင်ကြီးအား အပ်နှံလိုက်၏။ စက်လှေကြီးသည် အင်ဂျင်သံပြင်းပြင်းနှင့် တဒုတ်ဒုတ် မောင်းနှင်နေဆဲ ...။ အချိန်အနည်းငယ်အတွင်း ရွာကလေးတစ်ရွာကို မြင်လိုက်ရ၏။

ထိုရွာကလေးမှထွက်လာသော လှေတလေးတစ်စင်းကိုတွေ့လိုက်ရ၏။ သူတို့ငါးယောက်စလုံးစက်လှေနားကပ်လာသည့်လှေပေါ်ပြောင်းတက်ခဲ့ပြီး လမ်းခွဲခဲ့ကြ၏။

သူရောက်သွားသည့်ရွာကလေးမှာ ပုလဲငုပ်သည့်ရွာကလေးဖြစ်ပြီး အိမ်ခြေခြောက်ဆယ်ခန့်သာရှိ၏။ ကမ်းခြေရောက်သည်နှင့် သူတို့ငါးဦးကိုယ်ပေါ်မှ အဆောင်အယောင်များကို ပြောင်းလဲလိုက်၏။

အမှောင်ထဲမှာမို့ လူသူ မသဲကွဲ ...။ ထိုစဉ် လူဆိုးလေးဦးက ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားကြပြီဖြစ်၏။ သူလည်း နောက်မှ တတန်းတန်း လိုက်ခဲ့ရာ ရွာထဲသို့ ရောက်လာ၏။

www.burmeseclassic.com

အောင်ရဲကျော်သည် သူတို့လေးယောက်နောက်မှ နောက်ယောင်ခံလိုက်ခဲ့ပြီး အိမ်တွေကို မှတ်သားလိုက်၏။ ထို့နောက် ကိုယ်ယောင်ဖျောက်ပြီး ရွာပြင်ကို ထွက်ခဲ့၏။

သဲလွန်စ အခိုင်အမာရခဲ့ပြီမို့ သူ့စိတ်ထဲ ပေါ့ပါးလန်းဆန်းသွားသလိုပင်၊ ရွာပြင်တွင် ဇရပ်ပျက်တစ်ဆောင်ကို တွေ့လိုက်ရ၏။ ဇရပ်ပျက်ဘေးတွင် သရက်ပင်ကြီး ရှိနေ၏။ ဇရပ်ပေါ်တက်ခဲ့ပြီး တရေးတမော လှဲလိုက်၏။

နောက်တစ်နေ့ မိုးလင်းသွားသည်နှင့် ရွာပြင်ထွက်လာသောလူတစ်ဦးကိုခေါ်ကာ ရွာအကြီးအကဲနေသည့်အိမ်ကို စုံစမ်းလိုက်၏။ ထို့နောက် ရွာထဲသို့ဝင်လာသော ရွာအကြီးအကဲ၏ အိမ်ပိုင်းထဲဝင်ပြီး မိတ်ဆွေဖွဲ့လိုက်၏။ ရွာအကြီးအကဲမှာ အသက်ငါးဆယ်နီးပါးရှိပြီး အေးဆေးတည်ငြိမ်လှ၏။

— ❦ —

အောင်ရဲကျော်သည်ရွာလူကြီးအကူအညီနှင့်ညကမှတ်သားထားသည့် အိမ်မှလူများကို စုံစမ်းလိုက်၏။ မြကြိုင်၊ သံခဲ၊ ကျော်နိုင်၊ ရွှေဦး လေးယောက် စလုံးက မုတ်ဝပ်ရာမှာ ကျွမ်းကျင်လှသည့်ရေလုပ်သားတွေဖြစ်၏။ အသောက်အစားလည်း ရှိ၏။ လောင်းကစားလည်း ဝါသနာကြီးလှ၏။ သည်ရွာကို ကျောက်တော်က စက်လှေကြီးတွေ ရောက်လာလေ့ရှိသည်ဟုလည်းသိရ၏။

လေးယောက်စလုံးကို တစ်ယောက်ချင်းခေါ်၍ စစ်ဆေးမေးမြန်းပြီး ဖမ်းချုပ်လိုက်၏။ သူတို့လေးယောက်စလုံး မငြင်းနိုင်၊ အောင်ရဲကျော်၏ တိကျသောမေးခွန်းများကြား လေးယောက်လုံး ခေါင်းငိုက်စိုက်ကျလျက် ...။

လေးယောက်စလုံးကို ဖမ်းဆီးပြီးသည်နှင့် ရွာမှ စက်လှေဖြင့် ကျောက်တော်ကိုပြန်၍ထွက်ခွာလာခဲ့၏။ ကျောက်တော်ကိုရောက်တော့ ထွန်းကြိုင်တို့လူစုကို အဆင်သင့်တွေ့လိုက်ရ၏။ ဖမ်းလာသည့်လူလေးဦးကို ထွန်းကြိုင်တို့လက်ထဲ အပ်လိုက်၏။

လေးယောက်စလုံး၏အစွမ်းအစက မသေးလှ။ ပင်လယ်ကြမ်းပြင်တွင် နာရီပေါင်းများစွာ ငုပ်နိုင်စွမ်းရှိပြီး အတိုက်အခိုက်လည်း ဝါသနာကြီးလှ၏။



ရွာအကြီးအကဲကိုယ်တိုင် လက်မြှောက်ထားရသော လူဆိုးလူပေများ ဖြစ်ကြ၏။

သူတို့ကိုစွပြီးသည်နှင့် ချစ်ရာဇာ၏အိမ်ကို သူတို့အဖွဲ့သားများ ညတွင်းချင်းဝင်ရောက်စီးနင်းခဲ့၏။ သူတို့လူစု အိမ်ပြာကြီးထဲရောက်သွားစဉ် ချစ်ရာဇာ တစ်ယောက် အရက်တွေ မူးရူးကာ မိန်းမချောလေးများနှင့် မြူးထူးနေချိန် ဖြစ်၏။

သူ့ရှတင်ဘေးစားပွဲပေါ်တွင် ညဩဦးပိုင်းက ရလာသည့် နိုင်ငံခြားသားသုံးဦး၏ ရတနာပစ္စည်းများနှင့် နိုင်ငံခြားသုံး ငွေအမြောက်အမြားကို တွေ့လိုက်ရ၏။

ချစ်ရာဇာတစ်ယောက်လှုပ်တောင်မလှုပ်ရှားလိုက်ရ၊ ပစ္စည်းသက်သေတွေ ရှိနေပြီမို့ မငြင်းနိုင်၊ ထို့ပြင် ချစ်ရာဇာ၏ ညာဘက်လက်တွင် ဝတ်ထားသော ပုလဲနက်လက်စွပ်ကြီးကလည်း သက်သေခံနေပြီမို့ ဘယ်လိုမှ ငြင်းနိုင်တော့ဘဲ အဖမ်းခံလိုက်ရလေ၏။

နောက်ဆုံးတော့ ချစ်ရာဇာအခန်းထဲမှ စွန်ရဲနီအလံကလေးများကိုပါ သိမ်းဆည်းမိပြီး ပင်လယ်ပြင်ကို တစ္ဆေသရဲပမာ ဟန်ဆောင်၊ လူသတ်ဓားပြ တိုက်နေသော ချစ်ရာဇာတို့အဖွဲ့ကို ရက်ပိုင်းအတွင်း အောင်ရဲကျော်တို့၏ စွန့်စားမှုနှင့် အမိရ ဖမ်းဆီးနိုင်ခဲ့လေတော့သည်။

☞ စိုးတင့်ထွေး (ဇေယျူဝင်)

www.burmeseclassic.com

www.burmeseclassic.com




ကံကြမ္မာ၏ လှိုင်းဂွက်ဆန်းကြယ်သော
ရင်နင့်ဖွယ်ရာ နှစ်ခါသေရသည့်ဖြစ်ရပ်ဆိုးကို
ဝင့်ကြွေးကြမ္မာအရ ဆင်ခြင်ဖွယ် ဖတ်ရှုရမည့် ..

"ကျွန်ုပ်နေထိုင်တဲ့ ကျွန်းကလေး"

ဒီကျွန်း၊ ဒီရွာလေးမှာ သည်လိုရင်နင့် စရာ ဖြစ်ပျက်ခဲ့တဲ့အချိန်တ အင်္ဂလိပ် ထွက်ခွာနီးချိန်၊ ဂျပန်နဲ့ ဗခင်ဗိုလ်ချုပ် အောင်ဆန်းတို့ မြန်မာနိုင်ငံကိုဝင်ရောက်တာစုနေချိန်ပါ။

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးတဲ့ ရဲဘော်သုံးကျိပ်ဝင်တွေ ယိုးဒယား၊ ယခု ထိုင်းနိုင်ငံမှာ လက်မောင်းသွေးဖောက်ပြီး ဗမာ့တပ်မတော် ဖွဲ့စည်းတဲ့အချိန် လောက်မှာ မော်လမြိုင်မြို့ရဲ့ တစ်ဖက်ကမ်းဘီလူးကျွန်းရဲ့ရွာလေးတစ်ရွာမှာ ဒီရင်နင့်စရာဇာတ်လမ်း အခြေတည်ခဲ့တာပါ။

ဟိုတုန်းက ဘီလူးကျွန်းမှာ (၆၄)ရွာ ရှိခဲ့တာကို သိချင်းမှာ ကြားခဲ့ရပေ သို့ အခုတော့ လူနေထူထပ်လာပြီး ရွာပေါင်း (၉၀)ကျော်လောက် ရှိနေပါပြီ။ ကျွန်ုပ်သည် ဒီကျွန်းပေါက်မဟုတ်ပါ။ "ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရ" မယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်း သည်ကျွန်းကို လွင့်လာသူတစ်ဦးပါ။

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ - ကျွန်းသူကျွန်းသားတို့ရဲ့ ရိုးသားတဲ့စေတနာ၊ ဖြူစင်တဲ့ မေတ္တာတို့ကြောင့် သည်ကျွန်းက မောင်ကြီး မခွာနိုင်တော့ပဲ ကိုယ့်မွေးရပ်မြေလို ဖြစ်နေပါပြီ။

ကျွန်ုပ် အခြေချနေထိုင်တာက ဘီလူးကျွန်းက ကလော့ဆိုတဲ့ရွာလေးမှာပါ။ အိမ်ခြေရှစ်ရာနီးနီးလောက်ရှိတဲ့ ရွာကြီး မကျ၊ တကျပါ။ မော်လမြိုင်မြို့ တလာမယ်ဆိုရင် ဈေးကြီးမြို့တံတားဆိပ်ကနေ ဘီလူးကျွန်း နတ်မော်ရွာတို ရောက်မယ့်ဖက်ကိုစီးပြီး နတ်မော်ဆိပ်ရောက်က ကလော့၊ နင်းမုတ်လို့ အော်ခေါ်နေတဲ့ဘတ်(စ်)ကားကိုစီးလိုက်ရင် သာယာလှပတဲ့ကလော့ရွာကို ရောက်မှာပါ။

ကလော့ရွာနဲ့ အပြိုင် ရွာကို အလယ်က တောင်တစ်လုံးက ခြားထားတယ်လို့ကျွန်ုပ် ဆိုထားတယ်နော်။ အဲဒီတောင်ရဲ့မြောက်ဘက်တောင်စွယ်မှာ ထန်နိုဒေါကြီး ဆံတော်ရှင်စေတီတော်ကို ရှေးရှေးထဲက တည်ထားတဲ့တန်ခိုးကြီးစေတီတော်တစ်ဆူ ရွှေရောင်ဝင်းဝင်းနဲ့ ဖူးမြော်ကြည်ညိုရမှာပါ။

မွန်ပြည်နယ်ရဲ့အထင်အရှားဝင်ဘုရားတစ်ဆူဖြစ်သလို မြတ်စွာဘုရားဆယ့်တစ်ဝါအရမှာနောက်ပါရဟန္တာငါးရာနဲ့မွန်ဒေသတိုင်းလုံးကိုဒေသစာရီကြွချီတော်မူလာစဉ်က ဒီကလော့တောင်မှာ သီတင်းသုံးနေတဲ့ ရှင်ရသေ့ကို ကိုးကွယ်ဖို့ ဆံတော်တစ်ဆူ ပေးသနားတော်မူခဲ့တာကြောင့် ရှင်ရသေ့က တလော့တောင်စွယ်၊ မြောက်ဘက်တောင်စွယ်မှာ စေတီလေးတစ်ဆူ တည်ထားကိုးကွယ်ခဲ့တာပါ။

နောက်ပိုင်း သထုံဘုရင်အဆက်ဆက်နဲ့ ကျွန်းသူကျွန်းသားတွေရဲ့ စေတနာထား၊ ပြုပြင်မှုတွေကြောင့် အခုတွေ့နေရတဲ့ ဉာဏ်တော်အထိ မြင့်လာခဲ့ပါတယ်လို့ သမိုင်းက ဆိုထားပါတယ်။

ဆုတောင်းပြည့်ပြီး တန်ခိုးကြီးတဲ့ စေတီတော်မို့ လာရောက်ဖူးမြော်ရန် ဖိတ်ခေါ်ပါတယ်။

ဘီလူးကျွန်းရွာတွေကို လာဖို့ဆို အရင်လို သွားရေး၊ လာရေး မခက်ခဲတော့ပါဘူး။ ဂိတ်ကားကတော့ ဇက်သင်္ဘောဆိုက်ချိန်မှ ထွက်တာဆိုတော့



သင်္ဘောချိန်မဟုတ်ပဲ။ စုပွန်ကျောက်မီးသွေးရုံဆိပ်က ပွဲရုံဗိုက်လေးတွေလည်း နာရီဝက်တစ်ခါ ဆွဲပေးနေပါသေးတယ်။

ဂိတ်ကားမရလည်း စိတ်ပူစရာ မလိုပါဘူး။ နတ်မော်ဆိပ်မှာ သွားလိုရာ သွားနိုင်ဖို့ ဆိုင်ကယ်တက်စီတွေ၊ သုံးဘီးဆိုက်ကယ်တွေ ရှိပါတယ်။ သူတို့က လိုရာကို ပို့ပေးပါလိမ့်မယ်။ ကလော့နဲ့အပြိုင်ရွာကို တစ်ယောက် ထောင့်ငါးရာသာ ယူပါတယ်။

ကလော့ဆံတော်ရှင်စေတီတန်ခိုးကြီးလို့လည်းအနယ်နယ်အရပ်ရပ်က အဓိဋ္ဌာန် လာဝင်ကြတဲ့ ရဟန်းရှင်လူ ယောဂီပုဂ္ဂိုလ်တွေ မပြတ်ရှိနေပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားတို့ကလည်း သဒ္ဓါတရား လွန်ကဲကြလို့ အဓိဋ္ဌာန်ဝင်တဲ့ ပုဂ္ဂိုလ်တွေ စိတ်ချမ်းချမ်းသာသာနဲ့ အဓိဋ္ဌာန်လာဝင်နိုင်ကြတာ တွေ့နေရပါတယ်။

— ❧ —

ဘီလူးကျွန်းမှာ မွန်၊ မြန်မာ၊ ကရင်၊ ရှမ်း၊ တရုတ်၊ ကုလားတို့ စုပေါင်းနေထိုင်ကြပါတယ်။ မွန်တွေက အများစုဖြစ်သလို ဗုဒ္ဓဘာသာဝင်တွေကလည်း အများစုဖြစ်ပါတယ်၊ လူမျိုးစုံ၊ ဘာသာစုံ နေထိုင်ကြပေမယ့် လူမျိုးရေး နိုက်ရန်မဖြစ်ကြပါဘူး၊ သင့်သင့်မြတ်မြတ် နေထိုင်ကြတဲ့ဒေသတစ်ခုပါ။

တောရွာတွေဆိုတာ ဝါတွင်းသုံးလမှာ ရှစ်ရက်၊ လပြည့်၊ လကွယ်၊ ရက်ကြီးတွေတိုင်း ကိုယ်ကိုးကွယ်တဲ့ ဘုန်းတော်ကြီးကျောင်းကို အိမ်လုံးကျွတ်နီးနီး တက်၍ သီလခံယူကြ၊ တရားနာယူကြနဲ့ ကြည်နူးစရာပါပဲ၊ ကျောင်းတို့ သီလတက်မယူနိုင်တဲ့ အသက်ကြီးသူတွေနဲ့ လူမမာတွေကိုလည်း ကိုယ်တိုးကွယ်တဲ့ရဟန်းတော်များက သီလဆင်းပေးကြတာ ကြည်နူးစရာပါ။

ကျွန်ုပ်လည်း ရပ်ရွာဓလေ့ထုံးစံအတိုင်း ရှစ်ရက်၊ လပြည့်၊ လကွယ်ရက်ကြီးရောက်တိုင်း ဘုန်းတော်ကြီးကျောင်းပေါ်တက်၍ သီလယူ၊ တရားနာယူ တရားထိုင်၊ ပုတီးစိပ်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တော်သလင်းလပြည့်နေ့မှာပါ။ သည်ကျောင်းမှာ ကပ္ပိယကြီးလုပ်နေတဲ့ အသက်(၈၀)ကျော်အရွယ်၊ ဘသူတော်ဆိုသူတစ်ဦးနဲ့ သိကျွမ်းခင်မင်ခဲ့ပါတယ်။ ဒီဘသူတော်ဆိုသူရဲ့တူ၊ တူမတွေက အပြိုင်ကျေးရွာမှာ စားနိုင်၊ သောက်နိုင်၊ လှူဒါန်းနိုင်ကြတဲ့သူတွေပါ။ တူ၊ တူမတွေက ခေါ်ထားပေမယ့် ဘသူတော်က လူ့ကန့်လန့်ကြီးဆိုတော့ မနေပဲ သူ့သူငယ်ချင်း ဘုန်းတော်ကြီးကို လာပြုစုရင်း တရားအလုပ်လုပ်နေသူပါ။

"ရှေးမီနောက်မီ ပစ္စည်းဟောင်းကြီး"

မြို့တိုင်း၊ ရွာတိုင်းမှာ ဗဟုသုတပြည့်စုံတဲ့ ရှေးမီ၊ နောက်မီပစ္စည်းဟောင်းကြီးတွေဖြစ်တဲ့ လူကြီးသူမတွေ တဖြုတ်ဖြုတ်နဲ့ ကြွေကုန်ကြပါပြီ။ ဒီလိုရှားပါးတဲ့ပစ္စည်းဟောင်းတွေကြားထဲမှာ ရှားရှားပါးပါး ဘသူတော်တစ်ဦး ရှိနေပါသေးတယ်။ သူ့မိဘတွေ ပေးခဲ့တဲ့နာမည်မှာ နိုင်အောင်သိန်း မှည့်ခဲ့ပေမယ့် ငယ်ငယ်ထဲက ဘုန်းကြီးကျောင်းမှာ နေခဲ့သူမို့ သူ့ကိုကြီးလာတော့ ဘသူတော်လို့သာ ခေါ်ကြပါတော့တယ်။

နေ့ဆွမ်းစားပြီး တရားထိုင်သူထိုင်၊ နားသူနား၊ အိပ်သူအိပ်နေကြပေမယ့် ကျွန်ုပ်ကတော့ ဦးသူတော်နေထိုင်တဲ့ အပြိုင်ဇရပ်ကို သွားပြီး စကားပြောနေပါတယ်။ ဘသူတော်က ရှေ့မီ၊ နောက်မီပစ္စည်းဟောင်းကြီးဆိုတော့ သူ့ထံက ရှေးဖြစ်ဟောင်းအကြောင်းတွေ၊ မှတ်သားစရာတွေ အမြဲကြားနေရတာပါ။

"ဘသူတော် – ဗဟုသုတလေးရမယ့် ဩဝါဒလေး ပေးပါဦးဗျာ"

"စာရေးဆရာကတော့ လုပ်ချလိုက်ပြန်ပြီ၊ ကျုပ်က ဩဝါဒ ပေးရအောင် ဘုန်းကြီးမို့လားဗျ"

"ဒီလိုသဘောနဲ့ မဟုတ်ပါဘူး – ဘသူတော်ရယ်။ လူကြီးသူမတွေပြောတဲ့စကားမို့ ရိုရိုသေသေ ဩဝါဒလို့ သုံးလိုက်တာပါ။ ဒါဖြင့်လည်း မှတ်သားစရာစကားပေါ့ – ဘသူတော်ရယ်"

"အဲဒီလိုလုပ်စမ်းပါဗျာ။ အင်း – ပြောရရင် စာရေးဆရာအတွက် ဝတ္ထုတစ်ပုဒ်တော့ ရဦးမှာပေါ့ကွာ။ တို့ဗိုလ်ချုပ်အောင်ဆန်းတို့၊ ယိုးဒယားမှာ



လက်မောင်းသွေးဖောက်သောက်ပြီး တပ်မတော်ဖွဲ့ ဗမာပြည်ကို စစ်ချီလာတဲ့ အချိန်၊ တို့အပြိုင်ရွာလေးမှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်က သံဝေဂရစရာပေါ့ကွာ။ သည့်တုန်းက ဘသူတော် လူငယ်လေးပဲ ရှိသေးတယ်ဗျ။ သည်လို – စာရေးဆရာရဲ့"

အလွမ်းပန်းမပွင့်မီ

အပြိုင်ရွာဆိုတာ အဓိက တံငါအလုပ်နဲ့ ကျပန်း(ဘောက်)အလုပ်တွေကို လုပ်ကိုင်ကြတဲ့ရွာပါ။ လယ်ပိုင်ရှင်တော့ အနည်းအကျဉ်း ရှိပါတယ်။ အိမ်ခြေက (ဟိုအချိန်က) ခြောက်ဆယ်ကျော်လောက်ပဲ ရှိပါတယ်။ သစ်အိမ်ဆိုလို့ တစ်အိမ်နှစ်အိမ်လောက်သာ ရှိပါတယ်။ ဝါးအိမ်တွေက များတာပါ။

သည်ဝါးအိမ်ငယ်လေးတွေ အုပ်စုမှာ မုဆိုးမ ဒေါ်ပုလဲနဲ့ မျက်ချယ်ဆိုတဲ့ သမီးလေးတို့က ကျပန်းဘောက်အလုပ်ကို လုပ်ကိုင်စားသောက်နေကြတာပါ၊ မျက်ချယ်က အပျိုဖော်ဝင်စဆိုပေမယ့် အလှအပကို စိတ်မကူးနိုင်ပါဘူး။ မိခင်ကြီး ဒေါ်ပုလဲနဲ့အတူ ရရာအလုပ်ကို လုပ်ပြီး ဝမ်းရေးကို ရှင်းနေကြပါတယ်။

မျက်ချယ်အပျိုဖော်ဝင်လာပြီဆိုတော့ မိခင်ဒေါ်ပုလဲငယ်ငယ်တအတိုင်း အလှအပတွေ စိုပြေလာပါတော့တယ်၊ ဒေါ်ပုလဲ အပျိုဘဝကလည်း ရွာမှာ ကွမ်းတောင်ကိုင် ဖြစ်ခဲ့သလို၊ မအေရဲ့အလှတွေနဲ့ ဖခင်ရဲ့ စန့်ထည်ထည်နဲ့ အရပ်အမောင်းတွေကိုပါ မျက်ချယ်မှာ စုပုံနေပါတယ်။

မျက်ချယ်ရဲ့ဖခင် ကွယ်လွန်ခဲ့ချိန်မှာ ဒေါ်ပုလဲက အရွယ်ရှိသေးပါတယ်။ နောက်အိမ်ထောင်ပြုနိုင်ပေမယ့် မျက်ချယ်လေးရဲ့နောင်ရေးကို ငဲ့ပြီး တစ်ပင်လဲမှ တစ်ပင်မထူတော့တာပါ။

အခုဆို – ဒေါ်ပုလဲမှာ အသက်ကလည်း ရလာပြီး ပင်ပန်းမှုဒဏ်ပါ ပိလာတော့ မကြာခဏဆိုသလို အိပ်ရာထဲမှာ လဲလာပါတော့တယ်၊ သည်းမှ အရွယ်ရောက်လာပြီဖြစ်တဲ့ မျက်ချယ်က မိခင်တာဝန်ကိုဝင်ယူလာရပါတယ်။ မိခင်ကြီး နေကောင်းစဉ်က ငါးလှေရှင်တွေဆီက အကြွေးယူရောင်းပြီးမှ ရှင်း



www.burmeseclassic.com

www.burmeseclassic.com

နေကျအတိုင်း မျက်ချယ်လည်း သည်အလုပ်ကိုပဲ ဆက်လုပ်ပြီး မိခင်ကို အနားပေးလိုက်ပါတယ်။

မိခင်ကတော့ မလွဲသာလို့သာ ကြည့်နေရပေမယ့် သမီးလှလှလေးကို ဘယ်နိုင်းချင်ပါ့မလဲ။ သည်လိုနဲ့ မျက်ချယ် ငါးစိမ်းသည်လုံးလုံး ဖြစ်သွားရတာပေါ့။

မျက်ချယ်လည်းအကြွေးရတဲ့ငါးလှေတွေဆီက အကြွေးယူရောင်းချပြီး အရင်းကိုအကြွေးဆပ်၊ အမြတ်ငွေလေးထဲက စားတန်စား၊ စုတန်စုနဲ့ ငွေလေး စုမိတောင်းမိလာတယ်။ အရင်းလေးရလာတော့ မျက်ချယ် တစ်မျိုးအကွက် ချလာပါတယ်။

— ✤ —

ဘီလူးကျွန်းလယ်ကွက်တွေမှာ ကိုယ်ပိုင်သုံးရေကန်တွေ တူးထားကြပါတယ်။ မိုးတွင်း စပါးစိုက်ချိန်မှာ ဒီကန်တွေထဲကို ငါးတွေဝင်ပြီးနေကြတော့ ရေလည်းသုံး၊ ငါးလည်းမွေးသလို့ဖြစ်နေတာပေါ့။ တန်ဆောင်မုန်း စပါးသိမ်းပြီးလောက်မှာ လယ်သမားတွေ ရှာပြန်နေကြတော့တယ်။ ကန်တွေကို ချယ်ချယ်က လယ်ရှင်တွေကညှိပြီး ကန်တွေကို ချုပ်ပြီး လေလံဆွဲပါတယ်။ လယ်ရှင်တွေကလည်း မကြည့်နိုင်မယ့်အတူတူ မျက်ချယ်ကိုသာ ပေးကြတယ်။ မျက်ချယ်ယူတဲ့ကန်တွေက မြတ်မြတ်လေး မြတ်တာရှိသလို၊ ရှုံးတာလည်း ရှိပါတယ်။ တစ်ခါတလေ လယ်ရှင်လင်မယားနှစ်ယောက်က မလည်ရှုပ်လုပ်ပြီး လင်ကလည်းရောင်း၊ မယားကလည်းရောင်းလို့ ခံရပါသေးတယ်၊ ရယ်လည်း ရယ်ရသလို၊ စိတ်ဆိုးရလည်း ခက်ပါတယ်။

အားလုံးချုပ်လိုက်ရင်တော့ ရေချိုငါးက ပင်လယ်ငါးတွေထက် အမြတ်ပိုရတာပါ။ များများရတဲ့ကန်တွေကဆို ငါးရံ့ ငါးခူ၊ ငါးကျည်းတွေ အရများရင် စည်တွေနဲ့ လှောင်ပြီး ရောင်းချပါတယ်။

မျက်ချယ် – ရေချိုငါးကို အမိကရောင်းလာတော့ အသက်ပြင်းတဲ့ရေချိုငါးတွေကို သတ်ရပြီး သတ်တယ်ဆိုတာ တံတောင်လောက်တုတ်ပိုင်းနဲ့ ငါးခေါင်းတွေကို တုရိုက်ရတာဆိုတော့ အကုသိုလ်များတာပေါ့။ အကုသိုလ် အလုပ်မှန်းသိပေမယ့် အမြတ်များများရတော့ အကုသိုလ်ကို မကြောက်နိုင်ပါဘူး။ မျက်ချယ်မှာ ဝက်ဖြစ်မှတော့ မစင်ကို မကြောက်တော့တာလည်း ဖြစ်နိုင်ပါတယ်။

လယ်ကွင်းကန်တွေက ရေချိုငါးတွေ ကုန်သွားတော့ မော်လမြိုင်မြို့ကို တက်၊ သစ်သားစည်လေး ငါးစည်ဝယ်လှောင်ထားပြီး ရောင်းချပါတယ်။ ရေချိုငါး ရောင်းချလာလို့လည်းအိမ်လေးကိုပြင်ဆောက်နိုင်သလို၊ မျက်ချယ် ကိုယ်ပေါ်မှာလည်း ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဖြစ်လာပါတယ်။

မျက်ချယ်အသက် (၂၂)နှစ်အရွယ်မှာ ငါးဒိုင်မှာ စာရေးလုပ်နေတဲ့ ကိုကံသာဆိုသူနဲ့ ဖူးစာဆုံပါတယ်။ ကိုကံသာက အသက်(၃၀)နီးနီးလောက် ရှိပြီးဖြစ်တဲ့ လူပျိုကြီးပါ။ မိဘမောင်နှမ မရှိတော့ပဲ တစ်ဦးတည်း ဘီလူးကျွန်းကို လွင့်လာပြီး ပထမ ငါးလှေလိုက်တာပါ။ ပညာအရည်အ[illegible]ကလည်း ရှစ်တန်းလောက် သင်ထားသူဆိုတော့ ငါးဒိုင်ရှင်က သဘောကျပြီး စာရေး လုပ်ခိုင်းထားသူပါ၊ ကိုကံသာက စိတ်ကောင်း၊ နှလုံးကောင်းရှိပြီး လူတိုင်းကို သင့်အောင်ပေါင်းတတ်ပြီး အနစ်နာခံတတ်သူဆိုတော့ အရပ်သူ၊ အရပ်သားတိုင်းကလည်း ခင်မင်ကြတယ်။ မျက်ချယ်နဲ့ ယူမယ်ဆိုတော့ အားလုံးက သဘောကျ ကူညီကြပါတယ်။

ယောင်နေ့ောက်ဆံထုံးပါဆိုရိုးရှိပေမယ့်ကိုကံသာကတော့ဆံထုံးနောက် ယောင်ပါခဲ့တာပါ၊ ကိုကံသာ – မျက်ချယ်နဲ့ အိမ်ထောင်ကျပြီး ငါးဒိုင်စာရေးက ထွက်ကာမျက်ချယ်နောက်ကိုတကောက်ကောက်လိုက်ကူနေရတော့တယ်။ လင်မယားနှစ်ယောက် တက်ညီလက်ညီ ကြိုးစားလာတာကြောင့် ဒိုင်သဘောမျိုး ဖွင့်လာနိုင်ပြီး လက်လီလက်ကားပါ ပေးလာနိုင်တော့တယ်။

မျက်ချယ်ဆီမှာ နေ့ပြန်သွင်း ငါးယူရောင်းသူတွေ များလာတာလည်း မဆန်းဘူးလေ။ မျက်ချယ်ကဒီဘဝကလာသူဆိုတော့ခေါက်ပြန်ပေးငါးသည် ရဲ့ဘဝကို ကိုယ်ချင်းစာမိသူပါ၊ ရှာခံမျက်နှာသိတွေဆို ပေးလိုက်တာပါ။ ညနေပိုင်းငွေလာရှင်းသူတိုင်းက – "မမျက်ချယ် – မမျက်ချယ်" ခေါ်စ်ချယ်




www.burmeseclassic.com

www.burmeseclassic.com

ထဲ ချယ်နေကြတာပါ။ ငါးသည်လေးတွေကို မျက်ချယ်ပြောတဲ့စကားက နိုးစင်းပါတယ်။

"ကျွန်မလည်း ရှင်တို့ဘဝမျိုးက လာခဲ့တာမို့ ကိုယ်ချင်းစာပါတယ်။ ကျွန်မ စေတနာထားသလို ကျွန်မအပေါ်မှာ စေတနာ ပြန်ထားပေးကြပါရှင်"

မမှန်သူတွေကိုတော့ မျက်ချယ် နောက်ဘယ်တော့မှ ငါးမပေးတော့ပါဘူး၊ ဗုံးဆို ဖရုံမသီးတဲ့မျက်ချယ်ပါ။

"ရာဇဝင်ထဲက ဗျတ်ဝိဗျတ္တလို ..."

ဘသူတော်ပြောပြတဲ့ ဒေါ်မျက်ချယ်ရဲ့အကြောင်းထဲမှာ ရာဇဝင်ထဲက ဗျတ်ဝိ၊ ဗျတ္တကုလားညီနောင်လိုအဖြစ်မျိုး ဒေါ်မျက်ချယ်တို့နေတဲ့ အပြိုင်ရွာမှာလည်း ဖြစ်ခဲ့တာကို ဘသူတော်ပြောပြသလို တင်ပြပါဦးမယ်။

သထုံရာဇဝင်မှာ ကုလားပြည်က သင်္ဘောပျက်ပြီး ဖြတ်တစ်ချပ်စီနဲ့ မျောလာတဲ့ကုလားညီနောင်နှစ်ဦး သထုံဆိပ်ကမ်းတို့ ရောက်ပြီး မေ့မြောနေတုန်း သာသနာပိုင် ဆရာတော်နဲ့တွေ့ပြီး ကယ်တင်ခံရပါတယ်။

နောက်ကုလားညီနောင်က ဆရာတော်ကင်ထားတဲ့ဇော်ဂျီဖိုလ်ဝင်သားကို စားလိုက်ပြီး လူစွမ်းကောင်းတွေ ဖြစ်လာလို့ ဘုရင်ကတောင် ကြောက်ရွံ့ရခဲ့ဖူးပါတယ်။ သည်ပုံစံအတိုင်း ဘီလူးကျွန်းအပြိုင်ရွာမှာလည်း ဖြစ်ခဲ့ဖူးပါတယ်။

ကုလားနှစ်ယောက်ချင်းတူတာရယ်၊ ပင်လယ်ထဲမှာ မျောတာချင်းတူတာရယ်သာ တူတာပါ၊ လူစွမ်းကောင်းတွေတော့ မဖြစ်ကြပါဘူး၊ ငါးစည်နဲ့ မျောလာလို့ ငါးစည်ညီနောင်လို့ ခေါ်သင့်တာပေါ့နော်။

တစ်နေ့ ... အပြိုင်ရွာက တံငါလုပ်သားတွေ ပင်လယ်ပြင်မှာ ပိုက်ချနေတုန်း ပင်လယ်ထဲ မျောနေတဲ့ သစ်သားစည်နှစ်လုံးကိုတွေ့တော့ ပွတာပဲဆိုပြီး လှေပေါ်ကိုတင်ပြီး ဖွင့်ကြည့်လိုက်တော့ ပစ္စည်းတွေမဟုတ်ပဲ အသားမည်းမည်းနဲ့ ကုလားလေးနှစ်ယောက်ကို တွေ့လိုက်ရတော့ မွန်၊ မြန်မာလူမျိုးတို့ရဲ့ စိတ်ရင်းစေတနာအတိုင်း သတိရအောင် ပြုစုပြီး ရွာကို ခေါ်လာကြပါတယ်။



အပြိုင်ရွာ လှေပြန်ဝင်လာတော့ ရွာသားတွေ ဝိုင်းမေးကြပေမယ့် ကုလားလိုကလွဲပြီး မပြောတတ်ကြလို့ မမေးကြတော့ပဲ မွေးစားချင်သူတွေက တစ်ယောက်စီယူပြီး မွေးစားလိုက်ကြတယ်။

သည်ကုလားလေးနှစ်ယောက်ဟာ အပြိုင်ရွာမှာပဲ ကြီးပြင်း၊ မွန်စကားတွေပါတတ်လာကြပြီး မွေးစားအဖေတွေနဲ့ ငါးဖမ်းလိုက်ကြပြီး မွန်အမျိုးသမီးတွေနဲ့ပဲ အိမ်ထောင်ကျပြီး အပြိုင်ရွာမှာပဲ ခေါင်းချသွားကြပါတယ်။

အခုထိ ဒီကုလားနှစ်ယောက်ရဲ့သားသမီး၊ မြေးမြစ်တွေ အပြိုင်ရွာမှာ ရှိနေကြတုန်းပါ၊ အကုန် ဗုဒ္ဓဘာသာဝင်တွေပါပဲ။

ဝဋ်ကြွေးဆိုတာ ကာလမဆိုင်း

မိမိပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို လက်ငင်းအကျိုးမပေး၊ မခံစားနိုင်သေးပေမဲ့ မကောင်းမှုပြုလုပ်ခဲ့တဲ့ အကုသိုလ်တရားကတော့ ချက်ချင်းလက်ငင်းအကျိုးပေးနိုင်တာပါ။

မျက်ချယ်ပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေရှိသလို အကုသိုလ်တွေကလည်း အများကြီးပါ၊ ငါးစိမ်းသည်ပီပီ ငါးမျိုးစုံရဲ့ခေါင်းတွေကို အလေးနဲ့ ထုတာတို့၊ တုတ်နဲ့ ထုရိုက်တာတို့ အစုံပါပဲ၊ ဒီအကုသိုလ်ဝဋ်ကြွေးတွေကို ယခုဘဝမှာပဲ လောလောလတ်လတ် ခံစားရတယ်လို့ ဆိုနိုင်ပါတယ်။

မျက်ချယ်ငါးများကိုလက်လီမရောင်းတော့၊ ငါးခေါင်းထုရတဲ့အကုသိုလ်တ ကင်းသွားပေမယ့် ဟိုအရင် ပြုလုပ်ထားတဲ့ အကုသိုလ်ဒဏ်တွေက ရိုက်ခတ်လာလို့လားမသိ၊ မျက်ချယ် အခုတလော ခဏခဏခေါင်းကိုက်တဲ့ ဝေဒနာကို ခံစားနေရပါတယ်။

မြန်မာဆေးဆရာတွေ၊ ဆရာဝန်တွေလည်း စုံနေပါပြီ၊ နေ့ခင်းပိုင်းဆို ခံမရပ်နိုင်အောင် အမယ်လေး - အဘလေးနဲ့ အော်နေရပါတယ်၊ ညနေပိုင်း နေဝင်ချိန်ဆို ခေါင်းမကိုက်တော့ပဲ ပုံမှန်အတိုင်းပင် ဖြစ်သွားပြန်တယ်။

မျက်ချယ် - သည်လိုပုံမှန်ဖြစ်နေတာ သုံးလေးလလောက် ရှိနေပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com

သားသမီးမရသေးတော့ ကိုကံသာ ဗျာများရတာပါ။ မျက်ချယ်ကို ပြုစုရ၊ ငါးရောင်းရနဲ့ ကိုကံသာကတော့ အပြုံးမပျက်ပဲ လုပ်ဆောင်ပေးပါတယ်။

မျက်ချယ်ကတော့ သူမရောဂါက ငါးတွေကို ထုသတ်ခဲ့တဲ့ဝဋ်နာ၊ ကံနာလို့ပဲ မှတ်ယူထားပါတော့တယ်။

ကြံမွှာရှိဂ်းက မျက်ချယ်ကို သည်လောက်နဲ့ မရပ်သေးပါဘူး။ မကောင်းမှုတွေ ရောက်လာရင် အပေါင်းအသင်းနဲ့ လာကြတယ်လို့ ဆိုပါတယ်။ သည်နေ့လည်း မျက်ချယ်ရစရာရှိတဲ့ အကြွေးတွေ လိုက်တောင်းပြီး မောမောနဲ့ ပြန်လာပြီး ပူအိုက်တယ်ဆိုပြီး ရေချိုးမိလိုက်ပါတယ်။



အောင်ထွန်း -- ငါ့ကို မျက်ချယ်
အိပ်မက်လာပေးတယ်ကွ။ သူ မြေကြီးထဲမှာ နေရတာ မွန်းလို့
သေတော့မယ်တဲ့။ သူ့ကို လာကယ်ပါလို့ လာပြောတာပဲ။
ဟုတ်တယ်ကွ။ မျက်ချယ် သတိပြန်ရလာပြီးဖြစ်မယ်။
ငါ သွားဖော်ရမယ် အောင်ထွန်း'



ရေချိုးပြီး သနပ်ခါးလူးဖို့ မှန်ရှေ့မှာ ထိုင်ရုံရှိသေး၊ ခေါင်းတွေ အရမ်းကိုက်လာပြီး ကိုယ်ကလည်း ပူပြင်းလာပါတော့တယ်၊ ကိုကံသာလည်း ဗျာယာခတ်ရပြီးပေါ့၊ တောရွာဆိုတော့ အနားလို ဆရာဝန်တွေ မရှိဘူးလေ၊ မော်လမြိုင်မြို့ကြီးမှာတောင် ဒေါက်တာရှောလုဆိုတဲ့ မွန်အမျိုးသားဆရာဝန်တစ်ဦးပဲရှိပါသေးတယ်။ ဒေါက်တာရှောလုဆိုတာ ဗမာလူမျိုးထဲက ပထမဦးဆုံး ဆရာဝန်ပါ၊ မြို့ကိုလည်း မသွားနိုင်တော့ ရွာက ဗိန္ဓောဆရာနဲ့ပဲ ကုရတာပေါ့၊

မျက်ချယ် ... သုံးရက်လောက် မေ့မြောသတိမရပဲဖြစ်နေပြီး အသက်ပါမရှူတော့လို့ ဗိန္ဓောဆရာရော၊ လူကြီးတွေပါ မျက်ချယ် ကွယ်လွန်သွားပြီလို့ ဆုံးဖြတ်လိုက်ကြတယ်။

ကိုကံသာကတော့ ချစ်ဇနီး မျက်ချယ် သေတယ်လို့ မထင်ပဲ မေ့မြောနေတာပါလို့ထင်ပြီး အခေါင်းထဲ မထည့်ဖို့တားပြီး ငိုနေပါတယ်၊ ကိုကံသာ အလွန်ချစ်တဲ့ဇနီး မဟုတ်လား၊ သောကဖြစ်ရှာမှာပေါ့လေ၊

"တရားနဲ့သာ ဖြေပါတော့ မောင်ကံသာရယ်၊ သေသူလည်း သေပြီးပဲတာ၊ မင်းက မသေပါဘူးလို့ အတင်းမလုပ်ပါနဲ့ကွယ်၊ မျက်ချယ် - သွားလိုရာသွားပါစေတော့ပေါ့ - မောင်ကံသာရယ်"

အရပ်လူကြီး ဦးပန်းမောင်က ကိုကံသာကို ဖျောင်းဖျပြောဆို တရားချပါတယ်၊

"ဦးပဲ စဉ်းစားကြည့်ပါဦးဗျာ၊ မျက်ချယ် သေသွားပြီဆိုရင် သုံးရက်တောင်ရှိနေပြီး အနည်းအကျဉ်းတော့ ရုပ်ပြောင်းလဲသွားမှာပေါ့ - ဦးရယ်၊ အခုတော့ မျက်ချယ် မျက်နှာလေးကို ကြည့်ပါဦးဗျာ၊ အိပ်နေသလိုပါပဲ - ဦးရယ်၊ သေတယ်လို့ ဘယ်လိုမှတ်ယူရမှာလဲဗျာ - ဟီး - ဟီး - ဟီး"

ကိုကံသာက ငိုလည်းငိုပြီး အတင်းငြင်းဆန်နေပါတယ်၊

"မောင်ကံသာ - တရားနဲ့သာ ဖြေပါတော့ကွယ်၊ တတ်သိနားလည်သူ ဆရာတော၊ လူကြီးတွေကော ဆုံးဖြတ်တာကို လက်ခံပါကွာ၊ ဒေါ်တို့ကလည်း မျက်ချယ်ကို ရေချိုးပေးပြီး အခေါင်းထဲ ထည့်လိုက်ပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကံသာသူငယ်ချင်း အောင်ထွန်းနဲ့ လူငယ်များက ကိုကံသာကို ချော့ပြီး ဝိုင်းထိန်းထားကြပါတယ်။ ဒေါ်ဂွက်တို့က မျက်ချယ်အလောင်းကို ရေချိုးအဝတ်အစား လဲပေးပြီး အခေါင်းထဲ ထည့်လိုက်ကြပါတယ်။ နေ့ခင်းပိုင်းဆို သင်္ချိုင်းမြေချတော့မယ် မဟုတ်ပါလား။

— ❧ —

ကိုကံသာရဲ့အိပ်မက်

မျက်ချယ်အလောင်းကို မြေချပြီးချိန်ကစလို့ အရက်သောက်လေ့သောက်ထ မရှိတဲ့ ကိုကံသာ အရက်ကိုရူးဖိသောက်နေတော့တယ်။ ဗွက်ဗွက်မြိုမြို သောက်သူမဟုတ်လို့ သူ့သူငယ်ချင်း ကိုအောင်ထွန်းက အဖော်လုပ်ပေးပြီး ဖျောင်းဖျနေရပါတယ်။ ချစ်ဇနီး မျက်ချယ်ကို ပတ်ဝန်းကျင်ရဲ့ဖိအားကို မလွန်ဆန်နိုင်လို့ စွန့်လွှတ်လိုက်ရပေမယ့် မျက်ချယ် မသေသေးဘူးလို့သာ အထင်ရှိနေပြီး မေ့နိုင်ရန် အမူးအလဲ သောက်နေတာပါ။

"ကံသာရယ် - ဟိုတုန်းက အရက်အလွန်အကျွံ မသောက်ခဲ့ပဲ အခုနင်းကန်သောက်နေတော့ ကျန်းမာရေး ထိခိုက်မှာပေါ့ကွ။ အစားလည်း မစားဆိုတော့ ပိုဆိုးမှာပေါ့ကွာ"

"မျက်ချယ် မသေဘူးဆိုတာ ငါ့ရင်ထဲက သိနေတယ် - အောင်ထွန်းရာ၊ အခုတော့ - မျက်ချယ်မှာ မသေပဲနဲ့ မြေမြှုပ်ခံလိုက်ရတော့ ငါ ဘယ်လိုဖြေရမှာလဲ။ မင်းပဲ စဉ်းစားကြည့်ပေါ့ - အောင်ထွန်းရာ"

"ပြီးခဲ့ပြီပဲ - ကံသာရယ်။ ဒါကို ပြန်စဉ်းစားနေရင် မင်းပဲ ဒုက္ခရောက်ရုံရှိမှာပေါ့။ စိတ်လျှော့လိုက်ပါတော့ကွာ။ တို့သောက်တာလည်း များနေပြီ၊ အိပ်ကြပါစို့ - ကံသာရာ"

ကိုအောင်ထွန်းက ချော့မော့၍ ကိုကံသာကို အိပ်ခိုင်းလိုက်ရတယ်။ နှစ်ဦးလုံး ခေါင်းမထောင်နိုင်အောင် မူးနေပြီဖြစ်လို့ မကြာခင် အိပ်ပျော်သွားကြတော့တယ်။

"ကိုကံသာ - မျက်ချယ်အသက်ရှူကြပ်လို့သေရပါတော့မယ်။ အခေါင်းကို အမြန်လာဖော်ပေးပါ - ကိုကံသာရယ်"



"အေး - ကိုကံသာ - လာဖော်ပေးမယ် - မျက်ချယ်။ အခုလာခဲ့မယ် မျက်ချယ်၊ အခု လာခဲ့မယ်"

ကိုကံသာမှာ မျက်ချယ်အသံကို ကြားလိုက်ရတော့ ရုတ်ချင်းပဲ ထထိုင်လိုက်သလို ကိုကံသာအသံကြောင့် ကိုအောင်ထွန်းပါ နိုးလာပါတယ်။

"ကံသာ - ဘာတွေထယောင်နေတာလဲ - သူငယ်ချင်း။ အခုလာခဲ့မယ် မျက်ချယ်လို့ အော်သံလည်း ကြားလိုက်ရတယ်"

"အောင်ထွန်း - ငါ့ကို မျက်ချယ် အိပ်မက်လာပေးတယ်ကွ။ သူ မြေကြီးထဲမှာ နေရတာ မွန်းလို့ သေတော့မယ်တဲ့။ သူ့ကို လာကယ်ပါလို့ လာပြောတာပဲ။ ဟုတ်တယ်ကွ။ မျက်ချယ် သတိပြန်ရလာပြီးဖြစ်မယ်၊ ငါ သွားဖော်ရမယ် - အောင်ထွန်း"

"မင်း - စိတ်ထဲစွဲလို့ မက်တာဖြစ်မှာပါ - ကံသာရာ၊ လာပြန်အိပ်လိုက်ပါ။ မျက်ချယ်အကြောင်းကို မတွေးနဲ့တော့၊ အချိန်လည်း မနည်းတော့ဘူး။ (၁၂)နာရီကျော်နေပြီကွ"

ကိုအောင်ထွန်းက ရေခပ်လာပြီး ကိုကံသာကို တိုက်လိုက်ပြီး ပြန်အိပ်ခိုင်းလိုက်ပါတယ်။ ကိုကံသာက ရေသောက်ပြီး ငူငူကြီး ထိုင်နေပါတယ်။ မနည်းချော့တော့မှ ကိုကံသာ ပြန်အိပ်ရှာပါတယ်။ နာရီဝက်လောက်ပင် ကြာပါဦးမယ်၊ ကိုကံသာ ... ပြန်ထထိုင်ပြီး လက်ကျန်အရက်ကို အကုန်မော့သောက်ပြီး ကိုအောင်ထွန်းကိုပြောပြီး အောက်ဆင်းသွားပါတယ်၊

"မင်းမလိုက်ရဲရင် နေခဲ့ - အောင်ထွန်း။ ငါ သွားဖော်ရမယ်၊ မျက်ချယ်ရဲ့ အသံကို ငါ ကြားရပြန်ပြီ၊ ငိုနေတယ်ကွ၊ ငါ သွားကယ်ရမယ်"

ကိုကံသာ ယိုင်တိယိုင်တိုင်နဲ့ အိမ်အောက်ကို ဆင်းသွားတော့ ကိုအောင်ထွန်းလည်း စိတ်မချလို့ ဆင်းလိုက်သွားပါတယ်၊ ကိုကံသာက အိမ်နောက်ဖေးမှာ ထောင်ထားတဲ့ ပေါက်တူးကိုယူပြီး သင်္ချိုင်းကို သွားပါတော့တယ်။ ရွာနဲ့သင်္ချိုင်းက သိပ်မဝေးလို့ ခဏလေးနဲ့ ရောက်သွားပါတယ်။

ကိုကံသာက ကိုအောင်ထွန်း ပါလာတာကို သတိမထားပဲ မျက်ချယ်ရဲ့ မြေပုံမို့မို့ကို ပေါက်တူးနဲ့ စပေါက်နေပါတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

"မျက်ချယ်လေးရယ် – ကိုကံသာ – ကယ်ပုံ့မယ်၊ ခဏလောက်အသက်အောင့်ထားဦးနော်၊ ကိုကံသာ – မြေတွေ ဖယ်နေပြီကွယ့်၊ မကြာခင် မျက်ချယ်လေး မြေပေါ် ရောက်တော့မှာပါ"

ကိုကံသာက အရူးလို တတွတ်တွတ်နဲ့ ပြောလည်းပြော၊ မျက်ချယ်မြေပုံပေါ်က မြေကြီးတွေကို အားကုန်လွှဲပြီးလွှဲပြီး ပေါက်တင်နေပါတယ်၊ ကိုအောင်ထွန်းကတော့ ဒီကောင် ရူးသွားပြီလို့ စိတ်ထဲက ဆိုနေပါတယ်၊

ကိုကံသာက နားခြင်းမရှိပဲ မြေကြီးတွေကို ပေါက်တင်နေလိုက်တာ မျက်ချယ်အခေါင်းပေါ်လုပေါ်ခင်ပင်ဖြစ်နေလောက်ပါပြီ၊ ဒါပေမဲ့ – မရပ်သေးပဲ ဆက်ကာဆက်ကာ ပေါက်၍သာနေပါတယ်၊

ကိုအောင်ထွန်းက မသက်ာတော့ပဲ သူယူလာတဲ့ အဲဗားရယ်ဒီ သုံးတောင့်ထိုးလက်နှိပ်မီးနဲ့ ထိုးကြည့်လိုက်တော့ ကိုကံသာ ပေါက်နေတဲ့ ပေါက်ပြားမှ အရည်တစ်စက်တစ်စက်ကျနေတာကိုမြင်လိုက်ရပါတော့တယ်၊ ပေါက်ပြားကို မီးရောင်နဲ့ သေသေချာချာ ထိုးကြည့်လိုက်တော့ သွေးလို အနီရောင်အရည်စက်များ ဖြစ်နေတာကို ကိုအောင်ထွန်း တွေ့ရ၍ လန့်သွားပါတော့တယ်၊

"ဟော့ – ကံသာ – ပေါက်တူးပေါက်တာ ရပ်လိုက်တော့၊ လက်နဲ့ပဲ ယက်တင်ကြမယ်"

ကိုအောင်ထွန်းက ပြောလည်း ပြောပြီး ပေါက်တူးကိုလည်း လုယူပြီး မြေကြီးကို လက်နဲ့ ယက်တင်တော့တယ်၊ ကိုကံသာကတော့ ကြောင်ပြီး မျက်ချယ်မြေတွင်းကိုသာ ကြည့်နေပါတယ်၊ တဖြည်းဖြည်းနဲ့ မျက်ချယ်ဝတ်ထားတဲ့အဝတ်အစားကို စတွေ့လာရပါတယ်၊

ကိုအောင်ထွန်းက လက်နှိပ်မီးယူပြီး မျက်နှာဘက်ကို စိုက်ထိုးထားကာ မြေကြီးကို ယက်တင်လိုက်တော့ မြေကြီးမှာ စေးထန်းထန်းဖြစ်နေတာကို တွေ့ရတော့ မီးအလင်းရောင်တွင် ကြည့်လိုက်ရာ လူ့သွေးတွေဖြစ်နေတာကို တွေ့ရပါတော့တယ်၊

ကိုအောင်ထွန်းလည်း စိတ်တထင့်ထင့်နဲ့ မျက်နှာဘက်က မြေကြီးတွေကို အမြန်ဖယ်ရှားလိုက်တော့ မျက်ချယ်မျက်နှာ ပေါ်လာပါတော့တယ်၊



ဒါပေမဲ့ – မျက်ချယ်မျက်နှာတစ်ပြင်လုံး စုတ်ပြတ်သပ်နေပြီး ဦးနှောက်တွေပါ ထွက်နေတော့ လူ့ရုပ်ပင် မပေါ်တော့ချေ၊ သွေးတွေက ဦးခေါင်းတစ်ဝိုက်မှာ ရွှဲရွှဲစို၍နေပါတယ်၊

လက်နှစ်ဖက်ကလည်း တဆတ်ဆတ်တုန်နေတာကို တွေ့လိုက်ရလို့ ကိုအောင်ထွန်း ထိတ်လန့်တုန်လှုပ်မိပါတော့တယ်၊

"ကံသာ – မင်းမှုးမူးရူးရူးနဲ့ အရမ်းကာရောပေါက်နေတာကိုးကွ၊ မျက်နှာတစ်ပြင်လုံး ပေါက်တူးရာတွေနဲ့ ရစရာကို မရှိတော့ဘူး၊ ဦးနှောက်တွေပါ ထွက်နေတာ ကြည့်ပါတော့ – ကံသာရာ"

ကိုအောင်ထွန်းက ငိုသံပါပါနဲ့ ပြောလာမှ ကိုကံသာ သတိပြန်ဝင်လာပြီး မျက်ချယ်မျက်နှာပေါ်က မြေကြီးကျန်တွေကို အသာအရာ ဖယ်နေပါတော့တယ်၊

"မျက်ချယ်ကို ကိုကံသာ သတ်တာပါ – မျက်ချယ်ရယ်၊ ကိုကံသာကို ခွင့်လွှတ်ပါနော်၊ အရက်မူးမူးနဲ့ မဆင်မခြင် လုပ်မိလို့ မျက်ချယ် သေရတာပါ ဟီး – ဟီး – ဟီး"

ကိုကံသာလည်း တဆတ်ဆတ်တုန်နေသေးတဲ့ မျက်ချယ်ရဲ့လက်လေး နှစ်ဖက်ကို ဆုပ်ကိုင်ရင်း အရူးတစ်ယောက်လို ပြောလည်းပြော၊ ငိုလည်းငိုပါတော့တယ်၊ သည်အချိန်မှာပဲ ကင်းသမားတွေရဲ့ အကြောင်းကြားတာကြောင့် အရပ်လူကြီးတွေနဲ့ အရပ်သားတွေကို ကံသာတို့ဆီကို ရောက်လာကြပါတယ်၊

"မောင်ကံသာ – မင်းလူကြီးတွေကို အသိမပေးပဲ မလုပ်သင့်တာကို လုပ်တာကိုးကွယ့်၊ မင်းလုပ်တာ ဥပဒေမဲ့ဖြစ်နေတော့ ဆိုင်ရာကို အကြောင်းကြားရမယ် – မောင်ကံသာ"

"ဦးတို့သဘောအတိုင်း ဆောင်ရွက်ပါခင်ဗျာ၊ ကျွန်တော် – မျက်ချယ်ကို သတ်လိုက်မိပါပြီ – ဦးရယ် – ဟီး – ဟီး – ဟီး"

ကိုကံသာက မျက်ချယ်လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားပြီး ငိုသာနေပါတော့တယ်၊ ရောက်လာတဲ့လူတိုင်းက တစ်ယောက်တစ်ပေါက် ထမြင်ချက်တွေ ပေးနေပါတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟ – သေသွားတဲ့သူက သွေးတွေ ဒီလောက်များများထွက်ရလား"

"မသေသေးပဲ မေ့မြောနေလို့ဖြစ်မှာပေါ့ကွာ"

"ဪ – မျက်ရှယ် – မျက်ရှယ် – တယ်ကံဆိုးပါလားကွယ်။ ကိုကံသာတော့ ဒုက္ခပါပဲကွာ"

"ကဲ – မင်းတို့စကားတွေ ရပ်ကြတော့၊ မောင်ကံသာနဲ့ မောင်အောင်ထွန်းတို့ကို ခေါ်ခဲ့ကြ၊ ဒီမှာ လေးယောက်လောက် စောင့်နေကြ။ ရှောင်းဆုံဂတ်ကိုလည်း အကြောင်းသွားကြား၊ အကြောင်းစုံလည်း ပြောခဲ့ကြ"

သူကြီး ဦးပန်းအောင်က ညွှန်ကြားပြီး ရွာထဲကို ပြန်သွားပါတော့တယ်။ မနက်(၉)နာရီလောက်မှာ ရှောင်းဆုံဂတ်မှအရာရှိတစ်ဦး၊ ဆားပုလင်းတစ်ဦးနဲ့ ဆရာဝန်ပါ ရောက်လာကြတယ်။ ချက်ချင်း အလောင်းကို စစ်ဆေးတော့ မေ့မြောနေတုန်း မြှုပ်လိုက်ပြီး မြေကြီးထဲရောက်မှ သတိပြန်ရလာတာဖြစ်ပြီး မဆင်မခြင် ပေါက်တူးနဲ့ ပေါက်တော့ မျက်ရှယ်သေရတာလို့ ဆရာဝန်က စစ်ချက်ပေးတော့ ကိုကံသာနဲ့ ကိုအောင်ထွန်းတို့နှစ်ဦးကို သေမှုသေခင်းနဲ့ တရားစွဲပါတော့တယ်။

"ဘသူတော်ရဲ့နောက်ဆုံးစကား"

"ဦးကံသာတို့ရဲ့ရင်နင့်စရာအဖြစ်က ဒါပါပဲ – စာရေးဆရာရေ"

"ဟာ – မဆုံးသေးဘူးလေ – ဘသူတော်ရဲ့။ ဦးကံသာနဲ့ ဦးအောင်ထွန်းတို့ ထောင်ကျသွားသေးလား။ ပြောမယ့်ပြောတော့လည်း အဆုံးထိ ပြောပေးပါ – ဘရာ၊ ဘအောင်စိန် စကားပြောသလို ဆန့်တင့်ငံ့ မလုပ်ထားပါနဲ့ ဘသူတော်ရယ်"

"ဘာမပြီးရမလဲကွ။ ဦးကံသာက အလောင်းဖော်မှု၊ လူသေမှုနဲ့ ထောင်နှစ်နှစ်ကျသွားတယ်ကွ။ ဦးအောင်ထွန်းက ကြံရာပါဆိုပြီး တစ်နှစ်ကျသွားတယ်။ ဒါလောက်နဲ့ ကျသွားတာ ရေနိုင်လို့ – စာရေးဆရာရေ"

"ဗျာ – ဘယ်လိုရေနိုင်လို့လဲ – ဘသူတော်"

"စာရေးဆရာဖြစ်နေပြီး ညံ့ပါ့ကွာ။ ဘယ်ခေတ်မဆို အမှုတစ်ခုခုဖြစ်ရင် ဂတ်ကော၊ မှုခင်းဆရာဝန်ရော၊ တရားသူကြီးကိုကော ရေတိုက်ရတယ်ကွ။ ဒါမှ အမှုက ပေါ့မှာ။ အမှုက သူတို့လက်ထဲမှာ ရှိတာဆိုတော့ ရော်ဘာကွင်းလိုပဲကွ။ ကျယ်လို့လည်းရ၊ ကျဉ်းလို့လည်း ရတယ်ကွ – ဟေး – ဟေး – ဟေး။ မှတ်ထား – စာရေးဆရာ ငတုံးကောင်လေးရေ"

ကျွန်ုပ်ကို ဘသူတော်က ပယ်ပယ်နယ် တွယ်ပါတော့တယ်။ ကျွန်ုပ်ကလည်း သည်လိုကိစ္စမျိုးတွေနဲ့ပတ်သက်ရင် အတော်တုံးတဲ့ကောင် မဟုတ်လား။

"ငါ့အမြင်ကတော့ စာရေးဆရာရေ – ဒေါ်မျက်ရှယ် မသေသေးဘူးလို့ ထင်တာပဲကွ။ ဟိုတုန်းကတော့ ဆေးပညာ မဖွံ့ဖြိုးသေးတာ သေသေချာချာ မဆုံးဖြတ်နိုင်တာလည်း ပါမှာပေါ့ကွာ၊ မေ့မြောနေတာကို သေပြီဆိုပြီး ဆုံးဖြတ်လိုက်တော့ မြေမြှုပ်လိုက်ပြီးမှ မျက်ရှယ် သတိပြန်ရလာမယ်။ နောက် သူ့ကိုယ်သူ သုံးသပ်ပြီး ဦးကံသာကိုစိတ်နဲ့ တမ်းတမှာပေါ့။ မျက်ရှယ်တမ်းတနေတာကို ဦးကံသာစိတ်ကလည်း ဒေါ်မျက်ရှယ်ဆီ ရောက်နေတော့ စိတ်ချင်းဆက်သွယ်တော့တာပေါ့ကွာ။ ခက်နေတာက တို့ရွာဓလေ့ကလည်း အခေါင်းလုပ်ရင် အဖုံးမပါတာက များတယ်ကွ။ သေသူ မွန်မှာစိုးလို့ ထင်ပါရဲ့ကွာ"

"ဦးကံသာကလည်း မူးမူးရူးရူးနဲ့ မဆင်မခြင် ပေါက်တူးနဲ့ တအားပေါက်တော့ ဒေါ်မျက်ရှယ်ဦးခေါင်းတစ်လုံးလုံး ရစရာမရှိအောင် ဖြစ်သွားတာပေါ့။ အကယ်၍ အဖုံးသာ ရှိနေရင် ဒီလို ဖြစ်ချင်မှဖြစ်မှာပေါ့ – စာရေးဆရာရေ။ ဒါပေမဲ့ကွာ – တို့ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဝဋ်ခံရတာဆိုတာကို သွားတွေ့တယ်၊ ဒေါ်မျက်ရှယ် အသက်ရှင်စဉ်တုန်းက ငါးအရှင်တွေကို စည်ပိုင်းထဲမှာ ရေနည်းနည်းလေးထည့်ပြီး မသေမရှင် ဗိတ်လှောင်ထားတာ ဘယ်လောက်အသက်ရှ■ကြပ်မလဲကွ။ ဒီဝဋ်ကြွေးကြောင့် ဒေါ်မျက်ရှယ် မသေသေးပဲ မြေမြှုပ်ခံရတာပဲပေါ့။ နောက် – ငါးအရှင်လတ်လတ်ကို ဦးခေါင်းထုပြီး ရောင်းချခဲ့လို့ ဒေါ်မျက်ရှယ်ခေါင်းလည်း ဒီဝဋ်ကြောင့်ပဲ ပေါက်တူးနဲ့ အခေါင်းများစွာ ပေါက်ခံရတာနေမှာပေါ့ – စာရေးဆရာရေ။ ဝဋ်လိုက်တယ်ဆိုတာ တကယ်ကြောက်စရာကောင်းပါလားလို့ ငါ တွေးတွေးပြီး ကြောက်မိပါ

www.burmeseclassic.com

ရဲ့တွာ။ ကဲ - စာရေးဆရာရေ - ဘသူတော်လည်း ပုတီးစိပ် တရားထိုင်ဦးမယ်၊ စာရေးဆရာလည်း သွားအိပ်ဦးပေါ့ကွာ - ဟဲ - ဟဲ - ဟဲ"

"မအိပ်ပါဘူး - ဘသူတော်ရယ်၊ ဆံတော်ရှင်စေတီတော်ဆီ သွားပြီး မွေးနံ့ဂြိုဟ်တိုင်မှာ တရားသွားထိုင်ပြီး ဦးကံသာ၊ ဒေါ်မျက်ချယ်တို့၊ ဦးအောင်ထွန်းတို့နဲ့ မကျွတ်မလွတ်ကြသေးတဲ့ ပရလောကသားတွေကို အမျှဝေပေးလိုက်ဦးမယ် - ဘသူတော်ရေ၊ သံဝေဂရစရာ ဇာတ်လမ်းကောင်းတစ်ပုဒ် ရလိုက်လို့ ကျေးဇူးကမ္ဘာပါ။ ဝဋ်ဆိုတာ ချက်ချင်းအကျိုးပေးတယ်ဆိုတာကို စာဖတ်သူတွေသိအောင် ရေးလိုက်ဦးမယ်ဗျာ"

"သာဓုပါ - မောင် - သာဓုပါ - သာဓုပါ"

ကျွန်ုပ်လည်း ဘသူတော်ကို နှုတ်ဆက်ပြီး ဇရပ်လေးပေါ်မှဆင်းကာ တလော့ဆံတော်ရှင်ခြေတော်ရင်းဆီကို တရားထိုင်ပြီး ဒီကောင်းမှုတွေကို ဦးကံသာတို့ကို အမျှပေးဝေနိုင်ဖို့ ပီတိလွှမ်းသောနလုံးနဲ့ တရွေ့ရွေ့လျှောက်လှမ်းသွားပါတော့တယ် ခင်ဗျာ။

ကောင်းကျိုးလိုရာ ပြည့်ပါစေ။

မောင်လှသဉ္ဇ (မော်လမြိုင်)




www.burmeseclassic.com

www.burmeseclassic.com

## တဖြည်းဖြည်း ကျယ်ပြန့်လာသည့် လူမှောင်ခိုဂိုဏ်းနှင့် မြန်မာအမျိုးသမီးကလေးများ၏ မလုံခြုံသောဘဝ၊ ပြည်သူ့ရဲများ၏ ကြိုးပမ်းချက် ..

[illegible] နိုင်နှင်းဝေမှာ နှုတ်ဆိတ်နေသည်၊ နိုင်နှင်းဝေသည် စောစောက လမ်းလျှောက်လာစဉ် ခင်မြင့်မြင့်ကို ပေါက်ပေါက်ဖောက်သကဲ့သို့စကားပြောလာသည်။ အအေးဆိုင်တွင်းရောက်သောအခါတစ်ခွန်းတစ်ပါဒမျှ မဆိုတော့ချေ၊ စားပွဲထိုးလာချပေးသော ကွတ်ကီးနှင့် သီးစုံဖျော်ရည်ကိုမက်မောစွာ စားသုံးလျက်ရှိသည်၊ ခင်မြင့်မြင့်က နိုင်နှင်းဝေကိုကြည့်ပြီး ပြုံးမိသည်၊

"ဘာပြုံးတာလဲဟ - မတတ်နိုင်ဘူး၊ ပူကပူ၊ ရေကဆာ၊ စကားက ပြောရတော့ မောတယ်ဟ"

"မပြုံးပါဘူး - သူငယ်ချင်းရယ်၊ အားပါးတရစားတာကို ပီတိဖြစ်တာပါ"

"ထားပါတော့ - နင့်သီးစုံဖျော်ရည်က လျော့တောင် မလျော့သေးဘူး၊ သောက်လေ - နင့်အတွက် တစ်ခုခုထပ်မှာလိုက်ဦးမယ်"

နိုင်နှင်းဝေက ပြောပြောဆိုဆို မီနူးကတ်ကို ကောက်ယူလိုက်သည်၊ နှစ်ဦးစလုံး၏နှုတ်မှ အာမေဋိတ်သံ ထွက်သွားကြသည်၊

"ဟော"

တစ်ဦးနှင့်တစ်ဦး ပြိုင်တူကြည့်ရင်း ကိုယ့်အိတ်ကိုယ် စမ်းမိကြသည်၊ ခင်မြင့်မြင့်က လက်ကိုင်ဖုန်းထည့်ထားသော သူ၏ပိုက်ဆံအိတ်လေးကို ဖိကြည့်ပြီး နိုင်နှင်းဝေက သူမ၏ဘောင်းဘီရှည်နောက်အိတ်ကို စမ်းမိသည်၊ နှစ်ဦးသား သေချာမှ မီနူးအောက်မှ လက်ကိုင်ဖုန်းလှလှလေးကို ကောက်ယူရင်း ပြောဖြစ်သည်၊

"ဘယ်သူကျန်ခဲ့တာလဲ - မသိဘူးနော်"

"ဆိုင်ရှင်ကို ခေါ်ပေးလိုက်ရအောင်"

နိုင်နှင်းဝေက ခင်မြင့်မြင့်၏အပြောကို သဘောမတူချေ၊ သူမ၏နှုတ်ခမ်းကို လက်ညှိုးလေးဖြင့်ပိတ်ပြီး ပြန်ပြောသည်၊

"ဆိုင်ရှင်က ပိုင်ရှင်ကိုပြန်မပေးရင် ဘယ်လိုလုပ်မလဲ၊ တို့ယူသွားမယ်"

"အို - သူများပစ္စည်းကို ဘာလုပ်ရမလဲ၊ ဒီအတိုင်းထားလိုက်ပါ"

နိုင်နှင်းဝေက ခေါင်းခါပြသည်၊

"ယူဖို့မဟုတ်ဘူး - ပြန်ပေးဖို့ပါ၊ အနည်းဆုံးအအေးဖိုးတော့ ကျေးဇူးဆပ်မှာပဲ၊ ဖုန်းကိုဖွင့်ထားလိုက်မယ်လေ"

နိုင်နှင်းဝေက ပြောပြောဆိုဆိုဖုန်းကိုဖွင့်ထားလိုက်သည်၊ နိုင်နှင်းဝေက မိုဘိုင်းဖုန်းအကြောင်း အတော်အသင့် နားလည်သူဖြစ်၍ တန်ဖိုးမြင့်ဟန်းဆက်မှန်း သိသည်၊ ပိုင်ရှင်က ကျိန်းသေဆက်သွယ်ပြီး ပြန်ယူမည်ကို တွက်မိသည်၊ ထို့ကြောင့် သည်အတိုင်းထားခဲ့လျှင် မသမာသူက ကောက်ယူအသုံးချခြင်းကိုတော့ မခံလိုခြင်း ဖြစ်လေသည်၊

ခင်မြင့်မြင့်ကမူ ဆိုင်အတွင်း လှည့်ပတ်ကြည့်သည်၊ စုံတွဲသုံးလေးတွဲရှိသော်လည်း သူတို့နှစ်ဦးကိုစိတ်မဝင်စားကြပေ၊ ခပ်လှမ်းလှမ်းတွင် အသက်သုံးဆယ်ခန့် လူတစ်ဦးရှိသော်လည်း ဆိုင်အပြင်သို့ ငေးလျက်ရှိသည်၊ စားပွဲထိုးများကလည်း ကောင်တာရှိအမျိုးသမီးငယ်နှင့် စကားပြောနေကြသည်၊ စိတ်ယနမကောင်းစရာ မရှိသည်မို့ စိတ်သက်သာရာဖြစ်သွားသည်

www.burmeseclassic.com

"ကဲ - သောက်ပေတော့။ ပြီးရင် - လစ်ကြစို့၊ စားချင်တာရှိရင် မှာစား။ လတ်တလောကို ပြန်ရှင်းပေးမဲ့ဒကာက ဒီမှာလေ"

နိုင်နှင်းဝေက လက်ကိုင်ဖုန်းကို ပုတ်ပြပြီး အဓိပ္ပာယ်ပါပါပြောသည်၊ ခင်မြင့်မြင့်က နိုင်နှင်းဝေ၏အပိုင်တွက်နေပုံကို သဘောကျနေသည်၊

"အပိုင်တွက်နေတာပဲ၊ ဟုတ်ပါပြီတော် - ဟုတ်ပါပြီ"

အအေးဆိုင်ကထွက်လာသောအခါ လမ်းပေါ်တွင်ပရာဒိုကားတစ်စီးက ဖွတ်မောင်းသွားသည်၊ ကားတမှန်များကိုပတ်လည်တင်ထားသဖြင့်အတွင်းသို့မမြင်ရသော်လည်း နိုင်နှင်းဝေက ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်သည်၊ ရုံးသို့ပြန်ရောက်ချိန်အထိ ဘာမျှမထူးခြားချေ။ ညနေစောင်းချိန်တွင် ရုံးဆင်းပြီး လူခွဲရန် တာစူကြသည်၊ သည်တော့မှ တယ်လီဖုန်းက မြည်လာသည်၊

"ဟဲလို"

"ဘယ်သူပါလဲရှင်၊ ကျွန်မဟန်းဖုန်းလေး အအေးဆိုင်မှာ မေ့ကျန်ခဲ့လို့ပါ"

အသံရှင်က အမျိုးသမီးဖြစ်သည်၊ ခပ်ဝဲဝဲနှင့် ကြည်လင်အေးမြသောအသံကြောင့် ကျေနပ်သွားသည်၊ ယဉ်ကျေးမှုရှိပုံရလေသည်၊ နိုင်နှင်းဝေနှင့် ခင်မြင့်မြင့်တ တစ်ဦးနှင့်တစ်ဦး မျက်စပစ်မိလေသည်၊

"ဟုတ်ကဲ့ - ကျွန်မတို့ အအေးဆိုင်မှာတွေ့လို့ ယူထားတာပါ၊ ပြန်ပေးမလို့ ဘယ်လိုဆက်သွယ်ရမှန်းမသိလို့ပါ"

"ကျေးဇူးတင်ပါတယ်ရှင်၊ အခု - ဘယ်မှာလဲမသိဘူးနော်"

"လမ်းပေါ်မှာပါ"

"ရှင်"

တစ်ဖက်က နိုင်နှင်းဝေ၏ အလောတကြီးပြောဆိုမှုကို အံ့သြစွာ တုံ့ပြန်သည်၊ နိုင်နှင်းဝေက မိမိတို့ရောက်နေသည့်နေရာကို ပြန်ပြင်ပြီးပြောရသည်၊

"ရှင်တို့ရောက်နေတဲ့နေရာနဲ့ ကျွန်မနေတဲ့ခြံက သိပ်မဝေးပါဘူး၊ ဒီလိုလုပ်ပါလားရှင်၊ ဒီမှာဒရိုင်ဘာမရှိလို့ အငှားကားနဲ့ လာလိုက်ပါလား - ကျေးဇူးဆပ်ပါရစေ၊ အပြန်ကို ကျွန်မကိုယ်တိုင် ကားနဲ့ လိုက်ပို့ပါ့မယ်၊ ရုံးဆင်းချိန်ဆိုတော့ အခုချိန်က ယာဉ်ကြပ်လို့ပါ၊ ခြံအမှတ်(၃၀၀)၊ ... ... ... လမ်းမှာပါ၊ ကျေးဇူးတင်ပါတယ်ရှင်"



အိမ်ရှင်မိန်းမက အတန်ကြာစကားပြောပြီး ငွေစက္ကူထုပ်ကို ကမ်းပေးသည်။ နိုင်နှင်းဝေက တရှိတသေ လှမ်းယူသော်လည်း မမီချေ။ မီနိုင်ရန် ရှေ့သို့တိုးပြီးယူသည်။ မမို့တမီအနေအထားမှ အားစိုက်လိုက်ရာ နိုင်နှင်းဝေက စားပွဲပေါ်သို့မှောက်ကျသွားသည်။ ခင်မြင့်မြင့်က သူ့ထက်[illegible]ပြီး[illegible]ယက်နေပေသည်။



နိုင်နှင်းဝေက စဉ်းစားသည်၊ ခင်မြင့်မြင့်ကို တိုင်ပင်ကြည့်သည်၊ ခင်မြင့်[illegible]က သဘောကောင်း၊ မနှောကောင်းမို့ ခပ်ဝေးဝေးမစဉ်းစားချေ၊ သဘော[illegible]သည်မို့ သဘောတူကြောင်း ပြန်ကြားလိုက်သည်၊

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ခြံဝက စောင့်ကြိုနေပါ့မယ်"

ဆက်သွယ်မှုပြတ်သည်နှင့် နိုင်နှင်းဝေက အငှားကားတစ်စီး ငှားသည်၊ [illegible]စောကပြောသည့်လိပ်စာအတိုင်း လမ်းညွှန်ပြီး မောင်းစေသည်၊ အငှား[illegible]သည် ကန်တော်ကြီးကိုပတ်ပြီး ဗိုးစိန်လမ်းသို့ ချိုးကွေ့သည်၊ ဗိုးစိန်လမ်း[illegible]ဘိုင်း မောင်းနေရာမှ ဖျိုးရေအိုးစင်ဘက်သို့မရောက်မီ လမ်းကျဉ်းတစ်ခု[illegible]ဝင်ရသည်၊ နောက်ထပ်လမ်းကျဉ်းတစ်ခုသို့ကွေ့ပြီး အနည်းငယ်[illegible]ောင်းမိ



www.burmeseclassic.com

www.burmeseclassic.com

လျှင် မြံအမှတ်(၃၀၀)ကို တွေ့ရသည်။ မြံဝဌ် အသက်သုံးဆယ်ကျော်ခန့်ရှိ ရှမ်းတရုတ်နွယ်ဖွား၊ ဖြူဖြူချောချော၊ အရပ်ရှည်ရှည် အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

မြံရှေ့တွင် ကားရပ်သည်နှင့်တစ်ပြိုင်နက် ထိုအမျိုးသမီးက အနီးကပ်လာသည်။ အငှားကားဆရာကို ငါးထောင်ကျပ်တန်တစ်ရွက်ပေးပြီးပြန်နိုင်းလိုက်သည်။ နိုင်နှင်းဝေတို့ကိုမူ သိပေဟောင်းကျွမ်းဟောင်းသဖွယ် ဖက်လဲတကင်းကြိုဆိုပြီးမြံအတွင်းသို့ခေါ်သွားသည်။ မြံဝင်းအတွင်းရှိတစ်ထပ်တိုက်အိမ်ကြီး၏ပေါ်တီကိုအောက်တွင် ပရာဒိုအဖြူရောင်တစ်စီး ရပ်ထားသည်။ နိုင်နှင်းဝေတို့က အိမ်မကြီးဆီသို့ လျှောက်လာသည်။ နိုင်နှင်းဝေ၏စိတ်ထဲတွင် ထိုကားကို မြင်ဖူးသည်ဟုထင်သည်။ ထိုစဉ် နောက်မှ မြံတံခါးက ပိတ်သွားသဖြင့် စိုးရိမ်သလို ဖြစ်သွားသည်။

"ခဏထိုင်ပါဦး။ မမကိုယ်တိုင် လိုက်ပို့ပါ့မယ်။ ဇကျးဖူးဆပ်ပါရစေ"

အိမ်၏ဧည့်ခန်းမှာ ခေတ်မီပရိဘောဂ၊ ခန်းစီးလိုက်ကာများဖြင့်ဖိတ်ဖိတ်တောက် ပြင်ဆင်ထားသည်။ အိမ်၏ထည်ဝါမှု၊ ဧည့်ခန်း၏ခမ်းနားမှုများကို ကြည့်ပြီး နိုင်နှင်းဝေက ရှုံ့တွန့်တွန့် ဖြစ်နေသည်။ အိမ်ရှင်က ရိပ်မိဟန်ဖြင့် နိုင်နှင်းဝေ၏လက်မောင်းလေးကိုကိုင်ပြီး အိမ်တွင်းသို့ ခေါ်လာသည်။

"ဝင်ပါ - ညီမရယ်၊ ထိုင်ပါ - တစ်ခုခုသုံးဆောင်ပြီးရင် သွားကြတာပေါ့"

"ဟုတ်ကဲ့ပါ - မမ၊ ဒီမှာ - မမရဲ့ဖုန်း - ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ အရေးကြီးဖုန်းနံပါတ်တွေ ပါသွားလို့ စိတ်ပူနေရတာ၊ အခုမှ ရင်အေးရတယ်၊ အိမ်ကို အာရုံရောက်နေတာနဲ့ ဆိုင်မှာ ကျန်ခဲ့တာပါ။ သုံးဆောင်ပါဦး - ညီမတို့"

အိမ်ရှင်အမျိုးသမီးက ရှင်းပြရင်း အိမ်ဖော်လာချပေးသော အအေးနှင့်မုန့်တို့ဖြင့် ဧည့်ခံသည်။ ထိုင်ခုံအနီးရှိ လက်ပွေ့အိတ်ထဲမှ တစ်ထောင်ကျပ်တန်တစ်အုပ်ကို ထုတ်ယူပြီး ကိုင်ထားသည်။



"ဪ - ဒါထက် - အိမ်ရှေ့က ကားကို လမ်းမှာ တွေ့ဖူးလိုက်သလိုပဲ"

"ဖြစ်နိုင်ပါတယ် - စောစောက အအေးဆိုင်မှာ ဖုန်းကျန်ခဲ့တယ်ထင်လို့ ဒရိုင်ဘာနဲ့ တစ်ခေါက်လွှတ်လိုက်သေးတယ်။ မတွေ့လို့ပြန်လာတာ ဆုံခဲ့ကြတာနဲ့တူတယ်"

ဖြစ်နိုင်ခြေရှိသည်။ သဘာဝကျသည်ဟုထင်သဖြင့် နိုင်နှင်းဝေက ဘာမျှထပ်မပြောတော့ချေ။ ထိုစဉ် အိမ်ရှင်မိန်းမက သူ၏လက်တွင်းမှ တစ်ထောင်တန်အထုပ်ကို နိုင်နှင်းဝေသို့ ပေးမည့်ဟန်ပြုသဖြင့် နိုင်နှင်းဝေ၏ရင်ထဲတွင် ဒိန်းခနဲ ခုန်သွားသည်။ အအေးဖိုးထက်မကသဖြင့် "နိပ်ဟ" ဟုတွက်မိသည်။ ခင်မြင့်မြင့်ကို မျက်စပစ်ပြီး ကော်ဖီအေးကို ယူသောက်လိုက်သည်။

ကော်ဖီအေး၏အရသာက အေးသလို၊ ရှိန်းသလို အရသာတစ်မျိုး ဖြစ်လေသည်။ နိုင်နှင်းဝေတို့သောက်ဖူးသည့်ကော်ဖီအေးနှင့်မဆိုင်ချေ။ အိမ်ရှင်အမျိုးသမီးက ထပ်မံစကားပြောလျက်ရှိသည်။ နိုင်နှင်းဝေနှင့် ခင်မြင့်မြင့်တို့တရယ်ပြုံးပြုံးဖြင့် နားထောင်သည်။ ကြားတစ်ချက်၊ မကြားတစ်ချက်ဖြစ်သဖြင့် ကြိုးစားနားထောင်နေရသည်။ အိမ်ရှင်မိန်းမက အတန်ကြာစကားပြောပြီး ငွေစက္ကူထုပ်ကို ကမ်းပေးသည်။ နိုင်နှင်းဝေက တရိုတသေ လှမ်းယူသော်လည်း မမိချေ။ မီနိုင်ရန် ရှေ့သို့တိုးပြီးယူသည်။ မမီ့တမိ အနေအထားမှ အားစိုက်လိုက်ရာ နိုင်နှင်းဝေက စားပွဲပေါ်သို့ မှောက်ကျသွားသည်။ ခင်မြင့်မြင့်က သူ့ထက်ဦးစွာ ဘေးစောင်းလဲပြီး ငြိမ်သက်နေပေသည်။

— ❀ —

အစောဆုံးသတိရသည်မှာ ခင်မြင့်မြင့်ဖြစ်သည်။ ခေါင်းထဲတွင် မရှင်းမလင်း မူးနောက်ရီဝေနေသည်။ ထိုအခြေအနေမှ ဖြစ်စဉ်ကို ပြန်လည်စဉ်းစားကြည့်သည်။ ထိုစဉ် ညည်းညူသံကို ကြားရသည်။ ခင်မြင့်မြင့်က မျက်စိဖွင့်ကြည့်ရာ မိမိဘေးတွင် နိုင်နှင်းဝေကို တွေ့ရသည်။ ခင်မြင့်မြင့်သည် နိုင်နှင်းဝေ၏လက်လေးကို ကိုင်ပြီး အသာမှိန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်မည်မျှကြာသည်မသိချေ။ နောက်တစ်ကြိမ် နိုးထသည့်အခါ အတော်အတန် ခေါင်းကြည်လင်လာသည်။ မိမိတို့အခြေအနေကိုလည်း တည်တည်ငြိမ်ငြိမ်ဖြင့် သုံးသပ်နိုင်သည်။ မိမိတို့ရောက်နေသောနေရာသည် ပြတင်းပေါက်မရှိ။ ပရိဘောဂ မရှိချေ။ ကားတိုင်ယာအစုတ်အပြတ်အချို့နှင့် စက္ကူသေတ္တာဟောင်းအချို့ကို တွေ့ရသည်။ စတိုခန်းတစ်ခုဟု ယူဆရသည်။ နှစ်ပေလျှပ်စစ်မီးချောင်းတစ်ခုကို ထွန်းထားသည်။ လူဝင်ပေါက်တစ်ခုရှိပြီး အလုံပိတ်အခန်းဖြစ်ဟန်ရှိသည်။ အတော်မြင့်မြင့်တွင်ကားလေထုတ်ပန်ကာ တစ်ခု ရှိလေသည်။

နှစ်ဦးလုံးမှာ လူလုံးချည်းသာဖြစ်သည်။ ဝတ်ထားသောအဝတ်အစားမှ တစ်ပါးသူတို့ပါလာသောလက်ကိုင်အိတ်၊ လက်ဆွဲအိတ်များလည်းမရှိတော့ချေ။ ရှမ်းတရုတ်မက သိမ်းယူထားဟန်ရှိသည်။ ဖြစ်စဉ်မှာ မိမိတို့က အအေးဆိုင်တွင် လက်ကိုင်ဖုန်းတစ်လုံး ကောက်ရသည်။ ဖုန်းပိုင်ရှင်က ဆက်သွယ်ပြီး လာပို့နိုင်းသည်။ ရောက်သည့်အခါ ဆေးခတ်ထားသော အချိုရည်ဖြင့် ညှော်ခံသည်။ သူတို့နှစ်ဦး သတိလစ်စဉ် ဤနေရာသို့ ရွှေ့ထားခြင်းဖြစ်သည် ဟု သတိရသည်။ ခိုင်နှင်းဝေက တွေးတောရင်း ယခုကဲ့သို့ ပြုလုပ်ရခြင်း၏ အကြောင်းရင်းကို စဉ်းစားသည်။ မတွေ့ဘူး၊ မမြင်ဘူး၊ ရန်ငြိုးမရှိ။ ယခုကဲ့သို့ ပြုလုပ်ခြင်း၏အကြောင်းကား အဘယ်နည်း။ လူမှောင်ခိုဂိုဏ်းလား။ ထိုစဉ် ခိုင်နှင်းဝေက သူမ၏တင်ပါးအောက်မှ ခိုးလို့ခုလု တို့စမ်းမိသည်။

"ဟော့ - ငါ့ဖုန်းကို မတွေ့သွားဘူး။ ဒီမှာရှိတယ်"

ခိုင်နှင်းဝေက လက်ကိုင်ဖုန်းကို ဆွဲထုတ်လိုက်သည်။ ဝမ်းသာလိုက်သည်မှာ ပြောမပြနိုင်ပြီ။ ခိုင်နှင်းဝေက တယ်လီဖုန်းကို ဖွင့်လိုက်သည်။

"အို - မနက်ငါးနာရီတောင်ရှိပြီ။ ဘယ်လိုဖြစ်တာလဲ"

"အဲဒါ အသာထား။ တို့ကိုကယ်ဖို့ ဆက်သွယ်ရအောင် ဘယ်သူ့ကို ပြောမလဲ၊ ရဲစခန်းဖုန်းနံပါတ် မသိဘူးလား"

"ဘယ်ရှိမှာလဲ၊ အင်ကွာရီကတစ်ဆင့် ရှာရမှာပေါ့"



ခိုင်နှင်းဝေက စဉ်းစားပြီး ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"အစ်ကို - ခိုင်နှင်းဝေပါ။ ဝေတို့ကို ဖမ်းထားလို့ လာကယ်ပါဦး"

ခိုင်နှင်း၏အစ်ကိုဆိုသူက ကမူးရှူးထိုးဖြင့် မေးသည်။

"ဘယ်နေရာလဲ - လိပ်စာ သိလား။ ဘယ်သူပါလဲ - ဘယ်သူရှိလဲ၊ ညက အန်တီတို့ လာမေးကြသေးတယ်"

ခိုင်နှင်းဝေက သူတို့ကို ချိန်းဆိုစဉ်က လိပ်စာနှင့်ဖြစ်စဉ်ကို ပြောပြသည်။ ထိုအိမ်တွင် ပရာဒိုကားအဖြူရောင်၊ ကားနံပါတ်၊ .........ရှိကြောင်း ပြောသည်။ တစ်ဖက်မှ မှတ်သားပြီး ဖုန်းဖွင့်ထားရန် မှာကြား၍ အဆက်အသွယ်ဖြတ်လိုက်သည်။

"နင်က အဲဒီလိပ်စာပေးလို့ အဲဒီမှာမဟုတ်ရင် ဘယ်လိုလုပ်မလဲ။ တို့က ဘယ်ရောက်နေမှန်းမှမသိတာ"

ခိုင်နှင်းဝေက သူမ၏ဖုန်းဘက်ထရီကိုကြည့်ပြီး ဖုန်းပိတ်လိုက်သည်။ တစ်ညလုံး မိမိမိသဖြင့် တယ်လီဖုန်းဘက်ထရီက အားကုန်လုပြီ။ ခင်မြင့်မြင့် ပြောသည်ကို လက်ခံသော်လည်း မတတ်နိုင်ချေ။ အခြားနေရာသို့ မရွှေ့နိုင်သေးလျှင် မျှော်လင့်ချက်ရှိသေးသည်။ ယခုသော်ညကတစ်ညလုံး သတိမေ့ သတိရသော် အနေအထားက တစ်မျိုးဖြစ်နေသည်။ ပတ်ဝန်းကျင်ကိုလည်း လုံးဝမတွေ့ရချေ။ ကံကိုသာ အားကိုးရပေတော့မည်။

နှစ်ဦးသားမှာ ရသမျှဂါထာ၊ ဂုဏ်တော်များ ရွတ်ဖတ်ရင်း အခန်းပတ် လည်ကို လိုက်ကြည့်သည်။ ဘယ်ညာ အပေါ်အောက် အားလုံးမှာ အုတ် တံတိုင်းများသာဖြစ်သည်။ တစ်ခုတည်းသောဝင်ပေါက်တစ်ခုသာ သစ်သား တံခါးဖြစ်သည်။ ခိုင်နှင်းဝေက စက္ကူသေတ္တာနှင့် တာယာအဟောင်းများကို ကြည့်သည်။ တာယာအဟောင်းပုံပေါ်တွင်ကုတ်အဖြစ်အသုံးပြုဟန်တူသော နှစ်ပတ်လည်ရှစ်ပေခန့် သစ်သားချောင်းတစ်ခုကို တွေ့ရသည်။ ခိုင်နှင်းဝေ က သစ်သားချောင်းကို အလွယ်တကူ အသုံးပြုနိုင်ရန် လျှို့ဝှက်ထားလိုက် သည်။ ◦

— ❀ —



www.burmeseclassic.com

www.burmeseclassic.com

"အန်တီ – ခြံရှေ့မှာ ရဲကားတစ်စီး ရောက်နေတယ်"

စောစောစီးစီး ရဲကားတစ်စီး ရောက်နေသည်ဆို၍၊ ရှမ်းတရုတ်မမှာ ဖြူးဖြူးပျာပျာဖြစ်သွားသည်၊ ခြံစောင့် ပြန်ထွက်သွားသည်နှင့်တစ်ပြိုင်နက် အိမ်ရှိလူများကို မှာကြားပြီး ခြံစောင့်ရှိရာသို့ ထွက်လာခဲ့သည်။ ယာဉ်မောင်း မောင်နီက နောက်ဖေးခန်းသို့ ပြေးလေသည်၊ ရှမ်းတရုတ်မက ခြံဝသို့ လာပြီး တွေ့သည်၊

"ဘာကိစ္စရှိပါလဲရှင်"

"တံခါးဖွင့်ပါဦး၊ ရပ်ကွက်လူကြီးတွေ ပါလာတယ်၊ အထဲမှာ ပြောကြတာပေါ့"

ရှမ်းတရုတ်မက ခြံစောင့်ကို တံခါးဖွင့်ခိုင်းလိုက်သည်၊ ရှမ်းတရုတ်မသည် မျက်နှာပျက်နေသော်လည်း တည်တည်ငြိမ်ငြိမ်ရှိသည်၊ ရဲများနှင့် ရပ်ကွက်လူကြီးတို့က အိမ်တွင်းသို့ အတူလျှောက်လာသည်၊ ရဲအရာရှိက ပြောသည်၊

"မိန်းကလေးနှစ်ယောက်ကို ဒီအိမ်မှာ ဖမ်းထားတယ်လို့ သတင်းရပါတယ်၊ တိုင်ချက်ဖွင့်လာတဲ့အတွက် ရှာခွင့်ပြုပါ၊ အိမ်သားတွေ စုပါဦး"

ရဲတပ်ဖွဲ့ဝင်များက အိမ်ပတ်လည်ကို နေရာယူပြီး အသင့်ရှိနေသည်၊ ရပ်ကွက်လူကြီးများကလည်း ပူးပေါင်းပါဝင်သည်၊ ရဲအရာရှိက လုပ်ထုံးလုပ်နည်းအတိုင်း လိုအပ်သော စာရွက်စာတမ်းနှင့် အသိသက်သေများကို ပြသသည်၊ ခြံမှာ ကျယ်ပြီး အမှောင်ရိပ်ကျသောနေရာများရှိသော်လည်း အလင်းရောင်လာပြီဖြစ်သဖြင့် ထင်သာမြင်သာရှိသည်၊

"ဒါက – ကျွန်မခင်ပွန်း ဦးကျင်လျောင်၊ အိမ်ဖော်မိန်းကလေးနဲ့ ခြံစောင့်၊ ယာဉ်မောင်း အားလုံး ငါးဦးရှိပါတယ်"

"ယာဉ်မောင်းက ဘယ်သွားလဲ"

"ဒီနေ့တစ်ရက် နားချင်တယ်ပြောလို့ ခွင့်ပေးလိုက်ပါတယ်"

ရဲအရာရှိက ရှမ်းတရုတ်မကို ကြည့်လိုက်သည်၊ ရှမ်းတရုတ်မက တုန်လှုပ်သွားသကဲ့သို့ ရှိသည်၊



"အစ်မကြီးနာမည်"

"မပန်းဝေပါ"

ရဲအရာရှိက ကိုယ်ရေးအကျဉ်း၊ အလုပ်အကိုင်နှင့် အခြားလိုအပ်သည်များကို မေးသည်၊ ပြီးနောက် ရှာခွင့်ပြုရန် ပြောသည်၊ မပန်းဝေမှာ အခိုင်အမာတင်ပြပြီးဖြစ်သဖြင့် ငြင်းရန်မရှိချေ၊ ရှာဖွေခွင့်ပြုရသည်၊ တာဝန်ရှိသူများက အိမ်အတွင်းအပြင်ကို စေ့စေ့စပ်စပ် ရှာဖွေကြသည်၊ ရဲအရာရှိ၏ မေးမြန်းချက်များကိုမူ မပန်းဝေက ဖြေဆိုနေရသည်၊ တယ်လီဖုန်းကျန်ခဲ့သည်က အစလာပို့သဖြင့် တျေးဖူးဆပ်လိုက်ကြောင်း၊ စေတ္တထိုင်ပြီးပြန်သွားကြောင်း၊ အငှားကားကို လမ်းထိပ်တွင် ငှားမည်ထင်ကြောင်း ပြောပြသည်၊

တစ်အိမ်လုံး၊ တစ်ခြံလုံး ရှာသော်လည်း မသင်္ကာဖွယ်ရာ မတွေ့ရချေ၊ နောက်ဖေးကားဂိုဒေါင်အဟောင်းကလည်း ရှင်းသည်၊ တိုလီမိုလီပစ္စည်းများနှင့် အဝေးပြေးကားပစ္စည်းများ ပုံထားသည်၊ တံခါးမရှိသဖြင့် ထင်ထင်ရှားရှားတွေ့ရသည်၊ ရဲအရာရှိက အမှုတိုင်တန်းသူကို ကြည့်သည်၊ နိုင်နှင်းဝေ၏ အစ်ကိုဝမ်းကွဲ ကိုကြည်အောင်က မကျေနပ်ဟန်ရှိသော်လည်း ဘာမျှမတတ်နိုင်ချေ၊ ရဲအရာရှိက လက်လျှော့ပြီး ပြန်ရန်စကားဆိုစဉ် ကိုကြည်အောင်က ခြံနောက်ပိုင်းသို့ ထွက်လာခဲ့သည်၊ လက်ကိုင်ဖုန်းကို နောက်ထပ်နှစ်ကြိမ်သုံးကြိမ်ခန့် ခေါ်ကြည့်သည်၊

ထူးထူးခြားခြားတုံ့ပြန်သံကိုတစ်ချက်မျှမကြားရချေ၊ ကိုကြည်အောင်က နိုင်နှင်းဝေကို "တယ်လီဖုန်းမဖွင့်ရန်ကော" ဟု စိတ်တိုနေမိလေသည်၊

— ❀ —

"ဝုန်း" ခနဲ တံခါးပွင့်လာသဖြင့် နိုင်နှင်းဝေတို့ လန့်သွားသည်၊ နိုင်နှင်းဝေ၏လက်တွင်လက်ကိုင်ဖုန်းတကိုင်လျက်သားရှိသည်၊ မောင်နီက ဒေါသတကြီးဖြင့် အမြန်လာသည်၊ အနီးရောက်လျှင် တယ်လီဖုန်းကို ဆွဲယူလိုက်သည်၊

www.burmeseclassic.com

"ခွေးမ – နင်တို့ဖုန်းဆက်လို့ ရဲတွေ လာကုန်ပြီ၊ ညကတည်းက ဘုရင့်နောင် ပို့လိုက်ရင် ဒီနေ့အသုတ်မှာ ပါသွားပြီ၊ နင်တို့ – ငါ့ကား မှတ်မိသွားလို့ အခြေအနေစောင့်လိုက်တာ"

မောင်နီက စကားကို ဆုံးအောင်မပြောချေ၊ နိုင်နှင်းဝေကို ရိုက်ချလိုက်သည်၊ နိုင်နှင်းဝေမှာ ပြင်းထန်သောရိုက်ချက်ကြောင့် ပုံလဲကျသွားသည်၊

ခင်မြင့်မြင့်က ကြောင်ကြည့်နေရာမှ နိုင်နှင်းဝေ လဲကျသွားသည်ကိုမြင်သည်နှင့် စကတ်ထမီကို အမြန်မ,ပြီး မောင်နီ၏ပေါင်ခွကြားသို့ ကန်ထည့်လိုက်သည်၊ ထိချက် မှန်ကန်ဟန်တူသည်၊ မောင်နီက မရှုနိုင်၊ မကာယ်နိုင် တုန်းကုန်းကွကွဖြစ်နေစဉ် ဝှက်ထားသောတုတ်ကို ယူ၍ မောင်နီ၏ခေါင်းကို ရိုက်လိုက်သည်၊ မောင်နီမှာ တစ်ချက်အော်ကာ ခွေလဲကျသွားသည်၊

နိုင်နှင်းဝေကို ထူကြည့်သည်၊ အခြေအနေမဆိုး၍ တော်သေးသည်၊ ခင်မြင့်မြင့်နှင့် နိုင်နှင်းဝေတို့က ပွင့်နေသောတံခါးမှ ထွက်ကြသည်၊ လူသွားလမ်းအတိုင်းပြေးသည်၊ ရှေ့နားတွင် ချထားသော လှေကားတစ်ခုကို တွေ့သဖြင့် တက်သည်၊ အပေါ်မှ ပိတ်ထားသောသံပြားကို တွန်းသော်လည်း မပွင့်ချေ၊ ဘေးသို့တွန်းရွှေ့ကြည့်ရာ အလွယ်တကူ အပေါက်ဖြစ်သွားသည်၊ ထိုအပေါက်မှ ကုန်း၍တက်ကြသည်၊

တွန်း၍မပွင့်သည်မှာ ရေခဲသေတ္တာပိနေသောကြောင့်ဖြစ်သည်၊ ဘေးသို့ ရွှေ့နိုင်သည်မှာ ဘီးတပ်ထား၍ဖြစ်သည်၊ သူတို့ထွက်လာသောနေရာမှာ မြေတိုက်ခန်း ဖြစ်လေသည်၊ သူတို့ရောက်နေသောနေရာက မီးဖိုခန်းဖြစ်လေသည်၊ နိုင်နှင်းဝေက ကမူးရှူးထိုးဖြင့် အပေါက်တွေ့ရာသို့ စွတ်ပြေးသည်၊ ခင်မြင့်မြင့်က နောက်က လိုက်သည်၊

ရဲအရာရှိက မပန်းဝေနှင့် နှုတ်ဆက်စကားပြောပြီး ဆင်ဝင်အောက်သို့ ရောက်လာသည်၊ ကျန်လူများကလည်း စုစည်းမိကြပြီဖြစ်သည်၊ ကိုကြည်အောင်မှာ မျက်နှာပျက်သော်လည်း မတတ်နိုင်ပြီ၊ "နိုင်နှင်းဝေတို့ကို ဖမ်းထား



သည်မှာ သည်နေရာမှ ဟုတ်ရဲ့လား" ဟု သံသယဖြစ်လာမိသည်၊ မပန်းဝေတို့ကို နှုတ်ဆက်ပြီး ရဲတပ်ဖွဲ့ဝင်များက ခြံဝသို့ ဦးတည်ထွက်ခွာလာသည်၊ မပန်းဝေ၏မျက်နှာလည်း ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ဖြစ်လာသည်၊

ထိုအခိုက် အိမ်တွင်းမှ ပြေးထွက်လာသော ဝုန်းဝုန်းဒိုင်းဒိုင်းအသံများကို ကြားရသည်၊ ရဲအရာရှိက လျှပ်တစ်ပြက် လှည့်ကြည့်လိုက်သည်၊ နိုင်နှင်းဝေနှင့် ခင်မြင့်မြင့်တို့က ရဲများထံသို့ တစ်ဟုန်ထိုး ပြေးလွှားလျက် ရှိလေသည်၊ နိုင်နှင်းဝေတို့ ရဲအရာရှိထံ ရောက်ရှိန်ရှိန်တွင် မပန်းဝေတို့မှာကား မျက်နှာပျက်၊ သွေးပျက်နေချေပြီ၊

ဆက်လက်ဖော်ထုတ်ချက်အရ မပန်းဝေတို့မှာ လူမှောင်ခိုဂိုဏ်းဝင်များ ဖြစ်ကြသည်၊ ဘုရင့်နောင်ရှိ လျှို့ဝှက်စခန်းတွင် စုစည်းမိပြီးသော သားကောင်ဆယ်ဦးရှိသည်၊ နိုင်နှင်းဝေတို့နှစ်ဦးနှင့် ပူးပေါင်းပြီး တစ်သုတ်စေလွှတ်ရန် စီစဉ်ထားကြောင်း သိရပါသည်၊

— ❀ —

ရန်ကုန်နေ့က အလွန်ပူသည်၊ အပြင်မထွက်လိုသော်လည်း လုပ်ငန်းတာဝန်အရ ထွက်ရသည်၊ အာခြောက်လာပြီမို့ ခင်မြင့်မြင့်က နိုင်နှင်းဝေကို အရေးဆိုသည်၊

"ရေဆာလိုက်တာကွာ၊ အအေးဆိုင် သွားမယ်"

"တော်ပြီ"

"ဒါဖြင့် – ရုံးကို ဖုန်းဆက်ကွာ၊ ညနေမှ ရောက်မယ်လို့"

"တော်ပြီ"

ခင်မြင့်မြင့်က ကြောင်သွားသည်၊ နောက်မှ သဘောပေါက်သဖြင့် ရယ်မိသည်၊ နိုင်နှင်းဝေက ခင်မြင့်မြင့် ဘောင်းဘီဝတ်ထားသည်ကိုကြည့်ပြီး အမှဲ့ပြုပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com

"နင်က ဘောင်းဘီနဲ့ကိုး။ ဒါကြောင့် ရေဆာတာ၊ စကတ်ဝတ်မလာပါလား"

"တော် - တော် - တော်ပြီ"

ထိုနေ့က ခင်မြင့်မြင့်၏စကတ်ကွဲနှင့် မလုံမလဲဖြစ်နေသည်ကို တွေးမိလိုက်ပါသည်။

နေမထူး


## စာဖတ်သူများသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ **မိတ္တူ** ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

## မိမိကို သတ်ဖြတ်မည့် လက်စားချေသူအပေါ် မေတ္တာတုံ့ပြန်နိုင်ခဲ့သည့် မိန်းမသားတစ်ယောက်၏ ဖြူစင်သောစိတ်ထားသည် နောက်ဆုံးတွင် ..

**သာယာနာပျော်ဖွယ်** တေးဂီတသံက လက်ကိုင်ဖုန်းအတွင်းမှ ထွက်ပေါ်လာသည်၊ ရုတ်တရက်ဆိုတော့လည်း ခင်ဖူးငုံ လန့်သွားမိသည့် ဖြစ်ခြင်း၊ မလန့်ပဲနေမလား၊ အိမ်မှာက သူမတစ်ယောက်တည်း၊ အပြင်ဘက်တွင် မိုးနှင့်လေက ပူးပေါင်းလို့ဆော်နေချေသည်လေ၊ မိုးထဲလေထဲ ဘယ်သူတများဖုန်းဆက်လေသနည်းမသိ၊ ခင်ဖူးငုံ ကစားပွဲပေါ်မှ လက်ကိုင်ဖုန်းအား ကောက်ယူနားထောင်လိုက်ပါလေ၏၊ သူမလက်ဖျားတွေက မိုးစက်ကြောင့်လား မဆိုတတ်၊ အေးစက်လာသည်ကို သတိထားလိုက်မိသည်၊

"ဟယ်လို - အမိန့်ရှိပါရှင်"

"အော် - အစ်ကိုပါ - ဖူးငုံ"

တစ်ဖက်ဖုန်းထဲမှအသံကြောင့် ခင်ဖူးငုံ မျက်နှာဝင်းထိန်သွားသည်၊ တစ်ဖက်စွန်းမှ ကြားလိုက်ရသည့်အသံက သူမ၏ ချစ်လှစွာသော ခင်ပွန်းယောက်ျား ကိုထိုက်ရယ်လေ ...၊

"အစ်ကိုထိုက်လား - နှ - ဖူးငုံ စကားပြောနေတာပါ၊ ပြောလေ - အစ်ကိုထိုက်"

"ဖူးငုံ - အစ်ကိုထိုက်ကို စောင့်မျှော်နေမယ်ဆိုတာသိလို့ဖုန်းဆက်လိုက်တာ၊ ဒီနေ့ည - အစ်ကိုအိမ်ပြန်နောက်ကျမယ်၊ ဆေးရုံမှာ အရေးပေါ်(emergency)လူနာတစ်ဦးရောက်လာလို့ခွဲစိတ်ခန်း(operation)ဝင်ရမယ်လေ၊ တစ်နာရီသာသာလောက်တော့ ကြာလိမ့်မယ်ထင်တယ်၊ အဲဒါ - ဖူးငုံ စိတ်ပူနေမှာစိုးလို့ ဖုန်းဆက်လိုက်တာ"

ကြားကြားချင်းတော့ ခင်ဖူးငုံ စိတ်မကောင်းဖြစ်သွားရတော့သည်၊ ဆရာဝန်တစ်ဦး၏ဇနီးမယား ဖြစ်ရသည်က ပတ်ဝန်းကျင်အနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဂုဏ်ထည်ဝါ ရှိနေလိမ့်မည်ဟု ထင်ကောင်းထင်ပေလိမ့်မည်၊ ခင်ဖူးငုံမှာ စိတ်ကုန်ခန်းနေသည်ကတော့အမှန်၊ စဉ်းစားကြည့်လေ - လွန်ခဲ့သည့်တစ်ပတ်ကျော်ကျော်က သည်လိုပဲ အရေးပေါ်ခွဲစိတ်ခန်းသို့ဝင်ခဲ့ရသေးသည်၊ မိမိခင်ပွန်းကိုတော့ ဘာမျှမပြောမိ၊ သူမရင်ထဲမှာတော့ သနားစိတ်များ ခံစားခဲ့ရသည်ပဲလေ၊

"ဖူးငုံ - အစ်ကို့ကို စကားပြန်မပြောတော့ဘူးလား၊ စိတ်ညစ်မသွားပါနဲ့ ဖူးငုံရယ်၊ ဆရာဝန်တစ်ဦးဆိုတာ လူနာတွေအတွက် အမြဲတမ်းအဆင်သင့် ဖြစ်နေကြရတာလေ၊ အပြင်မှာ မိုးတွေ၊ လေတွေ တိုက်ခတ်နေပြီး ဖူးငုံတစ်ယောက်တည်းအိမ်မှာရှိနေတယ်ဆိုတာ အစ်ကိုသဘောပေါက်ပါတယ်ကွာ၊ အိမ်တံခါးတိုပိတ်ပြီး နွေးနွေးထွေးထွေးနေနှင့်နော်၊ လုပ်ငန်းပြီးပြီးချင်း အစ်ကို အမြန်ပြန်လာခဲ့ပါ့မယ်၊ မအိပ်သေးပဲ စောင့်နေဦးနော်"

အစ်ကိုထိုက်၏အသံက ခင်ဖူးငုံ၏အတွေးစဉ်ကိုဖြတ်တောက်ပစ်လိုက်၏၊ ထိုအခါမှ ခင်ပွန်းဖြစ်သူကို ကသောကမျော ပြန်ပြောလိုက်ရတော့သည်၊

"အို - ဖူးငုံ - ဘယ်လိုမှမအောက်မေ့ပါဘူး၊ အစ်ကိုထိုက်ကို ဖူးငုံ သနားနေလို့ စိတ်မကောင်းဖြစ်နေရတာပါ"

"အစ်ကိုထိုက်အတွက် ဘာမှမစိုးရိမ်ပါနဲ့ - ဖူးငုံရယ်၊ ဒါတွေက အသေးအမွှား (minor)လုပ်ဆောင်ချက်တွေပါ၊ စိတ်ပူမနေပါနဲ့ - ဖူးငုံရယ်၊ ကိုထိုက် ဖုန်းချလိုက်တော့မယ်နော် - ဟိုမှာ ခွဲစိတ်ခန်းဝင်ဖို့ အဆင်သင့် စောင့်နေကြပြီ - ပွတ်နိုက်နော်"

www.burmeseclassic.com

အစ်ကိုထိုက်က ပြောရင်းဖုန်းကို ချလိုက်တော့သည်။ သူမ၏သက်ပြင်း ချလိုက်သည့်အသံကို ခင်ပွန်းသည် မကြားလိုက်ပေလို့ပေါ့။ သူမအနေဖြင့် ခွဲစိတ်ခန်းဝင်မည့် ခင်ပွန်းသည်အား အနှောင့်အယှက်မဖြစ်စေလိုပါချေ။ ခင်ပွန်းသည်နှင့်စကားပြောပြီးသည်နှင့်ပင် လေနှင့်မိုးကပြင်းထန်လာချေပြီ။ ရလို - လေမိုးကျတတ်သောကဆုန်လ၏ညဉ့်မျိုးဝယ်အထီးကျန်တစ်ယောက်တည်း နေရသည်ကိုတော့ မလိုလားသည်မှာ မိန်းမသားတစ်ဦးအဖို့ အပြစ်မဆိုသာပါချေ။ သည်လိုညမျိုးတွင် မိန်းမသားတစ်ဦးတစ်ယောက်တည်းနေရသည်ကတော့ အားငယ်မိသည်မှာ အမှန်ပင်။

မိုးက သည်းသည်းမည်းမည်းလည်းမဟုတ်။ လေနှင့်အတူမိုးသေးမိုးမွှားများသာ ဖြစ်ပါလေ၏။ သို့ရာတွင် လျှပ်စီးတွေက ပြိုးပြိုးပြက်ပြက်။ လက်ခနဲ အလင်းရောင်ကြောင့် ခင်ဖူးငုံ ပို၍အားငယ်နေခြင်းလည်း ဖြစ်သည်။ သည်ကြားထဲ အစ်ကိုထိုက်က အိမ်အပြန်နောက်ကျဦးမည်မို့ အိမ်ရှေ့တံခါးကို ပိတ်ထားလိုက်ရန် စိတ်ကူးမိသဖြင့် ခြေလှမ်းပြင်လိုက်သည်။ ခွဲစိတ်ခန်းဝင်ရမည်ဆိုသော ခင်ပွန်းသည် ဖုန်းဆက်လိုက်မှုကြောင့် သူမ၏စိတ်ကူးအတွေးများ တကိုမောင်မောင်ကျော်နှင့်ထွေးထွေးမော်တို့လင်မယားထံရောက်သွားပြန်သည်။ စနေနေ့ညတိုင်း သူတို့ဇနီးမောင်နှံတို့က ကိုမောင်မောင်ကျော်တို့ လင်မယားအိမ်သို့ တစ်ပတ်တစ်ခါ အလည်သွားတတ်စမြဲရယ်လေ။ ကိုမောင်မောင်ကျော်တို့အိမ်ကမြို့၏အရှေ့တောင်ယွန်းယွန်း၊ ခင်ဖူးငုံတို့အိမ်ကမြို့အနောက်ဘက်မှာဆိုတော့ အနည်းငယ်တော့ ကွာလှမ်းသည်ဟု ဆိုရမြို့သည်။

သို့ပေမဲ့ - ထိုကိစ္စက အကြောင်းမဟုတ်။ နှစ်ဖက်လုံး၌ ဟွန်ဒါ(Honda) မော်တော်ဆိုင်ကယ်ကိုယ်စီ ရှိကြသည်လေ။



ထိုစီးတော်ယာဉ်ကြောင့်ပင် လွန်ခဲ့သည့်နှစ်လကျော်ကျော်ဆီက ဆိုးဝါးသောပြဿနာနှင့်တွေ့ကြုံရတော့သည်။ ကိုမောင်မောင်ကျော်တို့လင်မယား အစ်ကိုထိုက်တို့အိမ်မှ အပြန်တွင် ကားတစ်စီးနှင့် မတော်တဆတိုက်မှုဖြင့် ရင်ဆိုင်လိုက်ရခြင်းပင်ဖြစ်သည်။ ထိုမောင်မောင်ကျော်မှာ ဘာမှမထိခိုက်သော်လည်း ဇနီးဖြစ်သူ ထွေးထွေးမော်မှာ ဒဏ်ရာပြင်းထန်စွာ ထိခိုက်မိသဖြင့် အရေးပေါ်ဆေးရုံသို့ တင်လိုက်ရသည်။ ထိုသတင်းကိုကြားသိလိုက်ရသော အစ်ကိုထိုက်မှာ တာဝန်အရသော်လည်းကောင်း၊ အလွန်မတန်ရင်းနှီးသောမိတ်ဆွေ၏ဇနီးတစ်ယောက်ဖြစ်နေသဖြင့် မနေသာတော့ပဲ ဆေးရုံသို့ အမောတကောလိုက်သွားရတော့သည်။ ထွေးထွေးမော်မှာ ဒဏ်ရာမှာ ပြင်းထန်လှသဖြင့် အစ်ကိုထိုက်နှင့် လက်ထောက်ဆရာများအပါအဝင် ဆေးအမှုထမ်းတို့ ခွဲစိတ်ခန်းသို့ အရေးတကြီးဝင်၍ ထွေးထွေးမော်အား သေမင်းလက်မှ အပြိုင်အဆိုင် လုယူခဲ့ကြသည်။

အလွန်မတန် ရင်းနှီးသည့်မိတ်ဆွေဖြစ်နေသောကြောင့် မိမိတတ်ကျွမ်းသည့်ဆေးပညာဖြင့် ကိုယ်တိုင်ခွဲစိတ်ရလေသောအခါ စိုးရိမ်စိတ်က အစ်ကိုထိုက်၏စိတ်အား လှုပ်ရှားစေသဖြင့် လွဲမှားမှုမဖြစ်အောင် အထူးဂရုစိုက်လုပ်ကိုင်ခဲ့သော်လည်း ကံဆိုးရှာသော ထွေးထွေးမော်ခမျာ သေမင်းလက်သို့ လိုက်သွားရရှာတော့သည်။ ဇနီးဖြစ်သူ ထွေးထွေးမော် သေဆုံးသွားခြင်းနှင့် ထပ်သက်၍ အလွန်မတန်ရင်းနှီးခဲ့သော ကိုမောင်မောင်ကျော်က သူငယ်ချင်း ဆရာဝန် အစ်ကိုထိုက်အပေါ် အမြင်မကြည်မလင်ဖြစ်နေတော့သည်။ အစ်ကိုထိုက်၏ ပေါ့ဆမှုကြောင့်သာ ထွေးထွေးမော် ဆုံးရှုံးခဲ့ရလေခြင်းဟု အထင်လွဲကာ ပြစ်တင်ပြောဆို၍ ရင်းနှီးသည့်ဆက်ဆံမှုအား ဖြတ်တောက်လိုက်ပါလေတော့၏။

စင်စစ် - အစ်ကိုထိုက်၏ ပေါ့ဆမှုကားမဟုတ်ပါလေခဲ့။ ထိုနေ့က ခွဲစိတ်ခန်းသို့ သုံးကြိမ်မျှ ဝင်ရောက်လုပ်ဆောင်ခဲ့ရသည့်အတွက် လူပင်ပန်း စိတ်ပင်ပန်းဖြစ်ရုံမျှမက စိုးရိမ်ပူပန်မှုတို့က အစ်ကိုထိုက်အား စိတ်ဖိသာတနင့်



www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်ပူပန်မှုတို့ကြောင့်လည်းကောင်း၊ ထိခိုက်မိသောဒဏ်ရာပြင်းထန်မှု ကြောင့်လည်းကောင်း ထွေးထွေးမော်၏အသက်အား မကယ်တင်နိုင်ပဲ ရင်နင့်ဖွယ်ရာအဖြစ်ဆိုးဖြင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း အားလုံးက ရှင်းပြသော်လည်း ချစ်ဇနီးအပေါ်ထားရှိသော ကိုမောင်မောင်ကျော်၏ဆုံးရှုံးရခြင်း ခံစားမှုက အမှန်တရားကို မမြင်နိုင်အောင် ဖြစ်ခဲ့ရလေတော့သည်။ ထိုအချိန်မှစ၍ ခင်ဖူးငုံတို့လင်မယားအပေါ်စိတ်နာကြည်းချက်ဖြင့် အတွေ့မခံတော့ပဲ တိမ်းရှောင်နေခဲ့သည်မှာ ကြာပါပကောလား။ ထိုအရေးကို ပြန်တွေးမိလိုက်သော ခင်ဖူးငုံမှာ ရင်းနှီးသောမိတ်ဆွေများအဖြစ်မှ သူစိမ်းဆန်ခဲ့ရသည့် အတိတ်ကအဖြစ်ကို ပြန်လည်တွေးမိရင်း စိတ်မကောင်းဖြစ်နေမိတော့သည်။

မိုးနှင့်လေက အခြေအနေ တင်းမာလာသည်။ ခင်ဖူးငုံက အတွေးနယ်ချဲ့နေရာမှ အိမ်ရှေ့တံခါးပေါက်ဆီသို့ မပြေးရုံတစ်မည် ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာခဲ့တော့သည်။ ထိုစဉ်မှာပင် ဖြစ်သည်။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် သူမ တံခါးဝရောက်သည်နှင့် လူတစ်ယောက် အိမ်တံခါးဆီသို့ မိုးရေထဲမှဖြတ်လျှောက်ရင်း လာနေပါပကောလား။ ထိုလူက ဦးထုပ်တစ်လုံးကို မိုးရေကြောင့်ပဲလားမဆိုတတ်၊ ရှေ့ခပ်စိုက်စိုက် ဆောင်းလာသဖြင့် မည်သူမည်ဝါ သဲသဲကွဲကွဲမမြင်ရ၊ ခင်ဖူးငုံ ထိတ်ခနဲ တုန်လှုပ်သွားရတော့သည်။ သူမ၏ လုံ့ခေါ်စိတ်ကြောင့် တံခါးချပ်များဆီသို့ လက်များ ရောက်သွားချိန်တွင် ထိုလူက အိမ်အတွင်းသို့ ဖွတ်တိုးဝင်လာတော့၏။

အနီးကပ်ဝင်လာသူအား မျက်လုံးပြူးဖြင့် မော့ကြည့်လိုက်မှ မိုးရေထဲမှ ဖြတ်လျှောက်လာသူကိုသဲသဲကွဲကွဲမြင်လိုက်ရတော့သည်။ အော် - ကိုမောင်မောင်ကျော်ပါကလား၊ မဟုတ်မှလွဲရော သူတို့လင်မယားအပေါ် အထင်လွဲမှားမှုများပြေပျောက်သွားပြီပဲထင့်၊ ကိုမောင်မောင်ကျော်နှင့်သူတို့လင်မယား



တမိတ်ဆွေအရင်းအချာတွေပင် မဟုတ်ပါလား။ ခင်မင်ရင်းနှီးမှုသံယောဇဉ်တွေကို ဖြတ်တောက်ရန် မလွယ်စကောင်း၊ ခင်ဖူးငုံ တွေးနေခိုက်မှာပင် ကိုမောင်မောင်ကျော်က သူ့ခေါင်းပေါ်က ဦးထုပ်ကို ချွတ်ပစ်လိုက်လေတော့သည်။

"အော် - ဘယ်သူများလဲလို့၊ ခဏနေဦး - ရေတွေသုတ်ဖို့ ကျွန်မ တဘက်ယူပေးမယ်နော်"

ခင်ဖူးငုံက ပြောရင်း အိမ်ခန်းအတွင်းသို့ လှစ်ခနဲ ဝင်သွားတော့သည်။ သူမ ပြန်ထွက်လာတော့ တဘက်ပါလာသည်။

"ရော့ - ဒီတဘက်နဲ့ မိုးရေတွေကို သုတ်ပစ်လိုက်ပါဦးလေ"

ထိုအချိန်ထိ ကိုမောင်မောင်ကျော်က ဘာစကားတစ်ခွန်းမှမပြော၊ ခင်ဖူးငုံ ပေးလိုက်သော တဘက်ကိုယူ၍ သူ့မျက်နှာပေါ်မှ မိုးရေများကိုသုတ်နေလိုက်ပါလေ၏။

"ကဲ - ထိုင်ဦးနော်၊ နွေးနွေးထွေးထွေးဖြစ်သွားအောင် ကျွန်မ ကော်ဖီပူပူလေး သွားဖျော်လိုက်ဦးမယ်လေ"

သည်အခါမှ ကိုမောင်မောင်ကျော်က ဖော်ရွေလိုက်လှဲမှုကင်းသော လေသံဖြင့် ပြန်ပြောလိုက်ပါလေ၏။

"နေပါစေ - ကော်ဖီတစ်ခွက်သောက်ဖို့အတွက် ဒီအိမ်ကို မိုးထဲလေထဲမှာ လမ်းလျှောက်ရင်း ကျုပ် လာခဲ့တယ်လို့များ ထင်နေသလား၊ ဒါဆိုရင် မဖူးငုံ တွေးနေပုံမှားနေတယ်လို့ ကျုပ် ပြောလိုက်ချင်တယ်၊ ခုလို - ကျုပ်လာခဲ့တာက ခင်ဗျားတို့ဆီက ရစရာရှိတဲ့ကြွေးကိုလာတောင်းတာလို့ ပြောရမယ်ထင်တယ်"

ကိုမောင်မောင်ကျော်လေသံက ယခင်ကလို ခင်မင်ရင်းနှီးမှုလေသံမဟုတ်၊ ခြောက်ကပ်ကပ်နှင့် စိတ်မမှန်သောလူတစ်ယောက် စကားပြောသံနှင့်တူနေသည်ဟု ခင်ဖူးငုံ သတိပြုလိုက်မိသည်၊ ရုတ်တရက်တော့ ကြောင်သွားမိသည်တော့အမှန်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါလေ – ဘာလုပ်ဖို့ပဲလာလာ – ကျွန်မအနေနဲ့ ညည်းခံစကားပြောရမှာပါ – ကိုမောင်မောင်ကျော်။

ခုလို ကျွန်မတို့ဆီ ပြန်လာတာကိုပဲ ကျေနပ်လှပါပြီ၊ ကိုထိုက်များ တွေ့လိုက်ရရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲနော်၊ စောစောကပဲ တိုထိုက်ဆီက ဖုန်းလာသေးတယ်။ သူပြန်လာတာ နည်းနည်းနောက်ကျမယ်တဲ့လေ၊ ခုလောလောဆယ်တော့ ကျွန်မတစ်ယောက်တည်း ပျင်းနေတာနဲ့ အတော်ပဲ၊ စကားပြောကြတာပေါ့၊ ကျွန်မ ကော်ဖီဖျော်လိုက်မယ်၊ ခဏလေး စောင့်ပါဦးနော်"

ပြောရင်း ခင်ဖူးငုံက မီးဖိုခန်းထဲဝင်ရန် ဟန်ပြင်လိုက်ပါလေ၏၊ ထိုခဏမှာပင် သူမ၏လက်ကို ကိုမောင်မောင်ကျော်က ဖျတ်ခနဲ ဆွဲထားလိုက်၏၊ သည်မှာပင် သူမအတွေး အထင်မှားသွားပြီဆိုသည်ကို သတိရလိုက်လေသည်၊

"ထိုင်နေပါ – ကျုပ် ကော်ဖီမသောက်ချင်ပါဘူးလို့ ပြောထားပြီးပြီပဲဟာ၊ တစ်ခုတော့ ရှိတာပေါ့လေ၊ ခါတိုင်းလို – ကျုပ်တို့လင်မယားနှစ်ယောက်လုံး ဒီမှာရောက်လာတာမျိုးဆိုရင်တော့ ခင်ဗျားဖျော်တိုက်တဲ့ ကော်ဖီပူပူလေးကို ဝမ်းသာအားရ သောက်မိကြမှာ – အမှန်ပဲဗျ၊ ခုတော့ – ကျုပ်မိန်းမ ထွေးထွေးမော် မရှိတော့ဘူးလေ"

ကိုမောင်မောင်ကျော်အသံက အနည်းငယ်မာကျောသယောင်ယောင်၊ ပြောရင်း သူ့မျက်နှာက မှိုင်းညို့သွားသည်၊ ခင်ဖူးငုံက သူ့စိတ်ဆင်းရဲနေမှုကို ပြေပျောက်သည့်အနေဖြင့် –

"တော်ပါတော့ – ကိုမောင်မောင်ကျော်ရယ်၊ စိတ်မကောင်းစရာတွေကို ပြောမနေပါနဲ့တော့ရှင်၊ ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် ကျွန်မတို့လည်း စိတ်မကောင်းဖြစ်ခဲ့မိတာ အမှန်ပါရှင်"

"အော် – စိတ်မကောင်းဖြစ်နေကြသတဲ့လား၊ ဒီလိုမျိုးပြောစတမ်းဆိုရင် ပြန်မလာတော့တဲ့ ထွေးထွေးမော်ရဲ့ခင်ပွန်းဖြစ်တဲ့ ကျုပ်အနေနဲ့ ဘယ်လိုခံစားနေရသလဲဆိုတာ ခင်ဗျားတို့ မတွေးမိကြဘူးလားဗျာ၊ ထွေးထွေးမော်တာ ကျုပ်အတွက်တော့ ဇနီးကောင်းတစ်ယောက်ဆိုတာ သေချာတယ်လေ၊ တစ်ယောက်အပေါ်တစ်ယောက် သိပ်လည်းချစ်ခဲ့ကြတယ်၊ သူဟာ ကျုပ်အတွက် တန်ဖိုးမဖြတ်နိုင်လောက်အောင်ကောင်းတဲ့မိန်းမတစ်ယောက်ဆိုတာ ခင်ဗျားတို့ သိပါတယ်လေ၊ အိမ်ထောင်ရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ်ကျုပ်ကိုဦးဆောင်ဦးရွက်လုပ်ခဲ့တာချည်းပဲ၊ ကျုပ်လမ်းလွဲရောက်မယ့်ကိစ္စတိုင်းမှာ သူက အမှန်ကို လေအေးအေးလေးနဲ့ ဦးဆောင်လမ်းညွှန်ပေးနိုင်တဲ့သူ၊ နောက်ဆုံး ကုန်ကုန်ပြောရရင် မိခင်နဲ့တူတဲ့ သွန်သင်ဆုံးမပေးခဲ့တဲ့ မိန်းမတစ်ဦးဆိုရင် ပိုမယ်မထင်ပါဘူးဗျာ"

ကိုမောင်မောင်ကျော်အသံက ပြောနေရင်း သူ့ရင်တွင်းဆီသို့ တိမ်ဝင်သွားဘိသို့ပင်၊ အမှန်ဆိုရလျှင် ထိုအကြောင်းအရာများကို ခင်ဖူးငုံတို့ သိရှိသဘောပေါက်ပြီးဖြစ်ပါသည်၊ စင်စစ် – ကိုမောင်မောင်ကျော်က ပျော့ညံ့သူတစ်ဦးသာဖြစ်သည်၊ ယောကျ်ားတစ်ဦးအနေဖြင့် ရှေ့ဆောင်နိုင်သူမဟုတ်ပါချေ၊ ထွေးထွေးမော်ကသာလျှင် အစစ အရာရာ ဦးဆောင်ပဲ့ပြင် လမ်းမှန်ကို ညွှန်ပြနိုင်သောမိန်းမတစ်ယောက်ဖြစ်ကြောင်း ခင်ဖူးငုံနှင့် ဒေါက်တာအစ်ကိုထိုက်တို့က သိရှိနားလည်ထားကြသူများသာဖြစ်သည်၊

"ခုတော့ – ကျုပ်မှာ အဲဒီလိုမိခင်နဲ့တူတဲ့ ဇနီးကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရပြီလေ၊ ဒါ – ဒါ – ခင်ဗျားယောကျ်ားရဲ့ လုပ်ငန်းပေါ့လျော့မှုကြောင့်ဆိုတာ သိထားပြီးဖြစ်မှာပါ"

ကိုမောင်မောင်ကျော်အသံက နာကြည်းဒေါသဖြစ်မှုထက် ထိတ်လန့်ကြောက်လန့်စရာပင် ကောင်းနေချေသေးတော့သည်၊ ခင်ဖူးငုံက အခြေအနေနှင့် အချိန်အခါကို လေ့လာသုံးသပ်လိုက်ရင်း –

"ရှင် – ဒီလိုထင်ရင် မှားသွားမှာပေါ့၊ အဲဒီနေ့က ကိုထိုက်ဟာ ခွဲစိတ်ခန်းကို ဝင်ခဲ့ရတာက အကြိမ်များနေတယ် – ကိုမောင်မောင်ကျော်၊ အဲဒါကြောင့် သူ စိတ်ရောကိုယ်ပါ အတော်ပင်ပန်းနွမ်းနယ်နေပါတယ်ရှင်၊ နောက်ပြီး

ထွေးထွေးမော်ရဲ့ဒဏ်ရာကလည်း အတော်လေး အခြေအနေဆိုးနေတာဆို တာ လက်ထောက်ဆရာဝန်က ထောက်ခံပြောဆိုထားခဲ့ပါတယ်။ ကိုထိုက် ဟာ ရှင်ထင်သလို မဟုတ်ဘူးဆိုတာ ရှင် အသိဆုံးနေမှာပါ"

"အော် - အော် - ကျုပ်က အဲဒီလိုသိနေရမှာတဲ့လား။ ကျုပ်သိချင်နေတာ တကျုပ်အဖြစ်မျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုရင် ခင်ဗျားရဲ့ခင်ပွန်း အစ်ကိုထိုက်ကိုယ် တိုင် ဘယ်လိုခံစားနေရမယ်ဆိုတာကို သူ့ရင်ထဲ ပြောင်းရွှေ့ခံစားစေချင်တာ ရှ - သိလား"

ကိုမောင်မောင်ကျော်စကားပြောဆိုနေပုံကမိုးသံလေသံတွေကြားဝယ် တချယ်တချယ်လောင်လောင် ထွက်ပေါ်လာသည်၊ မိုးထဲလေထဲ သူမတစ် ယောက်တည်းရှိစဉ်ကိုမောင်မောင်ကျော်အားလက်ခံစကားပြောနေခြင်းက ဝင် မှားယွင်းနေရျပြီလား၊ ခင်ဖူးငုံစိတ်ထဲ ထိတ်ခနဲခံစားမှုတစ်ရပ် ဖြစ်ပေါ် လာခဲ့ရတော့သည်လေ၊ မကြာမီ - ကိုထိုက် ပြန်ရောက်လာပေတော့မည်၊ ကိုမောင်မောင်ကျော်က ကိုထိုက်ပြန်လာချိန်ကိုစောင့်၍ ရန်ရှာရျတော့မည် လား - ဘုရား - ဘုရား ဟု ခင်ဖူးငုံ၏ရင်ထဲ၌ ထိတ်ထိတ်ပျာပျာဖြစ်ပေါ်လာပါ ဘိခြင်း။

"ရှင် - ကိုထိုက်ကို ရန်ရှာမလို့ လာခဲ့တာလားရှင်၊ ကိုထိုက်ဟာ ရှင်ထင် သလို အပြစ်မရှိပါဘူး၊ ရှင် - သူ့ကို ရန်မလုပ်ပါနဲ့နော်၊ ကျွန်မ တောင်းပန်ပါ တယ်"

ခင်ဖူးငုံလေသံက တောင်းပန်ခယသံခြင်းနှင့်အတူ စိုးရိမ်ကြောက်လန့် စိတ်တွေပါ ရောထွေးပါနေသည်၊

"သူ့ကို ရန်လုပ်မလို့ ကျုပ်လာခဲ့တာ မဟုတ်ဘူး၊ အဲဒီလိုထင်ရင် မှားသွားမှာပေါ့"


သူ့လေသံက တစ်မျိုး၊ မထိတထိနင့် ရိသဲ့သဲ့လေသံ မျိုးရယ်လေ၊ သူ့စကားကြောင့် ခင်ဖူးငုံ စိတ်သက်သာရာ ရသွားပြန်သည်၊ ထို့နောက် ကိုမောင်မောင်ကျော်က ဆက်ပြောပြန်သည်၊

"ကျုပ်က သူ့ကို ရန်လုပ်လိုက်ရင် ကျုပ်ရင်ထဲ ခံစားရသလိုမျိုး သူ ဘယ်



ခံစားရပါ့မလဲဗျာ - ဟဲ - ဟဲ၊ ကျုပ်ရဲ့ဆန္ဒက ကျုပ်ခံစားရသလို သူ့ကို ခံစားစေ ချင်တာလေ၊ အင်မတန်ချစ်ခဲ့တဲ့ ကျုပ်ဇနီး ထွေးထွေးမော်ဟာ ကျုပ်ရင်ခွင် ထဲက ဟိုအဝေးကမ္ဘာ တမလွန်ရွာကို ရောက်သွားခဲ့ပြီလေ၊ ဒါဟာ ကျုပ် အတွက် မဟာဆုံးရှုံးမှုကြီးတစ်ခုပဲပေါ့၊ ဒီတော့ - ခင်ဗျားယောကျ်ားကိုလည်း ကျုပ်လို ခံစားစေချင်လို့ ဒီကိုလာခဲ့တာ"

ကိုမောင်မောင်ကျော်၏နောက်ဆုံးစကားအဓိပ္ပာယ်ကိုခင်ဖူးငုံ သဘော ပေါက်နားလည်လိုက်သည့်အချိန်မှာပင် သူ့ခါးကြားတွင် ဖွက်ယူလာသော ဓားကို ဆွဲထုတ်ယူလိုက်လေတော့၏၊



နှုတ်မှ [illegible] ကြောင်း တောင်းပန်ရင်း သူမခြေထောက်တွေပါ နောက်သို့ တဖြည်းဖြည်း ဆုတ်လာခဲ့ရာ မာကျောသောအိမ်ထရံက သူမ၏နောက်ကြောပြင်ကို ခုခံတားဆီးနေသည့်အခြေအနေပင် ရောက်နေပါရော့လား။ ခင်ဖူးငုံအဖို့ နောက်သို့ ဆုတ်စရာမရှိပါ လေတော့။ မောင်မောင်ကျော် က သူမ၏စကားကို နားမဝင်တော့ပဲ သူ့ကိုင်ထားသောလက်ကို ခေါင်းပေါ်သို့ မြှောက်တင်လိုက်သည်။

www.burmeseclassic.com

"အို – ရှင် – ရှင် – ဒီလိုတော့ မလုပ်ကောင်းပါဘူးရှင်၊ ကျွန်မတို့ဟာ အင်မတန်ခင်မင်ခဲ့ကြတဲ့မိတ်ဆွေတွေဆိုတာ သတိထားပါဦးနော်၊ ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ဒီလိုလုပ်လိုက်လို့ရှင့်မှာ ဘာအကျိုးထူးသွားမှာမို့လို့ လဲ – စဉ်းစားပါဦးနော်"

ကြောက်လန့်စိတ်၏ နှိုးဆွမှုကြောင့်သာ ပြောလိုက်ရသော်ငြား ကိုမောင်မောင်ကျော်မျက်နှာအသွင်မှာ တကယ့်ကို ရက်စက်ကြမ်းကြုတ်တော့မည့်အရိပ်အယောင်တွေက အထင်းသား ပေါ်ထွက်နေတာပါကလား။ ထိုအခြေအနေအမှန်ကို သုံးသပ်မိသော ခင်ဖူးငုံက သူမ၏လက်နှစ်ဖက်ကို တာရုံးလိုက်ရင်း နောက်သို့ခြေတစ်လှမ်း ဆုတ်သွားလိုက်တော့၏။ ကိုမောင် မောင်ကျော်မှာ အသိစိတ်တွေ ပျောက်ကွယ်ကုန်ပြီပဲထင့်၊ သူ၏ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်တော့မည့်ဟန်ပင်၊ စားကိုတင်းတင်းဆုပ်ရင်း အရှုးတစ်ယောက်ပမာ ခင်ဖူးငုံအနီးသို့ တိုးကပ်သွားလေတော့၏၊ ခင်ဖူးငုံ၏ ကြောက်လန့်စိုးရွံ့စိတ်များက အထွတ်အထိပ်သို့ ရောက်သွားသည်၊

"ကျွန်မ – တောင်းပန်ပါတယ် – ကိုမောင်မောင်ကျော်၊ ရှင့်လုပ်ရပ်တွေ မှားနေပြီ၊ သေသေချာချာစဉ်းစားပါဦးနော်"

နှုတ်မှ ကျေရာ ကျေကြောင်း တောင်းပန်ရင်း သူမခြေထောက်တွေပါ နောက်သို့ တဖြည်းဖြည်း ဆုတ်လာခဲ့ရာ မာကျောသောအိမ်ထရံက သူမ၏ နောက်ကြောပြင်ကို ခုခံတားဆီးနေသည့်အခြေအနေပင် ရောက်နေပါရော လား။ ခင်ဖူးငုံအဖို့ နောက်သို့ ဆုတ်စရာမရှိပါလေတော့၊ မောင်မောင်ကျော် က သူမ၏စကားကိုနားမဝင်တော့ပဲ သူ့ဓားကိုင်ထားသောလက်ကိုခေါင်းပေါ် သို့ မြှောက်တင်လိုက်သည်၊

"အို – ရှင် – ဒီလိုတော့ ရက်ရက်စက်စက်မလုပ်ပါနဲ့၊ အမယ်လေး – လုပ်ကြပါဦး – ဒီမှာ – ဒီမှာ – အား"

ကြောက်ကြောက်လန့်လန့်ဖြင့် အော်လိုက်မိရင်း ခင်ဖူးငုံမှာ အနီးရှိစားပွဲပေါ်မှ ဆွဲမိဆွဲရာ ပစ္စည်းတစ်ခုကို ဆွဲယူလျက် သူမ၏ရင်ညွန့်ရှေ့မှ ဒိုင်းတစ်ခု



သဖွယ် ရံထားလိုက်ပါလေ၏၊ တကယ်ဆိုလျှင် သူမ လုပ်ရပ်က နိုင်မာသော အဟန့်အတား မဖြစ်နိုင်ကြောင်း သူမကိုယ်တိုင် သိလိုက်ပါသည်၊ လူဆိုသည်က ရေနစ်ရာတွင် မြက်ပင်ကို ဆွဲကိုင်နေဘိသို့၊ ယောင်ယောင်မှားမှား လုပ်တတ်ကြသည့်သဘောသဘာဝနယ်ပါတကား၊

ခင်ဖူးငုံက အော်ဟစ်လိုက်ရင်း စိုးရိမ်ထိတ်လန့်နေသည့်အချိန်ထိ မောင် မောင်ကျော်လက်ထဲမှဓားမှာ သူမ၏ရင်ဝသို့ထိုးစိုက်မလာပဲ ကိုင်မြှောက်ထားဆဲ၊ မောင်မောင်ကျော်မျက်လုံးအကြည့်အာရုံစူးစိုက်မှုက ခင်ဖူးငုံရင်ညွန့်ဝယ် ကာရံထားသော ဓာတ်ပုံမှန်ပေါင်ဆီသို့သာ ရောက်နေချေသည်လေ ...၊ မောင်မောင်ကျော်က ဓာတ်ပုံပေါင်အတွင်း ထည့်သွင်းထားသည့်ဓာတ်ပုံရှင် ကိုကြည့်ရင်း ငိုင်နေစဉ် ခင်ဖူးငုံမှာတော့ ရင်တွေခုန်လိုက်ဘိဖြစ်ခြင်း၊ သူမက အံ့တသြနှင့် လက်ထဲမှ ဓာတ်ပုံမှန်ပေါင်အား ငုံ့ကြည့်လိုက်မိသည်၊ ဓာတ် ပုံအတွင်းရှိပိုင်ရှင်၏အပြုံးက မိုနာလီဇာပန်းချီကားထဲမှ အပြုံးမျိုးဖြင့် ပြုံးနေသည့် ထွေးထွေးမော်၏ဓာတ်ပုံရယ်လေ ...၊

ကိုမောင်မောင်ကျော်က မှန်ပေါင်အတွင်းမှ သူ့ဇနီး ထွေးထွေးမော်ဓာတ် ပုံကိုကြည့်ကာ ငေးငိုင်တွေဝေသွားသည်၊ ထိုအခိုက်အတန့်လေးမှာပင် ဖြစ် သည်၊ တကယ့်ကို တိုတောင်းလှသော စက္ကန့်ပိုင်းအချိန်လေးအတွင်းမှာပင် အိမ်ရှေ့တံခါးပေါက်ဆီမှ အသံတစ်သံ ထွက်ပေါ်လာတော့သည်၊

"ဒေါ်ခင်ဖူးငုံ – ဒေါ်ခင်ဖူးငုံ – ဆရာကတော်"

အိမ်ရှေ့တံခါးဆီမှ အော်ဟစ်ခေါ်လိုက်သံကြောင့် နှစ်ဦးစလုံး ငြိမ်သက် သွားကြရသည်၊ ထိုခဏမှာပင် ခင်ဖူးငုံက လက်ထဲတွင် ကိုင်ထား သော ဓာတ်ပုံကို စားပွဲပေါ်သို့ပြန်တင်လိုက်၍ မောင်မောင်ကျော်အနီးမှ ဖျတ်ခနဲ တံခါးပေါက်ဆီသို့ ပြေးထွက်ခဲ့လေတော့၏၊ မောင်မောင်ကျော်ကမူ ကြောင်ကြောင်ကြီးဖြင့်ရပ်ရင်း နေရာမှာပင် ကျန်ရစ်ခဲ့လေတော့သည်၊

www.burmeseclassic.com

ရှေ့တံခါးပေါက်ချက်ကို ခင်ဖူးငုံက ကပျာကယာ ဆွဲဖွင့်လိုက်ပါလေ၏၊ တံခါးဝ၌ မမျှော်လင့်သောလူတစ်ဦးကို တွေ့လိုက်ရသည်။

"အော် - ဗိုလ်လေးပါလား၊ မိုးထဲလေထဲ ဘာအကြောင်းကိစ္စထူးများပါလို့၊ လာလေ - အိမ်ထဲ ဝင်ထိုင်ပါဦး"

ခင်ဖူးငုံက အားတက်လိုက်သည့်လေသံဖြင့် ပြောလိုက်ပါလေ၏၊ သို့သော်ငြားလည်း မယ့် - သူမ၏အတွင်းစိတ်လှုပ်ရှားနေခြင်းကို မပေါ်လွင်အောင် ထိန်းချုပ်အောင့်အည်းထားလိုက်ရသည်လေ။

"အကြောင်းထူးတော့မရှိပါဘူး - ဆရာကတော်၊ ဒီညပိုင်းမှာ ကျွန်တော်လုံခြုံရေးတာဝန်ကျလို့ ဖြတ်လာတုန်း အိမ်ထဲက ဆရာကတော်ရဲ့အလန့်တကြား အော်ဟစ်လိုက်သံ ကြားလိုက်မိသလားလို့ပါ"

ဒုရဲအုပ် အောင်အောင်စကားကြောင့် ခင်ဖူးငုံ ဘာပြန်ပြောရမည်ကို မစဉ်းစားတတ်အောင် ဖြစ်သွားရတော့သည်၊ အိမ်အတွင်းမှ အဖြစ်မှန်ကိုလည်း ပြောပြရမှာ ဝန်လေးနေသည်နောက်မှ ဖျတ်ခနဲ အတွေးပေါက်သွားကာ တပျာကယာ ပြန်ဖြေလိုက်ရတော့သည်၊

"အော် - ဟုတ်ပါရဲ့၊ အိမ်ထဲမှာ ကျွန်မတို့မိတ်ဆွေ ကိုမောင်မောင်ကျော်မိုးခိုရင်း ရောက်နေတာနဲ့ သူ့ကို ကော်ဖီဖျော်တိုက်စီစဉ်နေတုန်း ကြောင်အိမ်အဖွင့်လိုက်မှာ ကြွက်တစ်ကောင်က ကျွန်မခြေထောက်ပေါ်ဖြတ်ပြေးသွားလို့ လန့်ပြီးအော်လိုက်မိတာပါ၊ ကျွန်မတို့မိန်းမတွေက ကြွက်ဆို အသေကြောက်တာလေ..."

"ဟုတ်တာပေါ့ဗျာ၊ ကျွန်တော့်မိန်းမလည်း ဒီလိုပါပဲ၊ ဒါဆို - ကျွန်တော့်တို့သွားခွင့်ပြုပါဦး၊ ဆရာအစ်ကိုထိုက်က သူအလုပ်ဝင်ချိန်မှာ ဆရာကတော်တစ်ဦးထဲ ရှိတတ်တာမို့ စောင့်ရှောက်ဖို့ ပြောထားလို့ပါ"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ - ဗိုလ်လေးရယ်၊ ခုလိုစောင့်ရှောက်ပေးတာကို ထိုက်ပြန်လာတဲ့အခါ ကျွန်မ ပြောပြလိုက်ပါ့မယ်နော်"

"အကူအညီလိုရင် အချိန်မရွေးပြောပါနော်၊ ခုလောလောဆယ်တော့ "နိုင်ဟန်" လက်ဖက်ရည်ဆိုင်မှာ ရှိနေမှာပါ၊ သွားလိုက်ပါဦးမယ် ဆရာကတော်"

ခင်ဖူးငုံက သူမဦးခေါင်းလေးအား ညိတ်ပြ၍ အသိအမှတ်ပြုလိုက်စဉ် ဒုရဲအုပ်အောင်အောင်မှာ မိုးဖွဲဖွဲထဲမှာပင် ခပ်သုတ်သုတ် ထွက်သွားတော့သည်၊ အော် - နိုင်ငံတော်ရဲ့တပ်ဖွဲ့ဝင်ဆိုသည်က နေ့ပူမိုးရွာမရှောင် (၂၄) နာရီတာဝန်ရှိနေသူတွေပါတကား၊ ခင်ဖူးငုံက ခြေကို ဖော့နင်းလျက် အတွင်းပိုင်းသို့ ပြန်ဝင်လာခဲ့တော့သည်၊ ထိုစဉ် မိုးနှင့်လေတို့က မောပန်းသွားဟန်ဖြင့် ငြိမ်သက်စ ပြုလာချေသည်၊ ကိုမောင်မောင်ကျော်ရှိရာသို့ သူမက အသာလှမ်းမျှော်ကြည့်လိုက်ပါလေ၏၊

❧ ◉ ❧

စောစောက သွေးရူးသွေးတမ်းဖြင့် စိတ်ဖောက်ပြန်သူတစ်ဦးလို သူမကို သတ်ဖြတ်မည့် ကိုမောင်မောင်ကျော်တစ်ယောက် ခေါင်းငိုက်စိုက်ချလျက် ထိုင်ခုံပေါ်ဝယ် ငူငူကြီးထိုင်နေသည်ကို တွေ့လိုက်ရသည်၊ မားကိုင်ထားသောသူ့လက်ထဲ၌ ခင်ဖူးငုံ ဒိုင်းသဖွယ် ခုခံကာကွယ်ခဲ့သည့် သူ၏ဇနီး ထွေးထွေးမော်ရဲ့ဓာတ်ပုံပါတကား၊ ကိုမောင်မောင်ကျော်မှာ သူ့ဇနီးဓာတ်ပုံအား စူးစူးစိုက်စိုက်ကြည့်ရင်း မျက်ရည်တွေ စီးကျနေချေသည်လေ၊ သူထိုင်နေသည့် ထိုင်ခုံအောက်ခြေတွင်မူ ခင်ဖူးငုံအား ထိုးတော့မည့်ဓားစူးက မလှုပ်မယှက် ငြိမ်ရှင်မဲ့လျက် ရှိနေတော့သည်၊ ထိုခဏမှာပင် ကိုမောင်မောင်ကျော်က သူ့ဇနီး ထွေးထွေးမော်၏ဓာတ်ပုံအား စားပွဲပေါ် တင်လိုက်ပြီး သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် နာကြည်းဆွေးမြည့်စွာ ဖုံးအုပ်လိုက်တော့သည်၊

ခင်ဖူးငုံက စားပွဲတင်ဓာတ်ပုံပေါင်လေးအား ကောက်ယူကြည့်လိုက်မိသည်၊ ဓာတ်ပုံထဲမှ ထွေးထွေး၏မျက်နှာပေးက အပြုံးတွေ ဝေနေသည်၊ ထိုအပြုံးကပင် သူမ၏ခင်ပွန်း ကိုမောင်မောင်ကျော်ရင်ထဲ၌ ခံစားနေသော ဝေဒနာ ဒေါသအမှောင်တရားအား ဟန့်တားလိုက်သည်လေလားဆိုနိုင်၊

www.burmeseclassic.com

ခေါင်းစိုက်လျက်စိတ်ပြန်လည်လာသော ကိုမောင်မောင်ကျော်ထံမှ ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

"ကိုယ့်စိတ်ကို ပြန်ထိန်းပါ – ကိုမောင်မောင်ကျော်။ ဒေါသဆိုတာ အသိကို အမှောင်ဖုံးတတ်ပါတယ်၊ စိတ်အမှောင်တရားကို ဝိတ်လှောင်မထားပဲ အမှန်တရားဆိုတဲ့သတိနဲ့ ဆင်ခြင်မယ်ဆိုရင် ဒေါသ၊ မောဟ၊ လောဘဆိုတဲ့ မကောင်းမှုတွေ ပျောက်ကွယ်သွားနိုင်ပါတယ်ရှင်"

ခင်ဖူးငုံ၏စကားဆုံးသည်နှင့် ကိုမောင်မောင်ကျော်က သူ့လက်များဖြင့် ဖုံးကွယ်ထားသောမျက်နှာအား ထုတ်၍ မော့ကြည့်လိုက်ပါလေ၏။ ပြီးလေမှ ဆွေးမြည့်လေးတွဲ့သောလေသံဖြင့် ပြောလိုက်လေတော့သည်။

"ကျွန်တော် – မိုက်ကန်းမှားယွင်းတဲ့ပြစ်မှုကို ကျူးလွန်ခဲ့မိပါတယ်ဗျာ။ အဲဒီ့ကိစ္စအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ တမလွန်ရောက်သည့်တိုင် ကျွန်တော့်ရဲ့ဒေါသစိတ်ကြောင့်ဖြစ်ခဲ့တဲ့ အသိမဲ့စိတ်အမှောင်တရားကို အလင်းရောင်လမ်းပြ ဟန့်တားပေးခဲ့ပါတယ်ဗျာ"

ကိုမောင်မောင်ကျော်က စားပွဲပေါ်ရှိ သူ့ဇနီး ထွေးထွေးမော်ဓာတ်ပုံကို ကြည့်ရင်း ပြောလိုက်ပါလေ၏၊ ခင်ဖူးငုံနှင့် ဒေါက်တာအစ်ကိုထိုက်တို့က ခင်မင်ရင်းနှီးသော ထွေးထွေးမော်၏တစ်ကိုယ်တော်ဓာတ်ပုံအား အမြဲတစေ မြင်သာနေသောစားပွဲပေါ်တွင် တင်ထားခဲ့သည်မဟုတ်ပါလား။ ခင်ဖူးငုံက ကိုမောင်မောင်ကျော်အဖြစ်ကိုကြည့်ကာ ဘာပြန်ပြောရမှန်းမသိခင် သူက ဆက်ပြောပြန်သည်။

"ကျွန်တော် – အန္တရာယ်ပြုဖို့ ကြံစည်နေတဲ့ကြားက အခွင့်အခါသင့် မမျှော်လင့်ဘဲ ရဲတပ်ဖွဲ့ဝင်တစ်ဦး ရောက်လာသည့်တိုင်အောင် ကိုယ့်အပေါ် ရက်စက်မဲ့လူကို ခွင့်လွှတ်နားလည်နိုင်တဲ့ခင်ဗျားကို ဘယ်လိုကျေးဇူးတင်ရ မှန်းတောင် မသိတော့ပါဘူး။ မိုက်မှားမှုလုပ်ရပ်အတွက် ကျွန်တော့်ကိုယ် ကျွန်တော် ဘယ်လိုမှခွင့်လွှတ်နိုင်မယ်မဟုတ်ပါဘူးဗျာ – တကယ်ပါ"

ကိုမောင်မောင်ကျော်ကိုကြည့်၍ ခင်ဖူးငုံက သက်ပြင်းတစ်ချက်ကို ခပ်လေးလေးပင် ချလိုက်မိတော့သည်။



အော် – မေတ္တာတရားဆိုသည်မှာ အံ့ဩဖွယ်ရာပါတကား။ သဒ္ဒါသံ၊ ပါကာ၊ ဇနေ တိ ဆိုသည့်အတိုင်း မေတ္တာ၏တုံ့ပြန်ချက်သည် တူသည့်အကျိုး ဆက်ပင် မဟုတ်ပါလား။

"ကဲပါရှင် – ပြီးခဲ့တာတွေကို ပြောမနေပါနဲ့တော့။ စိတ်ငြိမ်သွားအောင် ကော်ဖီလေးတစ်ခွက် သောက်လိုက်ပါဦး။ ကျွန်မ သွားဖျော်လိုက်မယ်နော်"

သည်တစ်ခါတော့ – ကိုမောင်မောင်ကျော်က မငြင်းပယ်ပါလေတော့။ ခေါင်းကို ညိတ်ရင်းသာ အဖြေပေးလိုက်ပါလေသည်၊ ကော်ဖီဖျော်သွားချိန်မှာပင် ခင်ပွန်းဖြစ်သူ ဒေါက်တာအစ်ကိုထိုက် ဆေးရုံမှ ပြန်ရောက်လာတော့သည်။ ကိုမောင်မောင်ကျော်အား တွေ့လိုက်ရတော့ အစ်ကိုထိုက် အတော်လေးအံ့ဩခြင်းနှင့်အတူဝမ်းသာမှုတွေပါရောထွေးသွားတော့သည်။ ထွေးထွေးမော် သေဆုံးသွားရခြင်းနှင့်ပတ်သက်၍ သူ့အပေါ် အမြင်အထင် စောင်းခဲ့သည်ပဲလေ။ ခုတော့ – ဇနီးဖြစ်သူ ခင်ဖူးငုံ ဖျော်ပေးသောကော်ဖီ ပူပူကို ငုံငုံကြီး မှုတ်သောက်နေလေရဲ့။

ခင်ဖူးငုံက ခင်ပွန်းသည်အစ်ကိုထိုက်အား မျက်နှာရိပ်မျက်နှာကဲပြလျှက် အိမ်ရှေ့သို့ ခေါ်သွားကာ အဖြစ်စုံကို ရှင်းပြလိုက်သည်၊ အစ်ကိုထိုက်တာ ခင်ဖူးငုံပြောပြသည်ကိုနားထောင်ရင်းမောဟိုက်လာသလိုခံစားနေရသည်။ ဇနီးသည်၏သတ္တိနှင့် အတွေးအခေါ်ဖြတ်ထိုးဉာဏ်တို့အား ချီးကျူးဂုဏ်ယူ မဆုံးဖြစ်နေမိတော့သည်။

"အမယ်လေး – လေး – ဖြစ်မှဖြစ်ရလေ – ဖူးငုံရယ်၊ မသေကောင်း၊ မပျောက်ကောင်းပါလား။ ကံကြီးပေလို့သာပေါ့"

ခင်ပွန်းဖြစ်သူ အစ်ကိုထိုက်၏ စိုးရိမ်မှုနှင့် ကြင်နာမှုစကားလုံးများက ခင်ဖူးငုံ၏နှလုံးသားဝယ် ကြည်နူးခြင်းလှိုင်းတွေ ထသွားစေခဲ့ပါသည်၊

"ခုတော့ – သူ အမြင်မှန်ရသွားခဲ့ပါပြီ – ကိုထိုက်ရယ်၊ ဒါဟာ – ငုံတို့ အတွက် အမြတ်တွေပဲပေါ့။ နောက်ပြီး – ဗိုလ်လေးအောင်အောင်ဒိန်နားလေး

www.burmeseclassic.com

www.burmeseclassic.com

တ "ခိုင်ဟိန်း" ကဖေးမှာ ရှိနေတယ်ဆိုတဲ့အသိက ဖူးငုံကို သတ္တိတွေ မွေးပေးလိုက်တယ်လေ။ ကိုမောင်မောင်ကျော်ဟာ သူ့ဇနီး ထွေးထွေးမော်ရဲ့ဓာတ်ပုံကို မြင်လိုက်ရတော့ စိတ်တစ်မျိုး ပြောင်းသွားပုံရတယ်။ သူပြောသလိုပဲနေမှာပါ။ ထွေးထွေးမော်က ဘဝခြားခဲ့သည့်တိုင် သူ့ခင်ပွန်းရဲ့စိတ်အမှောင်တရားကို ပိတ်လှောင်မထားနိုင်အောင် ဦးဆောင်လမ်းပြပြီး ဟန့်တားလိုက်တာပဲဖြစ်မယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ မသိစိတ်အမှောင်ကို ပိတ်လှောင်ထားလို့ မရပါဘူးနော်။ အမှန်တရားဆိုတဲ့အဖြစ်ကို တစ်ချိန်ချိန်မှာ ပိတ်လှောင်ထားတဲ့တံခါးမကြီးကို ရိုက်ချိုးပြီး ဖွင့်ပေးလိုက်မှာပါ - ကိုထိုက်ရယ်"

ဇနီးအပေါ် အချစ်ကြီး ချစ်လွန်းသူ ကိုမောင်မောင်ကျော်၏ အထင်လွဲမှားခြင်းသည် မိုးလေထန်သော ညဥ့်တစ်ညမှာပင် လွင့်စဥ်ပျောက်ကွယ်သွားခဲ့ပါချေပြီ။ အမြင်မှန်ဖြင့် အထင်အမှားအား နောင်တတရားရနေပြီဖြစ်သော ကိုမောင်မောင်ကျော်တစ်ယောက် ခင်ဖူးငုံ ဖျော်ပေးသော ကော်ဖီပူပူအား မှုတ်သောက်နေချေပြီ။

"ကဲ - ကျွန်တော့်အမှားကို ခွင့်လွှတ်နိုင်ကြပြီဆိုရင်တော့"

"တော်ပါတော့ - ကိုမောင်မောင်ကျော်ရယ်၊ ဒါတွေကို မပြောစတမ်းထားလိုက်ကြစို့နော်"

ဒေါက်တာအစ်ကိုထိုက်က အခြေအနေအားလုံးကို သိလိုက်ရပြီမို့ စကားကို ပိတ်ပြောလိုက်သည်။

"ဒါဆို - ကျွန်တော် သွားတော့မယ်လေ၊ ကျွန်တော့်ကို မိုးအေးအေးထဲမှာ ရောက်လာလို့ ကော်ဖီပူပူဖျော်တိုက်တဲ့ ခင်ဗျားရဲ့ဇနီးကောင်း မခင်ဖူးငုံကို အထူးကျေးဇူးတင်ရှိကြောင်း ပြောပါရစေနော်။ နောက်တစ်ခုပြောချင်တာက ကျွန်တော့်အိမ်ကိုလည်း ထွေးထွေးမော်ရှိစဉ်ကလို လာလည်ကြဖို့ ဖိတ်ခေါ်ပါတယ်ဗျာ၊ ဒီအိမ်ကိုလည်း မကြာမကြာ ကျွန်တော် လာခဲ့ပါ့မယ်။ ပြီးခဲ့တာတွေကို သင်ပုန်းချေလိုက်ကြပါစို့။ ကဲ - သွားမယ်"



ကိုမောင်မောင်ကျော် ပြောပြောဆိုဆို ထွက်သွားချိန်ဝယ် အစ်ကိုထိုက်က ခင်ဖူးငုံ၏ကိုယ်ခန္ဓာလေးကို သူ့ရင်ခွင်အတွင်းသို့ ဆွဲယူထွေးပိုက်လိုက်လေတော့သည်။ ပြင်ပလောက၌ မိုးရေစက်နှင့် မိုးသက်လေတို့က ငြိမ်သက်တိတ်ဆိတ်သွားခဲ့ချေပြီတကား။

မေတ္တာရည်လျက် ...

⇨ သိင်္ဂီးသန်းအောင် (မြင်းခြံ)

# စာမူရှင်များသို့..

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ဝုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



[redacted]က သူ့ရှေ့မှာ ထောင်က အကြောင်းတွေပြောရင် မှတ်ရည်ဝေ့လေ့ရှိတယ်၊ ကျွန်တော့်ညီတွေကတော့ ထောင်ထဲကအကြောင်းတွေ ပြောပြစမ်းပါ – အစ်ကိုရာဟု ပြောလေ့ရှိတယ် ခင်ဗျ။ အမေ – အနီးမှာရှိရင်တော့ ကျွန်တော် ထောင်ထဲမှာနေခဲ့ရတဲ့ စားသောက်နေထိုင်ရေးတွေကို မပြောပါဘူး။ ပြောရရင်တော့ဗျာ ... ကျွန်တော့်အဖေ ထောင်ကျဖူးဖို့ နေနေသာသာ ရဲစခန်းမှာ တစ်ရက်တောင် အချုပ်မခံဖူးဘူး။ ကျွန်တော့်ဘကြီး ကျွန်တော့်ဦးလေးတွေလည်း အချုပ်တို့၊ ထောင်တို့နှင့် ကင်းကင်းရှင်းရှင်းနေသူတွေပါပဲဗျာ။ သို့သော် ... အဖေက နိုင်ငံရေးကို စိတ်ဝင်စားတဲ့ သူပါ။

www.burmeseclassic.com

ကျွန်တော်တို့ ကလေးဘဝအရွယ်တုန်းက ကျွန်တော်တို့ မွေးရပ်မြေ ဆေးလုံးကြီးကျေးရွာမှာ ...။

ရဲဘော်မြူဆိုတာ ရှိတယ်။

အလံနီဆိုတာ ရှိတယ်။

အလံဖြူဆိုတာ ရှိတယ်။ နစ်နီ၊ နစ်ဖြူလို့ခေါ်သတဲ့။

သန့်ရှင်းနဲ့ တည်မြဲလည်း ရှိသတဲ့။

အဖေ ဘယ်နိုင်ငံရေးမှ ဝင်မပါဘူးတဲ့ ခင်ဗျ။ အဖေက ကာကွယ်ရေးအဖွဲ့မှာတော့ ခေါင်းဆောင်လို့ ဆိုတယ်။

(အဲဒီကာကွယ်ရေးအလုပ်ကလည်း နိုင်ငံရေးပါပဲ – အဖေ)

ကာကွယ်ရေးအဖွဲ့ဆိုတာ ပြူစောထီးတပ်ဖွဲ့ကို ဆိုလိုတာမဟုတ်ဘူးလို့ ပြောတယ်။ ရပ်ရွာကာကွယ်ရေးအတွက် သီးသန့်ရဲစခန်းနဲ့ နားလည်မှု ရယူထားရတဲ့သဘောတဲ့။

ရွာမှာ လုပ်သေနတ်ရိုင်ဖယ်တွေ ရှိတယ်။

တစ်ချက်ပစ်သေနတ်ပဲ၊

ရိုင်ဖယ်ကျည်ဆန် ထည့်ပစ်ရတာလို့ ဆိုတယ်၊

ဆေးလုံးကြီးကျေးရွာမှာ ကာကွယ်ရေးသေနတ်(၁၀)လက်လောက် ရှိတယ်။

ခက်တာက ညရောက်ရင် ရွာထဲကို ဘယ်အဖွဲ့ကမှန်း မသိဘူး။ ဓားပြဝင်ဝင်တိုက်တာတဲ့။

ဓားပြဆိုလို့ သူခိုးဂျပိုးတွေပုံစံနဲ့ မထင်နဲ့။

ဘန်ကောက်ပုဆိုး ဝတ်ထားပြီး ခါးမှာ ခြောက်လုံးပြူးသေနတ် ခါးပတ်ပတ်ထားတာတဲ့ဓားပြ၊ ဘောင်းဘီရှည်နဲ့ဓားပြတွေလည်းပါတယ်။ စတင်းဂန်း၊ ဘရင်းဂန်း၊ ရိုင်ဖယ်၊ ခြောက်လုံးပြူးကအစ ပါတာတဲ့၊

စဉ်းစားကြည့် ...

သာမန်ဓားပြမဟုတ်ဘူး။ ကြီးကြီးမားမားတာ ဓားပြတွေ။ တစ်ညလုံး ရွာကို ဝိုင်းထားပြီး တစ်အိမ်တက်၊ တစ်အိမ်ဆင်းတိုက်တာ၊ အိမ်အောက်ထဲက ကြက်နဲ့ဘဲပါ ကြိုးနဲ့ချည်ယူကြတယ်၊



မိုးလင်းလို့ ရွာအလွန် ကုန်းတန်းဘက်က တုံးခေါက်သံကြားမှ လူကြီးလူကောင်းဓားပြတွေ ပြန်ကြသတဲ့၊

အဖေပြောပုံအရတော့ ...

ဓားပြ (ခေါ်) လက်နက်ကိုင်တွေက အလှည့်နဲ့ တိုက်နေသလိုပဲတဲ့။ ဒီအပတ် ဒီအဖွဲ့ပြီးရင် နောက်အပတ် ဟိုအဖွဲ့ပဲတဲ့၊

မြို့ရဲစခန်းကလည်း ဘာမှမတတ်နိုင်ဘူး၊

ဒီဓားပြတွေဟာ ဘယ်သူတွေလည်း သူတို့သိတယ်၊ ဖမ်းလို့မရဘူး။ နောက်ဆုံး ကာကွယ်ရေးအဖွဲ့ဖွဲ့ပေးပြီး လက်နက်အချို့နဲ့ ကျည်ဆန်အချို့ ထုတ်ပေးတော့မှ ...

အဖေတို့ရွာသားတွေ ဓားပြလာနေပြီကြားရင် ကာကွယ်ရေးအဖွဲ့ရွာအဝင်မှာ လူဖြန့်ပြီး ပြန်ပစ်ရတော့တယ်၊

ဓားပြနည်းရင် ဆေးလုံးကြီးကျေးရွာကို ကပ်လို့မရတော့ဘူး။ ဓားပြတွေက သိသွားပြီ၊

ဆေးလုံးကြီးရွာသားတွေထဲမှာ သေနတ်အရှည် ရှိတယ်။ နောက်ဆုံးတိုတိုရေးရရင် ...

ရှေ့ပြေးလာတဲ့ ဓားပြအနည်းအကျဉ်းကလည်း သူတို့လူပဲ။ နောက် အင်နဲ့အားနဲ့ ညဘက်လာဝိုင်းတိုက်ပြီး လက်နက်တောင်းတာလည်း သူတို့လက်နက်ကိုင်အဖွဲ့ပဲ၊

အင်အားချင်း၊ လက်နက်ချင်း မညီတော့ ...

အဖေတို့ရဲ့သေနတ်တွေ သူတို့လက်ထဲ ပါသွားတယ်။ အဓိကလိုချင်တာ ကျည်ဆန်ပဲ၊ ကျည်ဆန်က သူတို့ကို သေစေနိုင်လို့ ကျည်ဆန်ပဲ အရေးကောင်းတယ်၊

ကျည်ဆန်မရလို့တစ်ရွာလုံး တန်းစီပြီး ရိုက်လိုက်တာ ကျွန်တော့် ဦးကြီးကြီးတွေ ထိပ်ပေါက်၊ ခေါင်းကွဲ၊ လက်ကျိုးဖြစ်ကုန်ကြသတဲ့၊ သတ်သွားတဲ့ ကျေးဇူးတင်ရသတဲ့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်က
ကမ္ဘာ့ကွန်မြူနစ်ဝါဒရဲ့တန်ဖိုးကို
ပြောပြီး မြန်မာ့ဆိုရှယ်လစ်ဝါဒရဲ့
ထောင်မရောက်၊ မြောက်မရောက်
ဝါဒအကြောင်းကို ဝေဖန်တယ်။
စပါးဒိုင်မှူးကလည်း ကိုယ့်ရေ
ကိုယ့်မြေဒေသနှင့် လျော်ညီတဲ့
မြန်မာ့ဆိုရှယ်လစ်ဝါဒအကြောင်းကို
ပြောရင်းငြင်း။ အဲဒီမှာ ကျွန်တော်တို့
မတ်(စ်)ဝါဒအကြောင်း။ လီနင်၊
စတာလင်၊ မော်စီတုံး၊ ကပ်စရို၊
ချေဂွေဗားရာစသည့် ကွန်မြူနစ်
ရဲဘော်တွေအကြောင်း ကြားသိခဲ့ရတယ်။

ကျွန်တော်တို့ရွာက လူတွေရဲ့ဘဝက လွတ်လပ်ရေးရပြီးစ သောင်းကျန်းသူတွေ မြို့ရွာအနှံ့ ဆူပူနေချိန်ကာလမှာ ...

အနီ၊ အဖြူ၊ အဝါ၊ အပြာ ... အကုန်ကြောက်နေရတဲ့ဘဝ၊ ဆက်ကြေးပေးနေရတဲ့အပြင် ဓားပြပါ အတိုက်ခံရတဲ့ဘဝ၊

ဓားပြ ဘယ်သူလဲ သိပါသော်လည်း ...

ဓားပြကို ဖမ်းရဲသူမရှိတဲ့ကာလ၊

လူတစ်ယောက်အသက် ဖက်ရွက်ပဲ မှတ်ရဲ့...၊

တော်ပါသေးရဲ့...၊

လူထုပညာရေးမှူးဆရာလေး ဦးလှမြိုင်က ကျွန်တော်တို့အဖေကို ခေါ်ပြီး တိုးတိုးတိတ်တိတ် ပြောရှာတယ်၊



"ကိုသာဟန် - မြို့ကို ပြောင်းတော့"

"ဘာဖြစ်လို့လဲ - ဆရာလေး"

"မမေးနဲ့ - မြန်မြန်ပြောင်းတော့"

အဖေရော၊ အမေရော သူတို့ရဲ့မွေးရပ်ရွာကို သံယောဇဉ်ကြီးရှာတယ်။ ဟိုးဘိုးစဉ်ဘောင်ဆက် ပါဒမင်းများလက်ထက်တော်ကတည်းက ဆလုံမင်းသမီး ပုန်းအောင်းနေထိုင်ပြီး ဆလုံရွာခေါ်ဆေးလုံးကြီးရွာကို တည်ခဲ့တာလေ ...။

အဲဒီကတည်း ဘိုးဘွားဘီဘင်တွေ လယ်ယာအလုပ်လုပ်ပြီး ယနေ့သားမြေးတီတွတ်တိုင်အောင် နေထိုင်ခဲ့တဲ့ ဓားမဦးချမြေ။

ဓားမဦးချမြေဆိုတာ လယ်ဆိုတာက ကိုယ်တိုင်ကိုင်းခုတ်ဓားမစားရှည်ကိုမြေမှာစိုက်ပြီး တောရှင်းလို့ လယ်တည်ခဲ့တဲ့မြေမို့ ဓားမဦးချလက်သာမြေလို့ ခေါ်တာ။

"မပြောင်းချင်ဘူး - ဆရာလေး။ ရွာမှာပဲနေမယ်"

"ခက်တာပဲကိုး"

"ပြောလေ - ဘာလို့ ဆရာလေးက ပြောင်းလို့ပြောရတာလဲ"

"ရှူး - တိုးတိုး - နှုတ်လုံပါနော် - ကိုသာဟန်"

"ဟုတ်ကဲ့ပါ - ဆရာလေး။ ပြောပါ - ပြောပါ"

"ရွာကို (ခ.လ.ရ)က ဝင်တိုက်တော့မယ်"

"ဗျာ - ဘာလို့တိုက်ကြမှာလဲ ဟင် - ဆရာလေး"

"ရွာထဲမှာ သူပုန်နဲ့ ဆက်သွယ်လှုပ်ရှား သတင်းပေးပြီး မတည်မငြိမ်ဖြစ်အောင် လုပ်နေတာရှိတယ်။ ပြီး - သူပုန်တွေက ဆေးလုံးကြီးနဲ့ ချောင်းစောင်ကျေးရွာဝန်းကျင်ကို အမာခံလို့ သဘောထားကြတာ။ အဲဒီသူပုန်နဲ့ ပတ်သတ်သမျှကိုရှင်းတော့မယ်။ မြန်မြန်သာရှောင်တော့။ ရွာကျတော့မယ် ကိုသာဟန်"

ဒီလိုနဲ့ ကျွန်တော်တို့အဖေက နီးစပ်ရာ ဆရာလေးဦးလှမြိုင်ရဲ့ ညွှန်ကြားရာ တပည့်လူရင်းတွေနဲ့ မြို့ပေါ်ကို ပြောင်းရွှေ့လာခဲ့ကြတယ်။

www.burmeseclassic.com

မကြာပါဘူးဗျာ။

ခ.လ.ရ (  )က အင်အားနဲ့ တင်တိုက်လိုက်တာ သူပုန်တွေလည်းသေ၊ ရွာလည်း မီးလောင်ပျက်စီး၊ နိုင်ငံရေးနဲ့ နွယ်တဲ့ ရွာထဲက လူတွေလည်းသေတဲ့လူသေဖြစ်ခဲ့ရတယ်၊

ရွာပြောင်းပျက်ပြီး ရွာသစ်တည့်တော့မှ အဖေ ရွာမှာ လယ်ပြန်လုပ်ခဲ့တယ်။

အဲဒီအခါကာလတုန်းက ကျွန်တော်တို့က ငါးနှစ်သားအရွယ်။ ရွာကိုစာပြဝင်ရင် သူပုန်စီးရင် ငှက်ပျောတောထဲ အစ်မတွေနဲ့ ပြေးပုန်းကောင်းတဲ့အရွယ်၊ ချွေးတောင် ပုန်းဖော်ပါသေးဗျာ။

ပြောရရင် ...

အဖေ - နိုင်ငံရေးသမား မဟုတ်ဘူး။

နိုင်ငံရေးကို စိတ်ဝင်စားတယ်၊

နိုင်ငံရေးခေါင်းဆောင်ဆိုသူတွေလည်း အလိုက်အထိုက် ပေါင်းသင်းဆက်ဆံတယ်။

အဖေ့ညီတစ်ဦးဆိုရင် သူပုန်ပြောရမလား၊ နိုင်ငံရေးသမားပြောရမလား မသိဘူး။ လူသတ်တဲ့နေရာမှာ လက်ရဲတယ်၊ ဩဇာကြီးတယ်။ ကိုယ့်မယားကိုတောင် မကြိုက်ရင်သတ်ပစ်တဲ့လူ။ သူ့ကို လူတိုင်းက ကြောက်ရွံ့ကြတယ်။

အခု - သူ ကွယ်လွန်သွားပါပြီ၊

သူ့သား အစ်ကို ဘမြင့်ကတော့ သက်န်းဝတ်ဘဝနဲ့ သက်ရှိထင်ရှားရှိနေဆဲပါ။

အဖေ မြို့ပေါ်မှာနေတော့ ကျွန်တော့်ယောက်ဖရဲ့ဆရာ စပါးဒိုင်မှူး ဦးခင်မောင်ဆွေတို့ ရောက်လာစားသောက်လေ့ ရှိတယ်။

နောက်တစ်ယောက်က ကွန်မြူနစ်ပါတီဝင်ဟောင်း၊

ဦးမောင်မောင် ...၊

ဦးမောင်မောင်က ပုဒ်မ(၅)နဲ့ အဖမ်းခံရပြီးနောက် စစ်ကြောရေးလက်ချက်နဲ့ နားသိပ်မကြားတော့ဘူး။



သူ့ရဲ့နား အနီးကပ်ပြီးပြောရင် ကြားရတယ်။

စပါးဒိုင်မှူး ဦးခင်မောင်ဆွေနဲ့ ကွန်မြူနစ် ဦးမောင်မောင်တို့အိမ်မှာ စကားပြောရင် အဖေက သူတို့ကြိုက်တဲ့ အရက်ဖြူကို ဝယ်တိုက်ပြီး စားစရာအမြည်းနဲ့ ဧည့်ခံလေ့ရှိတယ် ခင်ဗျ။

အဖေအပါဝင် ကျွန်တော်တို့ကာလသားပေါက်စညီအစ်ကိုနဲ့ အစ်မတွေက မလှမ်းမကမ်းမှာ နားထောင်ကြပေါ့။

ကွန်မြူနစ်ဦးမောင်မောင်က ဗုဒ္ဓဝါဒကို ဝေဖန်တယ်၊ ဗုဒ္ဓဝါဒကြောင့် သူ့ကျွန်ဖြစ်ရတာတဲ့။

စပါးဒိုင်မှူးက ကန့်ကွက်ပြီး ဗုဒ္ဓဝါဒကြောင့် မြန်မာလူမျိုးတွေ အမွေသမားမဖြစ်တဲ့အကြောင်း၊ ဗုဒ္ဓဝါဒက ငြိမ်းချမ်းရေးဝါဒဖြစ်တဲ့အကြောင်း အတိုက်အခံ ဆွေးနွေးကြတာ။

ရန်မဖြစ်ဘူး၊

မဆဲရေးဘူး၊ မတိုင်းထွာဘူး။

ဖန်ခွက်တွေနဲ့ ကောက်မပေါက်ဘူး။

ပညာရှင်ဆန်ဆန် ပြောကြတာ။ လိုအပ်ရင် နှစ်ဦးသား အင်္ဂလိပ်လိုပြောပြီး ငြင်းကြတာဗျာ၊ တကယ့်လူတော်တွေဗျ၊

ဦးမောင်မောင်က ကမ္ဘာ့ကွန်မြူနစ်ဝါဒရဲ့တန်ဖိုးကိုပြောပြီး မြန်မာ့ဆိုရှယ်လစ်ဝါဒရဲ့ တောင်မရောက်၊ မြောက်မရောက် ဝါဒအကြောင်းတို့ ဝေဖန်တယ်၊

စပါးဒိုင်မှူးကလည်း ကိုယ့်ရေကိုယ့်မြေဒေသနှင့် လျော်ညီတဲ့ မြန်မာ့ဆိုရှယ်လစ်ဝါဒအကြောင်းကို ပြောရင်း ငြင်း၊

အဲဒီမှာ ကျွန်တော်တို့ ...

မတ်(စ်)ဝါဒအကြောင်း၊

လီနင်၊ စတာလင်၊ မော်စီတုံး၊ ကပ်စရို၊ ချေဂွေဗားရာ စသည့် ကွန်မြူနစ်ခေါင်းဆောင်တွေအကြောင်း ကြားသိခဲ့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးစလုံးက အဖေ့ကို "တိုင်" ထားပြီး ပြောဆိုဝေဖန်ကြတာ၊ အဖေက တောသားပါ။ သူ မှားတယ်၊ သူ မှန်တယ် ဝင်မဆုံးဖြတ်ဘူး၊ အရက်နဲ့အမြည်း တော့ မပြတ်တမ်း ချပေး၊ ငွေ့ပေးလေရဲ့။

အခု - ကွန်မြူနစ် ဦးမောင်မောင်ရော စပါးဒိုင်မှူး ဦးခင်မောင်ဆွေရော ကွယ်လွန်သွားတာ ကြာခဲ့ပါပြီ၊ (၁၉၈၈) မတိုင်ခင်ကပါ၊ ကျွန်တော့်အဖေ လည်း သူတို့နှင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ပါပြီ၊

သူတို့ ယုံကြည်ချက်သမားကြီးနှစ်ဦး အပြိုင်ငြင်းခဲ့၊ ဝေဖန်ကာကွယ် ဆွေးနွေးခဲ့ကြတဲ့၊

ကွန်မြူနစ်ဝါဒလည်း ကမ္ဘာပေါ်မှာ လုံးပါးပါးခဲ့ပြီး လက်ညှိုးထိုးပြစရာ အနည်းငယ်ပဲ ရှိပါတော့တယ်၊

မြန်မာ့ရေမြေနဲ့ ကိုက်ညီအောင် ရေးဆွဲဖော်ဆောင်တဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလည်း (၁၉၈၈) ခုနှစ် ပါတီစုံ ဒီမိုကရေစီအရေးတော်ပုံ ဒီလှိုင်း လုံးကြီးအောက်မှာ တစ်စစီ ပဲ့ကြွေပျက်သုဉ်းသွားခဲ့ရပြီ၊

ခုတော့ - မြန်မာ့ရေမြေနှင့် လျော်ညီသည့် မြန်မာ့ဒီမိုကရေစီစနစ်ဆိုတာ ကြီး ပေါ်ထွက်လာပါပြီ၊

ဘယ်မှန်တိုင်းနှင့် ဒီရေအောက်မှာ မြန်မာ့ဒီမိုကရေစီ နစ်မြုပ်ပျက်သုဉ်း မှာလည်း စောင့်ကြည့်ရဦးမည်၊

အဖေတို့ ဆွေးနွေးပွဲခေတ်မှာ ကျွန်တော် မှတ်သားသတိပြုမိတာ တစ်ခု တော့ ရှိတယ်၊

အခြားမဟုတ်ဘူး၊

ထောက်လှမ်းရေးက ကွန်မြူနစ်ရဲဘော်ဟောင်းကြီး ဦးမောင်မောင်ကို ခြောခဏ ခေါ်ခေါ်ပြီး မေးမြန်းနေတာပါပဲ၊ တစ်ခါခေါ်သွားရင် (၁၅) ရက် တစ်လကြာတယ်၊

ပြီးရင် - ပြန်လွှတ်တယ်၊

အဖေက မေးရော့ဗျ၊

"ကိုမောင်မောင် - ခင်ဗျားကို ဘာလို့ ခဏခဏ လာလာဖမ်းခေါ်ရတာ တုံးဗျာ - ဟင်"

"သူတို့မှာ လုပ်စရာအလုပ်မရှိလို့ ကျုပ်ကို ခဏလာခေါ်သွား၊ ပြီးရင် နောက်ကြောင်းတွေမေး၊ ဒီလိုလုပ်မှ သူတို့လည်း ရာထူးတိုးမှာပေါ့ဗျာ" တဲ့၊

— ● —

ဒီလိုဖြစ်ရပ်မျိုးကို ကျွန်တော်တို့ (၈၈) အရေးတော်ပုံကြောင့် ပုဒ်မ ၅(ည) နှင့် အရေးယူခံရပြီး နောက်ပိုင်းမှ ကိုယ်ချင်းစာနာစွာနဲ့ သိခဲ့ရတယ်၊

ကျွန်တော်ပြီးခဲ့တဲ့လတုန်းက ထောင်ထမင်းဆိုတဲ့ ကိုယ်တွေ့ထောင်ထဲ က ဘဝကို ဝတ္ထုရေးခဲ့ပါတယ်၊

ဒီအကြောင်းတွေကို အမေ ကွယ်လွန်ပြီးမှ ရေးခဲ့တာပါ၊

အမေရှိရင် ဖတ်ရင်း ငိုမှာစိုးလို့ပါ၊

ဒီနေ့ ခေါင်းပါးရှင် နိုင်ငံရေးသမား စာရေးဆရာကြီးတစ်ဦးက စစ်အုပ် ချုပ်ရေးကာလမှာ လူတစ်ယောက်ကို ကြည့်လို့မရရင် သောက်မြင်ကပ်ပုဒ်မ ၅(ည) တပ် အရေးယူလိုက်တာပဲတဲ့၊

လွတ်လပ်ရေးခေတ်ဦးတုန်းက နိုင်ငံရေးလုပ်ရှားသူတစ်ဦးကို အမြင်ကပ် ရင် ပုဒ်မ(၅) နဲ့ အရေးယူလိုက်တာပဲတဲ့၊

ပုဒ်မ(၅) အတပ်ခံရရင် ဘဝပျက်ရောတဲ့၊

ဟုတ်ပါတယ်၊ ကျွန်တော်တို့ခေတ် (၈၈ - ၈၉ - ၉၀) တုန်းက ပုဒ်မ ၅(ည) နဲ့ အရေးယူလိုက်ရင် ဘဝပျက်သွားတာပဲ၊

ပုဒ်မ ၅(ည) အတပ်ခံရပြီး မကြာခင် လွတ်လာသူတစ်ဦးတော့ တွေ့ဖူး တယ်ခင်ဗျ၊ ၁၉၉၀ - ခုနှစ်ကပေါ့၊

ကျွန်တော့်မိတ်ဆွေတစ်ဦးပါ၊ သူက လမ်းစဉ်ပါတီခေတ်တုန်းက အရေး ဆောက်သူတစ်ဦးပါ၊ ရဲအရေးယူတဲ့ကိစ္စ လွှဲချော်နေတဲ့အတွက် အတိုက်အခံ ဆန်ပြောလိုက်မိတာ၊





www.burmeseclassic.com

www.burmeseclassic.com

သိတယ်မဟုတ်လား။

စစ်အုပ်ချုပ်ရေးကာလလေ ...။

သောက်မြင်ကပ်တော့ ပုဒ်မ၅(ည)နဲ့ ပညာပေးလိုက်တာ ကိုယ့်လူ တံတောင်းလို့ ဘဝမပျက်တယ်။

သူ့နောက်က ပူပူနွေးနွေး ဆရာသမားကြီးတွေ လိုက်ပေးလိုက်လို့ ခဏ နဲ့ ပြန်လွတ်လာရှာတယ်။ ခုတော့ – သူလည်း သေသွားပါပြီဗျာ။

(၈၈–၉၀)အကျော်မှာပုဒ်မ၅(ည)ကိုလိုသလိုသုံးနေတော့ပုဒ်မ၅(ည) ဆိုရင် လန့်ကြရတာပေါ့။

ထောင်ထမင်း ကျွန်တော်တို့ မစားချင်ပါဘူး။

သို့သော် ဒီမိုကရေစီအရေးအတွက် စွန့်စားခဲ့ရတော့ ထောင်ထဲ အချုပ် ထဲ ရောက်ပြီး အချုပ်ထမင်း၊ ထောင်ထမင်း စားခဲ့ရတာပေါ့။

ခုနေ အချုပ်ထမင်း၊ ထောင်ထမင်း စားဦးမလားမေးရင် မစားချင်တော့ ပါဘူး။ ထောင်ထမင်းဟင်းက အိမ်ထမင်းဟင်းနဲ့ တခြားစီပါ။ (ကျွန်တော်တို့ စားခဲ့ရတဲ့ ၁၉၈၈ – ခုနစ်၊ (၁၁)လပိုင်းမှ ၁၉၈၉ ကာလ အဝင်အထိကို ရေးဖွဲ့ရ ပါသည်။)

သို့သော် ...

စားသင့်စားထိုက်လို့ စားခဲ့ရတာပါ။

ထောင်ထဲမှာ အလွန်ချမ်းသာတဲ့သူဌေးအချို့လည်းအကြောင်းအလျှောက် သင့်လို့ထောင်ထဲရောက်လာတော့ အစကနဦးမှာ ထောင်ထမင်းကိုအနည်း နှင့်အများ စားခဲ့ရတာပါပဲ။

ရာထူးကြီးကြီးနဲ့ပုဂ္ဂိုလ်လည်း ပြစ်မှုနဲ့ ဝင်လာရင် ထောင်ထမင်းတော့ စားဖူးသွားရတာပါပဲ။

နောင်အခါထောင်ဝင်စာ ဖွင့်တဲ့အခါအိမ်က လာပို့မှ "ရှယ်"ထမင်းဟင်း စားကြရတာပါ။

ထောင်ထဲရောက်သည့်အခိုက် ထောင်ထမင်း စားရတာကို မေ့လည်း မမေ့နိုင်ပါဘူး၊ ကျေးဇူးလည်း မကန်းဝံ့ပါဘူး။



ပေါင်းထမင်းလေးနှင့် တာလပေါ်ဟင်းလေး ကျွေးတာပဲ ကျေးဇူးတင်ရ ဦးမှာပါ ခင်ဗျာ၊ ဟိုလွတ်လပ်ရေးခေတ်ဦးတုန်းက နိုင်ငံရေးသမားကို ပညာ ပေးတဲ့သဘောနဲ့ ထမင်းပျော့ပြုထဲ သဲတွေပါ ရောကျွေးတာမျိုးစားရရင်ဒုက္ခ။

ရှေ့ဝတ္ထုမှာ ရေးခဲ့သလိုပါပဲ၊ ထောင်ကံဇာတာ တက်လာတော့လည်း အလှူအိမ်က ပဲထမင်းစားရသလို ရှယ်ထောင်ပဲထမင်းကို စားခဲ့ရဖူးပါတယ်။

ကံဇာတာနိမ့်တဲ့အချိန်တုန်းက စားခဲ့ရတဲ့ ထမင်းတစ်နပ်အကြောင်း တော့ မှတ်မှတ်ရရလေး ရေးချင်ပါရဲ့ခင်ဗျာ။

တိုက်ထဲမှာ စရောက်တဲ့နေ့ကစပြီး ...

ထောင်ပဲဟင်းအရည်ကျဲကျဲရယ်၊ ငါးပိစိမ်းစားမည်းမည်းညစ်ညစ်လတ် သန်းဖျားခန့်ရယ် စားရတယ်။ အိမ်မှာ ငါးပိရည်ဖျော်၊ တို့စရာနဲ့ ချဉ်ရည်ဟင်းနဲ့ ဆီပြန်ဟင်းနဲ့ စားလာတဲ့ စာရေးဆရာရယ်၊ ရှေ့နေရယ်၊ သီချင်းရေးဆရာ တွေရယ် ဒုက္ခရောက်တာပေါ့ဗျာ။

စားလို့မဝင်ဘူး။ မနည်းကြိတ်မှိတ် မျိုချရတယ်။

အနီးရှိ ချေးအိုးနဲ့ သေးအိုးအနံ့ကလည်း စားနေတုန်း လွင့်ပျံ့ဝင်လာ၊ ထထမနေ့ ညနေပိုင်း တစ်လုတ်နှစ်လုတ်စီပဲ စားပြီး ရေသောက်လှဲနေလိုက် ကြတယ်။ လှဲရင်း ရင်ခေါင်းထဲ ပျို့ပျို့လာရဲ့။

"ထောင်ဝင်စာ ဖွင့်လိုက်ရင် သိပ်ကောင်းမှာပဲ"

"ထောင်ဝင်စာဖွင့်ရင် ငါအိမ်ကိုကြက်သားကြော် မှာလိုက်မယ်၊ ဖြစ်နိုင် ရင် ထောင်ထဲကိုကြက်ကောင်လုံးကြော် ပို့ပေး – မိန်းမလို့ မှာပြီး ရောက်လာ ရင် တစ်ထိုင်တည်း ဘုန်းအောင်စားပစ်လိုက်မယ်ဟေ့"

အစားသမား ကိုအေးသိန်းက အစားကို ဦးစားပေးပြီး သူ့ဆန္ဒကို ထုတ် ဖော်နေတယ်၊

"အရေးကြီးတာ ဆေးလိပ်ပဲကွ"

ရှေ့နေ ကိုခင်မောင်လေးက ဆေးလိပ်ကြိုက်သူဆိုတော့ ဆေးလိပ်ကိုပဲ အရှုပြုတယ်၊ ကျွန်တော်လည်း ထောက်ခံတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ဗျ၊ ခုနေ - ကျားမသန်းဒွေးဆေးပေါ့လိပ်ဖြစ်ဖြစ်၊ မကျင်လှ နွားတံဆိပ်ဆေးပေါ့လိပ်လေးဖြစ်ဖြစ် တစ်လိပ်မရတောင် သောက်လက်စ အတိုလေးပဲရရင် ငါ ကျေနပ်တယ်ကွာ"

"ကိုကျော်မြင့်ကရောဗျ"

ကိုကျော်မြင့်က ကျွန်တော်တို့ ၅(ည)တွေထဲမှာ အသက်အကြီးဆုံးဗျ။ ဝိတသမားကြီးပါဗျာ၊ တီးဝိုင်းမှာ မယ်ဒလင်တီးတဲ့လူ၊ သီချင်းကြီး သီချင်းခန့် ကာလပေါ်အတော်များများ တီးခတ်နိုင်တဲ့လူဗျ။

ခုတော့ - ငေးငေးငိုင်ငိုင်နဲ့။

သူ့ဘာသာသူပဲ "ရွှေပြည်တော်သည်" မယ်ဖွဲ့အလွမ်းသီချင်းကို စိတ်နဲ့ သီဆိုလွမ်းနေနဲ့တူရဲ့။

"သူ့မိန်းမ မသင်းသင်းညိုကို လွမ်းနေမှာပေါ့ဗျာ"

ဖြစ်နိုင်တယ်ဗျာ၊ မသင်းသင်းညိုက တီးဝိုင်းမှာ အဆိုတော်လေ၊ မြန်မာ့ အသံမှာလည်း ကာလပေါ်ခေတ်ပြား ရထားတယ်၊

မယ်ဒလင်တီးတဲ့သူနဲ့ သီချင်းဆိုတဲ့အဆိုတော် ညားကြတာဆိုတော့ ကျွန်တော်တို့က ကိုကျော်မြင့်ကို ဝိုင်းနောက်ပြောင်ကြတာပေါ့ဗျာ။

"ကိုကျော်မြင့်"

"ဘာတုံးဗျ"

"မသင်းသင်းညိုကလည်း ဖြောင့်တယ်ဗျ"

"ဖြောင့်လို့ယူတာပေါ့ကွ၊ ဘာဖြစ်လို့တုံး"

"ခင်ဗျားကလည်း အတီးကောင်းပဲဗျ"

"ကျုပ်က ဘာအတီးကောင်းတာတုံး၊ ခင်ဗျားတို့ မရှင်း၊ မရှင်းမလုပ်နဲ့ နော်"

"မယ်ဒလင်တောင် အတီးကောင်းရင် မသင်းသင်းညိုလည်း သက်သာ မှာတော့ မဟုတ်ဘူးဗျ"

"ဟာဗျာ - ခင်ဗျားတို့ဗျာ၊ မဟုတ်မဟုတ်တွေ မပြောစမ်းပါနဲ့ဗျာ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲကွာ"



"ကိုကျော်မြင့်က ဘာတွေညစ်နေလို့တုံးဗျ - လုပ်ပါဦး"

"ပဲဟင်းအရည်ကျဲရတယ်၊ ကာလပေါ်ဟင်း ချဉ်ပေါင်ရိုး ရွှံ့ခဲပါတာကို ရှည်း စားနေရလို့ ညစ်နေတာပေါ့ဗျာ"

"သည်းခံပါဗျာ၊ ခဏလေးပါ - ပြီးသွားမှာပါ"

"ထွီ"

"ဟား - ဟား - ဟား - ဟား"

"အဟတ် - အဟတ် - အဟတ်"

ကိုကျော်မြင့်က ထွီလို့ ပြောလိုက်လေရဲ့ဗျာ၊ ခဏလေးပါ၊ ပြီးသွားမှာပါ ဆိုတဲ့စကားက ထောက်လှမ်းရေးက ကျွန်တော်တို့ကိုပြောတဲ့လက်သုံးစကား လေဗျာ၊

(၁၉၈၈)အရေးတော်ပုံအပြီးမှာ စစ်အစိုးရက အရေးတော်ပုံမှာပါတဲ့ နိုင်ငံရေးလှုပ်ရှားသူတွေကို မြို့တိုင်းမှာ လိုက်ဖမ်းပြီး အချုပ်ထဲ ထောင်ထဲ သွင်းတာလေ၊

ကျွန်တော်တို့ ထောင်ထဲရောက်တဲ့အချိန်မှာ ...

စာရေးဆရာကြီး မောင်သော်က ...၊

စာရေးဆရာ ဆရာကြီး မင်းသိခ်၊

မင်းသားကြီး ဦးအောင်လွင်အပါအဝင် (၈၈)တက္ကသိုလ်ကျောင်းသား တွေကိုပါ ထောင်ထဲ ဖမ်းထည့်ထားတာ၊

ထောင်ဝင်စာ လုံးဝမဖွင့်ဘူး၊ ပိတ်ထားတယ်၊

အိမ်ကနေ ဘာပစ္စည်းမှ ပို့ခွင့်မရှိဘူး၊

ထောင်က ကျွေးတဲ့ ထမင်းဟင်းပဲ စားရတယ်၊

စားချင်စား၊ မစားချင်နေပဲ၊ ဆေးလိပ် လုံးဝမသောက်ရဘူး၊ ဆေးလိပ် သောက်ရင် မီးခြစ်ရှိရမယ်၊ မီးခြစ်ရှိရင် (၁၉၈၈)ကာလတုန်းက ထောင်သား တွေက ထောင်ကို မီးရှို့ဆူပူတာမျိုး ဖြစ်မှာစိုးရိမ်လို့၊ ဆေးလိပ် လုံးဝမသောက် ရဘူး၊



www.burmeseclassic.com

www.burmeseclassic.com

အကြံအဖန်လုပ်ပြီးဆေးလိပ်နိုးသောက်တာကိုမြင်ရင်သီးသန့်ဖြစ်ဒဏ်တိုက်ထဲ ထည့်ပြီး အရေးယူမယ်တဲ့။

(၈၈)အရေးအခင်းမှာ အင်းစိန်အကျဉ်းထောင်ကို အကျဉ်းသားတွေက မီးရှို့လိုက်လို့ ထောင်အဆောင် အတော်များများ မီးလောင်ပျက်စီးသွားသလို အကျဉ်းသားအချို့လည်း သေနတ်ကျည်ထိလို့သေခဲ့ရတယ်လို့ကြားရတယ်။

ကျွန်တော်တို့ တိုက်ကနေ အဆောင်ကို ရောက်သွားတော့ အဆောင်ရဲ့ ကွန်ကရစ်တိုင်ကြီးတွေမှာ ကျည်ဆန်မှန်ပြီး ပေါက်ပွဲနေတာကို ရုပ်ပျက်ဆင်းပျက် မြင်ခဲ့ရလေရဲ့ဗျာ။

— ● —

တစ်နေ့ ကျွန်တော်တို့ငါးဦး ရှိနေတဲ့တိုက်ထဲကို ဝါဒါတွေက လူရွယ်နှစ်ဦး လာသွင်းသွားပါရောဗျာ။

ငါးဦးတောင် ကျပ်ရတဲ့အထဲ နောက်နှစ်ဦး လာသွင်းတော့ နေရ၊ ထိုင်ရ၊ အိပ်ရတာ ပိုကျပ်ပြီပေါ့ဗျာ။

ဒါနဲ့ – ခပ်ညှိအချုပ်သား လူသစ်နှစ်ဦးကို မေးရတာပေါ့။

“မင်းတို့က ဘာအမှုတုံးကွယ်”

သူတို့အမှုကလည်း မလွယ်ဘူးဗျ။ ကျေးရွာကောင်စီဥက္ကဋ္ဌကို တိုင်းပြည်ပျက်ရိုက်မှာကြီးတုပ်ပြီး ဖမ်းသွားကြတာတဲ့။ ပြီး – ဒီရေတက်တဲ့သောင်ပြင်မှာ ငုတ်ရိုက်ကြိုးနဲ့ချည်ပြီး ဒီရေတက်လာရင် ရေနစ်သေရအောင် သူတို့အဖွဲ့က လုပ်ခဲ့တာတဲ့။

ကံဖယ်ချင်တော့ ဒီရေတက်ပြီး ရေနစ်သေခါနီးမှာ တံငါသည်တွေ တွေ့လို့ ကောင်စီဥက္ကဋ္ဌ အသက်ရှင်ခဲ့ပြီး ပုန်းရှောင်နေတာရယ်။

သူတို့ကတော့ ကောင်စီဥက္ကဋ္ဌ သေပြီလို့ ထင်ထားတာ။

စစ်တပ်က အာဏာသိမ်းပြီးရော သေရွာပြန်ကောင်စီလူကြီး ပုန်းရှောင်နေရာက ဘွားခနဲ ပြန်ပေါ်လာပြီးနောက် …



လူသတ်ရန် ကြံစည်သူ သူတို့ညီအစ်ကိုအပါအဝင် တစ်ဖွဲ့လုံး အဖမ်းရတာတဲ့။

အင်း – သင်းတို့ညီအစ်ကိုကို ဘယ်လိုခေါ်ရမှာတုံး။

လူသတ်သမားတွေလို့ ခေါ်ရမှာလား၊ လူသတ်ရန် ကြိုးပမ်းသူလို့ ခေါ်ရမလား။

သူတို့ညီအစ်ကိုရဲ့ဘဝကလည်း အလွန်ကိုအံ့ဩစရာပါပဲဗျာ။ ကျွန်တော်တို့အခန်းထဲမှာ ရောက်လို့ ညနေလည်းရောက်ရော အခန်းဝမှာ ထောင်ဝါဒါတစ်ဦး ရောက်လာပြီး –

“ဝင်းစိန်နဲ့ ဝင်းထိန်”

“ရှိ”

“မင်းတို့အဖေပါ တိုက်နံပါတ်(  )ထဲကို ရောက်နေပြီဟေ့”

“ဗျာ – ဆ – ဆရာ – အဖေ – ဘာဖြစ်လို့လဲဗျာ – ဟင် – ဟင်”

“ဆရာ – အဖေ – ဘာလို့ ထောင်ထဲရောက်လာတာလဲဗျာ”

“လူသတ်မှုပဲဟေ့”

“ဟင် – အဖေက ဘယ်သူ့ကို သတ်လိုက်လို့တုံး – ဆရာရယ်၊ မြန်မြန် ပြောစမ်းပါ – ဆရာ၊ ပြောစမ်းပါဗျာ”

“မင်းတို့အဖေက သူ့မယားငယ်ကို သတ်လိုက်တာတဲ့”

“ဗျာ …”

“အလိုလေးဗျာ”

ဝါဒါပြောပုံအရဆို ဖြစ်ပုံက ဒီလိုတဲ့ ခင်ဗျ။ ဝင်းစိန်တို့အဖေမှာ မယားနှစ်ယောက် ရှိတယ်၊ ဝင်းစိန်တို့က အိမ်မှာ မနေကြဘူး၊ လယ်တဲမှာပဲ အနေများကြတယ်၊

အဖေလုပ်သူကတော့ မယားကြီး၊ မယားငယ်နဲ့ တစ်အိမ်တည်း အတူနေကြတာ၊ မနေ့တုန်းက မယားငယ်လုပ်သူက မယားကြီးကို ခံပြောတိုင်းထွာ လုပ်နေလို့၊ လင်လုပ်သူ (ဖအေ) က မယားငယ်ကို တော်တော့၊ ရပ်တော့လို့ အော်သောက်နေရင်း လှမ်းပြောတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

မယားငယ်က အပြောမရပ်ဘဲ (ဝင်းစိန်တို့အဖေ) လင်လုပ်သူကြီးကို မြန်မြန်ရန်တွေ့သလို ခံပြောနေလို့ ဒေါသထွက်ပြီး အနီးရှိ မားသွေးကျောက် ခြားနဲ့ ကောက်ပစ်လိုက်တာ။

မယားငယ်ရဲ့ဦးဆက်နေကို ထိမှန်ပြီး မယားငယ် နေရာတင် ပွဲချင်းပြီး သေသွားတာတဲ့ဗျာ။ ဒီတော့ - လူသတ်မှုနဲ့ သူတို့အဖေ ရောက်လာတာတဲ့။

သူတို့ညီအစ်ကို ကြားရချက်ကြောင့် ဝမ်းနည်းပြီး ငိုကြတယ်။

ခုတော့ - အင်းစိန် အကျဉ်းထောင် တိုက်ထဲမှာ၊ သူတို့ သားအဖ သုံးယောက် သေဒဏ်ကို စောင့်စားနေရပြီပေါ့။

ဘယ်လိုအပူးအကပ်ကောင်းလည်းတော့ မသိဘူး။ ကြာနေတော့ သူတို့ ညီအစ်ကို အခန်းပြောင်းလိုက်ရတယ်။

ပြောင်းရတဲ့အခန်းက သူတို့အဖေ ရောက်နေတဲ့ တိုက်ခန်း ( )ကိုတဲ့။ တောင်းပါတယ်။ သားအဖသုံးယောက် ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်ပေါ့။ အားလုံး ကံ၊ ကံရဲ့အကျိုးအတိုင်းပါပဲလေ။

ဝင်းစိန်တို့ညီအစ်ကို ပြောင်းရွှေ့သွားပြီး နောက်နေ့လည်းရောက်ရော၊ တရားခံသစ်တစ်ဦး ကျွန်တော်တို့တိုက်ခန်းထဲ ရောက်လာပြန်ပါရောဗျာ။

အလို။

တရားခံက ရာဇဝတ်လေးပါကလား။

ဘယ်နဲ့ဖြစ်လို့ ရာဇဝတ်လေးက အမှုကြီးသမားတွေနေတဲ့တိုက်ထဲ ရောက်လာရတာတုန်း။

"ကိုင်း - ပုံစံထိုင် - ညီလေး"

သူ့ကို ထိုင်ပုံစံ သင်ပေးရတယ်။

"ငါ့ညီနာမည် ဘယ်လိုခေါ်တုံး"

"မောင်သောင်းမြင့်လို့ ခေါ်ပါတယ် - အစ်ကို"

"အသက်ကရော"

"ဆယ့်ခြောက်နှစ်ပါ"

"အမှုက ဘာမှုတုံး"



"လူသတ်မှု"

"ဟေ - ငါ့ညီက ငယ်ငယ်ရွယ်ရွယ်နဲ့ လူသတ်ခဲ့တယ်၊ အလိုလေးဗျာ။ ရှင်းပါဦးကွာ၊ ဘယ်လိုဖြစ်လို့ လူသတ်မှုဖြစ်ခဲ့ရတာတုံး"

"ကျွန်တော်တို့မိသားစု သုံးယောက်က ( )မြို့နယ်မှာ နေပါတယ် အစ်ကို။ ကျွန်တော်က သားရေဖိနပ်လုပ်တဲ့ဆိုင်မှာ ဖိနပ်သားရေလှီးတဲ့ အလုပ်လုပ်ပါတယ်။ အစ်မကတော့ စတိုးဆိုင်မှာ အရောင်းစာရေးမပါ အစ်ကို။ ဖြစ်တာက အခု(၈၈)အရေးအခင်းကာလထဲမှာပါ၊ တစ်နေ့ - အစိုးရဝန်ထမ်း လူရွယ်တစ်ဦးက ကျွန်တော့်အစ်မကို ရည်းစားစကား လိုက်လိုက်ပြောတယ်။ အစ်မက လက်မခံဘူး၊ အဲဒါ - နေ့တိုင်း - ဒီလူက အစ်မ အလုပ်သွားတိုင်း အရှက်ရလောက်အောင် ဖွတ်တရွတ်လိုက်စကားပြောတော့ အစ်မက ရှက်လို့ငိုတာပေါ့။ ဒီအကြောင်း ဖိနပ်သားရေလှီးနေတဲ့ ကျွန်တော့်နားကို ကြားရောက်လာတော့ ကျွန်တော် အတော့်ကို စိတ်ဆိုးဒေါသဖြစ်သွားခဲ့ရတယ်။ ဒီလူက ရာထူးနဲ့အာဏာလည်း ရှိသူတဲ့၊ ဖြစ်တဲ့နေ့က အစ်မက ရှေ့ကနေ ထမင်းဘူးလေးကိုင်ပြီး အလုပ်ကို သွားနေတယ်၊ ကျွန်တော်က ဖိနပ်လှီးတဲ့ ဓားချွန်ကို ခါးကြားထိုးပြီး မလှမ်းမကမ်းကနေ လိုက်ခဲ့တာ၊ ဟုတ်တာပဲ၊ တိုလိုလူက ယူနီဖောင်းဝတ်ကြီးနဲ့ ကျွန်တော့်အစ်မကို ဆွဲလား၊ ရမ်းလား အလုပ်ရုံတစ်မည် သွားလို့မရအောင် ရှေ့ကာထားပြီး ရည်းစားစကား ပြော၊ စာပေးလုပ်နေတာကိုး၊ ဒီမှာ - ကျွန်တော် ပြေးဝင်သွားပြီး အဲဒီလူကို တွန်းပစ်လိုက်တယ်၊ ဒီမှာ - သူက သူ ဘာကောင်ပဲ၊ ညာပဲဆိုပြီး ကျွန်တော့်ကို ဝင်ထိုးရော၊ ခါးကြားမှာပါလာတဲ့ သားရေလှီးဓားနဲ့ ထိုးလိုက်တာ နေရာတင် ပွဲချင်းပြီးရော၊ သူ့ကိုသတ်ပြီး ကျွန်တော်ရှောင်နေရာက အခုအဖမ်းခံလိုက်ရတာပါပဲ အစ်ကို"

"အင်း - မင်းအဖြစ်က ငါတို့ထက် ပိုကြီးနေပါပေါ့။ အေးလေ - ဖြစ်ပြီးကြပြီ - ငါ့ညီရာ၊ ဒီမှာ - အစ်ကိုတို့နဲ့နေရင်း စိတ်အေးအေးထား၊ ကျန်းမာအောင် နေကွာနော်"

www.burmeseclassic.com

"ဟုတ်ကဲ့ပါ - အစ်ကို"


ညနေရောက်တော့ အကျဉ်းထောင်တိုက်တန်းတာဝန်ကျဝါဒါ ကျွန်တော်တို့တိုက်ခန်းရှေ့ရောက်လာပြီး -

"စာရေးဆရာ"

"ဟုတ်ကဲ့ - ဆရာ - ပြောပါ"

"ဟိုကောင်လေးကိုစောင့်ရှောက်ပေးပါဗျာ။ အခြားတိုက်မှာဆိုကောင်လေးဘဝ စိတ်မချရဘူးဗျ။ ခင်ဗျားတို့က စာရေးဆရာတွေဖြစ်တော့ - ပြီး ၅(ည)တွေဆိုတော့ ခင်ဗျားတို့သိက္ခာကို ယုံကြည်လေးစားလို့ပါ။ စောင့်ရှောက်ပေးပါဗျာ"

ကျွန်တော်တို့၅(ည) ငတ်ကြီးကျတွေ
ဝိုင်းလာပြီး ကတုန်ကရီနဲ့ အထုပ်ကလေးကို
မျက်လုံးပြူးကြည့်မေးကြတယ်။
အသံတွေတောင်တုန်လို့ဗျာ။ ဟုတ်တယ်။
ပုစွန်ခြောက်ငါးပိကြော်လေး။ ဆီကိုရွှဲပြီး
ငရုတ်သီးတောင့်လေးတောင်ပါရဲ့။



"စိတ်ချပါ - ဆရာ။ ကျွန်တော် သဘောပေါက်ပါတယ်"

ဟုတ်တယ်ဗျ။ တိုက်ထဲမှာ ကြီးနိုင်ငယ်ညှဉ်းရှိတာပဲ။ ပိုဆိုးတာက လူငယ်လူရွယ် သနားကမားဆိုရင် အချို့အချုပ်သားက ခြိမ်းခြောက်ပြီး မတော်တရော် လုပ်ချင်ကြတယ်လေ။

ဒီကိစ္စကိုမြင်လို့ ကျွန်တော်တို့ ပုဒ်မ၅(ည) စာရေးဆရာတွေရှိတဲ့တိုက်ထဲ ယုံကြည်စိတ်ချစွာ လာရောက်အပ်နှံပြောဆိုတာပါ။

ကျွန်တော်တို့က မောင်သောင်းမြင့်လေးကိုကိုယ့်ညီငယ်လေးလိုစောင့်ရှောက်ခဲ့တယ်။ ပုံစံထမင်း သူ မဝမှာစိုးလို့ ကျွန်တော်တို့ထဲက ထမင်းကို သူ့ထဲ ဖဲ့ထည့်ပေးကြတယ်။

ညဘက်ရောက်ရင် ရယ်စရာပုံပြင်တွေ ပြောပြီး ဘဝအမောနဲ့ အိမ်အလွမ်းကိုဖြေလို့ ထောင်ဝင်စာ မြန်မြန်ဖွင့်ပေးပါစေပဲ ညတိုင်းဆုတောင်းနေရတယ်ဗျာ။

ထောင်ဝင်စာဖွင့်လို့ ညှော်တွေ့လာမှ ငါးပိကြော်လေး၊ ဘာလေး ပါလာမှာလေ။ ထောင်ထမင်းက ပေါင်းထမင်းမို့ စားရတာ အရသာရှိပါတယ်။ ဟင်းလေး ကောင်းရင်သာ ...။

မိုးလင်းလို့ ထမင်းဘုတ်ကိုင်မလာခင်မှာပဲ မနေ့က အကျဉ်းထောင်တိုက်တာဝန်ကျ ရောက်လာတယ်။

သူက ဟိုဟိုဒီဒီ လှမ်းကြည့်ပြီး -

"မောင်သောင်းမြင့်"

"ဗျာ - ဆရာ"

"ရော့ - မင်းအိမ်က ပေးလိုက်တာ။ ရှူး - တိုးတိုးနော်"

သို့ကလိုပြောပြီး တောကြက်ဥလေးတစ်လုံးခန့် ပလတ်စတစ်အထုပ်ကို အမြန်ပစ်ချပေးပြီး ပြန်ထွက်သွားခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

မောင်သောင်းမြင့်လေးက ကောက်ပြီးအထုပ်လေးကိုဖြည်ကြည့်လိုက်ရော။

“ဘာလဲဟေ့ - ညီလေး”

“ပုဇွန်ခြောက်ငါးပိကြော် - အစ်ကို”

“ဟေ”

“ဟုတ်ရဲ့လားဟ”

“မောင်သောင်းလေး - ပုဇွန်ခြောက်ငါးပိကြော် သေချာရဲ့လားကွာ ဟင် - ဟင် - ဟင်၊ ဝါ့ညီလေး - သေချာရဲ့လား”

ကျွန်တော်တို့ ၅(ည) ဝေါ်ကြီးကျတွေ ဝိုင်းလာပြီး ကတုန်ကရီနဲ့ အထုပ်တလေးကို မျက်လုံးပြူးကြည့်မေးကြတယ်၊ အသံတွေတောင် တုန်လို့ဗျာ။

ဟုတ်တယ်။

ပုဇွန်ခြောက်ငါးပိကြော်လေး။

ဆီကိုရွှဲပြီး ငရုတ်သီးတောင့်လေးတောင် ပါရဲ့။

“နတ်ပြည်ကများ ကျလာတာလားကွာ ဟင်”

“နတ်ပြည်က ကျတာမဟုတ်ဘူးကွ၊ ဟိုဝါဒါ သူတော်ကောင်းကြီး ဖွက်ယူလာပေးတာဟ”

“မောင်မင်းကြီးသား ရာထူးတိုးပါစေဗျာ”

“မင်းနမနဲ့ပါ ညားပါစေလို့ ဆုတောင်းပါကွ - အေးသိန်းရ”

“ဒါတော့ - မလုပ်ပါနဲ့ - ကိုလှမြင့်ဦးရာ၊ ကျုပ်ညီမ - ခုမှ (၁၃) နှစ်ပဲ ရှိပါသေးတယ်ဗျာ”

“သာဓုဗျာ - သာဓု - သာဓု”

“ဟေ့လူ ကိုညီမှိုင်း - ဘာလို့ သာဓုခေါ်တာတုံးဗျ”

“ငယ်လေ ကောင်းလေမို့ သာဓုကောင်းလေစွလို့ပြောတာ - ဝါ့လူရေ”



“ရှိုး - မုပဲကွာ”

“ဟား - ဟား - ဟား - ဟား - ဟား”

ကျွန်တော်တို့ အရမ်းပျော်နေကြတယ်ဗျာ။

ကိုအေးသိန်းနဲ့ ကိုလှမြင့်ဦးဆို မောင်သောင်းမြင့်လေးကို ဝါ့ညီလေး အထွေးဆုံးလေးနဲ့ ဝိုင်းဖားနေကြတာရယ်ဗျ။

ဒီလိုနဲ့ “ထမင်းဆွဲ” ဆိုတဲ့အသံနဲ့အတူ ထမင်းဘုတ်ကိုင်တွေ ရောက်လာပြီး ပဲဟင်းအရည်ကျဲဆမ်း၊ ထမင်းပန်းကန် (၆) ချပ် သွင်းပေးလို့ နောက်တစ်ခန်းကို ကူးသွားကြတယ်၊

သည့်နောက် ...

မောင်သောင်းမြင့်လေးက ကျွန်တော်တို့ ၅(ည) ငါးဦးရဲ့ ထမင်းပုံပေါ်ကို ပုဇွန်ခြောက်ထောင်း ငါးပိကြော်လေး လက်သန်းဖျားခန့် စားဦးစားဖျား ထည့်ပေးရင်းက ပြောရဲ့ခင်ဗျ။

“နည်းနည်းစီပဲ စားကြ - အစ်ကိုတို့ရေ၊ ဒါမှ နောက်နေ့တွေပါ အရသာရှိရှိ စားရမှာဗျ - နော”

“ဟုတ်တာပေါ့ဗျာ”

“သိပ်မှန်တာပေါ့ - ကျေးဇူးရှင်လေးရာ”

“အမြော်အမြင်ရှိလိုက်တဲ့ကလေးကွယ်၊ မွန်ကျော်မြင့်တို့နဲ့ ကွာပါ့ဗျာ”

“အေးသိန်းနဲ့ဆို ခွေးချေးနဲ့ ဝက်သားတုံးလိုပဲ - ကွာပါ့ကွာ”

“ဝါက ဝက်သားတုံးလားဟေ့”

“မဟုတ်ဘူး - ခွေးချေးတုံး”

“ဗွီ”

အဲဒီနေ့က ကျွန်တော်တို့အားလုံး ပဲဟင်းဆမ်းပုံစံထမင်းကို ပုဇွန်ခြောက်ကြော် ငါးပိလေး အပ်နဖားခေါင်းမျှလောက်စီ မြုပ်မြုပ်ပြီး စားလိုက်ကြတာ၊

www.burmeseclassic.com

မြန်လိုက်တာဗျာ၊ ထမင်း ထပ်လိုချင်လိုက်တာနယ်၊

တိုက်ထဲ ရောက်နေတာ ရက်မနည်းတော့ဘူး။


ဒီနေ့လောက် စားလို့ကောင်း၊ မြိန်လည်းမြိန် အရသာရှိတဲ့ထောင်ထမင်း ဗိုင်းကိုတော့ ယနေ့တိုင် မမေ့နိုင်ပါကြောင်း လွမ်းတသသ မှတ်မှတ်ရရ မှတ်တမ်းတင်လိုက်ရကြောင်းပါ ခင်ဗျား။

မောင်ညိုမှိုင်း (သန်လျင်)

စာမူများ

ပေးပို့လိုပါက

မိုးပန်းမွန် (ရာမညာ)



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကိုမမြင်ဘဲ
အချိန်လွန်စွာ လှည့်လည်သွားလာပျော်ပါးတတ်သည့်
လူငယ်ကလေးတစ်ယောက်သည် အန္တရာယ်နှင့်
ကြုံလာရသောအခါ ..

**ထော်စန်းကျောင်**တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လေပြည်လေညင်းနှင့်အတူ သစ်ရွက်ကြွေသံ၊ ကိုင်းခြောက်တို့ ဖွတ်တိုက်သံကိုသာ ကြားနေရသည်။ ဟိုအဝေးမှ ရယ်သံတချို့လွင့်ပျံလာသည် ထိလည်း ဘယ်သူကမှ ဂရုမစိုက်အားကြ။ ကိုယ့်အာရုံနှင့်ကိုယ် ငြိမ်သက်နေကြခြင်းပါ။

ဒူးထောက်အနေအထားနှင့်ဖြစ်၍ "ထင်ရှား"၏ခြေသလုံးတွေ ကျင်ခဲနေပြီ။ ခေါင်းငုံ့စူးစိုက်၊ ငြိမ်တောင့်ကျုံ့ထားရတာ ကြာလာတော့ လည်တံနှင့် ကျောရိုးတို့လည်း ညောင်းညာတောင့်တင်းနေပြီ။

ဒါပေမဲ့ - "ထင်ရှား"မှ တုတ်တုတ်မျှမလှုပ်ရဲသေးပါ။ ချုံအကွယ်ကြားထဲ ဖြစ်၍ သစ်ရွက်၊ သစ်ခက်တို့၏ လှုပ်လှုပ်ရှားရှားဖြစ်သွားမှာ စိုးရသည်။

သည်ချုံအကွယ်ကို "ထင်ရှား" ထက် အရင်ရောက်နေသောလူရွယ်တ လည်း "ထင်ရှား" လိုပင် ငြိမ်သက်စူးစိုက်နေ၏။ အမှန်တော့ - ဒီလူကြောင့် စိတ်ဝင်တစားဖြစ်ပြီး ဒီလိုလိုက်လုပ်မိခြင်းပါ။ မူလရည်ရွယ်ချက်ကတော့ ဒီပန်းခြံထဲ လျှောက်လည်ရုံသက်သက်ပဲ ဖြစ်သည်။

ရှေ့မှ လူနှစ်ယောက်ကိုကြည့်ရင်း "ထင်ရှား" ရင်ထဲ မွန်းကြပ်လာပြီ။ ချုံကွယ်မှ ထိုလူသားနှစ်ယောက်ကတော့ ဆိတ်ကွယ်ရာဟု ထင်မှတ်ပြီး ထင်တိုင်းကြဲနေ၏။

ကြည့်ရင်းနှင့်ပင် ခြေလက်တွေ အေးသလိုလို၊ နားရွက်တွေ ပူသလိုလိုနှင့် ရင်ခုန်သံတွေ မြန်လာသည်။ အသက်ကို မျှင်းမျှင်းရှူ၍ ခြေသံဖွဖွဖြင့် ထိုချုံကြားမှ လှည့်ထွက်ခဲ့သည်။

အင်း - ပန်းခြံတွေ၊ ပန်းဥယျာဉ်တွေဆိုတာ အများပြည်သူတို့အပန်းဖြေဖို့တင့်တယ်လှပအောင် မွမ်းမံပြင်ဆင်ထားသည်ပဲ။ ခုတော့ - ချစ်သူစုံတွဲတွေ ချစ်ခြင်းပြိုင်ဖို့နေရာလို ဖြစ်နေပါရော့လား။ အတွေးနှင့်ပင် "ထင်ရှား" ရင်ထဲ လေးလေးပင်ပင် ဖြစ်လာသည်။

ဆောင်းကာလ၏ ဆည်းဆာချိန်ဖြစ်၍ နှင်းမှုန်တို့ တဖွဲဖွဲကျလာပြီ။ မကြာမီ မှောင်ရီပျိုးတော့မည်။ သူမြင်ခဲ့သော စုံတွဲကတော့ ခုထိပြန်မယ့်ပုံ မပေါ်သေး။ "ထင်ရှား" ကတော့ ပြန်ဖို့တွေးရင်း ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်လိုက်သည်။ နောက်မှ တရှပ်ရှပ်ခြေသံနှင့်အတူ ခုနက အတူတူရှိနေခဲ့သော လူရွယ်က ထင်ရှားနှင့် ယှဉ်မိအောင် လျှောက်ရင်းမှ -

"ဟေ့ - ချာတိတ် - မင်းပြန်တော့မလို့လား။ ဟိုဘက်က ချုံကွယ်တွေနား သွားရအောင်။ အဲဒီမှာ ဒါမျိုးတွေ အများကြီးပဲ"

ထိုလူက စိတ်ပါလက်ပါ ပြောရင်း စီးကရက်ကို မီးညှိဖွာရှိုက်နေ၏။ သူ့ကိုကြည့်ရတာ လုပ်ရိုးလုပ်စဉ်အလုပ်တစ်ခုကို အပျင်းပြေလုပ်နေသည့်ပုံမျိုး ဘာမှမဖြစ်သလိုနှင့် ပြုံးရယ်လို့ပဲ။ ထင်ရှားမှာတော့ ရင်တွေတုန်လို့ ...။ ဆန်မပျက်အောင် ရှပ်အင်္ကျီလက်ရှည်ကို ပင့်တင်၊ ကျောပိုးအိတ်ကို ပြင်နှင့် စိတ်ထိန်းရသည်။

ထိုလူရွယ်က စီးကရက်ဖွာရင်း လှည့်မေးသည်။

"လိုက်ခဲ့မယ်မဟုတ်လား - ဗဟုသုတပေါ့ကွာ - ဟား - ဟား"

သူ့ဘာသာပြောရင်း သဘောကျစွာ ရယ်နေသေးသည်။ "ထင်ရှား" ခေါင်းခါလျက် မလိုက်ချင်ကြောင်းပြောပြီး နီးရာစုံတန်းလျားပေါ်သို့ ခြေဝစ်

www.burmeseclassic.com

လက်ပစ် ထိုင်ချလိုက်သည်။ လူရွယ်ကလည်း သူနှင့်အတူတူ ရောထိုင်လျက် -

"မင်းကို အရင်စနေနေ့တွေမှာ မတွေ့ဖူးပါဘူး။ ဒီကို ဘယ်လိုနေ့မျိုးမှ လာတာလဲ၊ ဝါ့နာမည်လည်း မှတ်ထားဦးနော် - ဝေမြင့်တဲ့"

"ကျွန်တော်က မော်လမြိုင်မှာ နေတာပါ။ ရန်ကုန်ကို ရောက်နေတာတော့ နှစ်ပတ်လောက်ရှိပြီ၊ ဒီပန်းခြံထဲ မရောက်ဘူးလို့ လျှောက်ကြည့်တာပါ။ ဒီမှာ လျှောက်ကြည့်ရင်းနဲ့ ကိုဝေမြင့် ချောင်းနေတာတွေ့လို့ လိုက်လုပ်မိတာလေ ..."

"အဟား - ဟား - ငါလုပ်သလို လိုက်မလုပ်နဲ့ကွ။ ငါက စနေနေ့တိုင်း လာရမှုကို နေတတ်တော့တာ၊ ဒီအလုပ်က စွဲတယ်ကွ"

ကိုဝေမြင့်ကပြောရင်း အရှက်ပြေရယ်တော့ သူပါရယ်မိသည်၊ ဒီလူနှင့် သူက အသက်သိပ်မကွာလှဟု ထင်သည်၊ သူ့ထက်ကြီးလှ သုံးလေးနှစ်ပေါ့။

သူက ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်လေ၊ ဒီလူ့အသက်ရှိလှလျှင် နှစ်ဆယ်ဝန်းကျင်ပေါ့၊ လူကလည်း နာတံပေါ်ပေါ်၊ အသားဖြူဖြူနှင့် နှုတ်ခမ်းလှလှနှင့်ဆိုတော့ မိန်းကလေးတွေ ကျလောက်သည့်ရုပ်မျိုး၊ ဒါတောင်ဒီလူက ချစ်သူနှင့်မတွဲဘဲ ဘာလို့အတွဲလာချောင်းရတာလဲ၊ စဉ်းစားလို့မဆုံးမီ ထိုလူရွယ်က -

"မင်း - နောက်စနေနေ့မှာ လာခဲ့ဦးကွာ၊ တို့အတူတူ လျှောက်လည်ကြမယ်၊ တခြားပန်းခြံတွေမှာလည်း ဒီလိုမျိုးချောင်းစရာတွေ ပြည့်လို့ပဲ၊ မင်းတောင် မော်လမြိုင် မပြန်နိုင်ဘူးဖြစ်သွားမယ်၊ လာမယ်မဟုတ်လား"

ကိုဝေမြင့်က စကားဆုံးတာနှင့် "ထင်ရှား" ခေါင်းဆတ်ခနဲ ညိတ်ပြီးသား ဖြစ်နေပြီ၊ တကယ်ဆိုလျှင် သူ ငြင်းလိုက်ဖို့ ကောင်းသည်၊ ဒါမျိုး ဝါသနာမပါဘူးဆိုတာမျိုး၊ ကျွန်တော် မအားဘူးဆိုတာမျိုး ....၊

ဘာရယ်မသိဘဲ သူ့စိတ်က နောက်တစ်ပတ်မှာ ကိုဝေမြင့်နှင့် တွေ့ချင်နေသေးသည်၊ ကိုဝေမြင့်က အနားမှ ဖြတ်လျှောက်သွားသော စုံတွဲများ



လိုက်ကြည့်နေသည်၊ တချို့လည်း ဣန္ဒြေရရ လက်ချင်းတွဲလို့၊ တချို့ကျတော့ ဣန္ဒြေမရရယ်မောရင်း ချုံအကွယ်မှ ထွက်လာကြသည်၊ သူတို့ဆံပင်တွေကလည်း ဖရိုဖရဲနှင့် လွင့်မျံဖွာကျဲလို့ ....၊

ကိုဝေမြင့်က သူ့ကို အလွန်ရင်းနှီးပြီးသားသူငယ်ချင်းအချင်းချင်း ပြောသည့်လေသံဖြင့် -

"ဟော့ - ဟိုမှာကြည့်စမ်း၊ ဟိုစုံတွဲက ငယ်ငယ်လေး ရှိသေးတယ်နော်၊ သူတို့က စနေနေ့တိုင်း ဒီပန်းခြံကို လာတယ်ဗျာ - အံ့ရော၊ မိဘတွေ ရင်ကျိုးလောက်ပါရဲ့"

"သူများကို မပြောနဲ့လေဗျာ၊ ခင်ဗျားရော စနေနေ့တိုင်းဒီကိုလာချောင်းတာပဲမဟုတ်လား၊ အလကား အလုပ်ပျက်တယ်"

"ငါက အဖော်မရှိသေးလို့ပါကွာ၊ ငါ့မှာ ချစ်သူလေးရှိရင် ဒီလိုဘယ်ချောင်းမလဲ၊ သူတို့လို စကားတပြောပြောနဲ့ လျှောက်လည်မှာပေါ့၊ အေးလေ အဲဒီတော့လည်း မင်းလိုချောင်းတဲ့ချာတိတ်မျိုးနဲ့ တွေ့ဦးမှာပေါ့ကွာ"

ရယ်ဟာဟာဖြင့် ပြောနေသော ကိုဝေမြင့်ကိုမကြည့်ဘဲ သူ ခေါင်းခါလိုက်သည်၊ မချောင်းချင်ပါဘူးဟု တိုးတိုးတိမ်တိမ်ပြောရင်း အဝေးသို့ ငေးနေမိသည်၊ မင်းရော ချစ်သူလှလှလေး မရှိဘူးလားဟု ကိုဝေမြင့်မေးတော့ သူ ထိတ်ခနဲ ဖြစ်မိ၏၊

"ဟင့်အင်း - မရှိပါဘူး၊ မော်လမြိုင်ရောက်မှ ရှာမယ်၊ ရန်ကုန်သူတွေကိုတော့ ကြောက်လွန်းလို့"

သူ့အပြောကို ကိုဝေမြင့်က သဘောတကျနှင့် တဟားဟားရယ်လျက် သူ့ပခုံးကို ဖက်လိုက်သည်၊ အလိုမကျစွာဖြင့် ထရပ်ရင်း ပြန်တော့မည်ဟု သူ ပြောတော့ ကိုဝေမြင့်ကလည်း ထရပ်သည်၊

"အေး - ပြန်ကြတာပဲ ကောင်းပါတယ်၊ မှောင်လာတော့မယ်၊ လက်ဖက်ရည်ဆိုင်မှာ ဗိုက်ဖြည့်တာပေါ့"

ပြောပြောဆိုဆို ကိုဝေမြင့်က သူ့လက်ကို လှမ်းဆွဲပြီး ရှေ့က လျှောက်သည်၊ ဒီတော့လည်းမရှည်ရှယ်ဘဲနှင့် ကိုဝေမြင့် အတူတူ လက်ဖက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ဖြစ်ကြပြန်ပြီ၊ တစ်ယောက်အကြောင်း တစ်ယောက်မသိဘဲနှင့် ဒီလူ့ကို သူ ဘာကြောင့်ယုံကြည်နေမှန်းမသိ။

ကိုဝေမြင့်ပြောသောရယ်မောစရာမပါသည့်စကားလုံးများကိုနားထောင်ရင်းမှ ရယ်မောပျော်ရွှင်နေမိ၏၊ အမှန်တော့ - ကိုဝေမြင့်ကို အထီးကျန်သူ တစ်ယောက်အဖြစ် စာနာစွာ ခင်မင်သွားခြင်းပါပဲ၊ ကိုဝေမြင့်တ သီချင်းသံကို စည်းချက်လိုက်နေရင်းမှ -

"မင်းနာမည်လည်း ပြောဦးလေကွာ၊ မင်းအိမ်အထိ ငါ လိုက်ပို့မယ်၊ တို့နှစ်ယောက် အဖော်ရတာပေါ့"

"အင်း - လိုက်ပို့လေ၊ ကျွန်တော်က လမ်းသုံးဆယ်က အဒေါ်အိမ်မှာ တည်းတာ၊ နာမည်ကတော့ "ထင်ရှား" တဲ့၊ ကျွန်တော်က သင်တန်းတစ်ခု လာတက်နေတာလေ၊ နောက်စနေနေ့မှာ တွေ့ကြုံဖို့ဆိုတာတောင် ကျွန်တော်တ နှစ်နာရီနောက်ပိုင်းမှ လာဖြစ်မှာနော်"

"အိုကေ - ကိုယ်လည်း နှစ်နာရီကျော်လောက်မှ လာခဲ့မယ်၊ "ထင်ရှား" ထက် ကိုယ်က အရင်စောရောက်နေမှာပါကွာ၊ ဒါမျိုး ချောင်းဖို့အလုပ်ဆို ကိုယ်က ဝီရိယကောင်းတယ်လေ - ဟဲ - ဟဲ"

ကိုမြင့်ဝေ၏ရှက်ရယ်ဟန်ကိုကြည့်ပြီး အထင်သေးရမလို၊ လှောင်ပြောင်ရမလို တွေးမိသည်၊ ဘွဲ့ရပညာတတ်ဖြစ်ပါလျက်နှင့် ဒီလိုအမှုအကျင့်မျိုးလုပ်တာ မရှက်ဘူးလား[illegible]မေးချင်ပေမယ့် မမေးဖြစ်ခဲ့၊

အခိကအကြောင်းရင်းမှာ အဖော်ကောင်းမရှိလို့ပဲဟု ကောက်ချက်ချမိသည်၊ ကိုဝေမြင့်အတွက် အဖော်ကောင်းတစ်ယောက်အဖြစ် သူ ရပ်တည်ချင်သည်၊

နှင်းမှုန်များအောက်မှာ အေးအေးလူလူလျှောက်ရင်း စကားတွေ ပြောဖြစ်သည်၊ ထင်ရှားကတော့ ပြောချင်စိတ်မရှိ၍ သိပ်မပြောဖြစ်၊ ကိုဝေမြင့်ကသာ သူရောက်ဖူးသောမြို့များအကြောင်း၊ သူသွားဖူးသောပန်းခြံများအကြောင်း၊ သူချောင်းခဲ့ဖူးသောစုံတွဲများအကြောင်းနှင့် သူ့ပညာ၊ သူ့အလုပ်တွေအကြောင်း စုံနေအောင်ပြောသည်၊





ကဲ - လာပါ - လာပါ။ ဒါက
ဘယ်ကမှာကကြွလာတာလဲဟင်။
သင်တန်းပြီးချိန်ကကြာလှပြီ။
ဘယ်တွေလျှောက်သွားမှန်းမသိဘူး။
သွားစရာရှိရင်ဒေါ်လေးလိုက်ပို့မယ်
ဆိုတာပြောထားသားနဲ့။ ထင်ရှားနော်..
လူပုံကိုကတိမ်လိုလို၊ တောင်လိုလိုနဲ့။
ငါရင်လေးလိုက်တာ - ထင်ရှားရယ်။
သင်တန်းမြန်မြန်ပြီးရင်မော်လမြိုင်ကို
မြန်မြန်ပြန်ပါတော့...။

လမ်းခွဲခါနီးတွင် နောက်တစ်ပတ်မှာ ဆုံဖို့ ထပ်ပြောဖြစ်သည်၊ ကိုဝေမြင့်ကို သူ တကယ်ခင်နေပြီမဟုတ်ပါလား၊

— ● —

အိမ်ရှေ့သို့ လှမ်းဝင်စဉ် အိမ်ထဲမှ ဒေါ်လေး၏ ခါးထောက်ကြိုနေသောဟန်ကို မြင်ရသည်၊

ရန်ကုန်သို့ ထင်ရှား သင်တန်းလာတက်ကတည်းက ဒေါ်လေး စိတ်ပူရခြင်းပါ၊ ရန်ကုန်မြို့တွင် မလည်မဝယ်နှင့် လျှောက်သွားနေမည့်ထင်ရှားကို ဒေါ်လေး စိတ်မချ၊ စောစောပြန်လာဖို့ အထပ်ထပ်မှာ ...၊ သူကလည်း အချိန်ကုန်မှရောက် ...၊ ဒေါ်လေးက ထိုင်စောင့်ပြီး ဆူပူကြိမ်းမောင်း ...၊ ဒေါ်လေး အတွက် သူက ဒုက္ခအိုးလေးပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com

"ကဲ – လာပါ – လာပါ။ ဒါက ဘယ်ကမ္ဘာကကြွလာတာလဲဟင်၊ သင်တန်းပြီးချိန်က ကြာလှပြီ။ ဘယ်တွေလျှောက်သွားမှန်းမသိဘူး။ သွားစရာရှိရင် ဒေါ်လေး လိုက်ပို့မယ်ဆိုတာ ပြောထားသားနဲ့၊ ထင်ရှားနော် – လူပုံကိုက တိမ်လိုလို၊ တောင်လိုလိုနဲ့၊ ငါရင်လေးလိုက်တာ – ထင်ရှားရယ်၊ သင်တန်းမြန်မြန်ပြီးရင် မော်လမြိုင်ကို မြန်မြန်ပြန်ပါတော့"

"အဟင်း – ဒေါ်လေးကလည်း စိတ်ပူနေပြန်ပါပြီ၊ ကျွန်တော်က တောင်ကြီးလို မတ်မတ်ခိုင်ခိုင်ကြီး မနေချင်ပါဘူး၊ တိမ်တွေလို လွတ်လပ်ပေါ့ပါးချင်တယ်၊ နေရာအနှံ့ လွင့်မျောနေချင်တယ်၊ ဒါမှ လောကသဘာဝကို သိနိုင်မှာပေါ့ – ဒေါ်လေးရဲ့"

ဒေါ်လေးက ပူပူပန်ပန်ပြောနေခြင်းကိုကြည့်ပြီး ထင်ရှားဘာသာ ရယ်ချင်နေသည်၊ ဒေါ်လေးကို ဖက်လှဲတကင်းလုပ်ရင်း စိတ်ဆိုးပြေအောင် ချော့နေမိသည်၊ ဒေါ်လေးက ပြုံးတုံ့တုံ့မျက်နှာထားဖြင့် –

"အံမယ် – တိမ်လို လွတ်လပ်ပေါ့ပါးချင်သလေး၊ ဘာလေးနဲ့ ကဗျာဆန်ဆန် မှတ်နေပြန်ပြီတော်၊ ကိုယ့်ကိုယ်ကိုယ် ဘာကောင်အောက်မေ့နေလဲ မသိဘူး"

ဒေါ်လေး ဆူပူသံမဆုံးမီ "ထင်ရှား" ကတော့ ရေချိုးခန်းထဲ ရောက်နေပြီ၊ ဆံပင်တိုတိုကို ကုတ်ဖွရယ်မောရင်း သီချင်းတစ်ပုဒ်ကို ခပ်ကျယ်ကျယ် အော်ဆိုလိုက်၏။

ရေချိုး၊ ထမင်းစားပြီးချိန်တွင် စာမဖတ်ဖြစ်တော့ဘဲ ခုတင်ပေါ် လှဲအိပ်လိုက်တော့သည်၊ ညအိပ်မပျော်မီ ကိုဝေမြင့်ကို သတိရမိသေးသည်၊ တော်တော်ချောတဲ့လူပဲဟု သူ့ဘာသာ မှတ်ချက်ချနေမိတော့သည်၊

— ● —

စနေနေ့
ကိုဝေမြင့်နှင့် အတူတူဆုံဖို့ ချိန်းထားသည့်နေ့၊
ထင်ရှား – ရင်တွေ ခုန်နေပြီ၊



ဒီနေ့မှာ သူ့ကိုယ်သူ ဂရုတစိုက် ပြင်ဆင်နေမိ၏၊ ဆံပင်တိုတိုကို ဖျံ၏ အမွေးလို ချောပြောင်နေအောင် ဆီမွှေးလိမ်းသည်၊ ဂျင်းဘောင်းဘီရှည်နှင့် ရှပ်အကျီအကွက်အသေးသေးကို ရွေးပြီး မီးပူအထပ်ထပ်တိုက်၊ ရေမွှေး ဆွတ် ...၊

ဒီလိုစတိုင်ကျကျနှင့်ဆိုလျှင် ကိုဝေမြင့် ဘာပြောမလဲ၊ သူ့ကို သပ်ရပ်ရည်မွန်၍ အလွန်ကြည့်ကောင်းသောလူငယ်အဖြစ် မြင်စေချင်သည်၊ ကိုဝေမြင့်၏ချီးမွမ်းစကားကို ကြားရလျှင် ဘယ်လိုတုံ့ပြန်ပြုံးပြရမလဲဆိုတာ မှန်ထဲကြည့်၍ လေ့ကျင့်လိုက်သေးသည်၊

ချိန်းထားသောပန်းခြံထဲရှိ ခုံတန်းလျားတွင် စတိုင်ကျကျထိုင်ရင် ကိုဝေမြင့်ကို မျှော်သည်၊ ထင်ရှားစိတ်ထဲ တွေးရင်းနှင့် ရှက်နေမိ၏၊ သူ ဘာကြောင့်ဝီရိယပိုပြီး အရင်ရောက်နှင့်နေတာလဲ၊ တကယ်ဆို – ကိုဝေမြင့် ရောက်ပြီးမှ သူရောက်ဖို့ ကောင်းတာပေါ့၊

မျှော်ရင်း၊ တွေးရင်း၊ မောနေစဉ် ခြေလှမ်းကျဲကျဲနှင့် သွက်သွက်လျှောက်လာသော ကိုဝေမြင့်ကို လှမ်းမြင်ရပြီ၊ ထင်ရှားရင်ထဲ ကျေနပ်စွာပြုံးနေသည်၊ ကိုဝေမြင့်ကလည်း ဒီနေ့မှ ပို၍ကြည့်ကောင်းအောင် ပြင်လာသလိုပါပဲ၊

"ကိုယ် – နောက်ကျသွားတယ် – ချာတိတ်ရာ၊ မင်းက ယောက်ျားဆိုတော့ စိတ်ကောက်မှာမဟုတ်ဘူးနော်"

ကိုဝေမြင့်စကားကြောင့် စိတ်ကောက်ဟန်ဆောင်မည့် "ထင်ရှား" ကိုယ်လေး တွန့်ခနဲ ဖြစ်သွားသည်၊ အဟဲဟု အရှက်ပြေပြောရင်း ခုံတန်းလျားပေါ်မှ ထလိုက်သည်၊ ကိုဝေမြင့်က သူ့ကို စေ့စေ့ကြည့်ရင်း –

"အမယ် – မင်းလေးက သားနားပါလား – ချာတိတ်ရ၊ ရေရေလည်လည် နိုတ်တယ်ကွာ၊ ကိုယ်တောင် ကျလာပြီ"

"အဟုတ် – လျှောက်လည်ဖို့ဆိုတော့ ဒီလိုပေါ့၊ ဒါမှ – မိန်းကလေးတွေ ငိုင်းကြည့်မှာလေ"

"အေးပါကွာ – မင်းကိုဝိုင်းကြည့်မှာသေချာပါတယ်၊ တို့တွေအတွဲအလိုင်ချောင်းဦးမယ်နော်၊ ပြီးမှ – လျှောက်လည်ကြတာပေါ့၊ လာ – သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုဝေမြင့်က စကားမဆုံးမီ "ထင်ရှား" လက်ကို ဆတ်ခနဲဆွဲ၍ ချုံထူထူများရှိရာသို့ ဦးဆောင်၍ လျှောက်သည်။ ခါးကိုညွတ်၍ ခြေသံဖွဖွဖြင့် ချုံများကြား တိုးဝင်ပြီး နစ်ယောက်သား ပူးကပ်၍ တစ်ဖက်မှ စုံတွဲကို ချောင်းသည်။

တစ်ခါတစ်ရံ ကိုဝေမြင့်က သူ့ပခုံးကို လှမ်းဖက်လိုက်၊ သူ့ဒူးပေါ် လက်တင်လိုက်နှင့် ကိုဝေမြင့် အရှေ့ကို မဲ၍ချောင်းနေပေမယ့် "ထင်ရှား" မှာတော့ အသက်ပင် မရှူမိ။

မြင်နေရသောမြင်ကွင်းကြောင့်လား၊ ကိုဝေမြင့်၏အထိအတွေ့ကြောင့်လား မသိ၊ ထင်ရှားစိတ်ကိုယ်လုံး ပူရှိန်း၍ ဒူးတွေ တုန်နေတော့သည်။ ကိုဝေမြင့်၏လက်ကို အသာဖယ်ချပြီး ချုံကွယ်မှ ခြေသံလုံလုံနှင့် ပြန်ထွက်ခဲ့သည်။

ရင်ထဲမှာ ပူတာရော၊ မောတာရော ပေါင်းပြီး ထင်ရှားတွင် ချွေးများဖြင့် စိုရွှဲနေပြီ။ ကိုဝေမြင့်ကိုစောင့်ရင်းလေနုအေးတိုက်ခတ်သောမြက်ခင်းတွင် ခြေပစ်လက်ပစ် ထိုင်ချထိုင်၏။ မျက်စိကိုမှိတ်ပြီး အသက်ဝဝရှူရင်း အမောဖြေနေစဉ် ကိုဝေမြင့်၏ခြေသံရှပ်ရှပ်ကို ကြားရသည်။

"ထင်ရှား - ဘာဖြစ်လို့လဲ - မကြည့်ချင်တော့ဘူးလား"

"မကြည့်ချင်တော့ပါဘူးဗျာ၊ နိုင်ငံခြားဗွီဒီယိုခွေလောက်နီးနီး အရှက်မဲ့ကြတယ်၊ ကျွန်တော်ဖြင့် မျက်စိတောင် ရှက်တယ်"

မျက်နှာပူပူနှင့် ပြောနေသော သူ့ကိုကြည့်၍ ကိုဝေမြင့် ရယ်တော့သည်။

"အဟား - ဟား - ဒါမျိုးပေါ့ကွ၊ ယိုသူမရှက်၊ မြင်သူရှ[illegible]တာ"

"မရယ်နဲ့ဗျာ၊ ကျွန်တော် တကယ်ရှက်တာ၊ ကိုဝေမြင့်လည်းမချောင်းနဲ့တော့၊ ကျွန်တော်နဲ့လိုက်ခဲ့၊ တစ်ခုခုစားပြီး လျှောက်လည်ရင်းပြန်ကြမယ်"

ပြောပြောဆိုဆို သူက ရှေ့မှဦးဆောင်၍လျှောက်လိုက်သည်။ သူ့နောက်မှ ကိုဝေမြင့်၏ ခြေသံရှပ်ရှပ်ကို ကြားရပေမယ့် ခါတိုင်းလိုမဟုတ်ဘဲ တုံ့တုံ့နှေးနှေးဖြစ်နေသလိုလိုပင်၊ သူ့ကိုနောက်မှနေ၍ စေ့စေ့စူးစူးကြည့်နေသလိုလိုပင်။

ထင်ရှားစိတ်ထဲ မလုံချင်၊ ခြေလှမ်းကို တုံ့ခနဲရပ်၍ ကိုဝေမြင့်ကို လှည့်ကြည့်လိုက်သည်နှင့် -



"ထင်ရှား - နေပါဦးကွာ၊ မင်းကို ငါ ပြောစရာရှိလို့ပါ"

ကိုဝေမြင့်က ထင်ရှား၏လက်ကို လှမ်းဆွဲပြီး တင်းတင်းဆုပ်ထားသည်။ ကိုဝေမြင့်အသံတွေ ပုံမှန်မဟုတ်ကြောင်း သူသိနေပြီ။ မှုမမှန်သောမျက်လုံးတွေက မောဟတွေ၊ ရာဂတွေ ရောပွမ်းနေကြောင်း သိသည်နှင့် လက်ကို တအားရုန်းထွက်ပြီး သူပြေးမလို ခြေလှမ်းပြင်လိုက်သည်။

ကိုဝေမြင့်က ထင်ရှားကို လွှတ်မပေးဘဲ ချုံထူထူအတွယ်သို့ ဆွဲခေါ်သည်။

"တို့နစ်ယောက် - ဒီနားမှာ ခဏထိုင်ရအောင်ကွာ၊ စကားပြောရအောင်ပါ"

"ဟင့်အင်းဗျာ - ကျွန်တော် ပြန်တော့မယ်၊ မှောင်ရီပျိုးနေပြီဗျ"

ကိုဝေမြင့်အသံက မောသံပါနေသလို၊ ထင်ရှားအသံကလည်း ကြောက်ရွံ့ထိတ်လန့်သံ ပါနေပြီ။ အသက်ရှူသံတွေပြင်းပြီး တစ်ခုခုအများအယွင်းလုပ်တော့မည့် ကိုဝေမြင့်၏မျက်လုံးများက စူးလက်တောက်ပြောင်နေသည်။

"ထင်ရှား - မင်းကို ငါ သိပ်ချစ်တယ်၊ မင်းကို ငါ တစ်ဝကြီး ချစ်ပြီးမှ ပြန်လွှတ်နိုင်မယ်၊ မင်း - ငါ့အလိုကို လိုက်ရမယ်"

"ဟာဗျာ - ယောကျ်ားချင်း ချစ်လို့ရမလားဗျ၊ ခင်ဗျား - ရူးနေပြီလား"

မာကြောပြတ်တောက်သည့် ကိုဝေမြင့်၏စကားကို မနာခံနိုင်ဘဲ ဇလုံဇထွေးနှင့် သူ ပြန်အော်လိုက်သည်။ ကိုဝေမြင့်က သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်၍ပင့်တင်ပြီး နှုတ်ခမ်းကို ငုံမိအောင် ကြိုးစားနေပြီ၊ နှုတ်မှလည်း -

"မင်းက ယောကျ်ားမဟုတ်ဘူး - ထင်ရှား၊ မင်း မိန်းကလေးဆိုတာ ငါ သိတယ်၊ မင်းကို ဘာမှမလုပ်ရဘဲနဲ့ ငါ ပြန်မလွှတ်နိုင်ဘူး - ထင်ရှား"

ကိုဝေမြင့်က ပြောလည်းပြောရင်းအတင်းဖက်တွယ်ရင်းနှင့် နမ်းရှိုက်နိုင်အောင် ကြိုးစားနေသည်၊ ရုန်းကန်ရင်းဖြင့် နစ်ဦးပင် ချုံကွယ်သို့ လဲပြိုကျသွားတော့သည်။

www.burmeseclassic.com

ထင်ရှားတစ်ကိုယ်လုံး ရှက်စိတ်ဖြင့် တုန်ရင်နေပြီး ကြောက်လွန်းလှစွာဖြင့် ငိုရှိုက်မိသည်။ ကိုဝေမြင့်က ကိုယ်လုံးကြီးဖြင့် ဖိနှိပ်ချုပ်ကိုင်ထားသောကြောင့် ထင်ရှားရင်ထဲ မွန်းကျပ်နေပြီ၊ ငိုသံပါဖြင့် ကြောက်လန့်စွာ အော်နေမိသည်။

"ဖယ်နော် - ခင်ဗျား မတရားမလုပ်နဲ့၊ ကျွန်တော် - ယောက်ျားဗျ"

"လုပ်မနေနဲ့ - ထင်ရှား၊ မင်း ဘယ်လိုပဲနေနေ မိန်းမဆိုတာ မိန်းမပဲ၊ ငါသိပြီးသား"

ပြောရင်း၊ ရုန်းကန်ရင်းနှင့် "ထင်ရှား" လက်က ဘောင်းဘီအိတ်ထဲမှ မားမြောင်လေးကို စမ်းမိသွားသည်၊ အမွှေအကြပ်ကိုင် အနိုင်ကျင့်နေသော ကိုဝေမြင့်၏လည်ကုတ်ကြားထဲသို့ မားမြောင်ကို အားစိုက်၍ ထိုးချလိုက်သည်၊

စူးစူးဝါးဝါး အော်သံတစ်ခု ထွက်ပေါ်လာပြီး ကိုဝေမြင့်၏ကိုယ်လုံးကြီး ဘေးသို့ ပြုတ်ကျသွားသည်၊ "ထင်ရှား" လည်း ချုံကွယ်ကြားမှ တအားပြေးထွက်ခဲ့တော့သည်၊

— ● —

မြို့နယ်ရဲစခန်းတွင် "ထင်ရှား" ကိုစစ်ဆေးနေသည်၊ အခင်းဖြစ်ပွားမှုကို ပြောပြရင်း "ထင်ရှား" ကတော့ တရှုံ့ရှုံ့ငိုရှိုက်ဆဲ၊ အကြောင်းစုံကို သိရပြီးသောအခါ စခန်းမှူးကြီးက ထင်ရှားကိုကြည့်၍ သက်ပြင်းချသည်၊

"အင်း - မင်းအဖြစ်အပျက်တွေကို မြုံ့ကြည့်ပြီး ကောက်ချက်ချရတော့ အထိန်းအကွပ်မဲ့ လွတ်လပ်ချင်တဲ့ဆန္ဒကြောင့် အန္တရာယ်နဲ့ကြုံရတာလို့ပြောရမှာပဲ၊ အခုတော့ - မင်းက လူသတ်တရားခံဖြစ်နေပြီ၊ ဦးတို့မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ ပြည်သူတွေရဲ့ လုံခြုံရေးအတွက်ရော၊ ဒုစရိုက်လုပ်ငန်းတွေ ပပျောက်အောင်ရော ကူညီဆောင်ရွက်ပေးနေရတာ မဟုတ်လား၊ မင်းကိုလည်း တရားဥပဒေအရ အရေးယူရတော့မှာပေါ့၊ ကဲ - ထင်ရှားလို့ခေါ်တဲ့ "မထင်ရှားမေ" မင်း ဘာပြောဖို့ ကျန်သေးလဲ"



စခန်းမှူးကြီးက အေးဆေးတည်ငြိမ်စွာဖြင့်ပြောပြီး ထင်ရှားကို မေးသည်၊ ထင်ရှားက ခေါင်းကိုငုံ့လျက် အထစ်ထစ် အငေါ့ငေါ့နှင့်၊

"ကျွန်တော့်ကို သူက - မတရား - မတရားလုပ်လို့ မားနဲ့ထိုး - ထိုးလိုက်မိတာပါ၊ ကျွန်တော် - ကျွန်တော် - သူ့ကိုသတ်ဖို့ မရည်ရွယ်ပါဘူး - ဦးရယ်"

"အေးပေါ့လေ - မင်းက မိန်းကလေးဆိုတော့ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့် ရှိပါတယ်၊ မင်း အမှုသက်သာအောင်တော့ ဦးတို့ ကူညီဆောင်ရွက်ပေးမှာပါ၊ ထင်ရှားမေကိုတော့ "ဦး" သတိပေးစကားပြောချင်သေးတယ်၊ မြန်မာမိန်းကလေးပီပီ သိမ်မွေ့ယဉ်ကျေးတဲ့အမူအကျင့်နဲ့ နေဝါလို့မှာချင်တယ်နော်၊ နေရာတကာမှာ ယောက်ျားလေးနဲ့ယှဉ်ပြီး လွတ်လပ်ချင်လို့မရဘူးဆိုတာ အမြဲသတိရှိစေချင်တယ်၊ အထိန်းအကွပ်မဲ့တဲ့လွတ်လပ်မှုတိုင်းမှာ အန္တရာယ်ရှိတာချည်းပါပဲ - ကလေးရယ်"

"ဟုတ်ကဲ့ပါ - ထင်ရှား - နောင်တရပါပြီ - ဦးရယ်၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပါ့မယ်"


စခန်းမှူးကြီးကို လေးစားစွာဖြင့် ကတိတွေ အထပ်ထပ်ပေးမိသည်၊ "ထင်ရှား" အနေနှင့် ဥပဒေ၏ အဆုံးအဖြတ်ကို ခံယူပြီးလျှင် စခန်းမှူးကြီး ဆုံးမလိုက်သည့်အတိုင်း သူ့ကိုယ်သူ ပြုပြင်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်၊ ပထမဆုံးအနေနှင့် သူ စွဲလမ်းနှစ်ခြိုက်စွာ ဝတ်ဆင်ခဲ့သော ယောက်ျားဝတ်ဘောင်းဘီရှည်နှင့် ပုဆိုးများ ....၊ ပြီးတော့ - သူ ကြိုးစားလေ့ကျင့်ခဲ့ရသော ယောက်ျားသဏ္ဌာန်နှင့် အမူအကျင့်များ ....၊

အို - အားလုံးကိုပဲ သူ ကျောခိုင်းတော့မည်၊

မိုးဝင်းမွန် (ဆာစည)

www.burmeseclassic.com

www.burmeseclassic.com



# ပြောမိုးကြိုး

စိုးလှသင်

ကွန်းမြကုန်း

အသက်ကိုရင်း၍
ဝမ်းစာရှာဖွေရသည့် ရေလုပ်သားတို့ဘဝ၊
ကြောက်မက်ဖွယ် သဘာဝအန္တရာယ်ကြီးနှင့်
ရင်ဆိုင်လာရသောအခါ ..

**ဒေးဒရဲ** ဘက်ဆီမှ တရွေ့ရွေ့တက်လာသော တိမ်တိုက်များကို မြင်သည်နှင့်ကျွန်တော်တို့ပိုက်သမားများသည် မိမိ၏ပိုက်များကို အမြန်ဆွဲတင်ကြပါသည်၊ ပိုက်တင်ပြီးသည်နှင့် နီးရာချောင်းထဲတွင် ဝင်၍ခိုအောင်းနေကြရပါသည်။ ကျွန်တော်တို့ငါးသလောက်ပိုက်များသည် ဒေးဒရဲဘုရားကြီးအပေါ်သို့ တိမ်တိုက်၊ တိမ်မည်းညို ထုထည်ကြီးမားစွာ ရောက်လာလျှင် အလွန်ကြောက်ကြပါသည်၊ အကြောင်းမှ "ဒေးဒရဲဘုရားကြီး မိုးအားကြီးဆိုး" ဟူသော ရှေးတံငါကြီးများ၏စကားကြောင့် ဖြစ်ပါသည်၊ မှန်လည်း မှန်ကန်ပါသည်၊

ဒေးဒရဲဘက်ဆီမှ ညိုမှိုင်းမည်းမှောင်တက်လာသော တိမ်များကိုမြင်၍ ဘေးကင်းရာကို ပြေးနိုင်ပါက ရောက်အောင်ပြေးရပါမည်၊ မပြေးပါက လှေမှောက်ပိုက်ပျောက်၊ နောက်ဆုံး လူပါအသက်ပျောက်တတ်သော လေပြင်းမုန်တိုင်းသည် ပါလာစမြဲဖြစ်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com

ငါးသလောက်ရာသီဦးဖြစ်သည့် ရေပြာရာသီကို ကျွန်တော်တို့ ငါးသလောက်ပိုက်သမားများအားထားရသောရာသီဖြစ်ပါသည်။ ကျွန်တော်တို့၏ဘိုးဘွားဘီဘင်များလက်ထက်မှစပြီး တိုးမြစ်ကြီးထဲဝယ် ငါးသလောက်ပိုက်ပစ်ရင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်မှာ ယခု ကျွန်တော်မှာလည်း တိုးမြစ်ထဲမှာ ငါးသလောက်ပိုက်ပစ်၍အသက်မွေးဝမ်းကျောင်းပြုနေရပါသည်။ ကျွန်တော်တို့၏ဘဝဝမ်းရေးကြီးကို မပူပင်ရအောင် အားကိုးအားထားပြုရသော တိုးမြစ်ပြင်ကြီးသည် ကျယ်လည်းကျယ်ပါသည်။ ဒေးဒရဲနှင့်အနီးပတ်ဝန်းကျင်ရွာများ ကွမ်းခြံကုန်းနှင့် အနီးပတ်ဝန်းကျင်ရွာများမှ ရွာသူရွာသားများသည် တိုးမြစ်ထဲ၌ ငါးသလောက်ပိုက် ပစ်၍ အသက်မွေးဝမ်းကျောင်းပြုခြင်း၊ ဘဝင်းပိတ်ခြင်း၊ လက်ထွန်ပစ်ခြင်း၊ ရင်တွန်းထိုးခြင်း၊ ပုစွန်ပိုက်များ ထောင်ခြင်း၊ အုန်းသီးစိတ်ခပ်ခြင်း၊ မက်ကွန်ပစ်ခြင်း၊ ငါးပုတ်သင်ပိုက်ပစ်ခြင်း စသည်ဖြင့် တံငါလုပ်ငန်းပေါင်း စုံလင်လှပါသည်။

ထို့ပြင် တိုးမြစ်ဘေးရှိ မြစ်ကမ်းပါးအနီးအနားမှ လယ်များမှာလည်း လွန်စွာအဖိုးတန်လှသော နုံးတင်မြေနုကြောင့် စပါးအထွက်ကောင်းခြင်း၊ လယ်ကွင်းထဲ၌လည်းမိုးကာလများ၌ ငါးပုစွန် ရှာဖွေရသည်မှာ များစွာရခြင်းတို့ကြောင့် တိုးမြစ်ကြီးသည် ကျေးဇူးကြီးလှပါသည်။

တိုးမြစ်ထဲ၌ကျွန်းကြီးကျွန်းသေးများစွာရှိပါသည်။ ကျွန်းများပေါ်၌အဖိုးတန်လှသော အုန်းပင်များ၊ ကွမ်းသီးပင်များ၊ ဓနိပင်များမှာလည်း အုံ့ဆိုင်းပြီးညို့နေပါသည်။ မြစ်ကမ်းပါးနှင့် ကျွန်းများ၏နှုတ်ခမ်းများတွင်လည်း လမုပင်များ၊ ကန့်ကလာပင်များ၊ ဖြူးပင်များ၊ သမဲ့ပင်များ၊ ဓလပ်ပင်များမှာလည်း ပြည့်ကျပ်နေသဖြင့် ဤမြစ်ပြင်ကြီးသည် နှစ်ရာပေါင်းများစွာက စီးဆင်းလာသောမြစ်ကြီး ဖြစ်ခဲ့ပါလိမ့်မည်။

ကျွန်တော်လည်း ပါးကောက်သော ချောင်းထဲတွင် မိုးဝင်ခိုနေလျက် ပလတ်စတစ်ကို ခြုံ၍ လှေပေါ်မှာ ကွေးရင်း တွေးနေပါသည်။ ကျွန်တော်တို့ ယခုနှစ် ပိုက်သမားများ ရေပြာရာသီကို အားထားရသည်မှာ အကြောင်းရှိပါသည်။ မနှစ်ကလည်း ငါးသလောက်သည် ဖြစ်ဖြစ်မြောက်မြောက် မတိုးခဲ့၊



တစ်နှစ်ကလည်း ငါးသလောက် မတိုးခဲ့ပါ။ တစ်နှစ်ကဆိုလျှင် ငါးများ အနာကျပါသည်။ ငါးရောဂါဖြစ်သည်ဟု အများက ပြောကြသဖြင့် ငါးဈေးမှာ အဆမတန် ထိုးကျခဲ့ပါသည်။

ရေပြာရာသီဟူသည်ကလည်း ကဆုန်၊ နယုန်လကို ရေပြာရာသီဟုခေါ်ပြီး သုံးနှစ်တစ်ကြိမ် အားနှင့်အင်နှင့် ငါးတိုးတတ်ပါသည်။ တော်သလင်းသီတင်းကျွတ်ကို "တော်ကျွတ်ရာသီ" ဟုခေါ်ပါသည်။ တိုးမြစ်ထဲမှာ ငါးအတိုးဆုံးလဖြစ်သလို ပင်လယ်ပြင်မှာလည်း အလွန်ငါးသလောက်တိုးသောလဖြစ်ပါသည်။ ငါးသလောက်တစ်ကောင် ငါးမူးဖြစ်တတ်သောလဖြစ်ပါသည်။ "တော်ကျွတ်"ပြီးနောက် "မော့ရေ" ဟုဆိုပါသည်။ နတ်တော်လကို "မော့ရေလ" ဟု ခေါ်ပါသည်။ ငါးသလောက်များ ပင်လယ်ရေတိမ်ပိုင်းနှင့် မြစ်ထဲတို့ ပြန်ဝင်လ[illegible]ဖြင့် ငါးဦးမော့သည်ကို "မော့ရေ" ဟုခေါ်ပါသည်။

မော့ရေပြီးလျှင်ပြာသိုလကွယ်မှာ ငါးတိုးပြန်ပါသည်။ ၎င်းလကို "ပြာသိုလမိုက် ငါးဦးစိုက်" ဟူ၍ ခေါ်ပါသည်။ နောက် တပေါင်းလပြည့်နေ့မှာလည်း ငါးသလောက် တိုးတတ်ပါသည်။ ယင်းသို့ ငါးသလောက်တိုးသည့်ရက်ကို "ပွဲတော်ရေ" ဟု ခေါ်ပါသည်။ နှစ်ပတ်လည်၏ နောက်ဆုံးရေ ဖြစ်ပါသည်။ ကျွန်တော်တို့ ငါးသလောက်သမားတွေအနေဖြင့် ငါးတိုးရက်၊ မြစ်တွင်းငါးကြော၊ ရေကြောတို့ကို အထူးနားလည်ရပါမည်။

ငါးသလောက်ပိုက်၊ လှေ၊ ရွက်၊ တက်အစုံရှိပြီး ရေရှိတိုင်း ငါးသလောက်ကို ပစ်၍မရပါ။ သူ့ရေလှည့်နှင့် အချိန်နှင့် ပုံမှန်တိုးတတ်သောကြောင့် ငါးကြောနှင့် ရေကြော နားလည်ရေးသည် ငါးသလောက် ပိုက်သမားအဖါအဝင် တံငါအားလုံးနားလည်ကြရမည်သာ ဖြစ်ပါသည်။

"ထွက်ကြပေ့ - ဘုရားကြီးမိုး၊ အားကြီးဆိုး - ပြီးသွားပြီ"

ကျွန်တော့်လှေဦးစီး မောင်ခွေးက သူ့အသံပြာကြီးဖြင့် အော်လိုက်ပါသည်။ ချောင်းထဲမှာ ဇိမ်ကျနေသော ပိုက်သမားများ ရွှစ်ရွှစ် ဖြစ်လာကြပါသည်။ ရေပြန်ကျရင်ရေရာပေးစပြုပါပြီ။ ကျွန်တော်က လှေကိုခပ်သွက်သွက်ကလေး လှော်ထွက်ပါသည်။ ဤအချိန်သည် ငါးသလောက်အများဆုံး

www.burmeseclassic.com

ရတတ်သော "ရေအောင့်ခံ"အချိန် ဖြစ်ပါသည်။ မိုးတွင်း အထက်ရေ အားကောင်းသဖြင့် အောက်ရေသည် မြစ်ကြောမှာ တိုးသာ တိုးရသည်၊ လေ့မလုန်ပါ။ ရေကျလုတည်းတည်း ရေစီးရန် အနည်းငယ် လိုချိန်လေးကို "ရေအောင့်ခံ" ဟူ၍ ပိုက်သမားများက ခေါ်စမှတ်ပြုကြပါသည်။

ကျွန်တော်က လှေကို အားစိုက်လှော်ရင်း မောင်ခွေးကလည်း သွက်လတ်စွာ ပိုက်များကို ချနေပါသည်။ တိုးမြစ်ကမ်းနဖူးမှာ မွေး၊ တိုးမြစ်ထဲမှာ ကြီးသည့်အတွက် ကျွန်တော်နှင့်မောင်ခွေးသည် အလွန်ခင်မင်သောသူငယ်ချင်းများ ဖြစ်ပါသည်။ သောက်ဖော်သောက်ဖက်များလည်း ဖြစ်ပါသည်။ ထိုမြစ်ကြောကို မောင်ခွေး ကျွမ်းကျင်သလို ကျွန်တော်လည်း ကျွမ်းပါသည်။ သို့သော် မောင်ခွေးက လှေ၊ ပိုက် စသည်တို့ကို အပိုင်ဝယ်မထား၊ သိမ်းရခက်သည်၊ ငွေအရင်းအနှီး မြှုပ်ရသည်ဟု ပြောပါသည်။ သူ၌လည်း ငွေများများစားစား မထားပါ။ ရှာဖွေရရှိသော ငါးရောင်းရငွေနှင့် အခြားဝင်ငွေကို ကွမ်းခြံတုန်း ငါးဒိုင်ပိုင်ရှင်၊ ငါးပွဲစားထံတွင် အပ်နှံထားပါသည်။ မောင်ခွေးသည် လုပ်ငန်းအတွက် ဘယ်သောအခါမှ မပူပင်ခဲ့ပါ။ ကျွန်တော့်တွင် ငါးသလောက်ပိုက်ပစ်ရန် ဦးစီးတစ်ယောက် အမြဲတမ်းလိုနေသည့်အတွက်ကြောင့် ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့်လည်း သူငယ်ချင်းဖြစ်သူ မောင်ခွေးနှင့်အတူ ပိုက်ပစ်ရသည်ကို ကျေနပ်ပါသည်။ ငါးသလောက် မရသည့်အခါဟူ၍ မရှိခဲ့ဘူးပါ။ ယခုပင်လျှင် "ရေအောင့်ခံ" မှာ ငါးသလောက်(၉)ကောင်ရခဲ့ပါသည်။ အနည်းဆုံး ခုနစ်ပိဿာခန့် ရှိပါမည်။ ကျွန်တော်နှင့် မောင်ခွေး ဝါးကောက်တောချောင်းပေါက်ဝကိုဖြတ်ပြီး ကွမ်းခြံကုန်းချောင်းထဲသို့ ဝင်ခဲ့ကြပါသည်။ ရေစကျနေပြီဖြစ်ငြားလည်း ရေစီးအား သိပ်မသန်ပါ။ ကမ်းနားရေပြန်လမ်းမှ ရေစုန်လိုက်ခဲ့ပါသည်။

မောင်ခွေးမှာ ကျွန်တော်နှင့် လုံးဝမတူသည့်အချက်မှာ ဖဲရိုက်ခြင်းကို အလွန်အမင်း ဝါသနာပါခြင်း ဖြစ်ပါသည်။ ပိန်တစ်ခါ၊ ဖောင်းတစ်လှည့်ဘဝဖြင့် မောင်ခွေးဘဝ အရောင်မပြောင်ခဲ့ပါ။ သို့သော် မောင်ခွေးက ဆင်ခြေပေးကောင်းပါသည်။ သူများလို လှေပိုက်မထားရတာ သိမ်းရခက်တာကတစ်



ကြောင်း၊ နေ့မြင် ညပျောက် အနတ္တလောကမို့ မထားကြောင်း ဆင်ခြေပေးပါသည်။ သူ့စကားကို ကြားရသော ကျွန်တော်တို့က သူ့အား ဖနောင့်နှင့် ပိုင်းပေါက်ကြပါသည်။

ကျွန်တော်တို့လှေသည် ကွမ်းခြံကုန်းဆိပ်ကမ်းရှိ ငါးဒိုင်ဆိပ်သို့ ကပ်လိုက်ပါသည်။ ငါးသလောက် (၉)ကောင်၏အလေးချိန်မှာ ခုနစ်ပိဿာနှင့်နှစ်ဆယ်သား၊ ဒိုင်ဖြတ်ဈေးသည် နှစ်ဆယ့်နှစ်ကျပ်။ ထို့ကြောင့် ကျွန်တော်သည် တစ်ရာငါးဆယ့်ရှစ်ကျပ်နှင့် လေးဆယ်ပြား ရလိုက်သည်။ မောင်ခွေးအား ဆယ့်ငါးကျပ် ပေးရပါသည်။ ငါး ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော်သည် မောင်ခွေးကို မနက်စာ ညစာ ကျွေးရပါသည်။ ပိုက်ဆင်းရက်တိုင်း တစ်နေ့ ဆယ့်ငါးကျပ် ပေးရပါသည်။ အကယ်၍ ငါးအရနည်းလျှင် မောင်ခွေး တစ်ဆယ်သာ ယူပါသည်။ အလွန်နည်းလျှင် လုံးဝမယူပါ။

သို့သော် မောင်ခွေးနှင့်ကျွန်တော် ပိုက်ပစ်လာသည်မှာ သုံးနှစ်နီးပါး ရှိပါပြီ။ ငါး လုံးဝမရဟူ၍ မရှိပါ။ အရနည်းသည့်အခါမှာလည်း အလွန်နည်းပါသည်။

မောင်ခွေးနှင့်ကျွန်တော်သည် အရက်ဆိုင်သို့ အရက်ဖြူနှစ်လုံး တတ်ဝယ်ပါသည်။ မောင်ခွေးကလည်း ဒိုင်ရှင်ထံမှာ သူ့အပ်ငွေအနက်မှ သုံးရာကျပ်ကို ထုတ်ခဲ့ပါသည်။ အိမ်သို့ရောက်သောအခါ အမေက ကြက်သားဟင်း ချက်ထားပြီးဖြစ်ပါသည်။ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် ရေမိုးချိုး၊ "စားလို့လည်းကောင်း၊ သောက်လို့လည်းကောင်း၊ တိုးမြစ်ရေစီးကြောင်းရှိနေသမျှ တို့တငါဘဝတွေ ဆူဖြိုးဦးမည်သာ" ရေရွတ်ရင်း မောင်ခွေးနှင့်ကျွန်တော် လူခွဲလိုက်ပါသည်။ ဖဲရိုက် အလွန်ဝါသနာပါသော မောင်ခွေးသည် မင်းပိုင်းရပ်ကွက် အသုဘတစ်ခုသို့ သွားမည်ဟု ကျွန်တော့်အား နှုတ်ဆက်သွားခဲ့ပါသည်။

အမေသည် ကျွန်တော်နှင့်မောင်ခွေး စားပြီးသောက်ပြီး ပွစာတိုးဖြစ်နေသောအမှိုက်များကို သိမ်းပြီး ပန်းကန်များကို ဆေးကြောနေပါသည်။ ကျွန်တော် အရက်သောက်လျှင် အမေသည် သိပ်မကြိုက်လှပါ။ နှုတ်မှ တွတ်တွတ်ပြောလေ့ ရှိပါသည်။



www.burmeseclassic.com

"ဒီမကောင်းတဲ့အရက်ကို သားတော့ နို့စို့ရှုဝလို သောက်နေရင် ငါ့ကိုယ်တျိုးနည်းတော့မှာပါပဲ"

"အို - အမေကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ တိုးမြစ်အကြောင်းအမေ သိတယ်မဟုတ်လား။ ငါးရေးကောင်းလေ၊ အရများအောင် အဘိုးတို့ ဆိုင်ရာပိုင်ရာတို့၊ ရွှေကရင်လေးမောင်နမတို့ဆိုတာ မြှောက်ရတာ ထုံးစံမဟုတ်လား - အမေရ"

"အေးလေ - ထုံးစံကိုတော့ အမေ ဘာပြောလို့လဲ။ ရှေးထုံးလည်း မပယ်ရဘူးဆိုတာ အမေ နားလည်ပါတယ် - သားရယ်၊ တိုးမြစ်ဘေးမှာ မင်းကို အမေ မွေးလာတာပဲ"

"အင်းလေ - အဲဒါဆို - အမေ ဘာပြောစရာလိုသလဲဗျာ။ အမေ့ဟာက အရက်ကို ကျွန်တော် သောက်မိတာနဲ့ အမေ တတွတ်တွတ်ပြောနေတော့ ကျွန်တော် အရက်အရှိန်တွေ ဘယ်ထွက်ပြေးကုန်မှန်းတောင် မသိတော့ဘူး"

အမေသည် ပန်းကန်များကို ကြောင်အိမ်ထဲ ထည့်ပြီးနောက် ကျွန်တော့် အိပ်ရာဘေးနားမှာ လာထိုင်ပါသည်၊ ရီဝေနေသော ကျွန်တော့်မျက်လုံးအစုံရှေ့မှာ အမေသည် အရွယ်ရှိပါလျက် လွန်စွာအိုမင်းရင့်ရော်နေပါသည်။ အမေ့ဆံပင်များသည် ဖွေးဖွေးလှုပ်နေပါသည်။ အမေ့ပါးရေများသည် အစင်းလိုက်တွန့်နေပါသည်။ အမေ့ရင်ဘတ်မှာ ပိန်ကပ်နေပါသည်၊ ကျွန်တော်၏အသက်မှာ (၂၁) နှစ်ဖြစ်သဖြင့် အမေ့အသက်မှာ (၄၀) သာ ရှိပါသေးသည်၊ အဖေဆုံးသွားသည်မှာ (၈) နှစ်ခန့် ရှိခဲ့ပါပြီ၊ သို့သော် အမေသည် တစ်ပင်လဲသဖြင့် တစ်ပင်မထူတော့ပါ၊ လင်ကို ချစ်၍ တမ်းတစိတ်နှင့် ပူဆွေးနေသောကြောင့် အမေ့သောကဗျာပါဒသည် အမေ့ဘဝကို အသက်ငယ်ငယ်ဖြင့် အိုဇာတာ ပြနေသည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော့်လုပ်စာနှင့် တင့်တောင့်တင့်တယ်နေနိုင်ပါလျက် ခပ်နွမ်းနွမ်းအဝတ်များကိုသာ ဝတ်ထားလေ့ ရှိပါသည်။ တိုးမြစ်ကမ်းဘေး ဝါးကောက်တောချောင်းဝမှာ ကျွန်တော်တို့ မနေတော့ဘဲ ကွမ်းခြံကုန်းမြို့ မြို့သစ်ရပ်



ကွက်ကို ပြောင်းလာခဲ့သည်မှာ (၅) နှစ်ခန့် ရှိပါပြီ၊ မနှစ်က အမေသည် ကျွန်တော့်လုပ်စာများမှ စုဆောင်းရငွေနှင့် သုံးပင်နှစ်ခန်း ပျဉ်ခင်း ဝါးထရံကာပြီး မိုးအိမ်တစ်လုံး ဆောက်ခဲ့ပါသည်၊ လေးထောင်ခန့် ကုန်ကျခဲ့ပါသည်၊

ကျွန်တော်က အမေ့နား ဟောင်းလောင်းအတွက် နားကပ် လုပ်ပေးပါသည်၊ အမေက မဝတ်ပါ၊ အကယ်၍ ကျွန်တော် အိမ်ထောင်ရက်သားများကျခဲ့လျှင် အိမ်ကောင်းကောင်းကလေးနဲ့ဆိုတော့ မျက်နှာမငယ်ရစေဘူးပေါ့ စသည်ဖြင့် အမေ့စေတနာစကားများကို ကျွန်တော် ကြားယောင်နေဆဲပါ၊



ထကြာသောအခါ ကျွန်တော်သည် လှေကို ပြန်လှော်ရန် သတိရ၍ ဆိုက်သည့်အခါ လှေဦးတွင် မောင်ခွေးမရှိတော့ပါ။ အနီးအနား ပိုက်သမားများလည်း စုဝေးရောက်လာကြပါသည်။ မကြာမီက ဆိုက်သော မိုးကြိုးသည် မောင်ခွေးကို တည့်တည့်မှန်သွားသည်ဟု ပိုက်သမားတစ်ယောက်က ပြောပါသည်။

www.burmeseclassic.com

"သားတလည်း စိတ်တိုရန်ကောကွယ်၊ မင်းအဖေ အသက်ငယ်ငယ်ကလေးနဲ့ အမေ့ကိုခွဲသွားတာ အဲဒီ့အရက် - သားရဲ့ - အဲဒီ့အရက်၊ ဒီတုန်းက အမေက ဦးက ပိုက်ချ၊ မင်းအဖေက ပဲ့က အရက်သောက်၊ အမေက အမြဲသတိပေးတယ်၊ ဒီတုန်းက မင်း (၄)နှစ်သားလောက် ရှိမယ်၊ လှေပေါ် မင်းအမြဲပါတယ်၊ တစ်ခါတလေ ကလေးကိုတောင် တိုက်သေးတယ်၊ အရက်ကို မသောက်ဖို့ အမေက တားတိုင်း အို - နှင်းစုကလည်း တံငါရေဆင်း အရက်တစ်ပုလင်းကွတဲ့၊ ရယ်လိုက်၊ သောက်လိုက်နဲ့ နောက်ဆုံး အရက်နောက်ကောက်ကောက်ပါလို့ အသက်ပျောက်ခဲ့ရတယ် - သားရယ်၊ ဥစ္စာကို ကံစောင့်တာကွယ့် - သားရဲ့၊ အသက်ကိုညာက်စောင့်တယ်လေ၊ အရက်တွေက အစပ်အဟပ်လည်း မဟုတ်၊ တောအရက်ဆို ပိုဆိုးသေး၊ အင်ဒရင်းနဲ့ စိမ်ရည် ဖောက်တာ ..."

အမေ့စကားသည် မေတ္တာ၏တန်ဖိုး အမြင့်ဆုံးစကားများသာတည်း။ ကျွန်တော် ခွန်းတုံ့မပြန်ဆိုခဲ့ပါ၊ အမောင်ရိပ်မှာလည်း သိပ်သည်းနက်မှောင်လာစပြုပြီဖြစ်သည့်အတွက် ကျွန်တော်သည် မျက်စိကို မှိတ်လိုက်ပါတော့သည်၊

ကျွန်တော် အိပ်ရာမှ နိုးသည့်အခါ မိုးအတော်လင်းနေပါပြီ၊ အမေသည်ပင် ဈေးက ပြန်လာခဲ့ပါသည်၊ ကျွန်တော့်ဘေးနားမှ မောင်ခွေးက နှစ်ခြိုက်စွာ အိပ်မောကျနေပါသည်၊ မနက်(၉)နာရီလောက် ကျွန်တော်တို့ ပိုက်ဆင်းကြရပါမည်၊ အိပ်ရာမှ နိုးပြီး ကျွန်တော်သည် ပိုက်များကို လှေထဲသို့ ထမ်းရပါသည်၊ ရေမှာ အတော်ကျနေပါပြီ၊ ကျွန်တော်နှင့် မောင်ခွေးအတွက် မနက်စာကို အိုးများနှင့် လှေထဲသို့ ယူကြရပါသည်၊ အဆာပြေအဖြစ် ထမင်းကြော်နှင့် ရေနွေး သောက်ပါသည်၊

ညတုန်းက အသုဘဖဲဝိုင်းမှာ မောင်ခွေး ငွေ(၄၀၀)ကျပ်လောက်နှင့် လက်စွပ်တစ်ကွင်း၊ ထရန်စစ္စတာ ရေဒီယိုအသေးလေးတစ်လုံးလည်း နိုင်လိုက်သည်ဟု သိရပါသည်၊ မောင်ခွေးသည် အိပ်ရာမှနိုးလာသည်၊ သူ့ဝဲဘက်လက်သူကြွယ်မှာ လက်စွပ်တစ်ကွင်း စွပ်ထားပါသည်၊ လှေထဲကို ဆင်းသည့်အခါ ရေဒီယိုကလေးကို စလွယ်သိုင်းထားပါသည်၊ တိုးမြစ်ထဲသို့ ပိုက်ဆင်းပစ်ရသော ကျွန်တော်တို့ ပိုက်သမားများတွင် အရေးအကြီးဆုံးပစ္စည်းများမှာ လက်နှိပ်မီး၊ ခဲသီးနှင့် လေးခွ၊ လုံ၊ ဓာတ်ငွေ့မီးခြစ်တို့ဖြစ်ပါသည်၊ တစ်ခါတစ်ရံ ဤသို့ရေဒီယိုကလေးများ ပါလာလျှင် မြစ်ပြင်မှာ ကျွန်တော်တို့လောက် စည်းစိမ်ရှိသူများသည် လောကတွင် ရှိမည်ပင် မထင်ခဲ့ပါ၊

မနေ့က ငါးအရကောင်းသော ပိုက်ချက်နေရာကိုပင် ကျွန်တော်တို့ ရွေး၍ပိုက်ချပါသည်၊ ရေမှာ စပြီးတက်စပြုနေသည့်အချိန်၌ မောင်ခွေး ရေဒီယိုမှ တေးသီချင်းသံများသည် သာယာလျက် မြစ်ပြင်အနီးပတ်ဝန်းကျင်မှာ လွှမ်းမိုးနေပါသည်၊ သို့သော် ဒေးဒရဲဘက်မှ တိမ်မည်းညိုကြီးသည် ထုထည်ကြီးမားစွာ တက်လာနေပါသည်၊ ကျွန်တော်တို့သည် ပိုက်ကို အားချင်း ဆွဲတင်နေကြရပါသည်၊ အခြားပိုက်သမားများလည်း ကျွန်တော်တို့ကဲ့သို့ပင် ပိုက်များကို တင်နေကြပါသည်၊

မိုးမည်းမှောင်သည် ပိုမို၍ တရွေ့ရွေ့ တက်လာသည့်အပြင် လျှပ်စစ်နွယ်ပန်းများကလည်း တဝုန်းဝုန်းဖြင့် ထစ်ချုန်းနေပါသည်၊ ကျွန်တော်နှင့် မောင်ခွေးသည် ပိုက်တင်ပြီးသောအခါ လှေကို ငါးကောက်တောချောင်းဘက်သို့ ဦးတည်လိုက်ပါသည်၊ မောင်ခွေး၏ ရေဒီယိုတေးသံကလေးသည် လှေ၏ဦးပိုင်းမှ ရှိုလွင်စွာ ထွက်ပေါ်နေပါသည်၊ ငါးကောက်တောချောင်းဝသို့ဝင်ရန် လှေပဲ့ကို ကျွန်တော်က ကွေ့လိုက်သည့်အခါ ကြောက်ခမန်းလိလိ မိုးခြိမ်းသံကြီးသည် မြည်ဟည်းပေါ်ထွက်လာကာ မိုးကြိုးပစ်ချပါတော့သည်၊ မိုးကြိုးပစ်သံနှင့်အတူ ကျွန်တော်နှင့်မောင်ခွေး ပတ်ဝန်းကျင်မှာ ရှုည့်ပြီး မီးခိုးမှာ သည်းမည်းမှောင်သွားပါသည်၊ ကျွန်တော်သည် ကြောက်လန့်ပြီး လှေဝမ်းထဲ မှောက်လိုက်မိပါသည်၊

ခဏကြာသောအခါ ကျွန်တော်သည် လှေကို ပြန်လှော်ရန် သတိရ၍ ထလိုက်သည့်အခါ လှေဦးတွင် မောင်ခွေး မရှိတော့ပါ၊ အနီးအနားက ပိုက်သမား





www.burmeseclassic.com

www.burmeseclassic.com

များလည်း စုဝေးရောက်လာကြပါသည်။ မကြာမီက ပစ်လိုက်သော မိုးကြိုးသည် မောင်ခွေးကို တည့်တည့်မှန်သွားသည်ဟု ပိုက်သမားတစ်ယောက်က ပြောပါသည်။ မှန်ကန်နိုင်ကြောင်း အခြားပိုက်သမားများကလည်း ထောက်ခံကြပါသည်။ မောင်ခွေးကို ပြန်တွေ့နိုင်ရေးအတွက် ကျွန်တော်တို့ ကြိုးစားရှာဖွေပါသည်။ မတွေ့ပါ။ ပိုက်သမားများလည်း စိတ်မကောင်းကြပါ။ ကျွန်တော့်မှာလည်း အဖြစ်အဆန်း ကြုံရသောကိစ္စအတွက် ယူကျုံးမရ ဖြစ်ခဲ့ရပါသည်။ တိုးမြစ်ထဲ၌လည်းကောင်း၊ တိုးမြစ်ကမ်းပါးပေါ်ရှိ လယ်ကွင်းများ၌လည်းကောင်း မကြာခဏ မိုးကြိုးပစ်တတ်သည်ဟူ၍ ကျွန်တော် ကြားဖူးပါသည်။ ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရသောအခါ ကျွန်တော်သည် ကြောက်လာပါသည်။ ကွမ်းခြံကုန်းရောက်လျှင်လည်း မောင်ခွေး၏အဒေါ်ကို ကျွန်တော် မည်သို့ပြောရမည်နည်း။ ကျွန်တော် ပြောပြသည့်အခါ မောင်ခွေး၏အဒေါ်က လက်ခံပါမည်လား၊ မောင်ခွေးတွင် အဖေမရှိ၊ သူ၌ အဒေါ်တစ်ယောက်သာ ရှိသည်။ သူ့အဒေါ်ကိုလည်း မောင်ခွေးက ငွေမအပ်ပါ၊ သူ့လုပ်ခငွေကို ခိုင်မှာသာ အပ်နှံပါသည်။ သူ့အဒေါ်ဆီ ပေးအပ်ထားပါက ရသမျှငွေ နတ်ပွဲများမှာ ကုန်ပစ်တတ်သောကြောင့်ဟူ၍ ဆိုပါသည်။

ကျွန်တော်သည် စိတ်မကောင်းစွာနှင့် လှေကို တစ်ချက်ချင်း လှော်ပြီး ကွမ်းခြံကုန်းချောင်းထဲ ဝင်ခဲ့ပါသည်။ မိုးသည် သဲသဲမဲမဲ ရွာချနေပါသည်။ မောင်ခွေးနှင့်ကျွန်တော် ယခုလို မိုးရွာသည့်အခါများတွင် ကမ်းဘေးတစ်နေရာရာကိုလှေကပ်ပြီးအရက်ဝယ်လေ့ရှိကြပါသည်၊ လူဖြစ်လာရသောကာလ သက်တမ်းတွင် ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်သည် တိုးမြစ်ထဲမှာ ကြီး၊ တိုးမြစ်ထဲမှာ ငါးရှာ၊ တိုးမြစ်ကြီးသည် ကျွန်တော်တို့ဘဝ ဝမ်းရေးကို ဖန်တီးပေးနေသော ကျေးဇူးကမ္ဘာကြီး ဖြစ်နေပါသည်။

သို့သော် တစ်ခါတစ်ရံ ဖန်တီးလိုက်သော တိုးမြစ်တွင်း ဒုက္ခဘုံကို လက်တွေ့တကယ် ကြုံရသောအခါ တိုးမြစ်ကြီးကို ကြည့်တောင် မကြည့်ချင်ဟူသော စကားရပ်သည် ကျွန်တော့်အတွက် မှန်ကန်ခဲ့ပါပြီ။ မောင်ခွေး အသက်ပျောက်ခဲ့ရပါသဖြင့် ကျွန်တော်သည် တိုးမြစ်ပြင်ထဲသို့ နောက်ထပ်ရောက်ရန် အကြောင်းမရှိနိုင်တော့ပါ။ ကျွန်တော့်ဘဝ ဝမ်းရေးသည် တိုးမြစ်နှင့် ဝေးပါပြီ။

လှေကိုဆိုက်၍ ပိုက်ကိုထမ်းပြီး အိမ်ပေါ် တက်လိုက်ပါသည်။ ကျွန်တော့်ရင်ထဲမှာ လေးသွားပါသည်။ အမေသည် မျက်ရည်သွယ်စီးလျက် ငိုညည်းနေပါသည်။ ကျွန်တော့်အိမ်ပေါ်မှ ဒုရဲအုပ်နှင့် ရဲတပ်သားနှစ်ဦးက တည်ငြိမ်သော မျက်နှာနှင့် ကျွန်တော့်အား ဆီးကြိုကာ ဒုရဲအုပ်ဖြစ်သူက –

“ချောင်းဝကင်းက လူကြုံနဲ့ အကြောင်းကြားလို့ ဖြစ်ရပ်ကိုတော့ – တို့ သိပြီးပါပြီ။ ဒါပေမဲ့ – ထုံးစံအတိုင်း စစ်ချက်အတွက် မင်း စခန်းကိုတော့ လိုက်ခဲ့ရမယ်၊ ဒေါ်ဒေါ်ခင်ဗျာ – မောင်မျိုးကို ကျွန်တော်တို့ ခေတ္တခေါ်သွားပါရစေ၊ စစ်ချက်ယူပြီးရင် ပြန်လွှတ်ပေးလိုက်ပါ့မယ်၊ ရပ်ကွက်ပြည်သူကောင်စီဝင် တွေလည်း ပါပါတယ်”

ကျွန်တော်သည် ဒုရဲအုပ်ခေါ်ရာကို လိုက်ခဲ့ပါသည်။ ကြောက်စိတ်များလည်း ဘယ်လွင့်စဉ်ကုန်မှန်း မသိပါ။ ဒုရဲအုပ်ဖြစ်သူက ကျွန်တော့်အတွက်ကို အမေဖြစ်သူက စိုးရိမ်[illegible]ည်စိုး၍ ပြေပြေလည်လည် ရှင်းပြခဲ့သည်ကိုပင် ကျွန်တော် ကျေနပ်လှပါသည်။

ရဲစခန်းသို့ ရောက်သောအခါ ထုံးစံအတိုင်း စစ်ချက်ယူပါသည်၊ ကျွန်တော်နှင့် မောင်ခွေးတို့၏ ရင်းနှီးမှု၊ မောင်ခွေးစရိုက်၊ မိုးကြိုးပစ်ချိန်၊ မောင်ခွေးမှာ ပါသွားသည့်ငွေ (၇၀၀)ကျပ်၊ ရေဒီယိုတစ်လုံး၊ လက်စွပ်တစ်ကွင်း ကျွန်တော် အမှန်အတိုင်း ထွက်ဆိုခဲ့ပါသည်။ စစ်ချက်ပြီး၍ အိမ်ပြန်ရန် ကျွန်တော်က ပြင်လိုက်စဉ်မှာပင် အူယားဖားယားနှင့် မောင်ခွေးအဒေါ် ဒေါ်လှ ရောက်လာပါသည်၊ ဒေါ်လှမှာ အသံသြောင်နာနာဖြင့် –

“စခန်းမှူးကြီးရယ် – ကျွန်မ ပြောစရာရှိလို့ ဒီကောင်လေးကိုပြန်မလွှတ်ပါနဲ့ဦးရှင်”

စခန်းမှူးက ဒေါ်လှ အမူအရာကို ရှုံ့ရှာစွာဖြင့်ကြည့်၍ –





www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောစရာရှိလို့လဲ"

စခန်းမှူးက ခပ်ပြတ်ပြတ်ပြောလိုက်သောအခါဒေါ်လှလန့်သွားပါသည်။ ကျွန်တော့်မှာလည်း စခန်းမှူး ရှေ့ခန်းထောင့်မှာ မတ်တတ်ရပ်၍ ဒေါ်လှ ဘာပြောမည်ကို နားထောင်နေမိပါသည်။

"ဒီလိုပါ - စခန်းမှူးကြီးရယ်၊ ကျွန်မ - မောင်ခွေးသတင်းကြားကြားချင်း သခင်မလေးကို သွားမေးပါတယ်၊ သခင်မလေးက မောင်ခွေးကို မိုးကြိုးပစ်တာ မဟုတ်ပါဘူး။ မောင်မျိုးက ဓားနဲ့ ခုတ်ချတာတဲ့၊ ခေါင်းနဲ့ကိုယ်တောင် တစ်စစီ ဖြစ်သွားပြီတဲ့။ သခင်မလေးက အဲဒီလိုဟောတော့ သခင်ကိုယ်တော်ကြီးကလည်း ဟုတ်တယ်တဲ့၊ ဒီတော့ ..."

ဒေါ်လှ စကားမဆုံးခင် စခန်းမှူးက ဒေါ်ပွလျက် -

"ဒီမှာ - ဒေါ်လှ - ဂါတ်စကားပြော၊ ခင်ဗျားနတ်စကား လာမပြောနဲ့၊ ကဲ ခင်ဗျား နတ်ဟောတာ မမှန်ရင် ခင်ဗျားတို့ကို ကျုပ် ဖမ်းချုပ်မယ်၊ ဘယ့်နှယ်လဲ"

ဒေါ်လှ လန့်သွားပါပြီး ရဲစခန်းမှ ခပ်သွက်သွက် ပြန်သွားခဲ့ပါသည်၊ ကျွန်တော်လည်း စခန်းမှူးအား လေးစားစွာ နှုတ်ဆက်၍ ပြန်ခဲ့ပါသည်၊

အိမ်ရောက်သောအခါအမေက ကျွန်တော့်အား ပြုံးရွှင်စွာကြိုဆိုပါသည်၊ အမေ့အပြုံးသည် မျက်ရည်များအကြားမှ ထိုးထွက်ခဲ့သောအပြုံးဖြစ်ပါသည်၊ ကျွန်တော်က ဘာမှစိုးရိမ်ရန် အကြောင်းမရှိ၊ အမှန်အတိုင်းဖြစ်လိမ့်မည်ဟု ၍သာ ပြောခဲ့ပါသည်၊

"ဒါပေမဲ့ - အမေရယ် - ဒေါ်လှက ရဲစခန်းကို လိုက်လာပြီး သခင်မလေး ဟောတယ်တဲ့၊ မောင်ခွေးကို ကျွန်တော်က ဓားနဲ့ခုတ်လို့ ကိုယ်နဲ့ခေါင်းတောင် ပြတ်ပြီး တခြားစီဖြစ်သွားတယ်တဲ့၊ အဲဒါ - သခင်ကိုယ်တော်ကြီးကလည်း ဟုတ်တယ်တဲ့ - အမေရယ်"

"အင်း - မလှလည်း နတ်စားလွန်းလို့ ရှိတဲ့အိမ်၊ ခြံ၊ စည်းစိမ်လည်း ပြုတ်ကုန်ပြီ၊ ခုထက်ထိ - ကိုယ်တော်ကြီး၊ သခင်မလေး လုပ်တုန်းပါလား၊ အင်း လေ - တရားသဖြင့်တော့ ဖြစ်ပါစေ"



အခင်းဖြစ်ပြီးတစ်ရက်ကျော်နေ့လယ်(၁၂)နာရီမှာမောင်ခွေးအလောင်းကို ကွမ်းခြံကုန်းချောင်း၀ ကမ်းဘေးလတာပြင်မှာ တွေ့ပါသည်၊ ပစ္စည်းများအားလုံး ပြန်ရပါသည်၊ မောင်ခွေးရင်ဘတ်ကြီးတစ်ခုလုံး အညိုအမည်းများဖြင့် မီးလောင်ကျွမ်းသလို ဖြစ်နေပါသည်၊ ကျွန်တော်သည် မောင်ခွေး အလောင်းကိုကြည့်ရင်း ကျယ်ဝန်းလှသော တိုးမြစ်ကြီးကို ကြည့်လိုက်မိပါသည်၊ တိုးမြစ်ရေအလျင်သည် ပင်လယ်ပြင်သို့ စီးဆင်းနေပါသည်၊

ထိုနေ့မှစ၍ ကျွန်တော်လည်း တိုးမြစ်တွင်း၌ ပိုက်ပစ်ရန် အလုပ်ကို စွန့်ခဲ့ပါပြီ၊

စိုးလှသင် (ကွမ်းခြံတုန်း)

စာပို့ရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



"**ဗြဟ္မာပြည်**မှာ တဝင်းဝင်း၊ ဝက်စားတွင်းမှာ တရှုပ်ရှုပ်" ဆိုသော စကားကို လူတိုင်းသိထားကြပေမည်။ သို့ရာတွင် လူတိုင်းသည် ထိုစကားကို ဆန်းစစ်ခြင်း၊ ကိုယ်တိုင်တွေ့ကြုံခြင်း ရှိမှရှိကြပေမည်။ လူတိုင်းထဲက လူတစ်ဦးမျှသာဖြစ်သော ထောင်မှူးကြီးရွှေမောင်လည်း ထိုစကားကို ဆန်းစစ်ခြင်း၊ တွေးတောခြင်း လုံးဝပြုခဲ့ဖူး ဒါပေသည့် - ပညာရှိဖြစ်ရန် ပါရမီပါလာသော ရွှေမောင်သကောင့်သားသည် ဗြဟ္မာပြည်တွင် တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ်ဟုပင် ခေါ်အပ်ခေါ်ထိုက်သော ဘီလူးများနှင့် ထောင်တွင်းတွင် များစွာကြုံခဲ့ရလေသည်။




www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းကြားဖူးသော လမ်းမတော်ဖိုးတုတ်ကို ရွှေမောင်သည် ထောင်တွင်း၌ ကိုယ်တွေ့ကြုံခဲ့ရသည်။ လမ်းမတော်ဖိုးတုတ်၏အကြောင်းကို သွေးသောက်မဂ္ဂဇင်းတွင် တစ်ကြိမ်က ရေးသားဖူးခဲ့ပေပြီ၊ အနီလမ်းမတော်မင်းတရားကြီးအကြောင်းကို ယခုတိုင် မမေ့ကြသေး။ ကလေးတစ်ဦး မိုက်တန်းတန်း ကိုပင် ချစ်စနိုးနှင့် ဖိုးတုတ်ဟုခေါ်ဝေါ်ခြင်းပြုနေကြရာ မြန်မာပြည်တွင် ဖိုးတုတ်ကဲ့သို့နာမည်ကြီးခဲ့သူ ယခုတိုင်မရှိသေးဟု ဆိုရမည်သာဖြစ်သည်။

လမ်းမတော်ဖိုးတုတ်၊ ဤမျှနာမည်ကြီးသူ စည်းစိမ်ရှင်ကြီးသည် ထောင်တွင်း၌ ဝေါ်ပြတ်သေသွားခဲ့လေသည်၊ သို့ဖြစ်လေရာ ဘဝဆိုသည်မှာ ရေပွက်ပမာသာရှိသည်။ မာနတရားတက်ရန်မရှိ။ လောဘကို လက်ကိုင်ထားရန်မကောင်း။ အိုနာ သေဘေးခရီးတွင် မည်ကဲ့သို့အဆုံးသတ်မည်မသိနိုင်သောဘဝတွင် ထင်တိုင်းကြဲနေကြ၍ ကောင်းပမလား....။

လမ်းကြုံ၍ဤဇာတ်လမ်းမျိုးကိုထောင်မှူးရွှေမောင်သည်ထောင်တွင်း၌ မကြာခဏကြုံတွေ့ရလေသည်၊ ဤကဲ့သို့ခဏခဏကြုံတွေ့နေရာ ရွှေမောင်ထောင်ပညာရှိသည် အတော်သံဝေဂ,ရနေပြီဟု ထင်စရာရှိ၏။ သို့ရာတွင် သူလည်း လူထဲကလူမို့ သံဝေဂလည်းမရ၊ ကြေးဝေဂလည်းမဖြစ်၊ မဖြစ်မယ့်သာဖြစ်တယ် – သူသည် ဤဇာတ်လမ်းမျိုးနှင့် နီဂုံးချုပ်ရမည့်သူတစ်ဦးကို တွေ့ရလေရာ လူအများ သံဝေဂ၊ ကြေးဝေဂ ရလိုရငြား တင်ပြလိုက်ပေသည်။

“ဟေ့ကောင်တွေ – မင်းတို့အိမ်သာနံလှချည့်လား။ ဝါဒါလုပ်သူကလည်း ဘာမှအပြောအဆိုမရှိ၊ မင်းတိုင်းကြေကိုးကွ။ ကဲ – စိန်ငွေး – အားလုံးကို ရုံးတင်ဗျာ”

ထောင်မှူးကြီးဦးရွှေမောင်သည် နံနက်တိုင်း ထောင်၏သန့်ရှင်းရေးကို စစ်ဆေးရ၏။ သူသည်သန့်ရှင်းရေး၊ လုံခြုံရေးများကို စစ်ဆေးပြီး သဘောမတွေ့သည့်နေရာတွင် လက်ညှိုးထိုး စီရင်သွားကာ ထောင်မှူးအား ရုံးတင်ပေးရန် ညွှန်ကြားခဲ့၏။



ထောင်အလုပ်တွင် မိလ္လာအိမ်ခေါ် အိမ်သာကိစ္စသည် အရေးကြီးသောနေရာက ပါလေသည်၊ ထောင်သာမဟုတ်၊ အပြင်ဘက် လူနေအိမ်များတွင်လည်း အိမ်သာသည် ပါးစပ်တွင်တင်၍ ပြောသင့်သောကိစ္စကောင်းပင်မဟုတ်သော်လည်း မည်မျှအရေးကြီးသည်ကို လူတိုင်းသိကြလေသည်။

မိတစ်ရာသား၊ မိတစ်ထောင်သားသုံးသော ထောင်တွင်းမိလ္လာမှာ ပြောစရာလိုမည်မထင်၊ စည်းကမ်းကလနားမရှိက ရောဂါတစ်ပုံတစ်ခေါင်း ရနိုင်လေသည်၊ သို့နှင့် ထောင်မှူးတစ်ဦး၏အလုပ်သည် မလွယ်လှ၊ ချေးက၊ သေးကစပြီး လိုက်ပြောရသောအလုပ် ဖြစ်လေသည်။

ထောင်တွင်း၌ မိလ္လာသိမ်းသောအလုပ်ကို ထောင်ဥပဒေ၌ ဇာတ်ရှိသောအကျဉ်းသားများအား မခိုင်းရဟု ဖော်ပြထားသည်၊ ဘယ့်ကလောက် ဇနောင့်နှဲ့ပေါက်ဖို့ကောင်းတဲ့ ဥပဒေလည်းလို့၊ အင်္ဂလိပ်ကြီး လုပ်ပစ်ခဲ့သည့်ဥပဒေ၊ ယခုထိ မပြင်သေးဘဲ ရှိနေသည်မှာလည်း ဒို့ဗမာများ ကုသိုလ်ဟုပင် ပြောရမည်ဖြစ်၏။

—☯—

ဇာတ်ဆိုသောစကားသည် ရုပ်သေးကို မဆို၊ ရုပ်ရှင်ကို မဆို။ ဇာတ်ကိုပင်ဆိုကြောင်း သေသေချာချာမှတ်ကြပါကုန်။

သို့ဖြစ်ရာ ဇာတ်ရှိသောသူများသည် အဘယ်နည်း။ ကုလား၊ တရုတ်၊ အင်္ဂလိပ် သူတို့အားလုံးကိုဆိုရမည်၊ ဆိုထိုက်သည်၊ မဆိုသူသည် ဉာဏ်မရှိ။ ဇာတ်မရှိသူမှာ ကိုရွှေဗမာသာ ဖြစ်သည်ဟု ထောင်ဥပဒေက မလိမ့်တစ်ပတ်လုပ်နေလေသည်၊ ဟုတ်လည်း ဟုတ်ပါသည်၊ မွတ်ဆလင်ကုလားသည် ဗမာနှင့်အတူတူမစား။ ဘာဖြစ်လို့၊ ဇာတ်ရှိလို့၊ ဟိန္ဒူသည် ဗမာနှင့်အတူမစား၊ ဘာကြောင့်၊ ဇာတ်ရှိလို့၊ တရုတ်သည် ဗမာနှင့်စားခြင်းကို အလိုမရှိ၊ အဘယ့်ကြောင့်နည်း၊ ငါးပိမစားလို့၊ ဟုတ်ပြီ။

www.burmeseclassic.com

ကဲ - ဒို့ဗမာသာကီဝင်တွေရော - ဘယ့်နယ်လဲ - ဟဲ - ဟဲ၊ ဘယ်သူနဲ့ဖြစ်ဖြစ် အားလုံးကို တုတ်ပါသည်၊ တစ်ခုမကျန် တုတ်ပါသည်၊ ဒါကြောင့် သူ့မှာဇာတ်မရှိ၊ ကုလားချက်ချက်၊ တရုတ်ချက်ချက် အားလုံးကိုမရွံ့မရှာစားသူဖြစ်သည်၊ ဗမာထီးလည်း ဒီလို၊ ဗမာမလည်း ဤနည်း၊ ယင်းဗမာထီးတို့၊ ဗမာမတို့ကောင်းမှုကြောင့်ထောင်တွင်း၌ဇာတ်မရှိသောဗမာတို့သည်မိလ္လာကျုံးရန်ပါရမီခံရသွားလေသတည်း။

သို့နှင့် ထောင်တွင်းမိလ္လာဟူသည် ဒို့ဗမာသာ ကျုံးရသော ဘုန်းနှင့်ကံနှင့် အလုပ်ဖြစ်လာလေသည်၊

— ☯ —

ဒို့ဗမာထောင်မှူးကြီး ရွှေမောင်သည်မိလ္လာကောင်းကောင်းမကျုံးတတ်သော ဒို့ဗမာအကျဉ်းသားများကို ခေါ်၍ခေါ်၍ဆဲလေသည်၊ အပြစ်ကောင်းတောင်းရှာလေသည်၊ ယနေ့ - မိလ္လာနှင့်ပတ်သက်၍အမှုဖမ်းလာချေပြန်ပြီ၊ တကယ့်အရာရှိကြီး၊

" ကဲ - ဆိုစမ်း၊ ငါလာတာ ရှစ်နာရီထိုးပြီ၊ မင်းတို့အိမ်သာနံ့လို့စော်လို့ပါလား၊ ဘာလုပ်နေကြသလဲ၊ မိလ္လာအလုပ်ဟာ ဘယ်လောက်သက်သာသလဲ၊ ငါက မင်းတို့ကိုသနားလို့ ချေးကျုံးပါစေဆိုပြီး အလုပ်ချထားတာ၊ မင်းတို့လူပါးဝလာကြသလား" ဦးရွှေမောင်ထောင်မှူးကြီးသည်ချေးတရားကို ဤကဲ့သို့ စ,ကိုင်လေသည်၊

အကျဉ်းသားများသည် မျက်လုံးလေးကလယ်ကလယ်နှင့် ဖြစ်ကုန်ကြ၏၊

" ဟေ့ - ဒီဘက်က အစိုးရလခကို စားတဲ့ဝါဒါ၊ မင်းပြောပါဦး မင်းအလုပ်က မှတ်တတ်၊ မတ်တတ် သွားနေရတဲ့အလုပ်လား၊ ဘာမှမပြောတော့ဘူးလား၊ ဟေ့ - အမှန်းမခံချင် ဘုန်းကြီးသွားလုပ်ကွာ၊ အစိုးရအလုပ်ကို မလုပ်နဲ့ ..."



ထောင်မှူးကြီးက ဝါဒါသူတော်ကောင်းလေးအား ဆီးဟောက်ပြန်သည်၊ သူ၏မျက်လုံးလည်း ကလယ်ကလယ်၊

" မဟုတ် - မဟုတ်ပါဘူး - ဆရာ၊ ကျွန်တော်တို့ ကောင်းကောင်းလုပ်ပါတယ်၊ ဒီဘက်အိမ်သာကို ကျုံးရမှာက ဘိုးပြုန့်ကြီးပါ၊ ကျွန်တော်တို့အိမ်သာက ရေတောင်ဆေးပြီးပါပြီ၊ မယုံ ဆရာကြီးဝင်ကြည့်ပါ"

" ဘယ်မလဲ - မင်းအဘ - ဘိုးပြုန့်သေနာကြီး - ဘယ်သွားသလဲ သွားခေါ်စမ်း"

ဝတ္တရားကျသူ ထောင်ဝါဒါသည် ဖင်ကို ပိတ်ပြေးရှာလေသည်၊

ထောင်အလုပ်သည် မိတစ်ရာ မိတစ်ထောင်သားအလုပ်ဖြစ်၍ သာယာညင်းပျောင်းနှင့်ချည်းမဖြစ်၊ တစ်ခါတစ်ခါ လူဆိုးကြီးလုပ်မှ တကယ့်ဆိုးခေများက လူထင်ကြလေသည်၊ သို့မဟုတ်က အုတ်ရိုးလေးဇက်အတွင်း အသက်နှင့်သတ္တဝါများတို့သည် ခုန်၍ခုန်၍ထွက်သွားကြမည်မဟုတ်ပါလား။

ထောင်ကျနေသူသည် ပိုက်ဆံရလို့ ကျတာမဟုတ်တော့ မည်သူသည် တိုယ့်ထမင်းကိုယ်စား၊ ယော[illegible]မန္တားကို အလကားကျောင်းပါအုံ့နည်း၊ သို့နှင့် ထောင်ပညာရှိ ရွှေမောင်က ထောင်ကျနေသည့်အကျဉ်းသားကို လခပေးရကောင်းမည်လားဟု အမြဲတွေးနေတော့လည်း တကယ်ပါပဲ၊

ထောင်ပညာရှိ ကိုရွှေမောင်၏အတွေးသည် ဤသို့ရှိ၏၊ အကျဉ်းသားသည်အပြစ်ရှိ၍ ထောင်ကျသည်၊ မှန်၏၊ ထားတော့၊ သူထောင်ကျ၍ ထောင်တွင်း၌ သေအောင်လုပ်ရရှာသည်၊ ထောင်သက်မကုန်မချင်း တစ်လုပ်တည်းလုပ်နေရှာသည်၊ ထောင်မှ လွတ်သွားသောအခါ တစ်ပြားမှ ငွေမရ၊ ထောင်က လမ်းစရိတ်ပေးလိုက်သည်ကလည်း မဝရေစာ၊ အိမ်ကိုမရောက်ခင် လမ်းတင်ကုန်၊ အိမ်သို့ပြန်ရောက်တော့ သားမယား၊ သားသမီးတွေက ငေးနေ၊ ဘယ်ဘုရားလောင်းသည် သားသမီးငတ်နေ၍ မနိုးဘဲ၊ မတိုက်ဘဲ နေပါမည်



www.burmeseclassic.com

www.burmeseclassic.com

နည်း၊ လောကတွင် ရိုးသားပါသည်ဆိုသောသူကို ရွှေမောင် မယုံပေ၊ ရှိကောင်းရှိပေမည်၊ လူကောင်းတော့ ဟုတ်မည်မဟုတ်၊ အရူးဖြစ်ချင်ဖြစ်မည်၊

ပိုက်ဆံရှိသောသူက ကျွန်တော်တို့ ရိုးပါသည်ဟု ပြောနိုင်ကြသည်၊ ဟုတ်ပါသည်၊ စားစရာရှိမှကိုး၊ ကိုယ့်လူကို အငတ်ထားကြည့်ပါလား၊ သူ့ကလေး၊ သူ့မယားတို့ကိုအငတ်ထားကြည့်ပါလား၊ ဒီဘုရားတကာအငတ်နေမလား၊ လုစားမလား၊ သို့ဖြစ်ရာ - ဘုရား၊ ရဟန္တာ မဟုတ်သရွေ့တော့



ထောင်ကျသည်ဆိုခြင်းမှာအလွန်ကသိလ်ဆိုးသောအလုပ်ဖြစ်လေသည်။ စားချင်တာမစားရ၊ နေချင်သလိုမနေရ၊ ဝတ်ချင်တာလည်းမဝတ်ရ၊ အလုပ်မလုပ်ချင်လည်းမနေရ။ ကိုယ့်ကိုယ်နှင့်သူများစိတ်ဖြစ်နေရလေသည်။ အဆိုးဆုံးမှာမကျန်းရေး၊ မမာရေးပင်ဖြစ်သည်။



ကျွန်တော်၊ ကျွန်တော်မတို့ရိုးလှပါတယ်ပြော၊ ရွှေမောင်ပညာရှိက မယုံသေးအထဲကား

ယင်းသို့သဘောရှိသောသူသည် အကျဉ်းသားထောင်ထွက် မားပြတိုက်သည်ကို အပြစ်မဆိုလို၊ လူတစ်ဦးမကောင်း၍ထောင်ကျပါပြီထား၊ သူမကောင်းတာနဲ့ သူ့သား သူ့မယားတို့ကိုပါ အပြစ်ပေးသင့်ပါသလား၊ ထောင်ချပြီးပိုက်ဆံမပေးသောနည်းမှာသွယ်ဝိုက်သောနည်းနှင့်သားမယားများကိုပါ အပြစ်ပေးသည်နှင့်တူလှပေသည်ဟု ရွှေမောင်ယူဆသည်၊ သို့နှင့် အကျဉ်းသားတစ်ဦး၏လုပ်အားကို အစိုးရက အမြတ်မထုတ်မူ၍ သူ့အား သူ့အင်နှင့်လုပ်၍ရသည့်အထဲက ထိုက်သင့်သောဆုတော်၊ လာဘ်တော်ကို ခွဲဝေပေးလိုက်ပါက အလုပ်တွင်လည်း စိတ်ပါပြီး လွတ်သွားသောအခါသူ့သားမယားနှင့် တည်တည်တန့်တန့်လုပ်စားလိုသောစိတ် ပေါ်မည်မဟုတ်ပါလား၊ ဒါမှ ဒီလူတွေထောင်နှင့်ဝေးမှာပေါ့ဟု ရွှေမောင်ကဆိုလေသည်၊ ဟော - အခုတော့ အဲဒီစနစ်မရှိလို့သူ့မှာ မလုပ်ချင်သောသူကိုအတင်းခိုင်းနေရ၍ငရဲအုလည်းကြီးလှပေပြီ၊ ထောင်မှူးတစ်သက် လုပ်တာ သားရှင်ပြုလို့မှ နတ်ပြည်တွင် နတ်သမီးလှလှလေးတွေနှင့် တွေ့ရပ်မလားဟု သူသည် အမှန်စိတ်ပူနေရှာ၏။

သူဖမ်းဆီးလာခဲ့သော ထောင်တွင်းအမှုကြီးကို ဆက်စစ်နေရပြန်ပြီ။

"ဘယ်မလဲကွ - ဘိုးပြန့် - မင်းအဘ" ပြန်လာသည့်ထောင်ဝါဒါကို လှမ်းအော်လိုက်သည်၊

"ဆရာကြီး - ဘိုးပြန့် - လဲနေတယ် - မထနိုင်ဘူး"

"ဘာဖြုလို့လဲ - မိုးကြိုးပစ်လို့လား"

"မဟုတ်ပါဘူး - ဆရာကြီး၊ ငှက်ဖျားတက်နေတယ်လို့ပြောတယ်"

"ကဲ - ငှက်ဖျားတက်တဲ့လူကိုထား - မင်းတို့က ဒီအဖိုးကြီးနေရာမှာ သွားလုပ်လိုက်ရင် မိုးကြိုးမပစ်ပါဘူးကွာ"

www.burmeseclassic.com

"လုပ်မလို့ပဲ – ဆရာကြီး၊ ဒီနေ့ – အိပ်ထောင်ပေါ်က ချရတဲ့ သေးအိုးက စဉ့်အိုးနဲ့ ဆယ်လုံးအပြည့်ပဲ၊ ဆိုင်းကြိုးပြတ်သွားလို့ အိုးတစ်လုံးကွဲတာ တစ်ကိုယ်လုံး သေးတွေစိုကုန်လို့ ရေချိုးနေကြတယ်၊ ဒီလူတွေ ဘယ်လို ပေါက်မှန်းမသိဘူး၊ အိုးတွေဆို ပြည့်လျှံနေတာပဲ"

အင်း – ရွှေမောင်၏ထောင်အလုပ်သည် သေးပေါက်သူများကိုပင် အပြစ်ရှာရမတတ်အလုပ်ပါလား။

"ကဲ – ကဲ – သွားကြ၊ နောင်ဆို – တစ်ယောက်နေမကောင်းတစ်ယောက် က လုပ်ရတယ်၊ ဒါမှ – ကိုယ့်အလှည့်ကျရင် သူများလုပ်ပေးမှာပေါ့"

"ကောင်းပါပြီ – ဆရာကြီး – စိတ်ချပါ"

"အေး – စိတ်မချရရင်လဲ တိုက်ထဲကို ရိုက်သွင်းမယ်ကွ"

ထောင်မြင်ညာရှိသူ့ထမိန်ဦးရွှေမောင်သည် ဤကဲ့သို့ ရှုပ်သာစွာ အလုပ် လုပ်နိုင်းပြီးနောက် အလုပ်တစ်ခု ပေါ်လာ၍ ကြီးစွာသောဏ္ဍန္တန့်နှင့် ထောင် ထဲသို့ ဝင်ရပြန်လေသည်။

မြင်ညာရှိကြီး ထောင်တွင်းသို့ ဝင်ခြင်းမှာ သူနှင့် ဘာဆွေမျိုးမှမတော် သော မိလ္လာအကျဉ်းသား ဘိုးပြန့်ခေါ် အကျဉ်းသားကြီး နေမကောင်း၍ သတင်းမေးရန်ဖြစ်သည်။

အကျဉ်းသားနင်းပြားများသည် ထောင်မှူးထောင်ပိုင်များကို များစွာ ကြောက်ကြရသည်၊ သို့ရာတွင် နိုင်ငံရေးတစ်ပိုင်း၊ သူခိုးတစ်ပိုင်း၊ ရဲဘော်တစ်ပိုင်း၊ အကျဉ်းသားများကိုမူ ထောင်မှူးထောင်ပိုင်တို့ ကြောက်ရ သောခေတ်သို့ ရောက်လာပြန်သည်၊ သို့နှင့်ခေတ်သည် အတည်တကျမရှိ၊ လင်ငယ်နေတတ်သည့်မိန်းမကဲ့သို့ ခဏခဏဖောက်ပြန်သဖြင့် ခေတ်ကိုပင် ထိုင်ကြည့်ရဘနန်းဖြစ်နေသည်မဟုတ်ပါလား။



အကျဉ်းသားနင်းပြားများတို့သည် ထမင်းဝလျှင်လည်း မပြောဝံ့၊ နေမကောင်းလျှင်လည်း မတိုင်ဝံ့၊ သို့ဖြစ်ရာ ဘဝ၏နောက်ဆုံးပိတ်တွင် ရှိနေ ကြသော ထိုသူတို့အား တစ်စုံတစ်ဦးသောသူက စောင့်ရှောက်ပါမှ ထောင် သက်ရှည်မည်မဟုတ်ပါလား။

— ☯ —

ထောင်မှူးကြီးရွှေမောင်သည် ကြီးစွာသောစေတနာနှင့် ဘိုးပြန့် ထောင်သက်ရှည်စေရန် ဘိုးပြန့်ကို လိုက်ရှာလေသည်။

ဘိုးပြန့်သည် အသက်ခြောက်ဆယ်ကျော်ပေပြီ၊ သွားတစ်ချောင်း တလေသာ နမူနာအဖြစ် ကျန်တော့သည်၊ သူသည် အိပ်ထောင်တစ်ခု၏ ထောင့်တွင် ဂုန်နီထည်ကလေးကိုခင်းပြီး ဒူးနှင့်မေးစေ့ ထိလုဘနန်း ကွေးနေ သည်ကိုမြင်ရ၏၊ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်နေရှာလေသည်။

"ဦးပြန့် – ဘာဖြစ်သလဲ"

"ငှက်ဖျားထင်တာပါပဲ"

"ဖျားရင် ဒီလိုနေလို့ဖြစ်မလဲဗျ၊ လာပါ – ဆေးရုံကို ပို့ပေးမယ်" ဘိုးပြန့် သည် တုန်တုန်ရီရီနှင့် အသာလေး ထလိုက်ရှာလေသည်။

ထောင်ကျသည်ဆိုခြင်းမှာ အလွန်ကသိလ်ဆိုးသောအလုပ် ဖြစ်လေ သည်၊ စားချင်တာ မစားရ၊ နေချင်သလို မနေရ၊ ဝတ်ချင်တာလည်း မဝတ်ရ၊ အလုပ်မလုပ်ချင်လည်း မနေရ၊ ကိုယ့်ကိုယ်နှင့် သူများစိတ် ဖြစ်နေရလေ သည်၊ အဆိုးဆုံးမှာ မကျန်းရေး၊ မမာရေးပင်ဖြစ်သည်၊ ဘယ်ဆွေမျိုးမှ လာ ကြည့်နိုင်၊ ကောင်းသောအမှုထမ်း၊ အရာထမ်းနှင့်တွေ့ပါမှ ဥပဒေက တရား သဖြင့် ပေးထားသောအခွင့်အရေးကို ရပေမည်၊ သို့မဟုတ်က တကယ် နေမကောင်းသည်ထား၊ ညာသည့်၊ ဝါသည့်တင်ပြီးအပြောအဆို၊ အငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

အမောင်း ခံရပြန်သည်။ ထောင်ကျသည့်ဆင်းရဲမျိုးသည် ဘယ်ဆင်းရဲခြင်းမျိုးနှင့်မှ မတူပါလေ။

ထောင်မှူး ထောင်ပိုင်တို့၏ ဝတ္တရားမှာ အလွန်ကျယ်ပြန့်၏။ အကျဉ်းသားများမှာ သူတို့၏သားသမီးများပင်ဖြစ်သည်။ မကောင်းသူကို ဆုံးမ၊ ကောင်းသူကိုစောင့်ရှောက်၊ သားဆိုးသမီးဆိုးကိုအမြွေပြတ်ကြေညာရမည်။ ထောင်မှူးထောင်ပိုင်တို့က အကျဉ်းသားဆိုးကို လွှင့်ပစ်၍မဖြစ်။ အုတ်ထရံလေးဖက်တွင် ရှိနေက သူ့တာဝန်သာဖြစ်သည်။

ဘိုးပြန့်သည် ရွှေမောင်မရောက်မီကပင် မီးလွှာသိမ်းရသောအလုပ်တွင် လုပ်နေလေသည်။ အပြင်လူတစ်ဦးက ဤမျှအသက်ကြီးသူကို မီးလွှာကျုံးနိုင်းရပါမည်လားဟု ထောင်မှူးထောင်ပိုင်ကို ဆဲကောင်းဆဲကြပေမည်။ သို့ရာတွင် ထောင်သဘောနှင့်မှု ဒီအလုပ်သည် ဘိုးပြန့်တို့လို လူများအတွက် အမှန်တောင်းလေသည်။ မီးလွှာအလုပ်သည် ပင်ပင်ပန်းပန်းအလုပ်မဟုတ်။ ခဏလေးလုပ်ပြီး တစ်နေ့လုံးအားနေသောအလုပ်ဖြစ်၏။ ထောင်တွင်းအလုပ်များတွင် မီးလွှာအလုပ်သည် အသက်သာဆုံးဖြစ်၏။ ထိုမျှမက လျှော့ရက်၊ ဆုတ်ရက်အရဆုံး။ ဆပ်ပြာလည်းပိုရသည်။ ဆေးလိပ်လည်းအစိုးရက ထုတ်ပေးလေသည်။ နာမည်ဆိုးသလောက် အကျိုးရှိသော အလုပ်ဖြစ်၏။

ဘိုးပြန့်အား ရွှေမောင်က ဆရာဝန်ထံ အပ်နှံထားခဲ့သည်။ သွားရင်းလာရင်းလည်း ဝင်ကြည့်သည်။ သို့ရာတွင် ဘိုးပြန့် မသက်သာ။

" ဒီအဖိုးကြီးကို ထောင်ဝင်စာလာတဲ့သူများ တွေ့ကြသလား"

ဦးရွှေမောင်က အနီးအနားလူများကို မေးကြည့်မိသည်။

"ဘယ်သူမှမလာပါဘူး။ ဘာပြုလို့လဲ - ဆရာကြီး"

" တခြားတော့ မဟုတ်ပါဘူး။ နေမကောင်းရှိန်မယ် သူ့ဆွေသူ့မျိုးကို တွေ့ရင် အားများ ရှိမလားလို့။ ထောင်ဝင်စာလာရင် ကျုပ်ကို ပြောစမ်းပါ။ သူ့ဆွေသူ့မျိုးတွေကို ထောင်ထဲဆေးရုံမှာ ထောင်ဝင်စာ လာတွေ့ပေးမယ်"



" လာမယ်လဲ မဟုတ်ပါဘူး - ရှိလဲ မရှိပါဘူး"

" ရှိ့မရှိ မင်းက အဖိုးကြီးအကြောင်း သိလို့လား"

"သိပါတယ် - ဆရာကြီး။ ကျွန်တော်တို့နဲ့ တစ်ရွာထဲသားပါ။ ဒီအဖိုးကြီး လောက်ကံဆိုးတာ မရှိပါဘူး"

"အမယ် - ဘယ်လိုတုံးဟ"

" သူက ထောင်ကျချင်လို့ ကျလာတဲ့လူဆိုပါတော့ ..."

" ဟေ - ထောင်ကျချင်တဲ့လူဆိုတာ မင်းတို့လို ခဏခဏကျတဲ့လူတွေ မှတ်လား"

" ဟဲ - ဟဲ - ဆရာကလဲ - ဘယ်ကျချင်တယ်ရှိပါ့မလဲ။ ငါ့ ဝမ်းမှုဆာ မနေသာ၊ အခြေအနေအရပေါ့ - ဆရာကြီးရယ်"

" အောင်မယ် - အခြေအနေအရ - ဟုတ်လား။ ငါကတော့ ဒီခေတ်မှာ ထောင်ကျလာကြတဲ့ လူတွေကိုထောင်ကိုလေ့လာရေးအတွက် ရောက်လာကြတယ်ပဲ ထင်တယ်ကွာ။ ခုခေတ်က အခြေအနေအရတို့၊ လေ့လာတာတို့ တယ်ပေါ်တဲ့ခေတ်ကိုးကွ။ ဒါနဲ့ - ဒီအဖိုးကြီးအကြောင်း ပြောပါဦး။ ဘာကံဆိုးတာလဲ"

အကျဉ်းသားသည် ရွှေမောင်အား အတော်ကြာ ပြောပြနေသည်။

" ဟော - ဟိုမယ် - ဒေါ်ဒေါင်းလာနေပြီ။ ဟဲ - ဟဲ - ဒို့အင်းသားတွေ ဒီနေ့တော့ တစ်ခုခုစားရမှာပဲဟေ့။ ပါးစပ်သာ ပြင်ထားကြ"

အင်းသားတစ်ဦးက အားရပါးရပြောနေ၏။

ဒေါ်ဒေါင်းသည် ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရွာကြီးတစ်ရွာ၏ သူကြီးမင်း၏ချစ်ဇနီးဖြစ်လေသည်။ သူကြီးမင်းဦးဘပြန့်သည် နယ်နယ်ရရမဟုတ်၊ ငွေများရ၊ သေနတ်ရ အထူးသူကြီးမင်းဖြစ်သည်။ သူကြီး ဦးဘပြန့်ကို ဤနယ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝိုက်တွင် ပြိုင်မည့်သူမပေါ်သေး၊ ပစ္စည်းအင်အား၊ အာဏာ၊ အခြွေအရံ အားလုံးပြည့်စုံသော တကယ့်ပါရမီရှင်တစ်ဦး ဖြစ်လေသည်။

ဦးဘပြန့်သည် သူကြီးမျိုးရိုးဖြစ်သလို၊ ဒေါ်ဒေါင်းလည်း သူကြီးမျိုးရိုးပင် ဖြစ်သည်၊ ဒေါ်ဒေါင်းသည် တစ်ဦးတည်းသောသမီးဖြစ်သလို၊ ကိုဘပြန့်က လည်း ဧကံပုတ္တံ တစ်ဦးတည်းသောသားပင်ဖြစ်၏၊ နှစ်ဖက်မိဘ ပစ္စည်းများ သည် ကိုဘပြန့်နှင့် မဒေါင်းတို့ဆီ လာစုလေသောအခါ ပြောဖွယ်မရှိတော့၊ လယ်ဧကပင် ငါးထောင်ကျော်ရှိ၍ လက်ညှိုးထိုးမလွဲ၊ သူတို့လယ်ချည်းဖြစ် လေသည်၊ လယ်သာမဟုတ်သေး၊ နာမည်ကျော်အင်းကြီးတစ်အင်းကိုလည်း ပိုင်သေးသည်၊ ဤအင်းတစ်အင်းနှင့်ပင် ဆယ်သက်စားမကုန်ဟု ပြောနေ ကြ၏၊ သူကြီးအလုပ်မှာ ဂုဏ်ပကာသနအတွက်မျှသာဖြစ်သည်၊ သူကြီး၏ စီးပွားရေးမဟုတ်၊

ဒေါ်ဒေါင်းလည်း ပါရမီရှင်တစ်ဦးဖြစ်သည်၊ တောသူဆိုစေကာမူ ဘန် ကောက်လုံချည်၊ မန္တလေးပုံတော်ဖိနပ်နှင့်ကွာသူမဟုတ်၊ မြို့တွင် ဘာအဆန်း ပေါ်သည်ကိုသိလိုလျှင် ဒေါ်ဒေါင်းကိုပင် သွားကြည့်ရသည်၊ ရုပ်ရည်ရူပကာ မှာလည်း ဒေါင်းမလေးကဲ့သို့ လှပသူတည်း၊ ကိုဘပြန့်နှင့် မဒေါင်းကို နတ် ဖက်သည့်လင်မယားဟု ပြောကြရသည်၊ မဒေါင်းသည် ပိုက်ဆံကို နမြောသူ မဟုတ်၊ တပည့်အင်းလုပ်သားများကို ခိုင်းလည်းခိုင်း၍ ကျွေးလည်းကျွေးသူ ဖြစ်သည်၊

ထိုခေတ်မှာ မော်တော်ကားခေတ်မဟုတ်၍ ဒေါ်ဒေါင်းသည် လှည်းယာဉ် ကျော့ကလေးနှင့်ပင် အင်းသို့လာပြီး ပျော်ပွဲစားထွက်လေ့ရှိသည်၊ လှည်း ယာဉ်ကျော့တွင် တပ်ထားသောနွားလေးနှစ်ကောင်မှာ အရောင်အဆင်း အရွယ်တူညီသဖြင့် ဒေါ်ဒေါင်း၏လှည်းယာဉ်မှာ လူအများ၏ကြည့်စရာ၊ အံ့စရာတစ်ခု ဖြစ်နေ၏၊



ဒေါ်ဒေါင်း အင်းသို့လာသည်ပင် အောက်ထစ်အင်းလေးလုံ့ချည်နှင့်၊ ကတ္တီပါဖိနပ်နှင့် ဖြစ်သည်၊ အင်းလုပ်သားနှင့် တစ်နယ်သားလုံးတို့ဘုရင်မ ပေတည်း၊ အင်္ဂလိပ်လက်ထက်တွင် ဤကဲ့သို့သောအရှိန်အဝါနှင့် နေခဲ့ကြ လေသည်၊

ဒေါ်ဒေါင်းနှင့် ဦးဘပြန့်တို့တွင် သားသမီးရတနာ သမီးနှစ်ဦးသာ ထွန်း ကားသည်၊

— ☯ —

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့သည်၊ သူတို့နယ်တွင် ကရင် - ဗမာ အဓိကရုဏ်းဖြစ်တော့သည်၊ သို့ရာတွင် ဒေါ်ဒေါင်းတို့လို ပစ္စည်းရှိသူများ မြို့ကို တက်နေလိုက်သဖြင့် ဘာဆိုဘာမှမဖြစ်၊ အများတကာတွေသာ သေမဆုံး၊ ပြေးမဆုံး၊

ဂျပန်တစ်ခေတ်လုံး စီးပွားရေးအသာဖယ်ထားပြီး အေးအေးပင်နေထိုင် ခဲ့ကြသည်၊ အင်္ဂလိပ်ပြန်ဝင်လာတော့မှ ကိုယ့်[illegible]ကိုယ်ပြန်ကြသည်၊ အင်း အလုပ်နှင့် လယ်ကို ဖိဖိစီးစီးလုပ်ကြပြန်သည်၊ သူကြီးအလုပ်ကိုဖြင့် စိတ်များ ၍ သူများကို လွှဲပေးလိုက်လေသည်၊ အသက်အရွယ်ကလည်း ထောက် လာသဖြင့် မင်းကိစ္စ၊ စိုးကိစ္စကို လုပ်လိုစိတ်မရှိတော့၊

ဗမာပြည် လွတ်လပ်ရေးရခဲ့သည်၊ သမီးများပင်အပျိုကြီးဖြစ်ကုန်ကြပေ ပြီ၊ ပြည်တွင်းစစ်ဖြစ်လာချေတော့သည်၊ စလျှင်စခြင်း ရွာကိုမီးလောင်တိုက် သွင်းတော့သည်၊ ဦးဘပြန့်၏ ယခင်ခေတ်က သိန်းနီးပါးကုန်ထားသောအိမ် ကြီးသာမဟုတ်၊ တစ်ရွာလုံး ပြာကျကုန်သည်၊ သို့ရာတွင် ကိစ္စမရှိ၊ ဆင်ပိန် လျှင် ကျွဲလောက်တော့ ခံနိုင်သေးသည်၊ ဦးဘပြန့်တွင် ရေကြည်၌ တိုက် တစ်လုံး၊ ပုသိမ်တွင် တိုက်တစ်လုံး ကျန်သေးသည်၊ မြေကြီးမြှုပ်ထားသည့် ငွေက အစိတ်ဝင်စဥ့်အိုးနှင့် ဘယ်နှလုံးရှိမှန်းမသိ၊



www.burmeseclassic.com

www.burmeseclassic.com

လူကတော့ အသက်ဘေးမှ လွတ်သည်။ ရေကြည်ကို ခဏတက်နေကြသည်။ သို့ရာတွင် ရေကြည်နေရင်း သတင်းဆိုးတစ်ခုကြားရသည်။ ထိုသတင်းမှာ ဦးဘပြန့် မြေမြှုပ်ထားသည့်နေရာတွင် လူများ စူးထိုးချရှာဖွေကြရာ သူ၏ ဓနဥစ္စာ ပစ္စည်းအားလုံးပါသွားပြီဟု ကြားရခြင်းပင် ဖြစ်လေသည်။

လူတစ်ဦး၏ကံကြမ္မာဆိုးသည် တစ်ကြိမ်နှင့်မပြီးဟု ဆိုရိုးရှိသည့်အတိုင်း ဦးဘပြန့်၊ ဒေါ်ဒေါင်းတို့ကို အကုသိုလ်တစ်ခုဝင်ပြန်လေသည်။ သူတို့ရေကြည်တွင် တက်နေစဉ် သူတို့ရွာကို ကွန်မြူနစ်က တိုင်းပြည်အုပ်ချုပ်၊ မင်းလုပ်လေရာ ကွန်မြူနစ်တို့ လမ်းစဉ်ဝါဒအရ သူတို့ပိုင်လယ်ကေ ငါးထောင်ကို လယ်မြေဝေခြမ်းသည်ဆိုကာ ဝေသည့်ရာလုပ်ပစ်လေသည်။ သူတို့အတွက် ကွန်မြူနစ်သူပုန်တို့က လယ်ကေ နှစ်ဆယ်သာထားသည်ဟု ကြားရလေရာ ဘစ်သတ်တွင် တစ်ခါမှ စိတ်မညစ်ဘူးသော ဒေါ်ဒေါင်းပင် ချူးပွဲရှုပ်ရသည့် အဖြစ်သို့ ရောက်သွားလေသည်။

— ☯ —

တတိတိနှင့် ဥစ္စာပစ္စည်းများသည် ဒီရေကျသကဲ့သို့ ကျဆင်းသွားသဖြင့် ရေကြည်တွင် မနေဖတော့ဘဲ မိသားစု ပုသိမ်မြို့သို့ ပြောင်းရွှေ့ကြပြန်သည်။ ပုသိမ်ရှိ တိုက်ကိုတော့ ငှားထား၍ ဖြစ်သလိုအိမ်ငှားပြီး နေကြလေသည်။ ဘာလုပ်ကိုင်စားရမှန်းမသိ၊ စမ်းတဝါးဝါးဖြစ်နေစဉ် အသိတစ်ဦးက မော်တော်ကားထောင်ရန် အကြံပေးလေသည်။

သို့နှင့် သူကြီးဟောင်း၊ သူဌေးဟောင်း ဘိုးပြန့်မှာ သုံးသောင်းကျော် ပေးရသော ကားပိုင်ရှင်တစ်ဦးဖြစ်သွားလေသည်။ သို့ရာတွင်ကားမှာ နှစ်ခေါက်လားဆွဲရသေးသည်၊ မူလကားပိုင်ရှင်တစ်ဦး ပေါ်လာပြီး ကားကိုသိမ်းပေးရန်



ဘိုးပြန့်သည် အတော်ကြာ တွေဝေငေးကြည့်နေမိသည်။ ထိုနောက် ဓားရှောင်းသည့် ဆိုင်တစ်ဆိုင်မှ အလောတော် ဓားတစ်ချောင်းကို အိတ်ထဲရှိသည့် ပိုက်ဆံအားလုံးကိုကြည့်ပြီး ဆစ်ဝယ်လာခဲ့သည်။



ရုံးတော်မှ တရားစွဲလေရာ ကားကို အစိုးရသိမ်းတော်[illegible]သည်။ ကားမှာ တရားစွဲသူ၏ကားအမှန်ပင်ဖြစ်၍ကားမှာလည်း ဆုံးတော့သည်။ သို့နှင့် လိမ်ရောင်းသူကားသမားကို ငွေပြန်ရရန် တရားစွဲရပြန်သည်။ ထိုသူမှာ လက်နှင့်ဖဝါးသာရှိ၍ တရားစွဲသည့်စရိတ်သာ အပိုကုန်၏။ ထိုသူတော့ ထောင်ကျသွားသည်။ သူ့ငွေတော့ တစ်ပြားမှ ပြန်မရ၊ ဤအမှုအတွက် ရုံးသွားလိုက်၊ ရုံးပြန်လိုက်နှင့် တိစ္စထွေပြားနေစဉ် ဂုသိမ်မီးကြီး လောင်ကျွမ်းတော့သည်။ ဦးပြန့်၏တိုက်သည် ပြာပုံဘဝသို့ ရောက်သွားပြန်သည်။

ဘယ်လိုဖြစ်ဖြစ်၊ မြို့တွင် လုပ်မစားတတ်သော ဒေါ်ဒေါင်းတို့ မိမိတို့ရွာသို့ ပြောင်းခဲ့ကြလေသည်။ ကွန်မြူနစ်သူပုန်များထံမှ အဝင်းကို ပြန်ရရန် ကြိုးစားကြသည်။ သို့ရာတွင် အင်းအရသာကို လျှာလည်နေပြီဖြစ်သော ကွန်မြူ



www.burmeseclassic.com

www.burmeseclassic.com

နစ်တို့သည်အဘယ်မှာပေးပါဦးအံ့နည်း။ သို့နှင့်တစ်ဆင့်ခံငါးကိုယူ၍ရောင်းချနေရ၏။

တစ်နေ့တွင် ဓားပြတစ်သိုက် အိမ်ကိုဝိုင်းပြီး ဦးပြန့်ကို ဖမ်းသွားကြလေသည်၊ အိမ်တွင် စာတစ်ရွက် ထားပစ်ခဲ့သည်၊ ရွှေအစိတ်သားနှင့် ငွေငါးသောင်းလာပေးမှ ဦးပြန့်ကို အသက်နှင့်ပြန်ရမည်ဟု ဆိုသည်၊

ဒေါ်ဒေါင်း ကျွမ်းထိုးကိန်းကြုံရရှာလေသည်၊ ရေကြည်ပြေးပြီး တစ်လုံးကျန်သည့်တိုက်ကို ပြေးရောင်းပြီး ငွေနှစ်သောင်းနှင့် ချစ်လင်ကို ရှိခိုးတောင်းပန်၍ ရွေးလာခဲ့ရသည်၊

သောင်းကျန်းသူတို့သည်အမဲသားစားရသောအရှုးကဲ့သို့ငွေနှစ်သောင်းရသည်ကိုအလွန်အရသာရှိပြီး သုံးရက်အကြာတွင် ဒေါ်ဒေါင်းနှင့် သမီးအပျိုကြီးတို့ ပြန်ပေးဆွဲပြီး ယခင်အတိုင်း ငွေတောင်းကြပြန်သည်၊ လက်ထဲတွင်ဘာမှမရှိပြီဖြစ်သောဦးပြန့်သည် ရှိသလောက် အကုန်စုဆောင်းရာ ငွေငါးထောင်ရလေသည်၊ ထိုငွေနှင့်ပင် ငိုရယ်ပြီး သွားပေးလိုက်ရှာသည်၊ သို့ရာတွင် တောင်းငွေက ငါးသောင်း၊ ရငွေက ငါးထောင်ဆိုသည်မှာ တောင်းသူတို့ပင် အားမနာဟု သဘောတော်ရှိကြသော သောင်းကျန်းသူတို့က ငွေငါးထောင်ယူပြီး ဒေါ်ဒေါင်းနှင့် သမီးအပျိုကြီးကိုဘယ်လိုစီရင်လိုက်ကြမှန်းမသိ၊ တောတစ်နေရာတွင် တောခွေး၊ လင်းတတို့ဆွဲကြမှ သားအမိနှစ်ယောက်ဇာတ်သိမ်းကြပြီကို ဦးပြန့်နှင့် ကျန်ရစ်သူသမီးတစ်ဦးတို့ သိကြရရှာသည်၊

ဘိုးပြန့်အသက်ကလည်းကြီးပြီ၊ လက်ထဲတွင်လည်း ဘာမှမရှိတော့၊ သမီးအပျိုကြီးက ဖအေအိုကို စက်ချုပ်ပြီးကျွေးရှာသည်၊ သွားစရာလည်း မြေမရှိ၊ ပေးစရာလည်း ငွေမရှိတော့၊



ဘိုးပြန့်က ဘူသေမှာကို မကြောက်တော့ပြီ၊ သို့ရာတွင် သမီးအပျိုကြီးအတွက် စိတ်မချသည်နှင့် မြို့နှင့်နီးသော ရွာတစ်ရွာသို့ သားအဖနှစ်ဦး ပြောင်းရွှေ့လာခဲ့ကြရှာသည်၊

— ❁ —

ထိုရွာတွင် သမီးက ဖအေအိုကို ဖြစ်သလို လုပ်ကိုင်ကျွေးမွေးရှာသည်၊ အမှန်တော့ - ထိုရွာလည်း ကွန်မြူနစ်သောင်းကျန်းသူများနှင့် ကင်းသည်မဟုတ်၊ အစိုးရနယ်ဟုတော့ ပြောကြသည်၊ ထိုရွာတွင် မကြာခဏ သူပုန်များက ဆက်ကြေးခွဲတတ်သည်၊

တစ်နေ့တွင် ကွန်မြူနစ်ဗိုလ်ကြီးသည် ဘိုးပြန့်သမီးကို ယခင်ကပင် မျက်စိကျဖူးသည်နှင့် တပ်တော်ပါလူထုနှင့် ဆွဲခေါ်သွားလေရာ ဘိုးပြန့်ဘာလုပ်ရပါမည်နည်း၊ ဘိုးပြန့်မှာ ယောက်ျားရင့်မကြီးပင် ဖြစ်လင့်ကစားရင်ကိုထုပြီး ငိုရုံသာငို၍ နေရရှာသည်၊

ဘိုးပြန့်မှာ ဖြစ်သလို ဟိုအိမ်ဒီအိမ် တောင်းစားရသည့်ဘဝကို ဆိုက်ရောက်သွားသည်၊ သမီးအကြောင်းကိုသတင်းနားထောင်ရှာသည်၊ ခြောက်လအကြာတွင် သတင်းတစ်ခု ကြားရသည်၊ ထိုသတင်းမှာ ကွန်မြူနစ်ဗိုလ်က ကြင်ယာမြှောက်ထားသောသူ့သမီးသည် ကွယ်လွန်သွားပြီဟု ကြားရလေသည်၊

ဘိုးပြန့်သွားမိသွားရာ လျှောက်သွားနေရာမှ ရေကြည်သို့ ပြန်ရောက်လာခဲ့သည်၊ ဖြစ်သလို စားသောက်နေရသည်၊ တစ်နေ့တွင် သူပုန်ဗိုလ်တစ်ဦး လက်နက်ချ အလင်းဝင်လာသည်ဆိုကာ လက်နက်ချပွဲတစ်ခုလုပ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဟု ဘိုးပြန့် ကြားရ၏။ လက်နက်ချပွဲမှာ သူ့ကိစ္စမဟုတ်သဖြင့် ဘိုးပြန့် အေးအေးပင် နေလိုက်သည်။

သို့ရာတွင် တစ်နေ့ မြို့ထဲသွားရင်း လူတစ်ဦးကို တွေ့မြင်ရ၍ အနီးအနားလူများကို မေးမိသည်။

"သူပေါ့ - အဘရဲ့ တလောက လက်နက်ချ အလင်းဝင်လာတဲ့လူ"

ဘိုးပြန့်သည် အတော်ကြာ တွေဝေငေးကြည့်နေမိသည်။ ထိုနောက် မားရောင်းသည့်ဆိုင်တစ်ဆိုင်မှ အလောတော်ဓားတစ်ချောင်းကို အိတ်ထဲရှိသည့် ပိုက်ဆံအားလုံးကိုကြည့်ပြီး ဆစ်ဝယ်လာခဲ့သည်။

ဘိုးပြန့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ပေါ် တက်သွားပြီး လူတစ်ဦးအနီး တပ်သွားသည်။ ရှိသည့်အားနှင့် ထိုသူကို ခုတ်ချလိုက်၏။ ဘိုးပြန့် ဂါတ်သို့ တည့်တည့်မတ်မတ်သွားပြီး အဖမ်းခံတော့သည်။ အခုတ်ခံရသူသည် ဆေးရုံတွင် ငါးရက်ကြာမှ သေသွားလေသည်။ ဘိုးပြန့်လည်း ထောင်ဆယ်နှစ်ကျသွားရှာ၏။ သေသူမှာ ဘိုးပြန့်၏ အတင်းအဓမ္မတော်သော သောင်းကျန်းသူ ရွှေသမက်ဝေတကား။

—☯—

ထောင်မှူးကြီး ရွှေမောင်သည် ဘိုးပြန့်ခေါ် အကျဉ်းသားကြီး၏ သနားစဖွယ်အဖြစ်အပျက်ကို ကြားရလေရာ အတော်ကြီးစိတ်မကောင်းဖြစ်သွားလေသည်။ သူသည် ဆက်လက်၍တွေးမိသည်။ လူ့ဘဝသည် မျက်စိကန်းသူတစ်ဦး လမ်းလျှောက်နေသည်နှင့် တူလှပေသည်။ တတ်နိုင်လို့ အချင်းကြီးနန်းတိုင်ပတ် မွေးလာစေကာမူ ဒုက္ခဖြစ်ကုန်ကြသော ရေမြေရှင်တို့သည် များစွာရှိကြသည်။ မိမိမြင်ဖူးသော အဖြစ်အပျက်ကိုထား၊ လမ်းမတော်ဝိုးတုတ်တို့ မျက်မြင်တွေ့ခဲ့ရပြီ ထောင်တွင်း၌ ကွယ်လွန်သွားရှာပုံကိုသတိရပြန်သည်။ ဟောနောက်တစ်ယောက် ဘိုးပြန့်ကို တွေ့ရပြန်ပြီ၊ သူသည် ထောင်ကျချင်လွန်း၍ အိတ်တပ်ထဲရှိသမျှပိုက်ဆံနှင့် ဓားတစ်ချောင်းဝယ်ပြီး ထောင်ကို မကျ့ကျအောင် ကြံဖန်ပြီး ဝင်လာခဲ့သည်။ အမှန်မှာ - ထောင်သည်ပင် သူ၏ကိုးကွယ်ရာ၊ လဲလျောင်းရာဟု အမှန်သဘောထားခဲ့လေသည်။

ဘိုးပြန့်ဘဝ၏ အစအလယ်အဖြစ်သည် အဘယ်ထောင်နှင့် နီးစပ်ပါ မည်နည်း။ သို့ရာတွင် လောကဓံတရားလှည့်ပတ်ပြီး ထောင်သို့ ဘိုးပြန့်အား ပို့လိုက်လေသည်။ ဘိုးပြန့်၏ ထောင်ကျခြင်းမှာ တစ်ပါးသူတို့ထောင်ကျခြင်းနှင့် မတူပါလေတကား။

☞ ခြောင်းခြွေခေါင်တို

www.burmeseclassic.com



ပုမျက်ရည်များ
ငြိမ်းစေသော

မိဘမေတ္တာ၊ တိုင်းရင်းသား
စည်းလုံးညီညွတ်ရေး၊ ပြည်တွင်း စစ်ရပ်စဲရေး
စသည့် ရည်ရွယ်ချက်များဖြင့် ပြည့်လျှံနေသော
ဝတ္ထုတစ်ပုဒ် ..

**ခဏကြာလျှင်** အပါး(အဖေ) တောင်ယာမှ ပြန်လာပေတော့မည်။ အပါးက ခါတိုင်းနေ့များတွင် ဖိုးမူ(သမီး)အား လွယ်ထားသည့်ပလိုင်းကို ချွေ ရင်း သူခူးလာခဲ့သည့် စားသောက်စရာ အသီးအနှံများဖြစ်သည့် နရွဲ(မရွဲ)သီး များ၊ မာလကာချဉ်သီးများ၊ စာကလေးသခွား၊ စသည့်သစ်သီးများကို တစ်ခု ချင်း ထုတ်ပြ၍ ဒါက အမိုး(အမေ)ဖို့၊ ဒါက ကိုကြီးဖို့၊ ဒါက ကိုလတ်ဖို့၊ ဒါတ ကိုငယ်ဖို့စသည်ဖြင့် အမည်တပ်ပြမည်။ ဖိုးမူဖို့တော့ မည်သည့်အခါမှ သူခွဲခြာ သည့်အထဲ မပါ။ ဒါပေမဲ့ - စားချင်သည့်အသီးအနှံများကို လက်ညှိုးထိုးပြလျှင် က,ပြနိုင်းတတ်သည်။ သို့မဟုတ် ဘုရားစာ ဆိုနိုင်းတတ်သည်။ သို့မဟုတ် ချွေးနံ့နံ့နေသည့် သူ့ပါးပြင်အား နမ်းခိုင်းတတ်သည်။ ထိုသို့ တစ်ခုခုနိုင်းပြီးမှ သာ သူ ခူးဆွတ်လာသည့်သစ်သီးများ ကိုဖိုးမူ(သမီး)အား ပေးတတ်မြဲဖြစ် သည်။ ထိုသို့ပေးတိုင်းလည်း အပါးရဲ့ဖိုးမူလေးက လိမ္မာသကွယ်ဟု ဆိုမြဲဖြစ် သည်။

ဒီနေ့တော့ - အပါးကို အံ့ဩထိတ်လန့်သွားအောင် လုပ်ရမည်ဖြစ်သည်။ ထို့ကြောင့် မီးဖိုထဲတွင် ထမင်းဟင်း ချက်ပြုတ်နေသည့် အမိုး(အမေ)ကို

www.burmeseclassic.com

www.burmeseclassic.com

တစေ့တစောင်း အကဲခတ်ကြည့်လိုက်သည်၊ သူ့ကို သတိမထားမိမှန်းသိတော့ လှုပ်ရှားမှုတစ်ခု ပြုလိုက်သည်။

အပါးကိုထိတ်လန့်အောင် စ,ချင်မိသော်လည်း ကျောင်းမှပြန်လာသည့် အစ်ကိုများကို မစမိအောင်လည်း သတိထားနေရသေးသည်၊ ပထမဆုံး အစ်ကိုငယ်နှင့် အစ်ကိုလတ် အိမ်ပြန်လာသည့်အသံ ကြားရသည်။ သူ အသံမထွက်မိအောင်၊ မလှုပ်ရှားမိအောင် ဂရုတစိုက် ထိန်းထားလိုက်ရသည်။ အစ်ကိုငယ်နှင့် အစ်ကိုလတ်တို့ လွယ်အိတ်ချပြီး သူ့ကို မေးနေသံ ကြားရသည်။

"အမိုး – ညီမလေးရော"

"ဟော – အိမ်ပေါ်မှာ မရှိဘူးလား"

"မရှိဘူးလေ – ကျွန်တော်တို့ပြန်လာကတည်းက အိမ်ပေါ်မှာမတွေ့လို့ အမိုးကို မေးတာပေါ့"

"အေး – ဒါဆိုလည်း နင်တို့ညီမလေး ပျောက်ကစားနေတာဖြစ်မယ်။ နင်တို့လည်းအဝတ်အစားလဲပြီး ရေချိုးထား။ ပျောက်မကစားနဲ့တော့။ အပါး ပြန်လာလို့ ရေချိုးပြီးရင် ထမင်းစားကြမယ်၊ ကစားနေတဲ့နေရာကို ထမင်းစားဖို့ လိုက်မခေါ်ရစေနဲ့ – ကြားလား"

"ဟုတ်ကဲ့"

အစ်ကိုနှစ်ဦး၏အသံကိုကြားလိုက်ရပြီး ခဏအကြာတွင် ရေတွင်းဆီမှ ရေမောင်းဆွဲသံတို့နှင့် သူတို့နှစ်ဦး အချီအချ စကားပြောနေသံများကို ကြားလိုက်ရသည်၊ အစ်ကိုလတ်နှင့် အစ်ကိုငယ်က သူတို့ရွာမှ မူလတန်းကျောင်းသားများဖြစ်ပြီး အစ်ကိုကြီးက တခြားရွာက အလယ်တန်းကျောင်းမှာ ကျောင်းတက်နေသည့် ခုနစ်တန်းကျောင်းသားတစ်ယောက် ဖြစ်သည်၊ ထို့ကြောင့် သူ ကျောင်းပြန်နောက်ကျတတ်သည်၊ သို့သော် ခု စက်ဘီးစီးလာသံ ကြားလိုက်ရသည်။ ထို့နောက် အိမ်ရှေ့တွင် စက်ဘီးဘရိတ်ဆွဲသံ ကျွီခနဲ ကြားလိုက်ရပြီး သူနာမည်အော်ခေါ်သံကို ကြားလိုက်ရသည်။

"ဟေး – ညီမလေး နော်စုမြတ် – ဒီမှာ ကိုကြီးညီမလေးအတွက် မုန့်ဝယ်လာတယ်၊ လာယူ – လာယူ"



"အို – မုန့်တဲ့" သူ ပုန်းနေရာမှ ပြေးထွက်သွားလိုက်ချင်သည်၊ သို့သော် သူထွက်သွားလိုက်လျှင် ပါးကို ထိတ်လန့်အောင်လုပ်မည့်အစီအစဉ်များ ပျက်သွားနိုင်သည်၊ နောက်ပြီး – နေ့လယ်နေ့ခင်းပိုင်းဆို အပါးကလည်း တောင်ယာထဲကိုသွားမည်၊ အစ်ကိုများကလည်း ကျောင်းသွားမည်၊ ထိုအခါ ကျောင်းမနေရသေးသော သူနှင့်အမိုးသာ အိမ်မှာ ကျန်နေတတ်သည်၊ အမိုးကလည်း အိမ်အလုပ်များနှင့် သိပ်မအားတတ်၊ ထို့ကြောင့် သူမေးသမျှကို သိပ်စိတ်ရှည်လက်ရှည် ဖြေလေ့မရှိ၊ ပုံမှန် သူ့ကို ရေချိုးပေးမည်၊ သနပ်ခါး လိမ်းပေးမည်၊ ထမင်းကျွေးမည်၊ ပြီးတော့ – နေ့ခင်းပိုင်း သူ့ကို တစ်ရေးအိပ်နိုင်းမည်၊ ထိုအချိန်တွင် အမိုး အဝတ်များကို ကောက်ပြီး လျှော်ဖွပ်မည်၊ ပြီးလျှင် – ရေခပ်၊ ထင်းခွဲလုပ်မည်၊ သူ အိပ်ရာမှနိုးလျှင် အဆာပြေတစ်ခုခု တော့ ကျွေးမည်၊ ပြီးတော့ – ညနေစာ ချက်ပြုတ်မည်၊

အားလုံးအသီးသီး သူတို့အလုပ်နှင့်သူတို့ လှုပ်ရှားနေကြသောကြောင့် နေ့ခင်းပိုင်းတွင် အိမ်သည် တိတ်ဆိတ်နေတတ်ပြီး ညနေပိုင်း လူစုံချိန်နှင့် ညအိပ်ရာမဝင်ခင်အချိန်များသာ ညံစီစီနှင့် ပျော်စရာကောင်းနေတတ်သည်။ ထို့ကြောင့် လူစုံချိန် အထိတ်တလန့်ဖြစ်အောင်လုပ်မည့် သူ့အစီအစဉ် မပျက်အောင် ကိုကြီးခေါ်ပေးနေသောမုန့်ကိုမယူပဲ ပုန်းနေသည့်နေရာတွင်သာ ဆက်လက်၍ တိတ်တိတ်ကလေး နေလိုက်သည်။

— ♦ —

အိမ်ရှင်မတစ်ယောက်၏အဖြစ်သည် ရင်စစ်မလွယ်ကူလှ၊ တစ်ဦးနှင့် တစ်ဦး နားလည်မှုထားတတ်သည့်အိမ်ထောင်ဘက်မျိုး ရရှိလျှင် တော်ပေသေးသည်၊ ထိုသို့မဟုတ်ပဲ တစ်ဖက်စောင်းနင်းအိမ်ထောင်ဘက်မျိုးတစ်သူသန် တစ်ဖောက်ကန်းအိမ်ထောင်ဘက်မျိုးကို ရထားခဲ့လျှင် တစ်သက်လုံး စိတ်ဆင်းရဲရမည်သာဖြစ်သည်၊

နောက်ပြီး – မိန်းကလေးတစ်ယောက်၏ဘဝမှာ အိမ်ထောင်ဘက်သည် သောက်စားယစ်မူးသူမဖြစ်စေရေးနှင့် လောင်းကစားဝါသနာပါသူ မဖြစ်စေရေးသည်လည်း အဓိကကျသောအချက်တစ်ခုဖြစ်သည်၊ မူးယစ်သောက်စား



www.burmeseclassic.com

သူတစ်ယောက်၏ဇနီးသည် အိပ်ရာဝင်တိုင်း အရက်သေစာများ၏ ချဉ်တူးတူးအနံ့များကို အမြဲရှူရှိုက်ရင်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ရတတ်သလို လောင်းကစားသမားတစ်ယောက်၏ဇနီးသည်လည်း အမြဲတမ်းစိတ်မလုံခြုံမှုနှင့် ဘဝပျက်မည့်အရေးကို ကြိုတင်တွေးဆ စိတ်ပူပန်ရမည်မှာလည်း မြေကြီးလက်ခတ် မလွဲသည့်အဖြစ်ပင် ဖြစ်သည်။

နော်မာလာနွယ်ကတော့ ကံကောင်းသည် ဆိုရမည်ဖြစ်သည်။ သူမ၏ခင်ပွန်း စောသီထူးသည် ရိုးအေးသည်။ အရက်သေစာနှင့် လောင်းကစားကင်းသည်။ စကားနည်းသည့်အတွက် မိန်းမကိစ္စလည်း ပူစရာမရှိ။ အလုပ်ကို ရိုးသားကြိုးစား လုပ်ကိုင်တတ်သည်။ ဘာသာတရားကိုလည်း မမေ့မလျော့၊ မိသားစုကို ချစ်တော့ ချစ်ခင်တတ်သည်။ သို့သော် ထိုချစ်ခြင်းကို စကားဖြင့် ရေလည်အောင် သူ မဖော်ပြတတ်။ ပထမဆုံး သားယောကျ်ားလေးသုံးယောက် တုန်းက သူ ပေးစရာရှိပေး၊ ကျွေးစရာရှိ ကျွေးနေသော်လည်း သိပ်ဖက်လှဲတကင်းမရှိလှ။ ထို့ကြောင့် နော်မာလာနွယ် သူ့အိမ်ထောင်ရေးနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိသည်။ စောသီထူးသည် သူမအား နှစ်နစ်ကာကာ ချစ်ပါရဲ့လားဆိုသည့်မေးခွန်းများကို ကိုယ့်ဟာကိုယ် ပြန်၍မေးမိသည်။ နောက်ပြီး - သားကလေးများနှင့် ဆက်ဆံရေးမှာ သိပ်ဖက်လှဲတကင်းမရှိလှသောကြောင့် သူ့ကို မေးမိသည်။

"စောသီထူး - နင် ငါနဲ့သားကလေးတွေကိုနင့်မယားနဲ့နင့်သားတွေရယ်လို့ နင်သတ်မှတ်ရဲ့လား"

"ဟ - ဘာလို့တုံး - မာလာနွယ်ရ၊ နင့်စကားက အဆန်းပါပဲလား"

"မဟုတ်ဘူးလေ - နင် ငါတို့သားအမိကို ဆက်ဆံပုံက အသက်မပါသလို သူစိမ်းဆန်သလိုပဲမို့ပါ။ နင်မပေါင်းချင်လည်းပြောနော်။ ငါ - ကလေးတွေကို ခေါ်ပြီး ငါ့ရဲ့အမိုးတို့၊ အပါးတို့နဲ့ပဲ ပြန်နေလိုက်မယ်"

ထိုအခါ သူ့မျက်နှာက ပိုတည်သွားပြီး တစ်နေရာကို လွမ်းလွမ်းဆွေးဆွေးကြည့်ပြီး ပြန်ပြောသည်။

"အော် - ဒါလား - နင်ရောငါပါ ဘာမှ လက်ထဲစုမိဆောင်းမိမရှိဘဲ အိမ်ထောင်တစ်ခု ထူထောင်ခဲ့ကြတယ်။ အိမ်ထောင်ပြုပြီးတဲ့အခါကျတော့ မိသားစုတာဝန်ဟာ ငါ့တာဝန် ဖြစ်လာပြီလေ။ ငါ ညှံ့နေ၊ အလုပ်မကြိုးစားပဲနေရင် လူပုံအလယ် နင် မျက်နှာငယ်ရမယ်။ နောက်တော့ - တို့မွေးလာတဲ့ကလေးတွေ မျက်နှာငယ်ရမယ်။ ငါအလုပ်မကြိုးစားလို့ တို့မိသားစုမွဲနေရင် နင်ရော တို့မွေးလာတဲ့ကလေးတွေပါ အမြဲဆာလောင်ပြီး စားစရာတစ်ခုခုကို စိတ်ကူးနဲ့ တမ်းတနေရတာ။ လိုချင်တဲ့ပစ္စည်းတစ်ခုတလေအတွက် သောကရောက်ရတာ နင်တို့ကို မခံစားစေချင်လို့ အမြဲတမ်းပဲ အလုပ်အကြောင်း ခေါင်းထဲ ထည့်၊ အိမ်ထောင်ဦးစီးပီပီ တစ်ယောက်တည်း ဒိုင်ခံရှင်းနေတာ ငါနင့်ပေါ်ထားတဲ့စေတနာပါ။ နင်တို့ပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာပါ။ အေး - စကား တီတီတာတာပြော၊ အမူအယာ ဖက်လှဲတကင်းရှိပေမယ့် မိသားစုအရေး မဖြေရှင်းနိုင်မှာ စိုးရိမ်လို့ အဲဒီအချက်တွေ ချိုယွင်းနေတာတော့ ငါ့ရဲ့အမှားပါ။ ဒါကို နင်က စိတ်ကုန်လို့ နောက်ထပ်အိမ်ထောင်ပြုချင်စိတ်ရှိပြီး ငါ့ဆီကနေ ထွက်သွားမယ်ဆိုရင် ငါ ကျေကျေနပ်နပ် ခွင့်ပြုပါတယ်။ ဒါပေမဲ့ - နင် ကလေးတွေကိုတော့ ခေါ်မသွားနဲ့။ နင့်အတွက် နောက်အိမ်ထောင်ပြုဖို့ ဝန်ထုပ်ဝန်ပိုးဖြစ်နေမယ်။ ငါ့သားလေးတွေကိုလည်း နင့်နောက်လင်က နှိပ်စက်ရင် နှိပ်စက်နေလိမ့်မယ်၊ ငါ့သားတွေကို ရိုက်နက်ဆုံးမရမယ်ဆိုရင်တောင် ငါ့လက်နဲ့ပဲ ငါရိုက်ပြီး ဆုံးမမယ်။ သူများရိုက်တာတော့ နည်းနည်းလေးမှ မခံစေချင်ဘူး"

ရယ်စရာတော့ ကောင်းနေပြန်သည်။ သူက မိသားစုကို စိတ်ကုန်နေသလားဟု မေးမြန်းကြည့်ခါမှ ကိုယ်တော်ချောက သူ့စေတနာ နားမလည်ရကောင်းလားဆိုသည့်စကားများကို လွမ်းလွမ်းဆွေးဆွေး ပြောလာသည့်အတွက် နော်မာလာနွယ်ပင် စိတ်မကောင်းဖြစ်မိရှာပြန်သည်။ ထို့ကြောင့် သူ့စိတ်ချမ်းသာစေရန် အမြန်ဆုံး လေပြေထိုးရပြန်သည်။

"ငါက နောက်အိမ်ထောင်ပြုဖို့ မဟုတ်ပါဘူးဟာ။ နင့်အတွက် ငါတို့တဝန်ထုပ်ဝန်ပိုးဖြစ်နေမှာ စိုးရိမ်လို့ပါ"

"အေး - ဒါဆိုလည်းပြီးတာပဲဟာ။ ကဲ - ထမင်းစားရအောင် - လုပ်တော့ ငါလည်း နေ့လယ်ကတည်းက ဗိုက်ဆာနေတာ၊ ရေချိုးတော့မယ်။ ပြီးရင် ထမင်းစားကြတာပေါ့"

www.burmeseclassic.com

စောသီထူးက အဲဒီလိုလူစားသာဖြစ်သည်။ တကယ်ဆို - သူဒီထက်ပို၍ မာလာနွယ် ကျေနပ်အောင် ရှင်းပြသင့်သည်။ သို့သော် အဲသလိုရိုးသားတာ ကိုကပင် သူ့ကိုနော်မာလာနွယ် သနားစိတ်ပိုစရာ ဖြစ်လာသည်။ နောက်ပိုင်းလည်း သူ့အချိုးက အရင်အတိုင်းပဲဖြစ်သည်။ သံပတ်ပေးရသည့် အရုပ်တစ်ရုပ်လိုပင် အလုပ်များကို ဖယ်ဆက်သလို ဆက်တိုက်လုပ်မြဲဖြစ်သည်၊ သို့သော် ဗိုးခွားကြီး အသက် ကိုးနှစ်ခန့်တွင် နော်မာလာနွယ် နောက်ထပ်သမီး တစ်ယောက်မွေးသည်၊ အစက မိန်းကလေးမွေးလျှင် နင်အိမ်ပေါ်က ဆင်းဟု ကြိမ်းမောင်းထားသော်လည်း သမီးလေးဝမ်းက ကျွတ်ပြီးသည်နှင့် သူ့အပြောက တစ်မျိုးဖြစ်သွားပြန်သည်၊

"အေးဟ - ဒီကလေးက ထူးနေသလိုပဲ။ မွေးခန်းထဲက ထွက်လာပြီးကတည်းက မျက်လုံးဖွင့်ပြီး ဟိုကြည့်၊ ဒီကြည့်နဲ့။ သူကြည့်သမျှမြင်၊ မမြင်တော့ မပြောတတ်ဘူး၊ ဒါပေမဲ့ - သူ့မျက်လုံးတွေက တစ်ခုခုကို အသနားခံနေသလိုပဲ သနားစရာပဲဟ"

ထိုအခါ နော်မာလာနွယ်က သူ့စကားအစကို ကောက်ရင်း မေးလိုက်သည်၊

"ခု - နင်မချစ်ချင်တဲ့မိန်းကလေးတော့ ငါမွေးမိပြီ - သီထူး၊ ဒီကလေးနဲ့ ငါနဲ့ ဘယ်တော့ နင့်အိမ်က ဆင်းရမှာလဲ"

"ဟာ - နင်ကလည်းဟာ၊ ငါက စကားအဖြစ် ပြောတာပါ၊ ဗိုက်ထဲက ကလေးကို ဘယ်သူ့ဆန္ဒအတိုင်း မွေးလာမှာမို့လည်းဟ၊ နင်လည်း တော်တော်ရူးတာပဲ"

သူ ရယ်ကျဲကျဲနှင့် ထိုသို့ဖြေလေသည်၊ သမီးလေး နော်စုမြတ် စကားပြောတတ်လာသည့်အခါ ဖအေအပေါ် အရွဲ့ပိုလွန်းသောသမီးကြောင့် စောသီထူး လူရိုးကြီးတစ်ယောက် သမီးမှသမီး ဖြစ်ခဲ့ရသည်၊ ယခင်က သားများနှင့်ဖနီးအပေါ်သွေးအေးခဲ့သော်လည်း ခုမှ တောင်ယာထဲမှပြန်လာလျှင် လွယ်ထားသည့်ပလိုင်းကိုပင် မချအားပဲ သမီးကို အရင်ဆုံးမေးမည်၊ ပြီးနောက် - တောင်ယာတောထဲမှ သူရှာဖွေလာခဲ့သည့် သစ်သီးများကိုသမီးကို ပြပြီး စမည်၊ နောက်မည်၊ သူယူလာတဲ့စားစရာများသည် သမီးအတွက်



မဟုတ်သယောင်ပြောမည်၊ ပြီးနောက် - သမီးကို ကပြနိုင်းမည်၊ သို့မဟုတ် ဘုရားစာတစ်ခုခု ဆိုနိုင်းမည်၊ သို့မဟုတ် သူ့အားနမ်းနိုင်းရမည်၊ ဟိုကလေးမကလည်း တခြားသူများခိုင်းတာ မလုပ်လျှင် နေရမည်၊ သူ့အဖေစကား မပြောရသေးခင် သူက အရင်လုပ်ပြနေချင်တတ်သည်၊ ထိုအခါ စောသီထူးက သမီးလိုချင်သည့်စားစရာများကိုပေးရင်း သူ၏အမြဲတမ်းလက်သုံးစကားကိုလည်း ရေရွတ်မြဲဖြစ်သည်၊

"အေး - အပါးရဲ့ဖိုးမူကလေးက လိမ်မာသကွယ်"

စောသီထူး တောင်ယာမှပြန်လာချိန်၊ သားများ ကျောင်းမှပြန်လာချိန်သည် မိသားစု စုံစုံညီညီ စီစီညံညံနှင့် တကယ့်စိတ်ချမ်းသာစရာဖြစ်သည်၊ သမီးကလည်း တီတီတာတာ ပြောတတ်သောကြောင့် မိသားစုတစ်စုလုံး၏ အသည်းစွဲအချစ်တော်ဖြစ်သည်၊ ဖအေ၊ အစ်ကိုများကိုတီတာချွဲနွဲ့သလောက် မအေအပေါ်တော့ နည်းနည်းကျိုတိုက်တတ်သည်၊ နောက်ပြီး - စကားနှင့်အမူအယာမှာ နည်းနည်းလူကြီးဆန်သလို ထင်ရသည်၊

ဒီနေ့ကလေးများက ဝက်သားစားချင်သည်ဆိုသောကြောင့် ဝက်သားချက်သည်၊ စောသီထူးက တာလပေါ်ဟင်းကိုကြိမ်ခါးဖူး၊ တောင်ကက်ပျော့ဝင်အူတိုင်းများဖြင့် ရောချက်သည့်ဟင်းကို နှစ်သက်သောကြောင့် တာလပေါ်ဟင်းလည်း ချက်နေသည်၊ မီးဖိုချောင်တွင် ချက်ပြုတ်နေခြင်းကို အာရုံစိုက်မိလေသောကြောင့် သမီးလေး နော်စုမြတ်ကို မျက်ခြေပြတ်သွားမိသည်၊ သားများပြန်လာမှ သမီးလေး အိမ်ပေါ်မှာ မရှိကြောင်း သိရသည်၊ ဒီကလေးက ဟိုဟိုဒီဒီ သွားတတ်သည်၊ အိမ်နီးနားချင်းအိမ်များကို ရောက်ရှင်ရောက်နေမည်၊ တစ်ခါတစ်ရံ သူမ၏အမိုးအပါး[illegible]အိမ် သွားချင်သွားနေတတ်သည်၊ နောက်ပြီး - သူ့အဖေပြန်လာလို့ မတွေ့လျှင် တတွတ်တွတ်ပြောပြီး နော်မာလာနွယ်ကိုပင် အပြစ်တင်နေဦးမည်သာဖြစ်သောကြောင့် ဖိုးခွားကြီးကို ရှာခိုင်းရပြန်သည်၊

"ဖိုးခွားကြီး - နင်တို့အပါး ပြန်လာတော့မယ်၊ ရေမြန်မြန်ချိုး၊ ညီမလေးကိုရှာပြီး အိမ်ပြန်ခေါ်လာခဲ့၊ နင်တို့အပါးက သူ့သမီးကို မတွေ့ရင် အလိုတို ပူညံပူညံ လုပ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - အမိုး"

ဟူသောအသံနှင့် မရေးမနှောင်းပင် ဖိုးခွားကြီး၏ ရေချိုးနေသံကို နော်မာလာနွယ် ကြားနေရတော့သည်။

တစ်ခါတစ်ခါမိသားစုအရေးကိစ္စများကား စိတ်မချမ်းသာစရာ ကောင်းလှသည်။ သူ နော်မာလာနွယ်နှင့် အိမ်ထောင်ပြုစဉ်က သူ့ဘက်က သုည၊ မာလာနွယ်ဘက်က ဝလုံးဖြစ်သည်။ ဒီတော့ - အိမ်ထောင်မပြုခင်ကတည်းက စဉ်းစားခဲ့သည်။ သူ တစ်အိုးတစ်အိမ် ထူထောင်ပြီးလျှင် မချမ်းသာသည့်တိုင် မိသားစုကသီလင်တဖြစ်ရသည့်အဖြစ်မျိုး မရောက်စေရဟု ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်ပြုပြီးသည့်နေ့မှစ၍ သူ တရားသဖြင့် ပိုက်ဆံရှာဖွေသည့်အလုပ်ကို တစ်ချက်မနား လုပ်သည်။ ခု - သားသမီးလေးယောက်ရသည့်ချိန်ထိ အလုပ်အမျိုးမျိုးကို လုပ်ကိုင်ရင်း မိသားစုအား ရှာဖွေစောင့်ရှောက်ခဲ့သည်။

သူ တောင်ယာလည်း အငှားခုတ်ခဲ့ဖူးသည်။ တစ်ဖက်နိုင်ငံတွင်လည်း သွားရောက် အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။ ပြည်တွင်းတွင်လည်း နေ့စားလုပ်သားအဖြစ် အလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ဖူးသည်။ သူ၏မနေမနား အလုပ်ကြိုးစားမှုကြောင့် ခုဆို မြေပိုင်ယာပိုင်ဘဝသို့ ရောက်ခဲ့ချေပြီ။ ဆင်းရဲသောအခြေအနေတွင် အလုပ်လုပ်မှ ချမ်းသာမည်ဆိုသောအသိ မွေးမြူထားမှုကြောင့် မိသားစုအား လိုအပ်သည်များကို ပံ့ပိုးပေးနိုင်လျှင် သူ့တာဝန် ကျေပြီဟူသောအသိက မိသားစုအား လျစ်လျူရှုသလို ဖြစ်သွားစေခဲ့သည်။ အလုပ်ကိုသာ အမြဲအာရုံစိုက်စဉ်းစားနေသောကြောင့်နော်မာလာနွယ်နှင့်ပင်သမီးရည်းစားဘဝကလောက် စကားဖွဲ့နွဲ့မဆိုဖြစ်ခဲ့။ နောက်ပြီး - သားများ မွေးလာပြီးသည့်အခါတွင်လည်း သူတို့လိုသမျှမကြောင့်မကျရစေရန်ဟူသော ရည်ရွယ်ချက်နှင့် အလုပ်လုပ်နေကြောင်း သူ ရှင်းပြတတ်သလောက် ရှင်းပြခဲ့သည်။

နောက်ပိုင်း - သမီးလေးတစ်ယောက် မွေးလာခဲ့ပြီး သူတို့လည်း နည်းနည်းပို၍ရှောင်လည်လာသလို သမီးကလည်း သွက်သွက်လက်လက်ကလေးမို့ တစ်အိမ်လုံး၏ အသည်းစွဲ ဖြစ်ခဲ့သည်။ ယခင်က ခြောက်ကပ်တိတ်ဆိတ်သော စောသီထူးတို့မိသားစုသည် သမီးကိုမွေးပြီးမှ စိုပြေစည်ကားလာသည်။



သမီးကလည်း သားများလိုမဟုတ်၊ အရွယ်နှင့်မလိုက်အောင် သိတတ်နားလည်သည်ဆိုရမည်ဖြစ်သည်။ ထမင်းစားနေလျှင် သောက်ရေ အဆင်သင့်ခပ်ပေးမည်။ ထမင်းစားမည်ဆိုလျှင် သူကပဲ ထမင်းဟင်း ရှုးခပ်ပေးတော့ မယောင်ပြောဆိုတတ်သကဲ့သို့ထမင်းစားပြီးပြီဆိုလျှင်လည်းဖအေစားထားသည့်ပန်းကန်ကို သူက မဆေးတတ်၊ ဆေးတတ်နှင့် ယူဆေးပေးမြဲဖြစ်သည်။

တောင်ယာမသွားမီ သူ့အမေပြင်ပေးသော ရေဘူး၊ ထမင်းထုပ်၊ ဆေးလိပ်၊ ကွမ်းထုပ် စသည်တို့ကို တစ်ခုချင်း ပလိုင်းထဲသို့ ထည့်ပေးမည်။ ပြီးနောက် တောင်ယာထဲတွင် အလုပ်လုပ်သည့်အခါ သိပ်နေပူမခံဖို့၊ အန္တရာယ်ရှိသည့် အလုပ်များကို သတိထားလုပ်ဖို့ လူကြီးတစ်ယောက်၏လေမျိုးဖြင့် မှာတတ်သည်။ တောင်ယာမှ အပြန်နောက်ကျလျှင် ပူပန်စိတ်ဖြင့် မည်သည့်အတွက် နောက်ကျကြောင်း မေးမြန်းတတ်သည်။ ထို့ကြောင့် တစ်ခါတစ်ရံ စောသီထူးက မာလာနွယ်ကို စတတ်နောက်တတ်သည်။ "နင် - ငါ့သမီးလောက်တောင် ငါ့အပေါ် မပူတတ်။ နင် - ငါ့သမီးလောက်တောင် အားမကိုးရဟု ဖြစ်သည်။ ထိုအခါ မာလာနွယ်က အကဲပိုလွန်းသောသားအဖဟု နှုတ်တုံ့ပြန်သည်။

စောသီထူး တောင်ယာမှပြန်တိုင်း စားသောက်လို့ရသည့် အသီးအနှံများ ရှာဖွေသည့်အလုပ်တစ်ခု ပိုလာသည်။ ထိုအသီးအနှံများကို သားသမီးလေးယောက်လုံးအတွက်ဖြစ်သော်လည်း အိမ်ပြန်ရောက်သည့်အခါ သမီးအတွက် မပါသယောင်ပြောမည်။ နောက် သမီးကိုကပြနိုင်း၊ ဘုရားစာ ဆိုခိုင်း၊ သူ့ပါးပြင်အား နမ်းခိုင်း စသည်ဖြင့် တစ်ခုခုကိုခိုင်းမည်။ သမီးကလည်း ဖေ့ဖေ့ သွက်လက်စွာ ခိုင်းသမျှလုပ်ပြမည်။

ပြီးနောက် - သူရေချိုးပြီး မိသားစု စုံ[illegible]ညီ ထမင်းစားကြမည်။ ထမင်းစားပြီး တောင်ယာထဲမှာ သူ့ဘာတွေလုပ်နေကြောင်း သမီးက မေးတတ်သလို မေးမည်။ သားများက စာကျက်နေကြမည်။ သမီးက ဖအေအား အမေးအမြန်း ထူပြီးလျှင် အစ်ကိုများ စာကျက်နေသောနေရာသို့သွားပြီး စာအုပ်တစ်ခုခုကို ဖွင့်၍ သူစိတ်ထဲရှိသမျှ တစ်ခုခုကို အော်ဟစ်နေမည်။ ခုအခြေအနေတိုင် စောသီထူး နစ်သက်နေမိသည်။ အလုပ်ချိန်၊ နားချိန် မိသားစုအတွက် ပေးရမည့်အချိန်များကို နည်းနည်းသဘောပေါက်သလို ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ တောင်ယာထဲမှ ကန်စွန်းဥများ တူးဖော်ရင်း ကန်စွန်းဥကြိုက်တတ်သောသမီးအတွက် ကန်စွန်းဥ ခပ်ကြီးကြီး သုံးလေးဥအား မီးဖုတ်ထားခဲ့သည်။ ကန်စွန်းဥများ ကောင်းကောင်းကျက်နပ်သည့်အခါ တောင်ယာထဲတွင် ခါတိုင်းလိုပင် အလုပ်များကို အာရုံစိုက်လုပ်နေသည်။

ဒီနေ့မှ နည်းနည်းထူးခြားနေသလို၊ စိတ်ထဲ လေးလံနေသလို ခံစားနေရသည်။ အိမ်ကိုလည်း အမြန်ဆုံး ပြန်ချင်နေမိသည်။ သို့သော် လုပ်လက်စအလုပ်များက မပြတ်သေးသောကြောင့် ဆက်၍အလုပ်လုပ်နေဖြစ်ပြန်သည်။ ညနေ သုံးနာရီခန့်၌ သူတို့ရွာမှ စောကွာလာ ရောက်လာသည်။ သူ့ပုံစံက အလျင်စလို နိုင်လွန်းလှသည်။

"ဟေး - စောသီထူး - နင်ရွာမပြန်သေးဘူးလား။ ငါတော့ပြန်တော့မယ်။ အခြေအနေ သိပ်မကောင်းဘူး"

"ဘာဖြစ်လို့လဲ - ကွာလာ၊ နင့်ဟာကလည်း အလန့်တကြားပါလား။ ဘာလို့ အခြေအနေမကောင်းရတာလဲ"

"တေအင်ယူတပ်တွေ ဒီဘက်ကို ဆင်းလာတာ နင်မသိဘူးမို့လား။ နောက်ပြီး - အစိုးရတပ်တွေလည်း အပေါ်ဘက်ကို တက်လာနေတယ်ဟ။ တော်ကြာ - ဒီနားမှာ တိုက်ပွဲဖြစ်ကြရင် အိမ်လည်းပြန်မရ၊ လုံလည်း လုံခြုံမှုမရှိနဲ့ ဟိုမရောက် ဒီမရောက်နဲ့ ကြားထဲမှာ သေနေဦးမယ်ဟ"

"ဟေ"

စောသီထူးနှုတ်မှ အာမေဍိတ်သံတစ်ချက် ထွက်သွားပြီး ယူငင်စရာရှိသည့်ပစ္စည်းများကို ပလိုင်းထဲ အမြန်ဆုံး ကောက်ထည့်နေမိသည်။ စောကွာလာက စောသီထူးကိုကြည့်ရင်း စိတ်မရှည်တော့။

"ဟာ - ဘာတွေနင်အချိန်ဆွဲနေပြန်လဲ။ မြန်မြန်လုပ်လေ - ပြန်ရအောင်။ နင့်ယောက်ဖတွေက တွေ့တုန်းတမ်းကစားမှာမဟုတ်ဘူး။ တွေ့ရင် စစ်တိုက်ကြမှာ။ သေနတ်နဲ့ အပြန်အလှန် ပစ်ကြ၊ ခတ်ကြမှာ။ တိုက်ပွဲနဲ့ဆုံလို့ကတော့ ကြားထဲမှာ မသာဖြစ်ဖို့ အသေအချာပဲ - ကောင်ရေ။ မြန်မြန်လုပ်"

"အေး - ပြီးပါပြီဟ။ ငါ့ရဲ့အငယ်မ ကြိုက်တဲ့ ကန်စွန်းဥမီးဖုတ်ထားတာ ကျန်နေမှာစိုးလို့ ကောက်ထည့်နေလို့ပါ - ယောက်ဖရော"



စောသီထူးကို ကြည့်ပြီး စောကွာလာ ခေါင်းညိတ်လိုက်သည်။ ကွမ်းဟဲတွေးကို ပျစ်ခနဲ တစ်ချက်ထွေးရင်း ရှေ့မှ ခပ်သော့သော့လေး ထွက်ခွာသွားလေတော့သည်။

— ● —

စောသီထူး၏စိတ်ထဲတွင် ခြေလှမ်းများမှာ နှေးလွန်းသည်ဟု ထင်နေမိသည်။ အိမ်ကို ရောက်ချင်စိတ်က လှမ်းနေသည့်ခြေလှမ်းများကို အားမရမိ။ ရွာကိုရောက်လျှင် အိမ်ကိုရောက်လျှင် သူ့အတွက် စိတ်အေးချမ်းသာဖြစ်ရပေတော့မည်။ နောက်ပြီး - အိမ်သို့ရောက်လျှင် သူ့အတွက်ရော မိသားစုအတွက်ပါ လုံခြုံမှု ရစေရန် စီမံဖန်တီးနိုင်မည်ဖြစ်သည်။

တောအုပ်ကလေးအလွန်တွင် ရွာကိုလှမ်းမြင်လိုက်ရလေသောကြောင့် လှိုက်ခနဲ ဝမ်းသာသွားသည်။ ရွာကို ရောက်လျှင် အိမ်ကို ရောက်မည်။ အိမ်ရောက်လျှင် မိသားစုဝင်များကို တွေ့ရမည်။ ချစ်သောသမီးလေးကို တွေ့ရမည်။ ချစ်သောသမီးလေးကြိုက်သည့် ကန်စွန်းဥမီးဖုတ်ကို တစ်ခုခုလုပ်နိုင်းပြီး ပေးရမည်။ သူ့ သမီးလေးကို ဘာလုပ်နိုင်းရမည်လည်း စဉ်းစားမိသည်။ သူ့ပါးပြင်အား နမ်းခိုင်းရမည်လား။ ဟင့်အင့် - မနေ့ကပဲ တောင်ပိန္နဲစေ့လှော်ပေးရင်း နမ်းခိုင်းခဲ့တာ။ မဖြစ်သေးဘူး၊ ကခိုင်းရမလား။ အင်း - ဟိုတစ်နေ့တပဲ သူ့ကို ဒုံးက ကပြခဲ့တာပဲ။ အဲ - ဟုတ်ပြီ - သမီးလေး၏ မပီကလာ ပီကလာနှင့် ရွတ်ဆိုသော ဘုရားစာရွတ်သံက သူ့အတွက် အလွန်နားဝင်ပီယံ ရှိလှသည်ပဲ။ ဟုတ်တယ် - ဘုရားစာ ရွတ်နိုင်းတာက အကောင်းဆုံးဖြစ်မည်။ ဘုရားစာပဲ ရွတ်နိုင်းတော့မည်။

ရွာထဲ ဝင်လာနေသော်လည်း အ…စိတ်က လူနှင့်မကပ်မိလေသောကြောင့် အိမ်ခြံဝရောက်မှ အနည်းငယ် သတိထားမိလာသည်။ သူ့ဒီလောတ်ဆိုစိတ်အေးရပေပြီ။ တိုက်ပွဲတွေကိုလည်း ကြောက်စရာမလိုတော့။ ခြေသွားလမ်းကလေးအတိုင်း လှမ်းဝင်ရင်း အိမ်ဆီသို့ မနေးမမြန်သော ခြေလှမ်းများဖြင့် လှမ်းသွားနေမိသည်။ မီးဖိုခန်းထဲတွင် အလုပ်လုပ်နေသော နော်မာလွယ်နှင့် မနီးမဝေးတွင် ကစားနေသော သားလတ်နှင့်သားငယ်ကို မြင်လိုက်ရသည်။ ဒါဆို - အကြီးကောင်နဲ့ အငယ်မ ဘယ်ရောက်နေသလဲ လှမ်းမေး



www.burmeseclassic.com

www.burmeseclassic.com



စောသီထူးလဲကျရာနေရာသို့ အပြေးလာပြီး စောသီထူး၏ ခန္ဓာကိုယ်အား ပက်လက်ဆွဲလှန်လိုက်သည်။ ပါးစပ်ဟပြီး မျက်လုံး အကြောင်သားနှင့်ရှိနေသော စောသီထူး၏ အသက်ရှူသံမှာ ပြင်းထန် လွန်းနေပြီး ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်နှင့် အကြောတွေ ဆွဲနေသည်။ ခဏအကြာတွင် 'ရှူး' ခနဲ မြည်သံနှင့်အတူ စောသီထူး၏ လှုပ်ရှားနေသော ခန္ဓာကိုယ်ကြီး ငြိမ်သက်သွားလေသည်။

လိုက်ချင်သည်၊ ဒီလိုမေးလို့လည်း လူကြားလို့မသင့်တော်၊ ဒီတော့ - အိမ်ထဲ ရောက်မှ မေးလိုက်တာက ပိုကောင်းလေမည်ဟု တွေးမိလေသောကြောင့် အိမ်ထဲသို့ အလျင်စလို လှမ်းဝင်လိုက်သည်၊

— ♦ —

အပါးတလည်း ဒီနေ့မှ အိမ်ပြန်နောက်ကျသည်၊ သူ့အိမ်တံခါးရှေ့ နောက်တွင်ပုန်းနေရသည်မှာ ကြာလာပြီဖြစ်သောကြောင့် ခြေထောက်များ ပင် ညောင်းလာသည်၊ တံခါးရွက်နောက်တွင် ထိုင်ချလိုက်ချင်သည်၊ ထိုသို့ ထိုင်ချလိုက်လျှင် တံခါးရွက်လှုပ်ရှားမှုနှင့် ထွက်ပေါ်လာမည့်မြည်သံတို့ ကြောင့် သူ့ပုန်းနေမှန်း အမိုးနှင့် သူ့အစ်ကိုများ သိသွားပေလိမ့်မည်၊ ထိုသို့သိ သွားလျှင် အပါးကို အလန့်တကြားဖြစ်အောင် နောက်ရတာ သိပ်မကောင်း



တော့၊ ဘယ်သူမှမသိသောကိစ္စကိုသူတို့အားလုံးအထိတ်တလန့်ဖြစ်အောင် လုပ်လိုက်ရတာက ပို၍ကောင်းပေမည်၊ ဆက်လက်၍ ငြိမ်ငြိမ်ကလေး နေ လိုက်သည်၊

ဟော - အပါးခြေသံကို ကြားလိုက်ရသည်၊ အိမ်နားသို့ တဖြည်းဖြည်း နီးကပ်လာသောခြေသံများ၊ ဟော - အိမ်ဝနားသို့ ခြေသံ ရောက်လာပေပြီ၊ ဟော - အိမ်ထဲကို ဝင်လာသည့်ခြေသံ ကြားလိုက်သည်၊ အပါး နောက်ထပ် ခြေလှမ်းတစ်လှမ်း လှမ်းပြီးလျှင် ဖိုးမှ တံခါးကြားထဲကထွက်ပြီး အပါးကို အသံအကျယ်ကြီးဖြင့် "အပါး" လို့ ခေါ်လိုက်မည်၊ တံခါးရွက်ကို အနည်းငယ် ဟပြီး တံခါးနောက်မှ အပြင်သို့ လှမ်းထွက်ရန် ပြင်လိုက်သည်၊

— ♦ —

စောသီထူး ဒီနေ့မှ အိမ်ပြန်နောက်ကျသည်၊ ဒီနေ့ သူကြိုက်တတ်သည့် တာလပေါ်ဟင်းကို ကြိမ်ခါးဖူးနုနုကလေးများ တောင့်ကပ်ပျောပင်အူများဖြင့် ချက်ပြုတ်ထားသည်၊ သူ အလွန်ကြိုက်သည့်ဟင်းနှင့် ကျေကျေနပ်နပ် မြိန် မြိန်ယှက်ယှက် သူ ထမင်းစားနေတာကို မြင်ချင်သည်၊ ထိုသို့ ခင်ပွန်းသည် ထမင်းမြိန်မြိန်စားနေသည်ကိုမြင်ရလျှင် နော်မာလာနွယ် စိတ်ချမ်းသာရ သည်၊ အင်း - ခင်ပွန်းသည် ထမင်းစားမြိန်နေသည်ကိုကြည့်ပြီး ကြည်နူးစိတ် ချမ်းသာရသည်မှာ မိမိတစ်ယောက်တည်းသလားဟု နော်မာလာနွယ် ဆက် တွေးမိသည်၊ အိမ်ရှင်မတိုင်း ဒီလိုခံစားချက်မျိုး ရှိနေမည်ဟု တွေးမိပြီး တစ် ကိုယ်တည်း ပြုံးလိုက်မိသည်၊ ထို့နောက် အကြီးကောင်အား အငယ်မတို လိုက်ရှာခိုင်းလိုက်တာကို သတိရပြီး ပြန်လာသံလည်း မကြားသေးသော ကြောင့် သားလတ်နှင့် သားငယ်တို့အား ဆက်၍ လိုက်ရှာခိုင်းရမည်ဟု တွေး မိသည်၊ ထို့ကြောင့် သူ့ နောက်ဘေးလှည့်လိုက်စဉ် အိမ်ထဲသို့ လှမ်းဝင်လာ သော စောသီထူးကို ရုတ်တရက် တွေ့လိုက်လေသောကြောင့် သူ အံ့အား သင့်သွားသည်၊

— ♦ —

"ဒိုင်း"

ရုတ်တရက် ထွက်ပေါ်လာသော သေနတ်သံနှင့်အတူ စောသီထူး နောက်ကျောတွင် မှုခနဲဖြစ်သွားလေသည်၊ ထို့နောက် သူ့ခန္ဓာကိုယ်အား

www.burmeseclassic.com

www.burmeseclassic.com

မည်သို့မျှ တန်ချက်ညီအောင် မထိန်းနိုင်တော့ပဲ ရှေ့ဘက်သို့ ဟပ်ထိုးလဲကျသွားလေတော့သည်။

"အပါး"

နော်စုမြတ်၏အော်ခေါ်သံသည်ထွက်ပေါ်လာသည့်သေနတ်သံအောက်တွင် ပျောက်ကွယ်သွားသည်၊ ဒုန်းခနဲ မြည်သံနှင့်အတူ သွေးသံရဲရဲနှင့် လဲပြိုကျသွားသည့် စောသီထူးကိုကြည့်ရင်း နော်စုမြတ် ထိတ်လန့်တကြား အော်နေမိလေသည်။

"အပါး - အပါး - အပါး"

သေနတ်သံနှင့်အတူ ရှေ့ဘက်သို့ တုံးခနဲ လဲကျသွားသည့် စောသီထူး တံခါးရွက်နောက်မှ ထွက်လာသော သမီး၏အော်သံများကြောင့် နော်မာလာနွယ် အိမ်ရှေ့ဘက် စောသီထူးလဲကျရာနေရာသို့ အပြေးလာပြီး စောသီထူး၏ ခန္ဓာကိုယ်အားပက်လက်ဆွဲလှန်လိုက်သည်။ ပါးစပ်ဟာပြီး မျက်လုံးအကြောင်သားနှင့်ရှိနေသော စောသီထူး၏ အသက်ရှူသံမှာပြင်းထန်လွန်းနေပြီး ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်နှင့် အကြောတွေ ဆွဲနေသည်၊ ခဏအကြာတွင် "ရှူး" ခနဲ မြည်သံနှင့်အတူ စောသီထူး၏ လှုပ်ရှားနေသော ခန္ဓာကိုယ်ကြီး ငြိမ်သက်သွားလေသည်၊ သူ့ဘေးတွင် တုံးလုံးလဲနေသောပလိုင်း၊ လောက်လေးခွ၊ လောက်စာလုံး၊ ဓားမ၊ ချုံရုတ်ဓားကောက်တစ်ချောင်း၊ ဆေးလိပ်သောက်ဆေးဘူး၊ ကွမ်းထုပ်တို့နှင့်အတူ ကန်စွန်းဥမီးဖုတ်လေးလုံးတို့ ပြန့်ကျဲနေပေသည်၊ နော်မာလာနွယ် မရှိုတင်ကဲ တအားအော်လိုက်မိသည်။ ရင်ထဲတွင် ဆို့နင့်လာပြီး မျက်ရည်ပူတို့က မျက်လုံးတစ်လျှောက် အဆက်မပြတ် စီးဆင်းလာသည်။

"စောသီထူး - စောသီထူး - စောသီထူး"

ခပ်အုပ်အုပ်သေနတ်သံ၊ ညီမလေး နော်မြတစ်စုအသံ၊ အမိုး၏အော်သံတို့ကြောင့် ဖိုးရွှားကြီး အိမ်ထဲသို့ ဒရောသောပါး ပြေးဝင်လိုက်သည်၊ ကြမ်းပြင်တွင် ပက်လက်ကြီး လဲကျနေပြီး ပွင့်နေသောလှုပ်ရှားမှုမဲ့မျက်လုံးများ ဟနေသောပါးစပ်၊ ငြိမ်သက်နေသောအပါး။ ဘာကိုမှ နားမလည်နိုင်သလို ဟိုကြည့်ဒီကြည့်နှင့် ညီမလေး၊ မျက်ရည် တတွေတွေကျရင်း အပါးကို အော်ခေါ်နေသည့်အမိုးအား သူ သိချင်သည်များကို မေးလိုက်မိသည်။



"အမိုး - အပါး - ဘာဖြစ်သွားတာလဲ"

"နင်တို့အပါး သေသွားပြီ - ဖိုးရွှား"

"ဟင် - ခုနပဲ - ဖိုးရွှားရှေ့က လျှောက်သွားတာပဲ၊ အကောင်းကြီးပဲဟာ၊ ဘာကြောင့် သေသွားရတာတဲ့တုံး - အမိုး"

နော်မာလာနွယ်က သူဖြေတတ်သလို ဖြေလိုက်သကဲ့သို့ ကလေးများကလည်း သူ့အဖေအား ကောင်းစွာနားလည်သောမေးခွန်းများကိုပြန်လည်မေးမြန်းကြလေသည်။

"နင်တို့အပါးသေတာ စစ်ပွဲကြောင့် သေတာ၊ စစ်ပွဲက နင်တို့အပါးကို သတ်လိုက်တာ"

"ဒါဆို - စစ်ပွဲမဖြစ်ရင် အပါး မသေလောက်ဘူးပေါ့နော်"

"အေး"

နော်မာလာနွယ်၊ ရင်ထဲတွင် လေးလံမွန်းကျပ်လာသည်။ မှောင်ရိပ်များ သမ်းစပြုလာလေတော့သည်။ အပြင်ဘက်တွင်ကား တိုက်ပွဲက ပြင်းထန်နေဆဲ၊ ပစ်သံခတ်သံ ကြိမ်းဝါးသံများ ဆူညံနေဆဲ၊ တစ်စတစ်စ ပိုမှောင်လာသည်၊ ထို့နောက် တိုက်ပွဲသံများ တိတ်ဆိတ်ငြိမ်သက်သွားသကဲ့သို့ ညတသည်း တိတ်ဆိတ်လွန်းလှသည်၊ သို့သော် လဆန်းရက်မို့ လရောင်နှင့် ရန့်သင်းသော ပန်း၏ရနံ့များကား လေထဲတွင် ပျံ့လွင့်နေသည်၊ ထိုသို့သောညများသည် ပူပန်ရသော သောကမနွယ်သည့်သူများအတွက် တစ်စုံတစ်ရာကို စိုးရိမ်ပူပန်ရန်မလိုသောသူများအတွက်ကား အဓိပ္ပာယ်ရှိသောည၊ လှပသောညသာ ဖြစ်သကဲ့သို့ နေ့လယ်ပိုင်းတွင်လည်း ထိုသို့မပူပန် မကြောင့်ကျရသောဘဝများသည် ငြိမ်းချမ်းသောနေ့များသာ ဖြစ်ချေမည်၊ ထိုလှပသောညများ၊ ငြိမ်းချမ်းသောနေ့များကိုပိုင်ဆိုင်ခွင့်ရမည့်အချိန်များတွင် နော်မာလာနွယ်တို့ တိုင်းရင်းသားများ၏ အပူမျက်ရည်များ ကျဆင်းခြင်းမှ ရပ်စဲသွားမည်ပေတော့သည်၊

(ပြည်တွင်းငြိမ်းချမ်းရေးရရှိမှုနှင့် ဒေသတွင်းစစ်ပွဲများ ဆုံးသတ်ရပ်စဲရန်အတွက် ရည်ရွယ်ပါသည်။)

မြတ်သဘေကျော်

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်ကို
ချစ်မြတ်နိုးရသော ဖခင်တစ်ယောက်၏
မေတ္တာနှင့်အတူ လျှို့ဝှက်ဆန်းကြယ်သော သုံးပွင့်ဆိုင်
အချစ်ဇာတ်လမ်းကို ဖတ်ရှုရမည့် ..

**ကျွန်တော်**ပန်းချီဆရာ အောင်ရွှေကျော်ပါ။ အဲ - ပတ်ဝန်းကျင်ကတော့ "ဗိုးကြီး" လို့ ခေါ်ကြတယ်။ ယမကာလုလင်ဘွဲ့ရ ဖွဲ့တိုင်းကျော် အရက်သမားကြီးပေါ့လေ။ ကျွန်တော် မမူပါဘူး။ လောကမှာ အရက်ရယ်၊ ကျွန်တော့်သားလေး "သက်သက်" ရယ်ကလွဲလို့ တွယ်တာစရာမရှိတာ အမှန်ပဲ။

ခုလို ကျွန်တော့်ဘဝ ပျက်စီးလွင့်မျောပြီး ခြေသလုံးအိမ်တိုင်ဖြစ်နေခဲ့တာတော့ သက်သက်အမေနဲ့ ကွဲပြီးကတည်းက ဆိုပါတော့ဗျာ။ ရှင်းရှင်းပြောရရင်တော့ ကျွန်တော် မန္တလေးမှာနေတုန်း သက်သက် (၁)နှစ်သားလောက်မှာ မော်လီအေးဟာ နောက်ဖေ ကျားနောက် လိုက်သွားခဲ့တာပဲ။ (ခုဆို သားလေး (၇)နှစ်တောင် ရှိနေပြီ။)

ခုလိုဖြစ်ရတာ ကျွန်တော်ကိုယ်တိုင်ရဲ့အပြစ်လည်း မကင်းဘူးလို့ ဆိုနိုင်ပါတယ်။ အဲဒီအချိန်က - ကျွန်တော်က ပန်းချီကားတွေဆွဲရင်း တစ်ဖက်တအနုပညာလောကမှာ သရုပ်ဖော်ပုံတွေရေးရင်း နာမည်ရလာတာမို့ မကြာရန်ကုန်ကို ဆင်းဆင်းနေရတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

ထားပါတော့ဗျာ၊ ဒီအကြောင်းတွေပြောရတာ ရင်နာလှပါတယ်။ အပြတ်မေ့ထားလိုက်တာပဲ ကောင်းမယ်၊

အဲ – လောလောဆယ်တော့ ကျွန်တော်တို့သားအဖဟာ အမရပူရမြို့ ဟောင်းမှာ ရောက်နေတာ တစ်နှစ်လောက် ရှိသွားပြီပေါ့၊

တစ်ညနေ – ကျွန်တော်တစ်ယောက်တည်း အရက်ဆိုင်က ရေချိန်ကိုက်ပြီး ပြန်လာတယ်၊ ငှားနေတဲ့အိမ်ဝင်းထဲ ဝင်လိုက်ရာက –

"သားရေ – သက်သက် – ဖေဖေကျော် ပြန်လာပြီဟေ့၊ လာကြိုပါဦးကွာ သက်သက်ရေ"

အသံပေးပြီး လှမ်းခေါ်လိုက်မိတယ်၊

ခါတိုင်းဆို ကျွန်တော့်အသံကြားတာနဲ့ သားလေးဟာ အပြေးအလွှား ထွက်ကြိုနေကျ၊

ခုတော့ – ဘာအရိပ်အယောင်မှမပြ၊ ဘယ်များ ရောက်နေပါလိမ့်၊

ကျွန်တော် ဟိုရှာ ဒီရှာနဲ့ပဲ အိမ်ထဲရောက်သွားတယ်၊ အိမ်ထဲမှာလည်း မတွေ့၊

"သက်သက်ရေ – သားရေ၊ ကေ့ကွတော့ – ဒီကောင် ပုန်းနေပြီထင်တယ်"

ဟုတ်တယ်၊ တစ်ခါတလေ ဒီကောင်က ပြန်မထူးဘဲ ပုန်းနေရာက ဝါးခနဲဆို ထွက်ခြောက်တတ်တာ၊

ဒါပေမဲ့ – ဒီတစ်ခါ ငြိမ်ချက်သားကောင်းလှချည့်၊

အိမ်ပေါ်မှာလည်း မတွေ့တဲ့အဆုံး ခေါင်းရင်းခန်းက အိမ်ရှင် ကိုကြာ မောင်တို့လင်မယားကို လှမ်းမေးလိုက်မိတယ်၊

"ကိုကြာမောင် – မဥမ္မာ – သားတစ်ယောက် ဘယ်များရောက်နေသ ခင်ဗျားတို့အခန်းမှာများလား"

"ခုနတင် အိမ်ထဲမှာ ကစားနေသံ ကြားလိုက်ရသေးတယ်၊ ကျွန် လည်း ထမင်းအိုးလုပ်နေတာနဲ့ နောက်ပိုင်း သတိမထားလိုက်မိဘူး ဆရာ"

ကျွန်တော် ခေါင်းမူသွားတယ်၊ အမူးလည်း ပြေသွားသလိုပဲ၊ အိမ် ပြေးလှမတတ် ပြန်ဆင်းခဲ့ရာက တစ်ဖက်ခြံကို လှမ်းမေးမိပြန်တယ်၊



"မချောရေ – အသက်များ နင်တို့ခြံထဲ လာသလားလို့"

မချောဆိုတဲ့ အပျိုပေါက်မလေး အိမ်ရှေ့ဝရန်တာ ထွက်လာရာက –

"မလာဘူး – ဦး။ စောစောကတော့ ခြံထဲမှာ လေးခွတစ်လက်နဲ့ ဆော့ နေတာတွေ့တယ်၊ ပြီးတော့ – လမ်းပေါ်ထွက်ပြေးသွားတာပဲ"

"ဟာ – ဒီကောင်လေး – ခြေရှည်တတ်နေပါလား။ တွေ့ကရာ လျှောက် သွားနေပြီနဲ့တူတယ်"

အရက်မူးပြေသွားပေမယ့် သားဖေကြောင့် မူးနောက်နောက်ကြီး ပြန်မူးသွားရတယ်၊

"သိပ်လည်း စိတ်မပူပါနဲ့ – ဆရာရယ်၊ အချိန်တန်ရင် ပြန်လာမှာပါ။ တလေးက သိပ်ဝေးဝေးလည်း သွားတတ်၊ လာတတ်တာမှမဟုတ်ဘဲ"

ကိုကြာမောင်က ပြောတော့လည်း စိတ်သက်သာရာ ရသွားသလိုပဲ၊ အိမ်ထဲမှာ ပြန်စောင့်နေလိုက်မိတယ်၊

ဘာလိုလိုနဲ့ မိုးတောင်ချုပ်တော့မယ်၊

— ☠ —

ကျွန်တော် ထိုင်မရ ထမရ၊ ဝါးရုံပြာလူး ဖြစ်နေရပါပြီ၊

နောက် – စိတ်ငြိမ်အောင်ဆိုပြီး လက်ကျန်ပုလင်းကို မော့လိုက်တယ်၊

အဲဒီထိ – သက်သက် ပြန်မလာသေးဘူး၊

ခင်တစ်ယောက်ရဲ့သောကဂယက်က ရေနွေးအိုးပွက်တာထက် ဆိုးဦး ယ်၊

မိုးတောင်ချုပ်သွားပြီ၊

ကျွန်တော် စိုးရိမ်ဇောနဲ့ ခေါလည်း ပွလာတယ်၊ နေနှင့်ဦး – ပြန်လာမှ လောက်သားလောက်အောင် ဆော်ထည့်လိုက်ဦးမယ်၊ ကြိမ်းဝါးနေမိ ယ်၊

နောက်ဆုံး – အပြင်ထွက်ရှာမယ်ဆိုပြီး တံခါးဝကို ထွက်ခဲ့တဲ့အချိန် တော့ –

www.burmeseclassic.com

"ဖေဖေကျော်ရေ – ဖေဖေကျော်"

ထကြော်ကြော်နဲ့ဝမ်းသာအားရခေါ်သံလေးနဲ့ အိမ်ပေါ်ပြေးတက်လာတဲ့ အသံ ကြားလိုက်ရတယ်။

ဟုတ်တယ် – ဒါ – သားလေးအသံပဲ။ စိတ်အေးသွားရတာနဲ့ အမှု သက်သက် – ကျွန်တော့်မြင်ကွင်းအောက်ကို ရောက်လာတယ်။

ချစ်စရာ သူ့မျက်နှာလေးက ပျော်လို့ ပြုံးလို့ …။

အမောတကော ပြေးလာရပုံနဲ့တော့ ပေါဟဲလေး ဆိုက်နေတယ်။

ပြီးတော့ – စပို့ရှပ်လေးနဲ့၊ ဂျင်းဘောင်းဘီတို့ အနားဖွာလေးမှာတော့ ရွှံ့ တွေ ဘဲတွေ ညှိုမည်းပေကျံနေတယ်။

လက်ထဲမှာတော့ လေးခွအငယ်စားလေးနဲ့။

သားကို မြင်ခါမှ သက်ပြင်းချလိုက်မိတယ်။ စိတ်ဆိုးဒေါသတွေလည်း ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ သူ့ကို ဆော်ပလော်တီးလိုက်မယ် ကြံထားတာလည်း သူ့မျက်နှာလေးကိုတွေ့တော့ မရိုက်ရက်အောင် ဖြစ်သွား တယ်။

ဒီကြားထဲက အိုက်တင်ခံပြီး ခပ်မာမာအသံနဲ့ –

"သား – တစ်ကိုယ်လုံး ညစ်ပေကျံနေတာပဲ။ မင်း – ဘယ်ကပြန်လာတာ လဲ၊ ဖေဖေကျော်ကို မလိမ်နဲ့၊ မှန်မှန်ပြော"

ဆိုတော့ သက်သက်မျက်လုံးလေး ပေကလပ် ပေတလပ်နဲ့ ဖြေပုံက –

"အသက် – ဟိုးမြို့စွန်က ခြံကြီးထဲက မမနဲ့ သွားတွေ့နေတာပါ"

"ဘယ်က မမလဲ – သား၊ သားနဲ့ ဘယ်လိုတွေ့ခဲ့ရတာလဲ"

"အဲဒီမမက ဖေဖေကျော်ဆွဲတဲ့အရုပ်ကလေးတွေလိုပဲ သိပ်လှတာဗျ"

ကျွန်တော် စိတ်ဝင်စားသွားတယ်။ ဒါပေမဲ့ –

"မင်းကို – မမ – လှတာ၊ မလှတာ မေးနေတာမဟုတ်ဘူး။ အဲဒီခြံထဲ ဘာ ကြောင့် ရောက်သွားတာလဲ၊ မမနဲ့ ဘယ်လိုတွေ့ခဲ့ရတာလဲ မေးနေတာ"

သက်သက်ဟာ မှုဆိုးလုပ်ပြီး အမဲလိုက်ခဲ့သနားပါတဲ့ ဖအေတူသားပီပီ လက်ထဲကခွလေးကို တမြှောက်မြှောက်နဲ့ ဇာတ်ကြောင်းပြန်ပြတယ်။

"အသက်က ဆက်ရက်လေးတစ်ကောင်ကို လေးခွနဲ့ပစ်လိုက်တာ အတောင်ထိသွားပြီး သိပ်မပျံနိုင်တော့ဘူး။ ပျံလိုက်၊ နားလိုက်နဲ့ အဲဒီဆက်ရက် လေးနောက်လိုက်ရင်း ခြံကြီးနားရောက်သွားတာပဲ။ သချိုင်းကုန်းနားက ခြံကြီးပေါ့"

"ဟင် – သချိုင်းကုန်းနားက ခြံကြီး"

"ဟုတ်တယ် – ဖေဖေကျော်၊ အဲဒီခြံကြီးထဲမှာ တိုက်အိမ်အကြီးကြီး လည်းရှိတယ်၊ ပန်းလေးတွေလည်း ရှိတယ်၊ ဒန်းလေးလည်း ရှိတယ်၊ သားက ငှက်ကလေးခြံကြီးထဲ ဝင်ပြေးတာ လိုက်ရှာနေတုန်း အိမ်ကြီးထဲက မမ ထွက်လာတာပေါ့"

"ပြီးတော့ …"

"ပြီးတော့ – သကြားလုံးတွေယူကျွေးပြီး သားသားကို ဒန်းစီးမလားတဲ့၊ သားက တက်စီးတော့ မမက လွှဲပေးတယ်၊ သီချင်းလည်း ဆိုပြတယ်၊ သိပ် ပျော်စရာကောင်းတာပဲ – ဖေဖေကျော်ရာ"

သူ့ပြောတဲ့အတိုင်း ဟုတ်လား၊ မဟုတ်လားတော့ မသိဘူး။ သေချာတာ တတော့ သက်သက်ဟာ မလိမ်တတ်၊ မညာတတ်တာပါပဲ။ ဘာပဲဖြစ်ဖြစ် သူ့ကို ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ဆိုပြီး ဝမ်နင်ပေးလိုက်မိပါတယ်။

"သား – အတော်ဆိုးတာပဲ၊ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက် ကို ဖေဖေကျော် မသိဘဲနဲ့ ဒီလိုသွားရင် အရိုက်ခံထိမယ် – မှတ်ထားနော်"

"ဟုတ်ကဲ့"

သက်သက်က အရမ်းလိမ္မာပါတယ်ဗျာ၊ အကင်းလည်း ပါးတယ်၊ မျက်ရည်လေးအဝဲသားနဲ့ သူ့ နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ် ပြခဲ့တာကလား။

ကျွန်တော် သားလေးကို အားရပါးရ ချုံးဖက်လိုက်တယ်၊ မည်းသည်း နေတဲ့ သူ့ပါးလေးကို နမ်းပစ်လိုက်တယ်၊

ဒီကြားထဲက သက်သက်ပြောတဲ့ပုံပြင်ထဲက မမဆိုတာရယ်၊ တိုက်အိမ် ကြီးရယ်၊ ဒန်းလွှဲပြီး သီချင်းဆိုတာတွေရယ်ဟာ ကျွန်တော့်ဦးနှောက်အတွင်း သားထဲ တီကောင်တွေလို ဖောက်ဝင်ပြီး လူးလွန့်လှုပ်ရှားနေပါတော့တယ်။

— ☠ —

www.burmeseclassic.com

သတ်သက်ဇာတ်လမ်းကို မေ့မေ့ပျောက်ပျောက် နေလာလိုက်ရာက သုံးလေးငါးရက် ကြာသွားပါလိမ့်မယ်။

ငါးရက်မြောက် တစ်ညနေ - မြို့ထဲက "တော်ဝင်သခင်" စားသောက်ဆိုင်မှာ ရမ်တစ်ပိုင်းနဲ့ တစ်နေ့လုံး ပန်းရိုက်ဆွဲထားရသမျှကို အညောင်းဖြေ ဖိမ်ခံနေပါတယ်။

တကယ်စင်စစ် - ဒီဗိုင်းဆွဲခ၊ ပန်းရိုက်ကားရောင်းရငွေလောက်နဲ့ဆိုရင် ကျွန်တော့်ဘဝ ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။ မိဘအမွေတွေ ဘက်အပ်ထားနိုင်လို့သာ ကျွန်တော် ဣန္ဒြေမပျက်ခဲ့တာပါ။ ဒါကလည်း သားလေးရဲ့ နောင်ရေးအတွက် ကျွန်တော်က ဆက်ပြီး အမွေထိန်းပေးရတဲ့ သဘောပေါ့လေ။

စိတ်ကူးတည့်ရာ လျှောက်သွားနေတဲ့ ကျွန်တော့်အတွေးတွေဟာ နောက်ပိုင်းက လူနှစ်ယောက်ရဲ့ ခပ်ကျယ်ကျယ် ငြင်းခုံသံတွေကြောင့် တစ်ပတ်လည် ပြန်ရောက်လာတယ်။

လူငယ်နှစ်ယောက် အတော်လေးမူးနေကြပါပြီ။ သားသားနားနား ခေတ်ပေါ်ဒီဇိုင်းနဲ့ ဘောင်းဘီဝတ်တွေပါပဲ။

"ဟာ - မင်းဟာက (၂၁)ရာစုခေတ်ကြီးမှာ မဖြစ်နိုင်တာကွာ၊ ငါတော့ မယုံဘူး"

"အိုး - ဒါမျိုးဆိုတာက ယုံရအခက်၊ မယုံရအခက်ကွ၊ တို့မြို့မြောက်ဖျားက သချိုင်းနဲ့ကပ်လျက်က ခြံကြီးပဲကြည့်လေ"

"နှစ်ထပ်တိုက်ခံ အိမ်အိုကြီးရှိတဲ့ခြံကြီးမဟုတ်လား၊ ပြောစမ်းပါဦး အဲဒါ - ဘာဖြစ်လို့လဲ၊ ညည - လှောတံတောင်လောက်နဲ့ နားရွက်ကြီးခြံကြီး သဘက်ကြီး ထွက်လာသတဲ့လား"

"တော်စမ်းပါ - ငါပြောတာပဲ နားထောင်ပါဦး၊ ထွက်လာတာက သဘက်မဟုတ်ဘူး - မောင်၊ အင်မတန်လှတဲ့အမျိုးသမီးတစ်ယောက်တဲ့"

သူတို့စကားကြောင့် ကျွန်တော် စိတ်ဝင်စားသွားပြီး သောက်လက်စ အရက်ခွက် အသာချပြီး နားစွင့်ထားလိုက်မိတယ်။

ဇာတ်လမ်းပြောတဲ့ လူငယ်က -



"လွန်ခဲ့တဲ့ (၅)နှစ်လောက်က အဲဒီမှာ သူဌေးလင်မယားနှစ်ယောက် လာဝယ်နေဖူးသတဲ့၊ အဲဒီမှာ သူဌေးရဲ့ ပထမမယားကမွေးတဲ့ ငါးနှစ်အရွယ် ကလေးတစ်ယောက်လည်း ပါလာတယ်၊ တိုတိုပဲ ပြောလိုက်မယ်၊ တစ်နေ့ မယားငယ်ဟာ အိမ်ဘေးမှာ ကလေး ဒန်းစီးနေတာ လွှဲပေးနေရင်းက အရှိန်ကုန် တအားလွှဲပြီး ကလေးလိမ့်ကျအောင် လုပ်လိုက်တာ - ကလေးလည်း ကြောက်အားလန့်အားနဲ့ လွင့်စဉ်ထွက်သွားပြီး အကျမတော်သလို ဖက်ကျပြီး သေသွားရှာတယ်၊ အဲဒါကို သူဌေးက လှမ်းမြင်လိုက်တယ်"

"အဲဒီတော့ ..."

"အဲဒီတော့ ... ဘာဖြစ်ကုန်မလဲ စဉ်းစားကြည့်ပေါ့၊ သူ့သားကို တမင်သေအောင် သတ်ရကောင်းလားဆိုပြီး သူဌေးနဲ့ သူ့မယားငယ် စကားများတာပေါ့၊ ဒီကမှ ဒေါသမထိန်းနိုင်တော့တဲ့သူဌေးက သူ့မိန်းမကို လက်လွန်ခြေ



ခရီးသွားတွေက
အဲဒီကလေးတစ်ယောက်တည်း
လဲပြီးငိုနေတာတွေ့လို့
သက်သာသွားတာဆိုပါတော့။
အဲဒီကစပြီးမကောင်းဆိုးဝါးစီးနေတဲ့
ဒီခြံကြီးထဲကို နေဝင်ရီတရော
ကလေးတွေမသွားရအောင်
အနီးအနားကမိဘတွေက
တားထားကြရတော့တာပဲ။
ခုတော့...



www.burmeseclassic.com

www.burmeseclassic.com

လွှန်သတ်မိပြန်ရော။ အဲဒီနောက် - သူ့ကိုယ်သူလည်း သတ်သေသွားတော့တာပဲ”

“မင်းဇာတ်လမ်းက နားထောင်တော့ ကောင်းသား ...”

“နားထောင်ကောင်းတာထက် အရေးကြီးတာကတော့ အဲဒီအချိန်က စပြီး ဒီအိမ်ကြီးနား ညဘက် ဘယ်သူမှ အနားမကပ်ရဲတော့ဘူး၊ ကလေးငိုသံတွေ၊ မိန်းမအော်သံတွေ ကြားရသလို တစ်ခါတလေ ဝုန်းဒိုင်းကြဲနေတာပဲတဲ့”

“ဒါက မနှစ်တစ်နှစ်ကမှ ပြောင်းလာတော့ - ဒါတွေ ဘယ်ကြားဖူးပါ့မလဲ။ ပြီးတော့ - တို့နေတာက တောင်ပိုင်းမှာ”

“အဲဒီကြားထဲကပဲ ဟိုအရင် သုံးလေးလက ကလေးတစ်ယောက် အဲဒီခြံထဲမှာ ဒန်းသွားစီးရင်း လိမ့်ကျတာ။ ခြေနစ်ဖက်ကို သွင်သွင်ကျိုးသွားပါရောလား။ ကလေးအပြောကတော့ မိန်းမချောချောလေးတစ်ယောက်က သီချင်းထအေးအေးနဲ့ သူ့ကို လာပြီး ဒန်းလွှဲပေးတာဆိုပဲ၊ တဖြည်းဖြည်းနဲ့ အရှိန်မြင့်အောင်လွှဲရင်း မိန်းမက ရပ်နေခဲ့ရာက နောက်ဆုံး အရှိန်လွှန်ပြီး သူလည်း လွင့်စဉ်ကျခဲ့ရတာတဲ့၊ ခရီးသွားတွေက အဲဒီကလေးတစ်ယောက်တည်း လဲပြီး ငိုနေတာတွေ့လို့ သက်သာသွားတာဆိုပါတော့၊ အဲဒီကစပြီး မကောင်းဆိုးဝါးစီးနေတဲ့ ဒီခြံကြီးထဲကို နေဝင်ရီတရော ကလေးတွေမသွားရအောင် အနီးအနားက မိဘတွေက တားထားကြရတော့တာပဲ၊ ခုတော့ ...”

ကျွန်တော် - သူတို့ပြောတဲ့စကားတွေ ဆက်နားမထောင်တော့ပါဘူး။ အရက်ခွက်ကို ဒီအတိုင်းပစ်ထားခဲ့ပြီး ဆိုင်ထဲက ပြေးထွက်ခဲ့မိပါတယ်၊ အိမ်ရောက်အောင် သုတ်ခြေတင်ခဲ့ရာက အိမ်ရောက်တဲ့အထိ မောရမှန်းလည်း မသိဘူး။ ရောက်ရောက်ချင်း စိုးရိမ်တကြီးနဲ့သာ -

“သား - သက်သက် - သက်သက် ဘယ်မလဲ၊ ကိုကြာမောင် - ကျွန် တော့်သားကော”

အူယားဖားယား မေးလိုက်မိသည်၊



ကိုကြာမောင်ကတော့ ထုံးစံအတိုင်း -

“ဟို - ဟို - ဒီ - ခုနကတော့”

ကျွန်တော် သူ့ကို မျက်နှာလွှဲလိုက်တယ်၊ အိမ်ထဲ ပြေးတက်ခဲ့တယ်၊ အိပ်ခန်းနံရံထောင့်မှာ ထောင်ထားတဲ့ အမဲလိုက်နှစ်လုံးပြူးသေနတ်ကို ဆွဲယူလိုက်တယ်၊ ဗီရိုထဲက ကျည်ဘူးကိုယူပြီး ကျည်ဆန်အကြီးအသေးနှစ်တောင့် ထိုးလိုက်တယ်၊

အိမ်ရှေ့ကို ပြန်ပြေးဆင်းလာတဲ့ ကျွန်တော်နဲ့ ကိုကြာမောင် ခြံဝင်းထဲမှာ ဆုံမိရာက -

“ဟာ ... ဆရာ ... သေနတ်ကြီးနဲ့ ဘာဖြစ်လို့ ...”

“ခင်ဗျားကိုဖြေဖို့ အချိန်မရတော့ဘူး - ကိုကြာမောင်၊ ရဲစခန်းကို သွား။ ရဲတွေခေါ်ပြီး သားပြောတဲ့ခြံကြီးကိုသာ လိုက်ခဲ့ပေတော့၊ မြန်မြန်သွားဗျာ”

ကျွန်တော်လည်း စကားဆုံးတာနဲ့ ချာခနဲ လှည့်ထွက်ခဲ့ပြီး မြို့စွန်အရောက် အရှူးကြီးတစ်ယောက်လို အသည်းအသန် ထွက်ပြေးခဲ့မိတယ်၊

အမှန်တော့ - မြို့စွန်သချိုင်းကုန်းနဲ့ မြို့ဈေးက ကျွန်တော်တို့အိမ်ဟာ နှစ်ဖာလုံကျော်ကျော်လောက်သာ ဝေးတာပါ၊ ဒါပေမဲ့ - မိုင်ပေါင်းများစွာ ဝေးသွားတယ် ထင်ရတယ်။ တစ်နည်းဆိုရင် ပြေးလေ အားမရလေမို့ပါပဲ၊ တစ်ခုခုက ကျွန်တော့်ရင်ဝကို ဆီးတွန်းထားသလို အောက်မေ့ရပါတယ်၊

ဘာပဲဖြစ်ဖြစ်၊ သားလေးသက်သက် - ကျွန်တော့်သားကို အချိန်မီကယ်ဖို့တစ်ခုပဲ ကျွန်တော် နားလည်ထားမိပါတယ်၊ ဘုရား - ဘုရား - အချိန်မှ မီပါ့မလား၊

ဟော - နေဝင်ဖျိုးဖျ မိုးချုပ်စ မှောင်ရီမှုန်ပျအချိန် ဆိုက်သွားပြီ၊

ဒီမှာတင် - မြေနိမ့်ပိုင်းကျနေတဲ့ သချိုင်းကုန်းအုတ်ဂူတွေ၊ မှတ်တိုင်တွေက ကျွန်တော့်မြင်ကွင်းထဲ တိုးဝင်လာတယ်၊

www.burmeseclassic.com

တစ်ဖက်မှာလည်း အရုပ်ဆိုးအကျည်းတန်လှတဲ့ တိုက်အိမ်အိုကြီးနဲ့ခြံ၊ တိုက်ဘေးမှာ တအားလွှဲနေတဲ့ဒန်း၊ ဒန်းပေါ်က သက်သက်ရဲ့ မှုန်ဝါးဝါး သဏ္ဌာန်၊ ပြီးတော့ ...

ပြီးတော့ - ဒန်းဘေးမှာ ဒန်းလွှဲပေးနေတဲ့ မိန်းမတစ်ယောက်ရဲ့ ပိုးတဝါး ဝိုးရိုး။

ဟုတ်မှဟုတ်ရဲ့လား၊ ငါများ မျက်စိမှားနေရော့သလား၊ သေသေချာချာ ထပ်ကြည့်တယ်။ အစစ်ပဲ၊ မိန်းမတစ်ယောက်၊ တစ်ကိုယ်လုံး အနက်ရောင် ဝတ်ထားပြီး ဆံပင်ဖားလျားနဲ့ တခစ်ခစ်ရယ်သံတွေတောင် နားထဲမှာ ကြား လိုက်ရသလိုပဲ၊

သေချာတယ် - ဒါ - ဟိုလူတွေပြောတဲ့ မကောင်းဆိုးဝါးမပဲ ဖြစ်ရမယ်။ ဒါ့ကြောင့် ကိုယ်ထင်ပြတာပဲ၊ ဒုက္ခပဲ - ငါ - ဘယ်လိုလုပ်ရပါ့မလဲ။

ကျွန်တော့်မျက်လုံးတွေ ပြာသွားရာက ဦးနှောက်တွေ ဗလောင်ဆူသွား တယ်။ သချိုင်းကုန်းနဲ့ မြို့ကြီးကြားက မညီမညာ မြေနီလမ်းလေးအတိုင်း သေ ပြေးရှင်ပြေး ပြေးဆင်းသွားမိရော။

"အား ..."

အရောသောပါ၊ အလောတကြီးမို့ ကျွန်တော် ခြေချော်ပြီး ဒလိမ့်ခေါက် တွေး ကျသွားတယ်။ လမ်းက တော်တော်လေးစောက်နက်တာပဲ၊ တစ်ကိုယ် လုံးလည်း ရှုးမျက်နာကျင်မှုဝေဒနာတွေ ခံစားလိုက်ရတယ်။ သေနတ်တခြား လူတခြားဖြစ်သွားတယ်။

ဘာပဲပြောပြော၊ အကျကောင်းတယ်ဆိုရမှာပဲ၊ သူတို့နဲ့ မနီးမဝေးကို အမြန်ဆုံးနှုန်းနဲ့ ရောက်သွားတာကိုး။ ကျွန်တော် ကျသွားရာက နှစ်လုံးပြူး ကြီးကို တမန်းကတန်း ပြေးကောက်လိုက်မိတယ်၊

ကျွန်တော် ရောက်သွားတဲ့နေရာက ချိုင့်ထဲလို ဖြစ်သွားတယ်။ ခြံကြီးနဲ့ အိမ်ကြီးက ကုန်းမို့မို့လေးပေါ် ရောက်နေတာ တွေ့ရတယ်၊

ဒါနဲ့ အမှု ...

"ကျွိကျွိ - ကျွိကျွိ"

ဒန်းလွှဲသံတွေ၊ သက်သက်ရော မကောင်းဆိုးဝါးမပါ ပျော်ပျော်ရွှင်ရွှင်နဲ့ တခစ်ခစ်ရယ်သံတွေ ပီပီသသကြီးကို ကြားနေရပါပြီ။

ဒန်းကလည်း အမြင့်ကြီး အမြင့်ကြီး၊ ရှေ့နဲ့နောက် မြောက်တက်နေ တယ်၊

အချိန်မရွေး ကြိုးပြတ်သွားနိုင်သလို သက်သက်လည်း လွင့်စဉ်ကျ သွားနိုင်တယ်။

ကျွန်တော် ဘာမှမစဉ်းစားနိုင်တော့ဘူး။

နှစ်လုံးပြူးကိုင်လျက် ကုန်းမြင့်လမ်းအတိုင်း ကမူးရှူးထိုး ပြေးတက် လိုက်ရင်းက -

"ဟေ့ - ဒန်းကို ဆက်မလွှဲနဲ့၊ အရုပ်လိုက် - ချက်ချင်းရပ်လိုက်စမ်း၊ ပြောနေတာ မကြားဘူးလား။ သေနတ်နဲ့ ပစ်လိုက်ရမလား"

အော်ပြီး သတိပေးလိုက်တယ်၊

စိတ်လောနေပြီး ကျွန်တော့်အသံပဲ တိမ်နေလို့လား၊ သူတို့ပဲ မကြားလို့ လားမသိဘူး။

ဒန်းက ရပ်မသွားတဲ့အပြင် အရှိန်ပြင်းသထက် ပြင်းလာတယ် ထင်ရ တယ်၊

"ကျွိကျွိ - ကျွိကျွိ"

"ဟီး - ဟီး - ဟီး - ဟီး - ဟီး - ခစ် - ခစ် - ခစ် - ခစ် - ခစ်"

ဒန်းလွှဲသံနဲ့အတူ မိန်းမနက်ကြီးရဲ့ တခစ်ခစ်ရယ်သံတွေက ပိုကျယ် လာသလိုပဲ၊

အို - ကြိုးပြတ်ပြီး သားလေး ဒန်းပေါ်က လွင့်ကျတော့မယ်၊

"ဟေ့ - ဒန်းလွှဲတာ ရပ်လိုက်ဆို"

သေနတ်နဲ့ချိန်လျက် ထပ်သတိပေးလိုက်ပေမယ့် ဒန်းကို ရပ်မပေးတဲ့ အပြင် ပိုတောင်လွှဲလိုက်သေးတယ်၊ အနက်ရောင်မိန်းမက နောက်ကျည့်

www.burmeseclassic.com

www.burmeseclassic.com

မကြည့်၊ အရေးမစိုက်သလို သက်သက်ကလည်း ပတ်ဝန်းကျင်ကို မေ့နေ ပုံရတယ်။ ဒီတင် – ကျွန်တော်လည်း ဆင်ခြင်ဉာဏ်တွေ၊ သတိတွေ ဘယ် ရောက်သွားမှန်းမသိ၊ လူစိတ်ပျောက်သွားသလို သေနတ်မောင်းကို ဖြုတ် ချလိုက်ပါတော့တယ်။

"ဒိုင်း ..."

"အား ..."

ပေါက်ကွဲသံမစဲခင် ယမ်းငွေ့တွေ ကြားထဲမှာ –

ကျွန်တော် အလူးအလဲ တိုးဝင်သွားတယ်။

မိန်းမ ခွေခနဲလဲသွားတာလည်း တွေ့လိုက်ရတယ်။

ကျွန်တော် အနားရောက်သွားတဲ့အချိန်မှာ အဲဒီအမျိုးသမီးဟာ နာနာ ဘာဝတစ်ယောက်အနေနဲ့ ပျောက်သွားလိမ့်လို့ ထင်မိခဲ့တယ်။

အရေးမကြီး။ အဓိကအနေနဲ့ သားလေးဆီကိုသာ အရောက်ပြေးပြီး ဒန်းကြိုးကို ဖမ်းကိုင်လို့ အလိုက်သင့်အရှိန်သပ်ပေးလိုက်တယ်။

"ဖေဖေကျော် ..."

"သား – မင်း သိပ်မိုက်ပါလား။ ဒီခြံထဲကို မလာပါနဲ့လို့ ပြောထားရက် သားနဲ့။ မင်း – သိပ်ဒုက္ခပေးတာပဲ။ ကံကောင်းလို့ပေါ့ – သားရယ်"

ကျွန်တော် – သက်သက်ကို ပွေ့ချီလိုက်ပါတယ်။

သက်သက်ကတော့ ကြောင်အမ်းအမ်းကြီးဖြစ်လို့ မျက်စိပျက် မျက်နှာ ပျက်။

"ဟင် – ဖေဖေကျော် – မမ – မမကို သေနတ်ကြီးနဲ့ ပစ်သတ်လိုက်ပြီ"

သက်သက်က ကယောင်ကတမ်းမြည်တမ်းသလို အထစ်ထစ် အငေါ့ ငေါ့နဲ့ ပြောလိုက်တယ်။ သူ့မျက်နှာမှာလည်း သွေးမရှိတော့ဘဲ ဖြူဆွတ်နေ ပါပြီ။

ညည်းသံသဲ့သဲ့ ကျွန်တော် ကြားလိုက်ရတယ်။ သရဲမက ပျောက်မသွား တဲ့အပြင် ညည်းပြနေပါလား။ ဖျတ်ခနဲ ကျွန်တော် လှည့်ကြည့်လိုက်တယ်။



အနက်ရောင်အမျိုးသမီးဟာ မြေပြင်ပေါ်မှာ ခွေခွေလေး၊ တအင်းအင်းနဲ့ ညည်းနေတာပဲ။ သွေးတွေလည်း အိုင်ထွန်းလို့၊ ဒီတော့မှ – ကျွန်တော် သတိ ဝင်လာတယ်။

"လက်စသတ်တော့ – ဒီမိန်းမဟာ လူအစစ်ပဲ၊ ငါ – အထင်လွဲပြီး ပစ်မိ တာမှားပြီ"

စိတ်ထဲက အသိနဲ့ ဒဏ်ရာရပြီးလဲနေတဲ့ အမျိုးသမီးနား ကပ်သွားမိ တယ်။ တစ်ဖက်စောင်းနေတဲ့ သူ့ကို လှန်ကြည့်လိုက်တယ်။

"ဟိုက် ..."

ကျွန်တော့်မျက်လုံးတွေ ပြူးသွားပြီး ရင်တွေ လျှောင်ကျသွားတယ်။ ခေါင်းနပန်းကြီးသွားရာက လွှတ်ခနဲ ရေရွတ်လိုက်မိတယ်။

"ဟာ – ဒါ – သူ – သူ – သားရဲ့မေမေ ဒေါ်လီ – ဒေအး"

ဘာတွေ ဖြစ်ကုန်ပါလိမ့်၊ ကျွန်တော့်မျက်လုံးတွေ ကျွန်တော် မယုံနိုင် သလို ကမ္ဘာကြီးတစ်ခုလုံး ဖောက်ထိုးမိုးမျှော် ရှာလပတ်ရမ်းသွားရပါပြီ။

ဒီတုန်းမှာပဲ ကျွန်တော့်နောက်က ခြေသံတွေနဲ့အတူ –

"ကိုအောင်ရွှေကျော် – ခင်ဗျား – ကျုပ်မိန်းမကို သေနတ်နဲ့ပစ်လိုက်တယ် ဟုတ်လား။ ခင်ဗျားမပြေးနဲ့၊ မလှုပ်နဲ့ ကျုပ်လက်ထဲမှာ ပစ္စတို ရှိနေတယ်"

ကျွန်တော် မဆိုးဒူးထောက်နေရာက ထလိုက်တယ်။ တစ်ချိန်တည်းမှာ နှစ်လုံးပြူးကြီးကို ဆွဲယူပြီးသား –

"ဩော် – ဝါ့မိန်းမကို အလစ်သုတ်သွားတဲ့ ထွန်းဝေလွင်ဆိုတာမင်းကိုး"

ဆံပင်ရှည်ရှည်၊ ခေါင်းကောင်[illegible]ာင်း၊ ရုပ်ဖြောင့်ဖြောင့် ဂျာကင်ဝတ် တောင်နဲ့ မျက်နှာချင်းဆိုင်မိတယ်။

"ကျုပ် – မငြင်းပါဘူး – ကိုအောင်ရွှေကျော်။ ခင်ဗျား တားကြိမ်းကြိမ်းပြီး အပြီးနဲ့ သတ်ဖို့လိုက်ရှာခဲ့တဲ့ ထွန်းဝေလွင်ပါ"

"ဒါကိုသိလျက်နဲ့ – မင်းတို့ ဒီမြို့ကို ဘာလို့ရောက်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့အကြောင်းနဲ့ ကျုပ်တို့ပါ၊ ကျုပ်တို့ ရောက်နေတာ တစ်ပတ်လောက်ပဲ ရှိဦးမယ်၊ ရောက်ပြီးမှ ခင်ဗျားတို့သားအဖလည်း ဒီမှာရှိနေတာ သိလိုက်ရတယ်၊ ဒါနဲ့ - ဒေါ်လီက သူ့သားကို တွေ့ချင်လှချည်ရဲ့ဆိုလို့ ရှောင်မသွားဘဲ ဆက်နေမိခဲ့ကြတာပါ၊ ဒီကြားထဲက သူတို့သားအမိချင်း မတော်တဆ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ခဲ့ကြတာပဲ ဆိုပါတော့ ..."

"ဒါဖြင့် - သက်သက်ဟာ သူ့သားမှန်း ဒီကောင်မ သိသွားတယ်ပေါ့လေ"

"ကလေးနဲ့ ရင်းနှီးပြီး မေးကြည့်ရင်းက သိခဲ့တာပါ၊ ဒါပေမဲ့ - ကလေးတကော့ သူ့အမေမှန်း မသိခဲ့ရှာပါဘူး၊ ဘာပဲဖြစ်ဖြစ် သွေးက စကားပြောသလို သူတို့သားအမိ အရမ်းရင်းနှီးသွားရာက ဒီမှာ ပျော်ပျော်ပါးပါး လာတွေ့နေကျ ဖြစ်ခဲ့ရတာပါပဲ၊ ကဲ - ရှင်းပြီ မဟုတ်လား"

"အေး - ရှင်းတယ်၊ ဆက်ပြီးတော့လည်း ရှင်းရဦးမယ်၊ ရာဇဝင်ကြွေးဆိုတာ မကြေမချင်း ဆပ်ရစမြဲပါ"

ကျွန်တော်က ပြောင်းရှည်သေနတ်ကို သူ့ဘက် ထိုးချိန်ဖို့ ပြင်လိုက်တယ်၊

ဒါပေမဲ့ - ထွန်းဝေလွင်က လက်ဦးသွားတယ်၊

"မလုပ်နဲ့လေ - ကျုပ်က ပစ္စတိုကိုင်ထားတာ၊ ပြီးတော့ - ခင်ဗျားထက်လျင်တယ်၊ ကျွမ်းတယ်၊ ကျုပ်မိန်းမ သေသွားပလား မသိဘူး၊ ဒါဆိုရင်တော့ ကျုပ်မိန်းမအတွက် ခင်ဗျားကို ..."

ပြောပြောဆိုဆိုနဲ့ တစ်ချက်တည်းချိန်ပြီး မောင်းဖြုတ်ဖို့ ပြင်လိုက်တယ်၊

ဒါပေမဲ့ - မမျှော်လင့်ဘဲ သားလေးသက်သက်က သူ့ဖလားခွနဲ့ ထွန်းဝေလွင်ကို ဝင်ပစ်လိုက်တယ်၊ ထွန်းဝေလွင် အငိုက်မိသွားပြီး နဖူးတည့်တည့် ခွပ်ခနဲထိပြီး ယိုင်ထွက်သွားတယ်၊

ကျွန်တော်လည်း အခွင့်ကောင်းကို အရယူလိုက်တယ်၊ လွှားခနဲ ခုန်အုပ်လိုက်ရာက သူ့သေနတ်ကိုင်လက်ကို မိမိရရ ဖမ်းဆုပ်လိုက်တယ်၊



နစ်ယောက်သား လုံးထွေးကျသွားတယ်၊ ဒါပေမဲ့ - ကျွန်တော်က အပေါ်စီးက ခွလိုက်နိုင်သလို သေနတ်ပြောင်း ကိုယ့်ဘက်မလှည့်အောင် တာဆီးရင်း သူ့လက်ကောက်ဝတ်ကို လှန်ချိုးလိုက်တယ်၊

အဖြစ်အပျက်က မြန်လွန်းလှပါတယ်၊

အနှစ်နှစ်၊ အလလက မျိုသိပ်ထားရတဲ့ ကျွန်တော့်ဒေါသတွေလည်း အဝိုင်းအဝဲမဲ့ ပေါက်ကွဲခဲ့ရပါပြီ၊

ပိုဆိုးသွားတာက ထွန်းဝေလွင်ရဲ့လက်ထဲက ပစ္စတိုကို အရယူလိုက်နိုင်တာပါပဲ၊

"မလုပ် - မလုပ်ပါနဲ့"

တောင်းပန်နေတဲ့ကြားကပဲ သူ့နံကြားထဲကို ပြောင်းတေ့ပြီး ခလုတ်ကို ဆွဲထည့်လိုက်မိတယ်၊

"ဒိုင်း ..."

"အား ..."

ထွန်းဝေလွင် မြေလူးဖာတ်ခင်းသွားလို့ ကျွန်တော် လူချင်းခွာလိုက်ပြီး ရပ်လိုက်မိချိန်မှာပဲ ကိုကြာမောင်နဲ့အတူ ရဲအုပ်တစ်ယောက် ဦးဆောင်တဲ့ ရဲတပ်ဖွဲ့ဝင်တွေက ကျွန်တော့်ကို ဝိုင်းလျက်သား ...၊

ထွန်းဝေလွင်ကတော့ ငြိမ်နေပြီ၊

ဒေါ်လီကတော့ ဒဏ်ရာအပြင်းအထန် ရထားဆဲ၊

ရဲတွေက စစ်ဆေးကြည့်ရင်းက ...

"လက်စသတ်တော့ - ဒီကောင်က သုံးမည်ရစားပြ လူသတ်ကောင်ပဲ၊ ခုလည်း - လူမသိ၊ သူမသိနဲ့ ဒီအိမ်ကြီးမှာ လာပုန်းနေတာပဲ၊ ဒါပေမဲ့ - လောလောဆယ်တော့ - ခင်ဗျား - ရဲစခန်းကို လိုက်ခဲ့ပါ - ကိုအောင်ရွှေကျော်"

ကျွန်တော်လည်း သားလေးသက်သက်ကို လက်ဆွဲပြီး ရဲတပ်ဖွဲ့ဝင်တွေကြားမှာ ပါလာခဲ့ရပါပြီ၊

စုန်းစုန်းမြုပ်လုဆဲ နေရောင်အောက်မှာပဲ ကြောက်စရာစံအိမ်ကြီးကို နှုတ်ဆက်ခဲ့ကြတယ်ဆိုပါတော့၊

www.burmeseclassic.com

လမ်းမှာ သားလေးပြောပြလို့ ဒေါ်လီအေးဟာ ထွန်းဝေလွင်ရဲ့နှိပ်စက်မှုအက်ကြောင့် နားကန်းခဲ့ရကြောင်း သိလိုက်ရပြီး အတော်လေး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

ဒါကြောင့်လည်း ဒန်းလွဲနေရင်းက ကျွန်တော် လှမ်းအော်သတိပေးသံတွေကို မကြားခဲ့တာပေါ့။ သက်သက်ကိုယ်တိုင်လည်း ဒန်းမြည်သံကြီးကြောင့် ကျွန်တော့်ခေါ်သံကို မကြားခဲ့ဘူးတဲ့။

ဒီအခိုက်မှာပဲ အလောင်းတွေတင်လာတဲ့ နောက်လှည်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။

"ဟာ - အမျိုးသမီး မသေသေးဘူး၊ သတိပြန်ရလာပြီး ညည်းနေတယ်"

"ဟုတ်လား - ချက်ကောင်းကို မထိလို့ပေါ့၊ ဖြုန်းခနဲ အကြောက်လွန်သွေးလန့်ပြီး သတိလစ်သွားတာ ဖြစ်လိမ့်မယ်"

ကျွန်တော်လည်း လှည်းရှိရာကို သားလေးနဲ့အတူ ပြန်ပြေးခဲ့တယ်၊

ဟုတ်တယ် - ကျွန်တော်တို့ကိုမြင်တော့ သူက ရီဝေဝေမျက်လုံးတွေနဲ့ လှမ်းကြည့်တယ်၊

"သားလေး - အစ်ကို"

"မေမေ"

"ဒေါ်လီ"

"ဒေါ်လီ - မှားခဲ့တယ် - မိုက်ခဲ့တယ် - ခွင့်လွှတ်ပါ - အစ်ကိုရယ်"

"ကို - ခွင့် - ခွင့်လွှတ်ပါတယ်၊ ဒေါ်လီ - သတိထား၊ စိတ်တင်းပြီး နေကောင်းအောင် နေနော်"

ဒေါ်လီ မျက်စိပြန်မှိတ်သွားတယ်၊ ကျွန်တော်က သူ့ကို ပွေ့ချီပြီး နောက်လှည်းတစ်စီးနဲ့လိုက်ဖို့စီစဉ်လိုက်တယ်၊ သားလေးကလည်း သူ့အမေဘေးမှာ ပါလာတယ်၊

လှည်းသံတအီအီနဲ့အတူ ခြံထဲက ပုခက်ဒန်းကြီးအသံ နားထဲကြားယောင်လာမိတယ်၊



ကြောက်စရာကောင်းလှတဲ့ မရဏပုခက်ဒန်းကြီးဟာ မျက်စိထဲ ပေါ်လာခဲ့ပါတယ်၊

ဒီမရဏပုခက်ကို အကြောင်းပြုပြီး နောက်ထပ်ကြမ္မာဆိုးတွေ မပေါ်ပါစေနဲ့တော့လို့လည်း ဆုတောင်းလာမိပါရဲ့၊

ကျွန်တော်တို့ အဝေးရောက်ချိန်အထိ ခြံထဲမှာကျန်ခဲ့တဲ့ မရဏပုခက်ကြီးကတော့ တအီအီ တလှုပ်လှုပ်နဲ့၊

ညီညီနိုင်

## တာမူရှင်များသို့..

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



**ထောင်မှူးကြီး သိန်းဝင်း**

အမဲလိုက်ကြရာမှ
နယ်ကျွံကာ သောင်းကျန်းသူနယ်မြေထဲ
ရောက်သွားရာမှ သောင်းကျန်းသူများနှင့်
မှဆိုးအဖွဲ့များ တွေ့ဆုံကြကာ ..

**အနီရှူး**လဆန်းတာနဲ့ ကောင်းကင်ယံမှာ မိုးသားတွေတက်လာတယ်။ ဒီနှစ်သကြြန်အကြို မိုးစောစောရွာပြီး မိုးဦးကျ စောမယ်ထင်ပါရဲ့ ထင်ထားတဲ့အတိုင်းပါပဲ၊ ညဘက်မှာ သကြြန်အကြိုမိုးက သဲသဲမဲမဲရွာတယ်၊ နောက်နေ့လည်း (၂)ရက်ဆက်တိုက် မိုးရွာတယ်။ ဒါဆို - မနက်ဖြန်မနက် တန်တွင်းတောထဲမှာ မှိုတွေပေါက်ပြီ။ ဖက်ဆွတ်မှို၊ တောင်ပို့မှို၊ မှိုတုံးနက်ဆိုတာတွေဟာ သဘာဝမှိုတွေပဲ။ အုံနဲ့ကျင်းနဲ့ကိုပေါက်တာ၊ တစ်ကျင်းတစ်ကျင်း ပီသာနဲ့ ချိုးပြီးရတာ။ အိမ်ထောင်စုတစ်စု အဝစားလို့ လုံလောက်ရုံတင်မက မှိုရာသီမှာ ရောင်းစားလို့တောင်ရတယ်။ လက်ဦးဖို့တော့ အရေးကြီးတယ်ဗျာ။

ကျွန်တော်တို့ရွာက [illegible]ဖွင်းတောနဲ့ (၄)မိုင်လောက်တော့ ဝေးတယ်။ ဒါပေမဲ့ - ဝိရိယကောင်းပြီး စောစောသွားရင်တော့ မီပါတယ်၊ ရွာလေ့တမှိုကျင်းကို အလျင်တွေ့လို့ ဦးသူက အနားမှာ ငုတ်တိုင်စိုက်ထားရင် ပိုင်ရှင်ရှိတယ်ပေါ့။ တခြားသူက မခူးတော့ဘူး။ လက်ရှောင်တယ်၊ စည်းကမ်းရှိတာပြီး ခူးမိရင်လည်း မှိုကျင်းက အစောင့်မြွေက တိုက်တတ်သတဲ့လေ။ မှိုကျင်းဆို

www.burmeseclassic.com

တာကလည်း တစ်ညတစ်ရက်တည်းရှုးရတာမျိုး မဟုတ်ဘူး။ ပွင့်အာလာတဲ့ မှိုပွင့်ကြီးတွေကို အလျင်ရှုးပြီး ကျန်တဲ့မှိုပေါက်စတွေကို တစ်ပတ်လောက် စောင့်ပြီး ရတာတ်တယ်။ တောင်ပို့မှိုလည်း ဒီအတိုင်းပဲ။ နှစ်စဉ်ပေါက်နေကျ နေရာမှာပေါက်တတ်တယ်၊ အဆိပ်မရှိဘူး၊ သဘာဝမှိုတွေပဲ အလွန်အရသာ ရှိတယ်။

အင်ဥမှိုကတော့ မိုးဦးကျ၊ အင်ဖက်အကြွေတွေအောက်မှာ ကပ်ပြီး ပေါက်တာ၊ နီညိုရောင်အလုံးကလေးပဲ။ ဝက်သားနဲ့ ချက်စားရင် အလွန် ကောင်းတာ၊ အိမ်နေတာပဲ၊ တောသဘာဝ၊ တောစာ၊ တောင်စာဟာမိုးဦးကျမှာ အလွန်ပေါတယ်။ မှိုနဲ့ မျှစ်အပြင် ဖလံတောင်ဝှေး၊ ဖရစ်ရိုးဆိုတာတွေကလည်း မိုးဦးကျမှ ပေါက်တတ်တာ၊

ကျွန်တော်တို့ရွာကို သယ်နီးကျွန်းကြီးရွာလို့ ခေါ်တယ်။ အတွင်းကျပေ မယ့် ဖြည်လမ်းမကြီးနဲ့နီးပြီး အဆက်အသွယ်ကောင်းတယ်။ ငမိုးရိပ်ချောင်း သေးတ ပေါက်တလောက်၊ ထားဝယ်ချောင်၊ စစ်ပင်၊ မဒ၊ ဆင်ဖုန်ရွာတွေနဲ့ လည်း မဝေးလှဘူး။ မလှမ်းမကမ်းမှာရှိတယ်၊ လေးရွာအုပ်သူကြီး အပိုင်စား ရွာကြီးမို့ စည်ကားပါတယ်၊

ကျွန်တော်တို့ ဘကြီးဦးစံနိုင်က လေးရွာအုပ်သူကြီး၊ အင်္ဂလိပ်ခေတ် နှောင်းပိုင်းကတည်းက ဆွေစဉ်မျိုးဆက် သူကြီးဖြစ်ခဲ့ပြီး ဂျပန်ခေတ်၊ ပါလီမန် ခေတ်အထိ သူကြီးပါပဲ၊ အဖေကတော့ ဦးစံကြိုင်တဲ့၊ သူကြီးရဲ့ညီ မိသားစု လယ်ဧက ရာနဲ့ချီပိုင်ပြီး လယ်ယာလုပ်ငန်းအပြင် ဓနိခြံလုပ်ငန်း၊ စပါးတင်း (၅၀၀၀) ဆံ့ စက်တပ် တုံကင်းကြီးတစ်စီးနဲ့ ငမိုးရိပ်ချောင်းတစ်လျှောက် လှိုင် မြစ်အထိ သွားလာလှုပ်ရှားနေတဲ့ကုန်သည်လို့ ဆိုရမှာပေါ့။ ဘိုးစဉ်ဘောင် ဆက် ချမ်းသာကြွယ်ဝတဲ့သူကြီးမျိုးမို့ မတောင့်မတ မကြောင့်ကျပဲ နေနိုင် ပေမယ့် ခရီးထွက်တာ၊ စွန့်စားရှာဖွေရတာကို အလွန်ဝါသနာကြီးတယ်။ တန်တွင်းတောဆိုတာကလည်း အဖေ့မြေရာတွေချည်းပါပဲ။

အဖေ့သားဖြစ်တဲ့ ကျွန်တော်ဟာလည်း အဖေ့မြေရာကို နင်းပါတယ်။ ငယ်စဉ်ကလေးခွတစ်ချောင်းနဲ့ ရွာစဉ်လျှောက်ငှက်ပစ်ခဲ့သလို အဖေ့တပည့် ဦးသံချောင်း သင်ပေးထားလို့ ကြက်တောင်၊ ငှက်တောင်၊ မှို့ရှာ၊ ငါးဖမ်း၊ ငါးမှား တာ အလွန်ဝါသနာပါတယ်။ ရွာမှာ အတန်းကျောင်းလည်း မရှိတော့၊ ဘုန်း ကြီးကျောင်းထွက်ပေါ့ဗျာ။ အရင်က ပွဲကျောင်းလို့ခေါ်တဲ့ ရွာတောင်ကျောင်း ဟာ အခုတော့ ကျောင်းထိုင်ဆရာတော် ဦးသောဘိတက ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒစာပေတွေကိုသင်တဲ့ ထေရဝါဒကျောင်းစစ်စစ်ဖြစ်လို့ ဘာသာရေး စာပေကိုပဲ အလေးထားပြီး သင်ကြားပါတယ်။ ပွဲကျောင်းထွက် အဖေတ သိုင်း၊ ဗန်တို၊ ဗန်ရှည် သင်ပေးလို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့တော့ တတ်ပါ တယ်၊ သေနတ်ပစ်၊ တောလိုက်တာလည်း အမေ သင်ပေးထားတာပါ။ ရွာကျောင်းက ရတနာရွှေချိုင့်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ပရိတ် ကြီး (၁၁) သုတ်၊ ဇာတ်ကြီး (၁၀) ဘွဲ့၊ ကျွန်တော် သင်ရိုးကုန်ခဲ့ပြီ၊ မြို့နဲ့ဝေး တော့ အတန်းကျောင်းလည်း ဆက်မတက်နိုင်တော့ဘူး။

ကျွန်တော်တို့က ချမ်းသာပါတယ်။ မြို့သွားပြီး အတန်းကျောင်းလည်း တက်နိုင်ပါတယ်။ မြို့မှာ ဆွေမျိုးတွေလည်းရှိတယ်။ ဒါပေမဲ့ – ကျွန်တော်ကိုယ် က စိတ်မပါတာ။ ဘာလုပ်မလဲဗျာ။ မိဘကလည်း ပစ္စည်းဥစ္စာချမ်းသာ၊ ရာထူး လည်းမလို၊ စာရေးတတ်၊ ဖတ်တတ်ရင် တော်ပြီပေါ့၊ အဲ – ပြောရဦးမယ်၊ အဖေက အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တွေ မီခဲ့တော့ စကားအပြောအဆို ကျွန်တော့်ကို သင်ပေးထားတယ်။ အတန်းပညာ မတတ်ပေမဲ့ မြို့ပိုင်တွေ၊ ရာဇဝတ်အုပ်တွေ နယ်ဆင်းလာရင် ကျွန်တော်က ဝင်ဝင်ရောလို့ ကျွန်တော့် ကို ချစ်ခင်ကြပါတယ်။ အဲ့ဒီတုန်းက ကျွန်တော့်အသက် ဘာရှိလိမ့်ဦးမတုံး။ (၁၀) နှစ်ကျော်ပတ်ဝန်းကျင်ပေါ့။ အဖေတို့ စပါးသယ်၊ ဓနိပို့ရင်လည်း ကျွန် တော် လိုက်တာပဲ။ အလကားနေတာတော့မဟုတ်ဘူး၊ ငမိုးရိပ်ချောင်းတာမ်း ဘေးက ငှက်မျိုးစုံကိုအဖေဝယ်ပေးထားတဲ့ BSA နံပါတ်ဝမ်းလေသေနတ်က လေးနဲ့ လက်တည့်စမ်းပြီးပစ်တာ အကုသိုလ်အကျိုးပေးသန်လို့လားတော့ မသိဘူး၊ တစ်ချက်တစ်ကောင်ပဲ၊ ဒါကြောင့်အဖေက ကျွန်တော့်ကိုတစ်ချက် တစ်ကောင်၊ မောင်မောင့်လက်ဆောင်ဆိုပြီး ဂုဏ်ပြုတယ်။ ကျွန်တော်ပစ် လို့ရသမျှငှက်တွေကိုလည်း အဖေက ကြော်နိုင်းပြီး အရက်နဲ့မြည်းတာတိုး

www.burmeseclassic.com

ကျွန်တော် လေသေနတ်နံပါတ်ဝမ်းကို နိုင်နင်းတော့ အဖေက Row တိုက်က လေသေနတ်နံပါတ်တူးကိုဝယ်ပေးတယ်။ နံပါတ်တူးက အန္တရာယ်ရှိတော့ - အဖေ့မိတ်ဆွေ ဗြာနာအုပ်ရဲ့ထောက်ခံချက်တော့ လိုတာပေါ့။ လေသေနတ်နံပါတ်တူးက ခဲသီးကြီးပြီး ပြင်းအားများတော့ တောကြွက်၊ တောကြောင်၊ ရှေ့ပေါက်၊ တောဝက်ပေါက်လောက်တော့ သေစေနိုင်ပါတယ်။ ဒါကြောင့် - အဖေက ကျွန်တော် လေသေနတ်နံပါတ်တူး၊ နံပါတ်ဝမ်းကို နိုင်နင်းသလို ကျွမ်းကျင်ရင် ကန်တွင်းတောထဲ အမဲလည်တဲ့နေ့ကျရင် ခေါ်မယ်လို့ ကတိပေးထားတယ်။ ဒါကြောင့် - ကျွန်တော် အိမ်အနောက်ဘက်က စိုက်ခင်းကျယ်ကြီးထဲမှာ နို့ဆီခွက်နဲ့ ပုလင်းတွေထောင်ပြီး အဝေးအနီး ပစ်ခတ်လေ့ကျင့်လိုက်ရတာ အမောပါပဲ။ သေနတ်အရှည် (ရိုင်ဖယ်) အမျိုးမျိုး နံပါတ်ဝမ်းတိုပိုင်တော့ နံပါတ်တူးကလည်း မခက်ပါဘူး။ တွန်းအားကို လက်ငြိမ်နဲ့ ထိန်းနိုင်ဖို့ပဲ လိုပါတယ်။

— ❧ —

အဖေ အလုပ်အားတဲ့တစ်ရက်မှာ ကျွန်တော်တို့ ကန်တွင်းတောထဲ လှည်းတစ်စီးနဲ့ ထွက်ခဲ့ကြတယ်။ အဖေနဲ့ သူ့တပည့် ဦးသံချောင်းအပြင် ထမင်းချက် (၂) ယောက်လည်း ပါသေးတယ်။ ဦးသံချောင်းက လှည်းမောင်းတယ်။ မနက်ကထွက်တာ နောက်ကျတာမို့ တောစခန်းရောက်တော့ မွန်းတည့်ပြီ။ စခန်းတဲ ဆောက်စရာတော့ မလိုတော့ဘူး။ အဖေတို့ မကြာခဏ ဝါးခုတ်လာနေရတော့ တဲစခန်းကို အခိုင်အမာ လုံခြုံအောင် ဆောက်ထားတယ်၊ ဓနိမိုး ဝါးကပ်ကာပြီး တဲတံခါးတွေပါ လုပ်ထားတော့ အတော်စိတ်ချရတယ်၊ ကင်းစောင့်စရာတောင် လိုမယ်မထင်ဘူး၊

နေ့လယ်စာ ချက်ပြုတ်စားသောက်ပြီး ခေတ္တနားတယ်၊ ညနေစောင်းတော့ ကျွန်တော်တို့ တောလည်ထွက်ခဲ့ကြတယ်။ အဖေက နှစ်လုံးပြူး သေနတ်ထမ်းပြီး အမဲလိုက်မီး ခါးထိုးထားတယ်။ ကျွန်တော်ကတော့ လေသေနတ်လွယ်ပြီး ဘောင်းဘီရှည်ဝတ်၊ ခါးပတ်ပတ်၊ ရေဘူးကို ခါးချိတ်ထားတယ်၊ ဦးသံချောင်းကတော့ တူမီးသေနတ်ကိုထမ်း၊ အဖေနဲ့ သူ့အတွက် အရက်ပုလင်းကိုလွယ်၊ ငှက်ကြီးတောင်ဓားကို နောက်ပိုးပြီး အားနဲ့ မာန်နဲ့ လှမ်းနေတယ်။ ညနေခင်းအချိန်စောသေးတော့ ကြွက်ငှက်နဲ့ မျောက်ညိုတွေလောက်ပဲ တွေ့ရတယ်၊ ကျွန်တော်က လက်သားနေပေမယ့် အဖေက မပစ်နိုင်းတော့ မပစ်ရဲဘူး။ ငြိမ်နေရတယ်၊

"ကဲ - သားရေ - မင်းလက်ကိုစိတ်ချရပေမယ့် တောစည်းကမ်း၊ တောင်စည်းကမ်းဆိုတာ ရှိတယ်ကွ။ ဒီနေ့ - မင်းကို အဖေနဲ့ ဦးလေးသံချောင်းက သင်ပေးမယ်၊ အသေအချာ မှတ်ထားပါ။ မုဆိုးအမဲလိုက်တယ်ဆိုတာတသူ့အသက်၊ ကိုယ့်အသက်လုရတဲ့ပွဲမျိုးလည်း ရှိတယ်။ ကိုယ့်မှာ သေနတ်ကြီးပါပေမယ့် တောတောင်မှာလည်း ဦးချိုရယ်၊ အစွယ်ရယ်၊ အလွန်သန်မာတဲ့ ခြေတွေ၊ လက်တွေ ပါတယ်၊ တောကောင်အထာကို မုဆိုးက လိမ္မာပါးနပ်စွာ အကဲခတ်တတ်ရမယ်။ တစ်မုဟုတ်ချင်း ဆုံးဖြတ်ချက် မှန်ကန်ရမယ်။ တောကောင်တွေဟာ တစ်ကောင်နဲ့တစ်ကောင် မတူဘူး။ အထူးသဖြင့် အင်အားကြီးမားတဲ့ ကျား၊ ဆင်၊ တောဝက်၊ ဝိုင်၊ ဆတ်၊ မြောင်တွေကို သတိထားရမယ်။ အဲ - အုပ်စုနဲ့ ကျယ်တတ်တဲ့ တောခွေးတွေကိုလည်း သတိထားရမယ်၊ ကျန်တာတွေက မိုင်နာတွေဆိုပါတော့"

"အရေးကြီးတာက စသင်ပေးမယ်"

"ကဲ - သား - အဖေတို့ စထွက်လာတာ တောင်အရပ်ဆိုပါတော့၊ အရှေ့အရပ်က ဘယ်ဘက်မှာလဲ"

"ဒါက လွယ်ပါတယ် - အဖေရာ။ တောင်ဘက်ကို လက်ျာထား၊ အရှေ့အရပ်ကို မျက်နှာမူ၊ လက်ဝဲက မြောက်အရပ်၊ ကျောဘက်က အနောက်အရပ်ပေါ့"

"အေး - သားက တော်ပါတယ်၊ အရှေ့အနောက် တောင်မြောက် မသိနိုင်တဲ့ ညအချိန်ဆိုရင်ကော ကွာ"

"ကြယ်တွေကို ကြည့်မှာပေါ့ - အဖေရဲ့ မြောက်အရပ်မှာ ဓူဝံကြယ် ရှိတယ်လေ"




www.burmeseclassic.com

www.burmeseclassic.com



တချို့မှိုကစားပြီး[illegible]ပါတယ်။ ဝမ်းလျှောတယ်။ တချို့မှိုတွေကစားပြီးအိပ်ပျော်သွားရင်မနိုးတော့ဘူး။ အဲဒီအခြေအနေကို သိတာနဲ့ ကန့်စွန်းရွက်အရည်နဲ့ဖလံတောင်ဝှေးကိုညှစ်လို့ရတဲ့အရည်တွေက ဖြေဆေးပဲ။ ချောင်းကမ်းစပ်တွေမှာ ဆူးချုံအနေနဲ့ ပေါက်တဲ့ ခရာအပင်အမြစ်နဲ့ ဓားမကြီးပင်အမြစ်၊ ဆေးမြင်းခွာဥတွေကလည်း အဆိပ်ဖြေဆေးတွေပဲ။ အမြစ်ကို ရေနဲ့ သွေးပြီးတိုက်ရတယ်။ ရှတ်တရက်ငှက်ဖျားဝင်ရင်တော့ အရွက်ဖားဖားတွန့်နေတဲ့ ဆေးခါးကြီးပင်ကို ရှာပြီးဝါးရတာ။ ဆေးခါးကြီးပင်က ချွေးသေးပန်းပင်လောက်ပဲ။

"မိုးအုံ့ပြီး တိမ်ဖုံးနေရင်ကောကွာ"

"အင်း - အဲဒါတော့ အခက်ပဲ"

"မခက်ပါဘူး - သားရဲ့ မိုးတွင်းမှာလည်း နေသာချိန်ကလေး ရှိတတ်ပါတယ်၊ နေဟာ မနက် နေထွက်ချိန်နဲ့ ညနေ နေဝင်ချိန်ဟာ ဘယ်အချိန်က ပိုကြာသလဲ"

"နေဝင်ချိန်က ပိုကြာပါတယ် - အဖေ"

"အေး - နေထွက်တာနဲ့ နေဝင်တာ ဘယ်အချိန်က နောက်ကျသလဲ"

"နေထွက်တာက အရင်၊ နေဝင်ချိန်က နောက်ကျပါတယ်"

"ဟုတ်ပြီ - အဲဒီတော့ - မိုးချုပ်လို့ အရှေ့အနောက် တောင်မြောက် မမှန်းဆနိုင်ရင် တောအုပ်ထဲက ထွက်၊ သစ်ပင်ကျဲတဲ့နေရာက သစ်ပင်ကြီးတစ်ပင်



ရဲ့ပင်စည်ကို လက်နဲ့ စမ်းကြည့်ရင် နေရောင်ထိုးထားလို့ ပူနေမယ်၊ အဲ့ဒါ အနောက်ဘက်ပဲ၊ အနောက်ဘက်သိရင် သား ခန့်မှန်းတတ်ပါပြီ"

"အေး - နောက်တစ်ခုက အမဲလိုက်ရာမှာ အဓိကကျတဲ့ လေတင်လေအောက် ရွေးနည်းပဲ၊ တောကောင်တွေက မျက်စိလျှင်၊ နားပါးတဲ့အပြင် အနံ့ခံ အလွန်ကောင်းတယ်၊ လူ့ချွေးထက် သာတယ်"

"မီးခြစ် ခြစ်ကြည့်မှာပေါ့ - အဖေရ"

"မီးခြစ် ခြစ်သံကို တောကောင်က နားပါးတော့ သိတယ်၊ ဓာတ်ဆီမီးလောင်ညှော်နံ့ကိုလည်း သူတို့က ခံစားတတ်တယ်၊ သစ်ရွက်ခြောက်ကလေးတွေကို ချေကြည့်ရင်လည်း လွင့်သွားတဲ့ဘက်က လေအောက်ပေါ့၊ ဒါကလည်း သားကောင်နဲ့ အလွန်နီးကပ်နေရင် မသုံးသင့်ဘူး၊ ဝါဂွမ်းစကလေးတွေ ဆောင်ထားရင်တော့ အဆင်ပြေတယ်၊ မုဆိုးသဘာရင့်ရင်တော့ သစ်ရွက်လှုပ်တာ၊ တောကောင်အသံကြားရာ အနီးအဝေးကို ချိန်ပြီး ခွဲခြားသိနိုင်ပါတယ်"

"နောက်တစ်ခုက ခြေသံလုံဖို့အရေးအကြီးဆုံးပဲ၊ မုဆိုးဟာဖိနပ်စီးထားထား၊ မထား၊ထားအောက်ခြေမြှုပ်ပြင်အနေအထားအရခြေထောက်ကိုလှမ်းပြီး ခြေချရာမှာ ခြေဖျားထောက်ပြီး ခြေဖျားချပြီးမှ ဖနောင့်ကို အသာချရမယ်၊ သစ်ရွက်ခြောက်နဲ့ သစ်ကိုင်းခြောက်တွေကို ကြည့်ရှောင်ရမယ်"

"နောက်အရေးကြီးတာက နားနေစဉ် မဆိုလိုဘူး၊ အမဲလိုက်နေစဉ်မှာ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ၊ အရက်မသောက်ရဘူး၊ တောကောင်တွေက အနံ့ခံ အလွန်ကောင်းတယ်"

"ဟုတ်ကဲ့ပါ - အဖေ"

"အေး - ကျန်သေးတယ်"

"ငါ့သားက ပစ်မှတ်အခေါ[illegible]သေနတ်ပစ်လေ့ကျင့်ထားတော့ လှုပ်ရှားပစ်မှတ်ကို ပစ်တဲ့နေရာမှာ ပညာလိုသေးတယ်၊ အပြေးအလွန်မြန်တဲ့ တောကောင်တိုပစ်ရင် တောကောင်ရဲ့ကိုယ်ထည်တစ်လျှားကြိုချိန်ပြီး ပစ်ရတယ်၊ တောကောင်တစ်ကောင်နဲ့ တစ်ကောင်တောင် မတူဘူး၊ ဒါကတော[illegible]စ်ရှင်း

www.burmeseclassic.com

ခတ်ရင်း အလုပ်သဘောက သင်ပေးသွားလိမ့်မယ်။ တောကောင်တွေရဲ့ သေကွင်းသေကွက်တွေကိုလည်း နားလည်ထားရမယ်၊ ဦးခေါင်းလည်တိုင်ရင်း၊ လက်ပယ်ကြား၊ အဲ့ဒီနေရာတွေက အသေအချာမှန်ရင် ဘယ်တောကောင်မဆို သေနိုင်တယ်၊ အရေးကြီးတဲ့နေရာတွေပဲ - မှတ်ထား"

"ဟုတ်ကဲ့ပါ - အဖေ"

"ကဲ - ငါ အာခြောက်ပြီကွာ၊ ရေတစ်ငုံလောက် ပေးစမ်း"

ကျွန်တော်က ခါးတွင် ချိတ်ထားသော ရေဘူးကို လှမ်းပေးတော့ အဖေ ရေတစ်ငုံ သောက်သည်၊

"ကဲ - ဒီဖင်ပြွန်းပင်အောက် ခဏနားကြမယ်၊ ရှေ့က တောင်ကုန်းပေါ် ရောက်ရင် ငုံ့ညင်းလျှို့နဲ့ နီးနေပြီ၊ စကားမပြောရတော့ဘူး၊ ရေစမ်းရှိတယ်၊ တောကောင်တွေ နေ့လယ်နေ့ခင်း အိပ်ကြပြီး ရေသောက်ဆင်းကြတော့မယ်၊ မုဆိုးဆိုတာ ရေကိုလည်း ရွေးတာသောက်ရမယ်၊ ကဲ - သံချောင်းရေ မင်းအလှည့်ပဲ၊ မင်းတူကို တောကောင်တွေ ထောင်ဖမ်းနည်းနဲ့ တောဆေး၊ တောင်ဆေး၊ မုဆိုးဆေးတွေအကြောင်း ပြောပြလိုက်ဦး"

"ဟုတ်ကဲ့ - အစ်ကို"

"တောကြက်၊ တောငှက်နဲ့ အကောင်ငယ်ကလေးတွေ ထောင်နည်းတော့ မင်းကို သင်ပေးပြီးပါပြီ၊ တောကောင်ကြီးတွေ ထောင်နည်းကတော့ နင်းကိုင်းနဲ့ ပိုက်ထောင်နည်း၊ ကျင်းထောင်နည်းတွေပဲ၊ တဖြည်းဖြည်း လက်တွေ့သင်ပေးမယ်၊ တောဆေး၊ တောင်ဆေး၊ မုဆိုးဆေးတွေကလည်း အများကြီးပဲ၊ အရေးကြီးတာက ဆေးဖက်ဝင်သစ်ပင်တွေအကြောင်း သိဖို့လိုတယ်၊ ရုတ်တရက် ဒဏ်ရာရရင် သွေးတိတ်အောင်ထည့်တဲ့ဆေးရွက်၊ အဆိပ်အတောက်ဖြစ်ရင် ဖြေဆေးပင်၊ ငှက်ဖျားဝင်ရင် သောက်တဲ့ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ်တွေကို ပြထားမယ်၊ အရေးပေါ် ရေရှာနည်းကတော့ ဝါးပင်တွေရဲ့ဒုတိယအဆစ်ထဲမှာ ရေရှိတယ်၊ ရေငတ်ပြေပင်တွေလည်း ရှိတယ်၊ အရွက်ကို ဝါးပြီး အရည်ကို စုပ်ရတယ်၊ ကျားလက်ဝါးနွယ်တွေက ခုတ်ဖြတ်တာနဲ့ အရည်တွေ ထွက်လာတယ်၊ ရေငတ်ပြေတယ်၊ အားတိုးဆေးတစ်မျိုးပဲ၊ စားကောင်းတဲ့အသီးနဲ့ မစားရတဲ့အသီးတွေကိုလည်း ခွဲခြားသိရမယ်"

"သံချောင်းရေ - ငါတို့ခိုနေတဲ့အပင်က ဖင်ပြွန်းပင်၊ အပြန်ကျ တက်ရှာစမ်းကွာ၊ ငါး၊ ချေသား၊ ဆတ်သားနဲ့ချက်စားရင် အလွန်ထမင်းမြိန်တာ၊ ဇရစ်ရိုးနဲ့ ဖလံတောင်ဝေးလည်း ရှာကွာ၊ မစားရတာ ကြာပြီ၊ ဒီတောင်ပို့မှိုလည်း ဒီရာသီ ရတတ်တယ်"

"တောင်ပို့မှိုဆိုလို့ ပြောရဦးမယ် - ငါ့တူရေ့၊ အရောင်ရှိတဲ့မှိုတွေ၊ ခြေကျင်းပါတဲ့မှိုတွေမှာ အဆိပ်ရှိတတ်တယ် - မစားနဲ့၊ စားနေကျမှိုတောင်မှ အဆိပ် ရှိ၊ မရှိ စစ်ဆေးပြီးမှ စားရတယ်၊ မှိုကို ဖျစ်ကြည့်လို့ အရောင်ပြောင်းသွားရင် မစားနဲ့တော့ လွှင့်ပစ်လိုက်ပေရော့၊ တောမှိုဆိုတာ အရသာ အလွန်ရှိသလို၊ အဆိပ်ကလည်း ရှိတတ်တယ်၊ တချို့မှိုက စားပြီးတာနဲ့ အော့အန်တတ်တယ်၊ ဝမ်းလျှောတယ်၊ တချို့မှိုတွေက စားပြီးအိပ်ပျော်သွားရင် မနိုးတော့ဘူး၊ အဲ့ဒီအခြေအနေကိုသိတာနဲ့ ကန်စွန်းရွက်အရည်နဲ့ ဖလံတောင်ဝေးကိုညှစ်လို့ရတဲ့အရည်တွေက ဖြေဆေးပဲ၊ ချောင်းကမ်းစပ်တွေမှာ ဆူးချုံအနေနဲ့ ပေါက်တဲ့ ခရာအပင်အမြစ်နဲ့ တမာကြီးပင်အမြစ်၊ ဆေးမြင်းခွာဥတွေကလည်း အဆိပ်ဖြေဆေးတွေပဲ၊ အမြစ်ကို ရေနဲ့ သွေးပြီးတိုက်ရတယ်၊ ရုတ်တရက်ငှက်ဖျားဝင်ရင်တော့ အရွက်ဖားဖားတွန့်နေတဲ့ ဆေးခါးကြီးပင်ကို ရှာပြီး ဝါးရတာ၊ ဆေးခါးကြီးပင်က ခွေးသေးပန်းပင်လောက်ပဲ"

"ဟုတ်ကဲ့ - ဦးသံချောင်း"

အဖေက - "ကဲ - သွားကြစို့၊ ခြေသံလုံ့ပါစေ၊ ချောင်းမဆိုးစေနဲ့၊ နှာမချေစေနဲ့"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ခြေသံလုံလုံဖြင့် လေတင်လေအောက်ကိုကြည့်ပြီး တောတိုး၍ တောင်ကုန်းပေါ်သို့တက်ခဲ့ကြသည်။ လေက မြောက်ဘက်မှတိုက်နေသဖြင့် ကျွန်တော်တို့ တောင်ဘက်မှတက်ခဲ့ကြသည်။ တောင်ဆင်ခြေလျှောနှင့် တောင်ကုန်းပေါ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ တောင်သရက်၊ ယမနေ၊ မျောက်ချောနှင့် ကညင်ပင်ကြီးများ ပေါက်နေသဖြင့် အောက်ခြေရှင်းသည်။ မုဆိုးလမ်းကလေးမှ တက်ခဲ့ကြပြီး တောင်ထိပ်ကညင်ပင်ကြီး၏ မြစ်ပျဉ်းများအကွယ်တွင် တိတ်ဆိတ်စွာ နေရာယူကြသည်။ တစ်ဖက်လျှိုကြီးအလယ်တွင် စမ်းချောင်းနှင့် ရေအိုင်ကြီးရှိသည်။ တောကောင်များ ရေသောက်ဆင်းလေ့ရှိသော ရေစမ်းနေရာဖြစ်သည်။ ကညင်ပင်ကြီးခြေရင်းနှင့် စမ်းရေအိုင်မှာ ပေ(၁၀၀)ကျော်ခန့်သာ ဝေးကွာပါလိမ့်မည်။ အပေါ်စီးကဖြစ်၍ မြင်ကွင်းတောင်းသည်။

မကြာပါ။ အဝေးမှ ချေဟောက်သံနှင့် ဆတ်တစ်သံ၊ တောဝက်အော်သံများကို ကြားလာရသည်။ မုဆိုးများ သေနတ်အသင့်ပြင်၍ စောင့်နေကြစဉ် တောတိုးသံများကြားလာရသည်။ ခဏကြာတော့ လျှိုအတွင်းပို့နေရာသည် နေရာများမှ တောကောင်များ အလျှိုလျှို ရေကန်တွင်း ဆင်းလာကြသည်။ အုပ်ကောင်းသဖြင့် တောဝက်အုပ်ကတော့ ကမူးရှူးထိုးဆင်းလာသည်။ ချေပေါက်တစ်ကောင်က ချုံစပ်တွင် အကဲခတ်နေဟန် ကန်စပ်မဆင်းသေး၊ နားရွက်ထောင်၍ ပတ်ဝန်းကျင်ကို လေ့လာနေသည်။ ဆတ်စုံတွဲကတော့ အဖော်ပါ၍ ရဲရဲဝံ့ဝံ့ ကန်စပ်သို့ ဆင်းလာသည်။

မုဆိုးရှင်းအချက်ပြ၍ အသင့်ပြင်ကြရာ အဖေက ဆတ်စုံတွဲ၊ ဦးသံချောင်းက ချေပေါက်ကြီး၊ ကျွန်တော်က ဝက်ပေါက်တစ်ကောင်ဖြစ်သည်။ ပစ်ကွင်းဝင်သည်နှင့် ပြိုင်တူပစ်ကြသည်။

"ဒိန်း-ဒိန်း-အုန်း-ဖြန်း"

"ဝရော-ဝေါ-ဖြော-ဖြော"



ဝက်အုပ်ကြီးပြေးပြီ။ ကျွန်တော်တို့ပစ်သော ချေတစ်ကောင် ဆတ်စုံတွဲနှင့် တောဝက်ပေါက်တစ်ကောင် ချက်ကောင်းထိပြီး ကျန်ခဲ့သည်။ ကျွန်ုပ်သေနတ်ကို အားမရပါ၊ အဖေ့သေနတ်လို နှစ်ချက်ပစ်ရုံဖြင့် နှစ်ကောင်ရသည်။ အခုတော့-ကျွန်တော် တစ်ချက်ပစ်ပြီး လေသေနတ်ခါးချိုး၍ ကျည်ဆန်ထည့်နေတုန်း တောဝက်အုပ်က ပြေးပြီ၊ အဖေက ကျွန်တော့်ကိုကြည့်ပြီး ပြုံးသည်။ မင်းမဆိုးပါဘူး၊ ဒါပေမဲ့-လိုသေးတယ်ဆိုတဲ့ပုံစံမျိုး၊ အဖေ့မိတ်ဆွေတစ်ယောက်နှင့် အမဲလိုက်တုန်းက ကျွန်တော် ပါဖူးသည်။ ဒသမ .၃၀၃ အင်္ဂလိပ်ရိုင်ဖယ်ခေါင်းတိုကြီးကိုင်ပြီး အဖေ့လိုပင် တစ်ချိန်တည်း ဆင့်ကာ (၂)ချက်ပစ်နိုင်သဖြင့် တောဝက်(၂)ကောင် ရသည်။ ဟုတ်ပါသည်။ ကျွန်တော် လိုပါသေးသည်။ သို့သော် အဖေ့မိတ်ဆွေတောအုပ်တစ်ယောက်ကိုင်သော ပွိုင့် .၂၂ သေနတ်မျိုးကို ကျွန်တော် လိုချင်သည်။ အတွဲလိုက် မပစ်နိုင်သော်လည်း တစ်တောင့်ချင်း ဆက်၍ပစ်နိုင်သည်။ ပွိုင့် .၂၂ ဘရွနီ အမျိုးအစား SEMI AUTO သေနတ်ဖြစ်သည်။ ကျွန်တော် အသေအချာ မှတ်ထားသည်။ ထို့ကြောင့် အိမ်ပြန်ရောက်သည်နှင့် ကျွန်တော် အဖေ့အား ပူဆာတော့သည်။ ယမ်းပါသဖြင့် အဖေ သူ့မိတ်ဆွေဌာနာအုပ်ကို ကျွေးမွေးပြီး ဝယ်နိုင်းရသည်။ ထိုစဉ် ပန်းဆိုးတန်းကုလားဘုရားကျောင်းအနီးရှိ SMITH AND WATSON သေနတ်ကုမ္ပဏီတွင် ရဲအရာရှိများအနေဖြင့် ဝယ်လို့ရသည်။ ကျွန်တော်တို့အိမ်က ပွိုင့် .၅၀၀ စိုင်ပေါင်နှစ်လုံးပြူးသေနတ်ကြီးကိုလည်း ထိုဆိုင်တွင်ပင် ပြင်ရသည်။ ဌာနာအုပ်ထောက်ခံစာဖြင့် ကျည်ဆန်ဝယ်ရသည်။

ယခုပွိုင့် .၂၂ သေနတ်ကလေးကတော့ နံပါတ်(၂) လေသေနတ်လောက် မလေးသော်လည်း ထိရောက်မှု[illegible]ပါသည်။ ပြောင်းနှင့် ကိုယ်ထည်ကို အမည်းရောင်ဆေးမှုတ်ထားပြီး သေနတ်ဒင်မှာ နီညိုသပြေသီးမှည့် ရောင်ပြောင်လက်တောက်ပနေသည်။ ကျည်ဆန်က (၂)မျိုး၊ ကျည်ဆန်ထိပ်ချွန်နှင့် HOLLOW ကျည်ခေါ် ကျည်ဆန်ထိပ်တွင် အခေါင်းပေါက်ပါသည့်ကျည်မျိုး တောကောင်ကြီးပစ်ရန်ဟု ဆိုသည်။ ပစ်လျှင်လည်း အသံက ဖျန်းခနဲ မြည်၍



www.burmeseclassic.com

www.burmeseclassic.com

ကျည်ဆန်သွားသံကလေချွန်သံလိုရှိုးခနဲမြည်သည်။ အလွန်ချစ်စရာကောင်းသောသေနတ်ကလေး ဖြစ်သည်၊ အန္တရာယ်ရှိပြီး လူကို သေစေနိုင်သဖြင့် အဖေက အလွယ်ထားမပေး။ တောတက်မှ ထုတ်ပေးသည်။ ကျည်ကတ်ထဲတွင်ကျည်ဆန်(၅)တောင့်ထည့်ထားနိုင်သည်။ ဝယ်ယူစဉ်က ထိပ်ချွန်ကျည်(၅၀)ပါတစ်ဘူး HOLLOW ကျည်(၅၀)ပါတစ်ဘူး၊ ကျည်ဆန်(၁၀၀)ပါရှိသည်။ ရိုင်ဖယ်အမျိုးအစားဖြစ်သဖြင့်လေသေနတ်နံပါတ်(၁)၊(၂)ကျွမ်းသောကျွန်တော့်အတွက် အခက်အခဲမရှိပါ။ အလွန်ငြိမ်ပါသည်။ ကျွန်တော်က ရိုင်ဖယ်သေနတ်ကို သဘောကျသည်။ ပြောင်းချောနှစ်လုံးပြူးသေနတ်ကို သဘောမကျပါ။

နောက်ပိုင်း ကျွန်တော် လူပျိုပေါက်ဖြစ်လာပြီး အဖေအလုပ်မအားလျှင်လည်း ဦးသံချောင်းနှင့်တွဲ၍ တောလည်သည်၊ ကျွန်တော့်သေနတ်ကလေးဖြင့် ချေနှင့် တောဝက်လောက်တော့ မကြာခဏရသည်။ အချိုးဆတ်နှင့် တောဝက်သိုးကြီးများ ဦးသံချောင်းတူမီးဖြင့်တစ်ချက်တည်းမလဲပါက ကျွန်တော်အပွဲသိမ်းကူပစ်ပေးရသည်၊ ကျွန်တော်ပစ်လျှင်လည်း လက်ပပ်ကြားနှင့် လည်တိုင်ရင်း တစ်ချက်တည်းသာ နောက်ပိုင်းအတွေ့အကြုံများလာတော့ တောဝက်တစ်အုပ်တွေ့သည်နှင့် (၃)ကောင်လောက်တော့ ဆက်တိုက်ပစ်၍လဲနိုင်သည်၊ ထိချက်ကတော့ လည်တိုင်ရင်းနှင့် လက်ပပ်ကြားပင် မလွဲစေရ။ ကျွန်တော် တစ်ကြိမ်တည်း လေးငါးကောင်ရရန် ကြိုးစားလေ့ကျင့်နေပါသည်။

တစ်နေ့ကဆုန်လဆန်း၊ မိုးဦးကျစ,တာလ၊ ပါလီမန်ခေတ်ဦးကာလတွင်ဖြစ်သည်၊ အဖေ့မိတ်ဆွေများဖြစ်ကြသော ဌာနာအုပ် ဦးအောင်သိန်း၊ တောအုပ်ကြီး ဦးဖော်မင်းနှင့် ကျွန်တော်တို့သားအဖ အမဲလိုက်ဖြစ်ကြသည်။ ရာလမ်းပြက ဦးသံချောင်း၊ အဖေ့တပည့်ထမင်းချက်နှစ်ဦးလည်း ပါသေးသည်။ ၎င်းတစ်ကြိမ် တောပစ်သည်က ကျွန်တော်တို့သွားနေကျ ကန်တွင်းတောမြောက်ဘက်အရပ်မဟုတ်။ မသွားဘူးသေးသော တောင်ဘက်အရပ်ဖြစ်သည်၊ ထိုစဉ်က လက်နက်ကောင်းကိုင်နိုင်သော မုဆိုးအဖွဲ့က ကျွန်တော်တို့ လောက်သာ ရှိပါသည်၊ အခြားမုဆိုးများက ဒူးလေးနှင့် တူမီးသေနတ်လောက်သာ ကိုင်နိုင်ကြပါသည်။ ကျွန်တော်တို့အဖွဲ့ကလည်း တစ်လတစ်ကြိမ်လောက်သာ အမဲလိုက်ကြသဖြင့် ကန်တွင်းတောတွင်းတောကောင်က အရေအတွက်ပိုများလာသည်ဟု ထင်မိသည်။ တောကောင်လည်း အမျိုးစုံလာသည်၊ ယခင်က မတွေ့နိုင်သော ပြောင်၊ စိုင်စသော အကောင်းကြီးများကိုပင် အုပ်လိုက်တွေ့လာရပြီး ဆင်အော်သံ၊ ကျားဟိန်းသံများကိုပင် ကြားလာရသဖြင့် အဖေတကျွန်တော်တို့ချည်းတောထဲမလွှတ်တော့။ အဖွဲ့စုံ၊ လက်နက်စုံမှ တောဝင်ဖြစ်တော့သည်၊ ထို့ကြောင့် တစ်လတစ်ခါခန့်သာ အမဲလည်ဖြစ်တော့သည်၊

ထိုနေ့မနက်ကတောက အတော်ငြိမ်သည်။ တောကြက်တွန်သံ၊ ရစ်ကြက်များအတောင်ပံရိုက်သံပင် မကြားရ။ မျောက်အော်သံတွေကိုတော့ အဝေးတကြားရသည်၊ ချေဟောက်သံသဲ့သဲ့လည်း ကြားရသည်။ တောလုံငှက်တစ်ကောင်၏ "ဥုဖွ - ဥုဖွ" ဟူသောအသံကို ကြားရသဖြင့် အဖေက တောကောင်ကြီး(ကျား)အနီးတွင်ရှိသည်ဟူသောအထင်ဖြင့် အကာအကွယ်နေရာယူကြရန် အချက်ပြသည်၊ ကျွန်တော်တို့ နီးရာသစ်ပင်၊ ပင်စည်များအားအမြေတစ်ကြသည်။ ကျည်အသင့်ထိုးကြသည်၊ သို့သော် –

"အားလုံး သေနတ်တွေ အောက်ချပြီး လက်မြှောက်ထွက်ခဲ့ကြ၊ မင်းတို့အားလုံးကို ငါတို့ကရင်လွတ်မြောက်ရေးတပ်မတော်က ဝိုင်းထားပြီး လုပ်တာနဲ့ အပစ်ပဲ"

ကျွန်တော် လူကြီးများကို လှမ်းကြည့်သည်၊ အားလုံးက ခေါင်းညိတ်ပြကြသဖြင့် ပုန်းခိုနေရာက သေနတ်အောက်ချ၍ ထွက်ခဲ့ရသည်၊

ကရင်စစ်ဗိုလ်ဖြစ်ဟန်တူသူက ချုံးမပင်ကြီးအကွယ်က ထွက်လာသလို၊ ကရင်စစ်သား(၅၀)ခန့်က လက်နက်ကိုယ်စီဖြင့်ကျွန်တော်တို့အဖွဲ့အားဝိုင်းထားသည်၊

"မင်းတို့ ဘယ်ကလဲ"

www.burmeseclassic.com

"သယ်ံန်းကျွန်းကြီးရွာက မုဆိုးအဖွဲ့ပါ။ အမဲလိုက်ဖို့လာတာပါ။ ဒီနေ့မှ တောတောင်ဘက်ကို မရောက်ဘူးသေးလို့ လာမိတာပါ"

"အေး – ဟုတ်ပြီ၊ နောက် – ဒီဘက်မလာနဲ့၊ သေနတ်တွေကိုထားပြီး ရှာပြန်ကြတော့"

"ဟုတ်ကဲ့"

ခေတ်ကြီးပြောင်းနေပြီကိုကျွန်တော်မသိပါ။ ကျွန်တော်အပြောကောင်း၍ အန္တရာယ်မပြုသော်လည်း ကျွန်တော် အလွန်သဘောကျ၍ တရိုတသေ ကိုင်သော ပွိုင့်.၂၂ သေနတ်ကလေး ဆုံးရှုံးခဲ့ရပါသည်။

☞ ဆောင်မှုးကြီး သိန်းဝင်း


# စာမူများ

ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂) (၂/ခ) ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။




www.burmeseclassic.com

ဂူထဲ ဝင်သွားလျှင် မည်သည့်တိရစ္ဆာန်မှ ပြန်၍ထွက်လာရိုးထုံးစံမရှိသည့် ကြောက်မက်ဖွယ်ရာ အကြောင်းခြင်းရာများကို ရင်တသိမ့်သိမ့်ဖတ်ရှုရမည့် ..

"တီ-တီ-တီ"

ခါးတွင် ချိတ်ထားသော ဆဲလ်ဖုန်း အချက်ပေးသံကြောင့် ကိုမျိုး ဖုန်းကို ဖြုတ်၊ အသာနားစွင့်လိုက်သည်။

"ဆရာ-ကျွန်တော်တို့ အန္တရာယ်စက်ကွင်းကို ရောက်ပြီ"

တပည့်ကျော် သက်ခိုင်၏အသံ၊

"အေး-လုပ်ငန်းခဏနားထား။ ကိုယ်-အခု ထွက်လာပြီ"

ကိုမျိုး-ဖုန်းပြန်ချိတ်၊ စီးတော်ယာဉ် ဘီအက်(စ်)အေ ရှေးဟောင်းဆိုင် ကယ်ကြီးကို ခွစီး၍ လုပ်ကွက်(၁၃) သို့ ထွက်ခွာလာခဲ့ပါသည်။

ယနေ့ကဲ့သို့ နိုင်ငံတကာဖြစ် မော်တော်ဆိုင်ကယ် အမည်သစ်များကို လူတကာသုံးစွဲနေသော်လည်း ကိုမျိုးက သူ့ဘီအက်စ်အေကြီးကို ဘာနှင့်မျှ မလဲနိုင်။

သို့ကြောင့်လည်း လုပ်ငန်းခွင်တွင်းရှိ အပေါင်းအသင်းများ၊ တပည့်များက သူ့ကို ရှေးဟောင်းကြီး(Antique) ဟု ခေါ်ကြသည်။

ယနေ့ ခေတ်ပေါ်ဆိုင်ကယ်များက အလှအပရုပ်ကလေးများနှင့် ဈေးကွက်အတွင်း အတိုးတက်ဆုံး၊ အမြန်နှုန်းနှင့် အလှအယက် တိုးဝင်နေသော်လည်း အင်ဂျင်ပိုင်းကို အားမရ။ ပြီး-ကလေးကလားဆန်သည်ဟု ယူဆ၍ တစ်ကြောင်း၊ သူ့ဆိုင်ကယ်ကို သူ အမြဲသ,ထားသည်။

တစ်ချိန်က ကိုမျိုးသည် တပ်မတော်ဂျူဒိုလက်ရွေးစင်၊ မြန်မာ့လက်ရွေးစင်၊ သေနတ်ပစ်လက်ရွေးစင် အရာရှိဟောင်းတစ်ဦး၊ ပြီး-မြန်မာ့ရိုးရာသိုင်းပြောင်းပြန်ဆရာဖြစ်အဆင့်၊

တပ်မတော်မှ နုတ်ထွက်ခဲ့ပြီး ပုဂ္ဂလိက ကုမ္ပဏီများတွင် လုံခြုံရေးအရာရှိအဖြစ် ပဲခူးရိုးမတောကြီးထဲတွင် ယိုးဒယားကုမ္ပဏီနှင့် မြို့င်စိန်တူးဖော်ခြင်း၊ ရွှေလီ၊ ထီးချိုင့်ဘက်တွင် စိန်ကုမ္ပဏီများနှင့် ရွှေ၊ ကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းများ လုပ်ခဲ့သည်။

စီမံခန့်ခွဲမှုတိကျ၊ စည်းစနစ်ရှိတိကျ၊ သေချာမှုများကြောင့် သူ့အတွက် အလုပ်မရှား။

တစ်ကိုယ်တော် တစ်ကောင်ကြွက်သေ့ဖြစ်၍လည်း နောက်ကြောင်းရှင်းသည်။

ယခု-သူလုပ်နေသည်က နာမည်ကျော် ရှမ်းတရုတ်တစ်ယောက်၏ သစ်ထုတ်လုပ်ငန်း။

တစ်တောလုံးပြောင်၊ တစ်တောင်လုံးရှင်း၊ သစ်ဟူသမျှခုတ်၊ နိုင်ငံခြားသို့ Export လုပ်နေသည့်ကုမ္ပဏီ။

ယခုလည်း ပဲခူးရိုးမတောတွင်းရှိ အင်ကြည်၊ သစ်ရိုင်းများနှင့် ရတနာ တန်းဝင်ကျွန်း၊ ပျဉ်းကတိုး စသောသစ်မာများကို တရားဝင်လုပ်ကွက်ယူ၊ အပြောင်ရှင်းရသည့်အလုပ်။

ပင်မစခန်းကို သောင်ကြီးတွင်ထားရှိပြီး သစ်များကို ယန္တရားကြီးများဖြင့် အလုံးလိုက် သယ်ဆောင်၍ သောင်ကြီးရွာတွင် သစ်ဆိပ်တည်၊ သစ်လုံးများ စုပုံထားရသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရှိန်က ဥတုသုံးပါးနေပြောက်မထိုး ပင်ချင်းဆက်၊ ကိုင်းချင်းယှက် ကောင်းကင်သို့ အလုအယက် အပြိုင်တက်နေကြသည့် ဖယောင်းတိုင်ကြီး များပမာ ပိန်းပိတ်နေသော မြန်မာ့သစ်တောသည် လူသားနှင့် စက်ယန္တရား ဝိသမလောဘတို့ ပေါင်းစည်းမှုကြောင့် လွင်ပြင်ဟင်းလင်းက ယုန်တစ် ကောင်ပင် ထိ၍မလွတ်တော့။

လူသားတို့ ခြေမချ၊ မထိမတို့ရသေးသော တစ်ခါက ပဲခူးရိုးမအပျိုစင် သည် လင်သေကွဲကွာပွ မုဆိုးမတစ်ယောက်အဖြစ်သို့ နေ့ချင်းညချင်း ရောက် သွားချေပြီ။

"တောခုတ်၍ တောပြောင်လျှင် ...

သဲပင်လယ် ဖြစ်လိမ့်မလွဲ" ဟူသော အမျိုးသားစာဆိုကြီး ကဗျာဆရာ ဇော်ဂျီ၏ ကဗျာတစ်ပိုင်းတစ်စကို နားထဲက ပြန်ကြားယောင်မိသည်။

ဝံ့မှန်အနေအထားအရ လုပ်ကွက်(၁၃)ဟူသည် မည်သို့မှမထူးခြား။ သစ်လုပ်ကွက်ပေါင်း (၆၀၀)အနက် ဤလုပ်ကွက်(၁၃)နယ်မြေထဲတွင် ဒေသခံများက၊ "တချွေဂူ" ဟု ခေါ်ဆိုကြသည့် ပေ(၂၀၀)ခန့်အမြင့် (၂)မိုင်ခန့် ရှည်လျားသည့် တောင်ကုန်းဆင်ခြေလျှောရပ်ဝန်းတစ်ခု ပါဝင်သည်။

ဤတောင်ကုန်းဆင်ခြေလျှော၏ တစ်နေရာတွင် အမြင့်(၁၀)ပေခန့်၊ အကျယ်(၁၀)ပေခန့်ရှိ ဂူပေါက်တစ်ခုလည်း တည်ရှိနေသည်။ ဤဂူပေါက်ဝ တွင်းသို့အကြောင်းကြောင်းကြောင့်ဝင်ရောက်သွားသည့်လူနှင့်တောတိရစ္ဆာန် များ မည်သည့်အခါမှ ပြန်ထွက်မလာကြတော့။

ဆက်၍သိရသည်က ဂူတွင်းသို့ဝင်သွားသည့်လူနှင့် တိရစ္ဆာန်တို့၏ လှုပ် ရှားသံ၊ ကြောက်လန့်ဖွယ်အော်ဟစ်သံများ ကြားရပြီး လုံးဝထွက်လာသည်ကို မတွေ့ရတော့။

ထို့ကြောင့်လည်း "တချွေဂူ" ဟူ၍ အမည်ဆိုးနှင့် ကျော်ကြားပြီး မည်သည့် လူသားနှင့်တိရစ္ဆာန်မှ ခြေဦးမလှည့်ဝံ့။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆိုရမည်လား။

မြေစာရင်းဦးစီးဌာန ထုတ်ပေးလိုက်သော လုပ်ကွက်စွင်အား သက်ဆိုင် ရာ ကုမ္ပဏီပုံဆွဲပညာရှင်များက မြေပုံပေါ်တွင် လုပ်ကွက်အလိုက် လုပ်ငန်း လုပ်ဆောင်ရာတွင် လွယ်ကူစေရန် အမှတ်သင်္ကေတ ကိန်းဂဏန်း သတ်မှတ် ပေးရသည်။

ဤ "တချွေဂူ" လုပ်ကွက်က လုပ်ကွက် (၁၃)နယ်မြေထဲတွင် ပါဝင်နေ သည်။ (၁၃)ဆိုသော ကိန်းဂဏန်းကို (အထူးသဖြင့်) အနောက်နိုင်ငံသားတို့ (အတတ်နိုင်ဆုံး) ရှောင်လေ့ရှိကြသည်။

ဟိုတယ်၊ မိုတယ်၊ အင်းနှင့် ဆေးရုံဆေးခန်းတို့တွင် အခန်းအမှတ် (၁၃) ကို ချန်လုပ်ထားလေ့ ရှိကြလေ့ရှိသည်။ ဆိုင်ကယ်စီးလာသော သစ်ထုတ် လုပ်ငန်း၏ သစ်ထုတ်လမ်း ဝဲယာတစ်ဖက်တစ်ချက် မြင်ကွင်းကား လုံးဝ အပြောင်ရှင်း၊

— ❧ —

"တချွေဂူဆိုတာ ဗိုလ်လုံတို့ သစ်ထုတ်အဖွဲ့ ရောက်လာပါမှ သောင်ကြီးနဲ့ နေ့ချင်းပြန်သွားလို့ရတာ။ ဟိုတုန်းက သွားဖို့လာဖို့ဝေးလို့ ဘယ်သူမှ ခြေဦး မလှည့်တဲ့နေရာပေါ့။ တောက ကြီး၊ တောက နက်၊ ကြမ်းလိုက်တဲ့တော၊ အစောင့်အရှောက်ကလည်း ဆိုးပုံ။ ကြာတော့ ကြာပါပြီလေ။ တစ်ခါက ဆေး ဆရာလို့ပြောတာပဲ၊ ဆရာတပည့် နှစ်ယောက် ဆေးဥ၊ ဆေးမြစ်တူးဖို့ဆိုပြီး လာကြတယ်။ တစ်ယောက်မှ ပြန်မလာကြတော့ဘူး။ လူကြီးမိဘတွေ ပြော တာကတော့ ဒီတောကြီးထဲမှာ ဆေးဖက်ဝင် အပင်တွေ၊ ရှားပါးလှတဲ့ ကညာ ဂမုန်း၊ သူ့ယောင်ဂမုန်း၊ ကျောက်ဆန်၊ ဒိုးဆီ၊ ကြေးနက်၊ ဆေးလက်ဝါး၊ လက်ပံခါး စသည့်ဂမ္ဘီရဆိုင်ရာပစ္စည်းတွေ အစုံရှိတယ်ဆိုပဲဗျ။ တကယ့်ဘုမ္မိသ သိုက်နယ်မြေလို့လည်း ပြောကြတယ်"

"လွန်ခဲ့တဲ့ အနှစ်(၅၀)ကျော်[illegible]ချုပ်အသက် (၂၀)ကျော် ဆင်ဦးစီးဘဝနဲ့ ကျုပ်ဆင်ကြီး မှန်တိုင်း၊ မှန်ထပြီး တောထဲဝင်သွားလို့ အဖော်ဆင် ဦးစီး စောဆောဝါးနဲ့ ဆင်နောက်လိုက်ရင်းနဲ့ နာမည်ကျော် တချွေဂူအထိ ရောက်ခဲ့ ဖူးတယ်။ အဲဒီတချွေဂူရဲ့ ဆင်ခြေလျှောတစ်နေရာမှာ ဘယ်နိုင်ငံကမှန်း မသိ တော့တဲ့ တိုက်လေယာဉ်တစ်စင်း၊ တောင်နံရံမြေသားထဲကို တစ်ဝက်အထိ



www.burmeseclassic.com

www.burmeseclassic.com

စိုက်ဝင်ဖနေတာ တွေ့ခဲ့ဖူးတယ်၊ ကြာတော့ လေယာဉ်မှာ ဘာအမှတ်အသားမှ မရှိတော့ဘူး"

"အဲဒီတောကြီးကို သွားရတဲ့ခရီးက ဟိုတုန်းကများ သောင်ကြီးကနေ တစ္ဆေဂူကို သုံးရက်၊ လေးည သွားရတယ်၊ တောဆင်အုပ်၊ ကျားသစ်၊ ဝက်ဝံ၊ မြွေဆိုးတွေက အများကြီး၊ ကျားဆိုတာများ အိမ်ခွေးများလား အောက်မေ့ရတယ်၊ ပေါမှပေါ၊ အဆိုးဆုံးက သစ်ဆင်(ကျားသစ်)ပဲ၊ ဒီကောင်က ကျားလောက် အကောင်မကြီးပေမဲ့ အလစ်အငိုက်တိုက်တယ်၊ သစ်ပင်လည်း တက်တတ်တယ်၊ ဉာဏ်ကလည်း များတယ်၊ လက်နက်လား - ဆင်ဦးစီးပဲ ဗိုလ်လုံ့ရယ် ဓားနင့်လှံပေါ့၊ ဩော် - စောဆာဝါးဆီမှာတော့ တစ်ချက်ခွန်အဆိပ် မြားနဲ့ ဒူးလေးပါသေးတယ်၊ အသွားအပြန် ခြောက်ရက်ခရီးကို ရိက္ခာထုပ်နဲ့ နစ်ယောက်သွားကြတာပါ"

"ကျုပ် - ဆင်မုန်တိုင်းကိုမတွေ့ခင် တောထဲမှာ ညဘက်ဆို သစ်ပင်ပေါ် တက်အိပ်၊ အောက်မှာ မီးပုံကြီးဖိုထား၊ မီးရောင်နဲ့ မြင်ရတာတွေက အရှည် တံတောင်လောက်၊ လုံးပတ် ဝါးပိုးလုံးလောက်ရှိတဲ့ ပိုးနားသန်ကောင်ကြီး အထွေးလိုက်၊ အရှည်က ဆယ်ပေလောက်နဲ့လုံးပတ်က တင်းတောင်းလောက် ရှိတဲ့ တောကင်းခြေများကြီးတွေ၊ ရောမင်နီးမြွေကြီးတွေ၊ ကျားတွေကလည်း တဝေါင်းဝေါင်းအသံပေးပြီး မီးဖိုဘေးကပတ်၊ သစ်ပင်ပေါ်က ကျုပ်တို့ကို မော့ မော့ကြည့်လိုက်၊ မီးပုံဘေး ဆောင့်ကြောင့်ထိုင်လိုက်နဲ့ အသည်းယားစရာပဲ"

"ဆင်ဦးစီးတောသမားတွေမို့ပေါ့၊ သာမန်အရပ်သားဆို ဘယ်လွယ် မလဲ"

"တစ်ညတော့ - နာမည်ကြီး တစ္ဆေဂူရဲ့ရှေ့တည့်တည့်က ကညင်ပင်ကြီး ပေါ်လင့်နဲ့အိပ်နေတုန်း စောဆာဝါးနိုးလို့ကြည့်လိုက်တော့ ရှိုးကျားကြီးတစ် ကောင်က ကျုပ်တို့ကို မော့ကြည့်နေတယ်၊ မကြာပါဘူးဗျာ - နောက်ထပ် ကျားကြီးတစ်ကောင် ထပ်ပေါ်လာပြီး သူ့အစာ (ကျုပ်တို့ကြောင့်) စားမာန်ခုတ် ပြီး တစ်ကောင်နဲ့တစ်ကောင် အသေအလဲကိုက်လိုက်ကြတာများ နောက်



ထပ်ရောက်လာတဲ့အကောင် ထွက်ပြေးရတာပေါ့၊ နိုင်တဲ့ကောင်က၊ လိုက်ရှုံး တဲ့ကောင်က ပြေးနဲ့၊ တစ္ဆေဂူကြီးထဲ နစ်ကောင်လုံး ဝင်သွားကြပါလေရော"

"ဟာ - ဘာပြောကောင်းမလဲ၊ ဂူထဲက တရှိုးရှိုးနဲ့ အသံမျိုးစုံကြားရပြီ ကျား ကြီးနစ်ကောင်ရဲ့ငယ်သံပါအော်သံကြားရပြီး နစ်ကောင်လုံးထွက်လာတာကို မတွေ့ရတော့ဘူး၊ ဩော် - ဗိုလ်လုံ့ရယ် - ကျားကြီးနစ်ကောင်ရော ဂူထဲက ရော ဘာကောင်မှကို အပြင်ထွက်လာတာ မတွေ့ပေါင်၊ ဂူထဲမှာ ဘယ်လို ကောင်ရှိလို့ ကျားကိုတောင် စားပစ်နိုင်တာလဲ၊ ဘာလဲဆိုတာ ခုထိကို မသိရ ပါဘူး၊ ကျုပ်က ကြောက်ပေမယ့် စောဆာဝါး ပါတယ်လေ၊ သူကလည်း သူ့ရဲ့ တစ်ချက်ခွန်အဆိပ်မြားကို တသသနဲ့ပေါ့"

"ကျုပ် - တစ်ခု သတိထားမိတာက မိစ္ဆာဂူရဲ့အနားကို ထမင်းထုပ်ပစ်တဲ့ ကျုပ်တို့နစ်ယောက်ကို အစာအဖြစ် သတ်မှတ်ပြီး အသေအလဲကိုက်တဲ့ ကျားနစ်ကောင်ကလွဲလို့ ဘယ်တောတိရစ္ဆာန်မှ မသိဘူးဗျ"

"ကျုပ်တို့နစ်ယောက် ကံကောင်းပြီး မုန်တိုင်းကိုပြန်တွေ့၊ အန္တရာယ်တွေ ကင်းရတာက တောပိုင်တောင်ပိုင်တွေကို တောင်းပန်တိုးလျှိုးထားလို့ပေါ့ ဗိုလ်လုံ့ရယ်၊ တောစည်းကမ်း၊ တောင်စည်းကမ်းဆိုတာ ရှိတယ်လေ ..."

"ဆင်ဦးစီးဆိုတဲ့သူတွေအတွက် တောခြောက်၊ တောမှောက်တာတွေ က မဆန်းပါဘူး၊ ဒါပေမဲ့ - ကျုပ်ဘဝမှာ အထူးဆန်းဆုံးဆိုတာထက် ပိုထူး ဆန်းတာတစ်ခုတော့ အဲဒီမိစ္ဆာဂူရဲ့အထက်ဘက် တစ်မိုင်လောက်ဝေးတဲ့ နေရာမှာ တွေ့ခဲ့ဖူးတယ်"

ရှည်လျားလှတဲ့ တောတွင်းအတွေ့အကြုံများကို လုပ်သားများအား ပြော ပြသည်မှာ ကြာလာပြီဖြစ်၍ထင့်၊ ဆင်ဦးစီးဟောင်း ဘသာအောင်က သူ့ကွမ်း ထုပ်ထဲမှ ကွမ်းတစ်ရွက်[illegible]တ်၊ ထုံးသုတ် ...၊ ကွမ်းသီးနှင့် ဆေးရွက် ကြီးများထည့်၊ ပါးစပ်တွင်းပစ်ထည့်၊ အသာဝါး၊ ကွမ်းတံတွေးများကို ပျစ်ခနဲ ထွေးလိုက်ပြီးမှ ကွမ်းကို ဆက်၍မြုံ့နေသည်။

ဘသာအောင်၏ ဆင်ဦးစီးပြောသော တောတွင်းဇာတ်လမ်းများကို နား ထောင်ရာမှ စိတ်မရှည်၍ထင့်၊ စက်ကြီးမောင်း ဝတုတ်က ဘသာအောင်အား -



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - အဘကလည်းဗျာ။ ကွမ်းကိုနောက်မှဝါးစမ်းပါ။ နားထောင်ရတာ ဆန့်တငံ့ငံ့နဲ့ - ပြောစမ်းပါ - ဘရယ်။ ဘ,လုပ်ပုံက ဂိုးသွင်းခါနီးမှ ခြေထိုးခံရတဲ့ ဘောသမားကျနေတာပဲဗျာ"

ဘသာအောင်ကလည်း အားကျယ်၏။

"ပြောမှာပါ - ဝတုတ်ရာ။ စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်စမ်းပါကွာ"

"ဟား - ဟား - ဟား"

အပြောပိုင်လှသော ဘသာအောင်၏စကားကို လုပ်သားများက တဟားဟား ဝိုင်းရယ်ကြသောကြောင့် ယာဉ်မောင်းဝတုတ် ငြိမ်သွားသည်။

ဘသာအောင်က ဆက်၍ -

"အဲဒီတစ္ဆေရုပ်ရဲ့အထက်နားဆီမှာ လူဆယ်ယောက်လောက်ပါတဲ့ မြန်မာဆိုင်းဝိုင်းတော်ကြီးတစ်ဝိုင်းနဲ့ ညှို့ခံနေကြတယ်ကွ"

"ဟာ - ဘကလည်း - အရေးထဲ"

"နောက်တီးနောက်တောက် မလုပ်နဲ့ - ဘရယ်"

"မဟုတ်သေးပါဘူး"

ဘသာအောင်၏ ဆက်လိုက်သောစကားကြောင့် နားထောင်နေသော အလုပ်သမားများထံမှ မဖြစ်နိုင်ကြောင်း တစ်ယောက်တစ်ပေါက် ဝေဖန်သံများ ပေါ်ထွက်လာသည်။

ဘသာအောင်က ချောင်းတစ်ချက်ဟန့်၊ လက်ဝါးတစ်ဖက်သာ ပြလိုက်ပြီး -

"အင်း - မင်းတို့မယုံဘူးဆိုတာ ငါလက်ခံတယ်။ ဒါပေမဲ့ - မင်းတို့သိထားဖို့က ဟောဒီရိုးမကြီးထဲမှာ ဘာမဆိုဖြစ်နိုင်တယ်၊ ဖြစ်မလာသေးတာပဲရှိတယ်။ မဖြစ်နိုင်ဘူးလို့ ဘယ်တော့မှမပြောင်းနဲ့၊ မဖြစ်နိုင်ဘူးဆိုတာလည်း ဖြစ်လာနိုင်တယ်၊ ဒီလိုကွ - နားထောင်"

"ငါနဲ့စောဆာဝါးလည်း နေပွင့်တာနဲ့ သစ်ပင်ပေါ်ကဆင်း၊ မုန်တိုင်းကြီးရဲ့ ခြေရာနောက်ကို လိုက်ရင်းနဲ့ တစ္ဆေရုပ်အထက်ကို ကျော်လာမိတော့ တကယ့်



ပီပြင်တဲ့ရိုက်ချက်ကွာ။ ငါတို့ကို တောကြီးမျက်မည်းထဲမှာ လူဆယ်ယောက်လောက်က မြန်မာ့ဆိုင်းဝိုင်းကြီးနဲ့ အားပါးတရ ညှို့ခံနေကြလေရဲ့..."

အလုပ်သမားများနှင့်အတူ ဘသာအောင်၏ ရိုးမလျှို့ဝှက်ချက်ကို မသိမသာ နားစွင့်နေသောကိုမျိုးပါ ပါးစပ်အဟောင်းသား။

ဘသာအောင်က ဆက်၍ -

"ဟုတ်ပ့ါ - မောင်တို့။ မြန်မာ့ဆိုင်းဝိုင်းကြီးမှ တကယ့်မြန်မာ့ဆိုင်းဝိုင်းကြီး။ ဝိုင်းဆရာ၊ ပတ်မတီး၊ နဲ၊ သင်းကွင်း၊ ဝါးသမား၊ စည်းကိုင်၊ အဆိုကနေတဲ့ မင်းသမီး။ ဒါပေမဲ့ - ထူးဆန်းတာက အသံတစ်ချက်မှ မထွက်တာပဲ၊ လှုပ်ရှားမှုက လုံးဝမရှိဘူး၊ ဘယ်ရှိမလဲ - အဲဒီဆိုင်းသမား၊ အက၊ အဆိုသမားတွေ အားလုံးဟာ သက်ရှိလူသားတွေမှ မဟုတ်ပဲ"

"ဒါ - ဒါဆို"

"ဟုတ်တယ် - ဝတုတ်၊ အဲဒါတွေအားလုံးဟာ သက်မဲ့ကျောက်ရုပ်တွေလေ"

"ဗျာ"

"ဟင်"

"ဟာ"

"အို"

လုပ်သားများ၏ အာမေဍိတ်သံအဆုံး ဘသာအောင်က -

"မင်းတို့ - ဘာမှမအံ့ဩနဲ့၊ မြို့ပြမှာထက် တောထဲ၊ တောင်ထဲမှာတ ပိုပြီးသည်းထိတ်ရင်ဖို လျှို့ဝှက်ဆန်းကြယ်တယ်၊ အဲဒါ - ဘ,ကိုယ်တွေ့"

"ကျုပ်လည်း လူတုကျောက်ရုပ်တွေကိုကြည့်ပြီး ပါးစပ်အဟောင်းသားနဲ့ပေ့ါ၊ ဘာတွေလည်းဆိုတာ [illegible]ချင်ပေမယ့် စောဆာဝါးကို မမေးရဲဘူးလေ၊ တောထဲတောင်ထဲမှာဆိုတာက ခေါင်းဆောင်ရဲ့မျက်နှာရိပ်၊ မျက်နှာကဲကိုခဲ ကြည့်နေရတာ၊ ရှေ့က သွားနေတဲ့ စောဆာဝါးက ကျုပ်ကို သမင်လည်ပြန် တစ်ချက်လှည့်ကြည့်တယ်၊ ကျုပ် သိလိုက်ပြီ၊ ဘာမှအသံမထွက်နဲ့၊ မေးမနဲ့ အန္တရာယ်ရှိတယ်ဆိုတဲ့သဘော"



www.burmeseclassic.com

www.burmeseclassic.com

"စာဆော်ဝါးကောင်းမှုကြောင့် မင်းတို့ကို ငါ အခုလိုပြန်ပြောနိုင်တာပေါ့။ စာဆော်ဝါးက ငါ့ထက် ဝါရင့်တဲ့ဆင်သမားကြီးလေကွယ်။ ဒါ့ကြောင့် မိစ္ဆာဝှ အထက် မိစ္ဆာကျောက်ဆိုင်းပိုင်းအထိ ကျုပ်ရောက်ဖူးတယ် ပြောတာပေါ့။ အဲဒီမိစ္ဆာသံစုံတီးဝိုင်းအကြောင်း သိချင်မေးချင်တာမှ အရမ်းပဲ။ ငါ့ရဲ့စပ်စုမှုကို သိတဲ့ စာဆော်ဝါးက စခန်းပြန်ရောက်တော့မှ ငါ့ကို ပြောပြတာက အဲဒါတွေ တာ ဘုမ္မိယသိုက်စောင့်တွေရဲ့ မာယာထောင်ချောက်တဲ့။ မနေနိုင်၊ မထိုင်နိုင် နဲ့များ သီချင်းဆိုမိ၊ စည်းဝါးလိုက်မိ၊ လေချွန်မိ၊ လက်ခြေများ ကွေးလိုက် ဆန့် လိုက်ဆိုရင် ကျောက်ရုပ်နေရာမှာ အစားထိုးသိုက်စောင့်ဖြစ်ပြီး သိုက်စောင့် ကတော့ ကျွတ်လွတ်သွားသတဲ့လေ ..."

လုပ်ကွက်(၁၃)သို့ ဦးတည်၍ ဆိုင်ကယ်နှင့် ထွက်လာခဲ့သောကိုမျိုး စခန်းမှ ဝါရင့်ဆင်ဦးစီးဟောင်း လုံခြုံရေးရဲဘော် ဘသာအောင်၏စကားများ တို ပြန်လည်ကြားယောင်လာမိသည်။

မည်သည့်စကား၊ မည်သည့်အချက်အလက်ဖြစ်စေ၊ စကားလုံးတိုင်း အချက်အလက်တိုင်းသည် လုံခြုံရေးတာဝန်ယူထားသူတစ်ယောက် အတွက် နားနင့်ကြားရသောဗဟုသုတဆိုသည်က တစ်ခါတစ်ရံတွင် အရေး ပါသောအချက်အလက်များ ဖြစ်လာလေ့ရှိကြောင်း အတွေ့အကြုံအရ သူ သိ ထားသည်။

လုပ်ကွက်(၁၃)ကို ရောက်ပြီ။

လုပ်ကွက်(၁၃)၏ရှင်းလင်းဆောင်တွင် ကြိုတင်ရောက်ရှိနေကြသော လမ်း၊ တံတား၊ အင်ဂျင်နီယာများ၊ ဆိုက်တာဝန်ခံများ၊ တောရှင်း၊ လမ်း ဖောက်၊ မိုင်းခွဲလုပ်သားများ၊ ကုမ္ပဏီ၏ စီအီးအို မစ္စတာယွမ်တို့ ရောက်ရှိနေ ကြပြီ။

လုံခြုံရေးတာဝန်ခံ သူ့ဘက်ကသာ မီးစိမ်းပြလိုက်လျှင် အားလုံးက လုပ်ငန်းစတင်ရန် အသင့်အနေအထား။

မြေတူးစက်ကြီးများ၊ ဘူဒိုဇာကြီးများ၊ လမ်းကြိတ်စက်၊ မြေသယ်ယာဉ်၊ ဘက်ဟိုးများ၊ ကရိန်းများကလည်း အစဉ်အသင့်။ လုပ်ကွက်(၁၃)အတွက် လုပ်ငန်းစတင်ရမည့်အခြေအနေ၊ အချိန်အခါသည် လုံခြုံရေးတာဝန်ခံ သူ့ ထံမှတစ်ပါး။

အားလုံးက ကိုမျိုးကို စောင့်နေကြပြီ။ ကိုမျိုးကလည်း တပည့်ကျော် သက်နိုင်နှင့်တွဲ၍ လာနေပြီ။ သက်နိုင်က -

"ဆရာ - လက်ရှိအနေအထားက စီအီးအိုနဲ့ မန်နေဂျာတွေ၊ အီးအီးတွေ၊ ဌာနခွဲအားလုံးက ဆရာ့ကို စောင့်နေကြတာ။ အမိကအနေနဲ့ ကျွန်တော် တာဝန်ယူထားတဲ့ သစ်ခုတ်၊ သစ်ထုတ်အဖွဲ့က လုပ်ကွက်(၁၃)မိစ္ဆာဝှနဲ့ (၂) မိုင်အကွာကို ရောက်နေပြီ။ စီအီးအိုကတော့ ဘာမှအယုံအကြည်မရှိဘူးတဲ့။ သရဲတို့၊ မိစ္ဆာတို့၊ အစောင့်တို့ဆိုတာတွေ မပြောနဲ့။ သူသိတာက မိုးမကျမီ သစ်လုပ်ကွက် အကုန်အပြောင်ရှင်းဖို့ပဲ"

"ကျန်တဲ့အင်ဂျင်နီယာတွေ လုပ်သားတွေကရော ..."

ကိုမျိုး၏အမေးကို သက်နိုင်က -

"ဆရာရယ် - သူတို့က မြန်မာတွေပဲ။ ဒီနေရာအကြောင်း ဆရာ့လောက် မသိပေမဲ့ အန္တရာယ်များကြောင်းတော့ သိတန်သလောက် သိထားကြပါတယ်။ အဓိက ဆရာ့အဆုံးအဖြတ်ပဲ။ ရက်နည်းနည်း အချိန်ထပ်ဆွဲမယ်ဆိုလည်း ဆရာ့ဘက်က သူတို့ ထောက်ခံမယ်တဲ့"

"အင်း"

သက်နိုင်၏ရှည်လျားသော အစီရင်ခံစာကို ကိုမျိုးက အင်းတစ်ချက်သာ လိုက်ပေးလိုက်သည်။

အခန်းတစ်ခုလုံး လုံခြုံရေး လုပ်ငန်းခွင်လုပ်ငန်းများ ချောမွတ်စေရေး အစစ တာဝန်ယူထားသူပီပီ ရှုက်ဆိုနားခွက်က မီးတောက်ပြီးသား။ ကိုမျိုး ဘာလုပ်ရမည် သူ့တွင် အဖြေရှိပြီးသား။

မစ္စတာယွမ်က စီအီးအိုဖြစ်သော်လည်း တစ်ဖက်သတ်အမိန့်မချပ်၊ ကိုမျိုးကို ရှင်းပြစေသည်။ ကိုမျိုးက ...



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာ၊ ဤဒေသသည် တောတောင်ထူထပ်ပြီး ရိုးရာအစွဲအလမ်းကြီးမား၍ ခေတ်နောက်ကျသော ရှေးမြန်မာကျေးလက်ဒေသဖြစ်ကြောင်း၊ အထူးသဖြင့် မိစ္ဆာဂူကို မကြားသူ၊ မသိသူ မရှိကြောင်း၊ လူတိုင်းကြားဖူးပြီး ကြားဖူးသူတိုင်းက ကြောက်ရွံ့ကြကြောင်း၊ ဤဒေသသို့ မိမိရောက်ကတည်းက တစ်နေ့တစ်ချိန်တွင် ဤပြဿနာနှင့် ထိပ်တိုက်တွေ့ရမည်မလွဲဟု ခန့်မှန်း၍ မိစ္ဆာဂူအား အဖက်ဖက်မှ လေ့လာချဉ်းကပ် အချက်အလက်စုဆောင်း သတင်း စနည်းနာခဲ့ကြောင်း၊

လွန်ခဲ့သောနှစ်ပတ်ခန့်က မိမိတစ်ဦးတည်း အနီးကပ်သွားရောက် လေ့လာခဲ့ပါကြောင်း၊ အမျိုးအမည်မသိရသော သတ္တုဓါတ်တစ်ကောင် (သို့) အများရှိနိုင်သည်ဟု သုံးသပ်မိကြောင်း၊

မိစ္ဆာကောင်နှင့်ပတ်သက်၍မိမိထံတွင် သက်သေခံ အထောက်အထားများရှိထားကြောင်း၊ ရပ်ရွာအတွက်၊ အများအတွက်၊ ကမ္ဘာ့အတွက် ဤရန်သူတော်ကို ချေမှုန်းရန်လိုကြောင်း၊ မည်သို့ အပြတ်ရှင်းရမည်ကို မိမိ လေ့လာနေကြောင်း၊ မိမိဘက်မှ အထိအခိုက်၊ အရှုံးအနာ လုံးဝမရှိစေရေးအတွက် မိစ္ဆာကောင်အား ရှင်းလင်းရန် အချိန် (၂) ရက်၊ ယနေ့နှင့် မနက်ဖြန်ညနေအထိ အချိန်ပေးစေလိုကြောင်း၊

ရှည်လျားစွာ တင်ပြပြောဆိုသော မိစ္ဆာဂူတွင်းမှ မဟာရန်သူတော် (သို့မဟုတ်) ဝိညာဉ်ဆိုးများအကြောင်း သူကိုယ်တိုင် ရိုက်ကူးထားသော ဓာတ်ပုံများနှင့် ဗီဒီယိုခွေကို ပရိုဂျက်တာဖြင့်လည်းကောင်း၊ ဗီဒီယိုပြစက်ဖြင့်လည်းကောင်း တင်ဆက်ပြသလိုက်သည်။

ကြည့်ရှုသူအားလုံး တကယ့်သည်းထိတ်ရင်ဖို မစ္စတာယွမ်ကိုယ်တိုင် သူ့အားလက်ဆွဲနှုတ်ဆက်၍ သတိကြီးစွာထားမိရန် အလေးအနက် မှာကြားသွားသည်။

— ၊ —

"တကယ်တော့ – ဆရာမျိုးဟာ မိုက်မဲတာလား၊ ရူးသွပ်နေတာလား တစ်ခုခုပဲ။ တို့တစ်တွေ စောစောက ဗီဒီယိုတိတ်ခွေနဲ့ ပရိုဂျက်တာ (Projector) က ကြည့်လိုက်ရတဲ့ မိစ္ဆာဂူရဲ့ အတွင်းပိုင်းဆိုတာတွေက မပီမသ၊ ဝိုးတဝါး၊ အလင်းရောင် အစက်အပြောက် (Spot) တွေ၊ အမှောင်ထဲမှာ လင်းနေတဲ့ စိန့်ပွင့်၊ ပတ္တမြားပွင့်တွေလိုတွေ၊ ဘာတွေမှန်းကိုမသိဘူး။ သေချာတာတစ်ခုကတော့ ဒီဂူထဲမှာ အန္တရာယ်ကောင်တစ်ကောင် (သို့မဟုတ်) အများအပြားရှိတယ်လို့ ဆရာမျိုးပြောတာတော့ ငါလက်ခံတယ်။ ဒီလောက်အန္တရာယ်ရှိတဲ့ နယ်မြေကို သူတစ်ယောက်တည်းသွားမယ်ဆိုတာ မိုက်တာလား၊ ရူးတာလား မင်းတို့ စဉ်းစားကြည့်။ စောသိန်းရွှေဆိုတဲ့ငါဟာ ဒီအရပ်သားမဟုတ်ပေမဲ့ တပ်ကထွက်လာပြီးကတည်းက ဒီရွာသူနဲ့ အိမ်ထောင်ပြုအခြေချနေခဲ့တာ ဒီမိစ္ဆာဂူနဲ့ပတ်သက်ပြီး ငါကိုယ်တိုင်ကြုံခဲ့ဖူးတာရှိတယ်"

ကိုမျိုးက ရှင်းလင်းဆောင်တွင် စီအီးအို၊ မစ္စတာယွမ်နှင့် အမှုဆောင်များအား မိစ္ဆာဂူရှင်းလင်းရေးနှင့်ပတ်သက်၍ ရန်ကုန်ရုံးချုပ်မှ လိုအပ်သော ပစ္စည်းများ အချိန်မီအရောက်ပို့ပေးရန်နှင့် သူကိုယ်တိုင် စုံစမ်းထောက်လှမ်းခဲ့ရပုံများကို တင်ပြနေစဉ် လုပ်သားများ နားနေစခန်း၌ ရေနက်ကြီးရွာသား သစ်ခုတ်အဖွဲ့ခေါင်း စောသိန်းရွှေက ကိုမျိုးအား မှတ်ချက်ချနေခြင်း။

မိစ္ဆာဂူ (သို့) တစ္ဆေဂူအကြောင်း စောသိန်းရွှေ ကြုံခဲ့ဖူးသည့် ကိုယ်တွေ့ဖြစ်စဉ်အား ပြောပြရန်လုပ်သားများက တောင်းဆိုကြသဖြင့် စောသိန်းရွှေက –

— ၊ —

တစ်နေ့ကပင် ရွာလူကြီး [illegible]ိန်းလွင်၏ အိမ်တွင်တည်းခို၍ ဆေးဥဆေးမြစ်တူးသူနှစ်ဦး မိစ္ဆာဂူဘက် ထွက်ခွာသွားကြောင်း တစ်ဆင့်စကားကြားထားသည်။

အမြဲမဟုတ်သော်လည်း တစ်ခါတစ်ရံတွင် စောသိန်းရွှေ တောပစ်ထွက်လေ့ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

ယနေ့လည်း ကျေးရွာပြည်သူ့စစ်အဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သော စောသိန်းရွှေ အမဲပစ်ရန် ထွက်လာခဲ့သည်။

စစ်အင်္ကျီ၊ စစ်ဘောင်းဘီနွမ်း၊ ကျောပိုးအိတ်တစ်လုံး (၃၀၃) ရိုင်ဖယ်တစ်လက်နှင့် တောထဲထွက်လာခဲ့သည်။ ရွာနှင့်ရိုးမက တစ်စပ်တစ်ဆက်တည်း။

ရွာပြင်ရောက်သည်နှင့် သေနတ်ကို ကျည်ထိုး၊ မောင်းတင်သော့ပိတ်ထားလိုက်ပြီး အသင့်အနေအထား။

ကနေ့မှ တောက ငြိမ်နေသည်။ ကြီးမခွေနိုင်ဘဲ မျက်စိနောက်အောင် တစ်ပင်နှင့်တစ်ပင် ကူးနေကြသော မျောက်အုပ်ပင် မတွေ့။



စောစောကရင်ဘတ်ပေါ်
ငိုက်ကျနေသောလူသေ၏ဦးခေါင်းက
တဖြည်းဖြည်းထောင်လာသည်။
ထောင်လာသောဦးခေါင်းကဝဲယာ၊
ရှေ့နောက်၊ ထက်အောက်တို့သို့
မျက်လုံးကြီးပြူးလျက်လိုက်ကြည့်
နေသည်။ အသေကောင်ကို
စားနေသောကျားပင်ရုတ်တရက်
လန့်သွားသည်ထင်၏။ ရုတ်ခြည်း
နောက်ဘက်သို့ခုန်ဆုတ်ပြီးအလောင်း
ကောင်ကြီးအားစိုက်၍ကြည့်နေသည်။

ဆတ်တစ်၊ ဂျီ (ချေ) ဟောက်၊ တောကြက်တွန်သံပင် မကြား။ စစ်သားဟောင်း၊ မုဆိုးဖြစ်၍ တော၏ထူးခြားမှုကို သတိထားမိသည်။ နားမျက်စိဖွင့်၊ သတိအပြည့်နှင့်။

သစ်ပင်ကြီးထက်မှ ရှဉ့်ပေါါတစ်ကောင် စုပ်သပ်သံ၊ စောသိန်းရွှေ၊ သေနတ်လုံခြုံရေးသော့ဖွင့်၊ အသင့်အနေအထားနှင့် တောင်ပိန္နဲပင်ကြီးတစ်ပင်၏အခြေသို့ အသာကပ်လိုက်သည်။

"ဟိုက်"

စောသိန်းရွှေ အာမေဍိတ်သံထွက်သွားမတတ်၊ ဝန်းကျင်ကို သတိထားမိမှ သူ့ပင်လျှင် တစ္ဆေဂူအနီးသို့ ရောက်နေကြောင်း သတိထားမိလာသည်။

သူနှင့် ကိုက်တစ်ရာခန့်အကွာတွင် နာမည်ကြီး "တစ္ဆေဂူ" ဝန်းကျင်က တိတ်ဆိတ်နေပြီး သစ်တစ်ရွက်ကြွေလျှင်ပင် ကြားနိုင်သည့် အနေအထား။

တိတ်ဆိတ်နေခြင်း၏ ကြောက်ရွံ့ဖွယ်၊ ထိတ်လန့်ရသလို သူ ခံစားနေမိသည်။

တွေဝေနေ၍မဖြစ်၊ ကြောက်ရွံ့နေ၍မဖြစ်၊ လက်နှင့် ဆုပ်ကိုင်ထားမိသော သေနတ်၏အတွေ့ကြောင့် အားတက်လာသည်။ ထိုအခိုက် ...

မိုးပြိုသံအလား၊ အသံကြီးတစ်ခုက မြန်းစားကြီး ပေါက်ကွဲထွက်လာသည်။ တိတ်ဆိတ်နေရာမှ ရုတ်တရက် ဆူညံစွာပေါက်ကွဲသံကြောင့် ကြက်သီးထသွားမိသည်။ အသက်ကို ပြင်းပြင်းတစ်ချက်နှစ်ချက် ရှူသွင်းလိုက်မှ စိတ်ငြိမ်လာသည်။

ပေါက်ကွဲသံစဉ်က အခြားမဟုတ်။

တစ္ဆေဂူနှင့် ဓားလွယ်ခုတ်ခန့်နေရာတွင်ရှိ သစ်ပင်ကြီးများထက် သစ်ရွက်များ၏နောက်ကျောတွင် မီ[illegible]မှိုကပ်နေသည့် ထောင်ပေါင်းများစွာသော ပုစဉ်းရင်ကွဲတို့၏အသံ။

တစီစီ တဝေါဝေါ ပုစဉ်းကောင်တို့၏အော်သံလာရာသို့ မျက်စိအကြည့်ရောက်သွားသည်။

"ဟင် - ဘုရား - ဘုရား"





www.burmeseclassic.com

www.burmeseclassic.com

ပိန်းပိတ်နေသည့် သစ်ပင်ကြီးများထက် သစ်ပင်ကြီးတစ်ပင် တောင်သရက်ပင်ကြီး၏ ခွကြားတွင် လူတစ်ယောက်၊ ကြောက်လန့်နေသည့် ထိုသူက သစ်ပင်ထက်မှနေ၍ သူ့အား လက်ညှိုးညွှန်ပြနေခြင်း။

"ဘာတွေလဲ - အပမှီနေတာလား" ဟု တွေးရင်းမှ သေနတ်နှင့် ထိုးချိန်လိုက်သည်။

သစ်ပင်ထက်မှ လူသားက အသံမထွက်ဘဲ မြေပြင်တစ်နေရာသို့ သူ့ကို ညွှန်ပြနေသည်။

သေနတ်ကို ပစ်ကွင်းမှဖယ်၍ ထိုသူပြသသည့်နေရာသို့ လှမ်းကြည့်လိုက်မိသည်။

"ဗုဒ္ဓေါ"

တကယ့်သည်းထိတ်ရင်ဖိုမြင်ကွင်း။

သစ်ပင်ထက်မှလူနှင့် ကိုက်(၅၀)ခန့် မိမိနှင့် ကိုက်(၁၀၀)ခန့်အကွာ တောင်မရိုးပင်ကြီးအောက်တွင် လူတစ်ယောက်က ကျောမှီ၍ထိုင်နေသည်။ သေသေချာချာကြည့်လိုက်ပါမှ ထိုသူ့တစ်ကိုယ်လုံး သွေးများဖြင့် ချင်းချင်းရဲလျက် ...။

ခေါင်းက ရင်ဘတ်ပေါ်တွင် တွဲလောင်းကျနေသည်၊ ခန္ဓာကိုယ်အောက်ပိုင်းတွင် လုံချည်မရှိတော့။ ခြေတစ်ဖက်လည်း မရှိတော့၊

ထိုအလောင်းကောင်ရှေ့တွင် အလောင်းကောင်အား ကြည့်လိုက်၊ အလောင်းကောင်၏အောက်ပိုင်းအား ဖဲ့ဝါးလိုက်နှင့် ရောမရိုးကျားကြီးတစ်ကောင်။ သို့ကြောင့် - တစ်တောလုံး၊ တစ်တောင်လုံး တိတ်ဆိတ်ငြိမ်သက်နေခြင်းထင့်၊

"ဒီလူနှစ်ယောက်ဟာ ရွာလူကြီး စောသိန်းလွင်အိမ်မှာတည်းပြီး ဆေးမြစ်ရှာတဲ့သူတွေပဲ"

အတွေးနှင့် အဆက်အစပ်တည့်သွားသည်၊

ဟင်းမျိုး(ကျားကြီး)က မည်မျှဆာလောင်နေသည်မသိ၊ သူ့ရှေ့တွင်ထင်လူသားတစ်ယောက်ကို တကြွပ်ကြွပ်ဝါးစားနေသည်၊



မြင်ကွင်းကတော့ ပုံမှန်မဟုတ်၊

ကျားဆိုသောသတ္တဝါက ညဘက် အမဲလိုက်စား၊ နံနက်ပိုင်း တစ်နေကုန်အိပ်၊ ညနေစောင်းမှ နံနက်က ကျန်ခဲ့သောသားကောင်သေကို ပြန်စားတတ်သည်၊

မုဆိုးဖြစ်၍ တောအထာကို သိနေသော စောသိန်းရွှေစည်းပေါက်သော ကျားနှင့် တောကျွံသောသားကောင်၊

တောလမိုင်းက တောမုဆိုးကို လှည့်စားနေပြီ၊ စင်စစ် ...

သစ်ပင်ထက်မှလူက သူ့ကိုတွေ့မည်၊ အသံပေး၍ မရသဖြင့် ပုစဉ်းရင်ကွဲများ လှုပ်ရှားအသံထွက်စေရန် တစ်ခုခု လုပ်မြှိမ့်မည်၊ ပုစဉ်းရင်ကွဲတို့ ပေါက်ကွဲသံက သူ့အသက်ကို ကယ်လိုက်ခြင်း။ စောသိန်းရွှေ ဘာလုပ်ရတော့မည်နည်း၊ တစ်ခုခုတော့ လုပ်ရမည်၊

ချောကို ပစ်သတ်၊ သစ်ပင်ထက်မှလူကိုကယ်၊ အလောင်းထမ်း ရွာပြန်ရမည်လား၊ သစ်ပင်ထက်မှ လူ၏အခြေအနေ၊

အတွေးက လွယ်သည်၊ ချက်ခြင်း လှုပ်ရှားဖို့မလွယ်၊ ဟင်းမျိုးကြီး တချောက်ချောက်ဝါးနေသော အလောင်းကောင်ထံ မျက်စိရောက်သွားသည်၊

စောစောက ရင်ဘတ်ပေါ် ငိုက်ကျနေသော လူသေ၏ဦးခေါင်းတဖြည်းဖြည်း ထောင်လာသည်၊ ထောင်လာသော ဦးခေါင်းက ဝဲယာ၊ ရှေ့နောက်၊ ထက်အောက်တို့သို့ မျက်လုံးကြီးပြူးလျက် လိုက်ကြည့်နေသည်၊

အသေကောင်ကို စားနေသောကျားပင် ရုတ်တရက် လန့်သွားသည်ထင်၏၊ ရုတ်ခြည်းနောက်ဘက်[illegible]နှန်ဆုတ်ပြီး အလောင်းကောင်ကြီးအား စိုက်၍ကြည့်နေသည်၊

စောသိန်းရွှေ ပျဉ်းမပင်ကြီးတစ်ပင်ဘေး၊ အသာကပ်လိုက်သည်၊ သုံ့နိုင်ငွယ်မရှိ၊ မျက်စိပွင့်လာသောအလောင်းကောင်ကြီးဆီမှ "ဟီ - ဟီ" ဟူသော ဆီမသအသံအက်ကြီး ထွက်ပေါ်လာသည်၊



www.burmeseclassic.com

တစ်ဖန်တွဲလောင်းကျနေသောလက်ျာလက်က တဖြည်းဖြည်းကြွတက်လာကာ သစ်ပင်ထက်မှလူအား လက်ညှိုးညွှန်၍ပြနေသည်။

လူသေကောင်၏လက်ညှိုးညွှန်ရာဘက် လိုက်ကြည့်နေသော ဟင်းမျိုးကြီးက သစ်ပင်ထက်မှလူအား မြင်တွေ့သွားပြီ။

"ဝေါင်း"

ဟင်းမျိုးကြီးက ထိုသူအား တွေ့လိုက်သည်နှင့် မြေကြီးအား ပါးကပ်၍ မြေတုန်စမန်း "ဝေါင်းခနဲ" တစ်ချက်အော်လိုက်သည်။

"ဝေါင်း"

"ဘုန်း"

မြေကြီးတုန်မတတ် ဟိန်းလိုက်သည့် ကျားအော်သံအဆုံး ဘုန်းခနဲအသံနှင့်အတူ သစ်ပင်ပေါ်မှလူက မြေကြီးပေါ်ပြုတ်ကျလာတော့သည်။

ပေ(၃၀)ခန့်အမြင့်မှကျသော ထိုသူက ရုတ်တရက် ဝုန်းခနဲထကာ ကျားကြီးစားနေသော လူသေကောင်အား ဖွေ့ခနဲ ပွေ့ယမ်းလိုက်ပြီး တစ္ဆေဂူဘက်သို့ တရကြမ်းပြေးကာ ဂူထဲဝင်ရောက်သွားတော့သည်။

လှုပ်ရှားမှုက မြန်လွန်း၊ သွက်လွန်း၍ထင့်။

ဟင်းမျိုးကြီးပင် လှုပ်ရှားချိန်မရဘဲ ကြောင်ငေးနေသည်။ အလောင်းကောင်နှင့် သစ်ပင်ထက်မှ ပြုတ်ကျလာသူတို့မရှိတော့မှ သတိဝင်လာကာ ဟင်းမျိုးကြီးပါ တစ္ဆေဂူအတွင်းသို့ လွှားခနဲ ခုန်ဝင်သွားတော့သည်။

မကြာလိုက် - ဘာမှမကြာလိုက်။

လူသေနှင့် သစ်ပင်ထက်မှပြုတ်ကျသူတို့ပြေးဝင်သွားစဉ်က "တစ်စပြင်" အလား ငြိမ်သက်နေသည့်တစ္ဆေဂူ။

ရုတ်ခြည်း အသက်ဝင်လာပြီ၊ တရှိန်ရှိန် တဗုန်းဗုန်း အသံမျိုးစုံတို့နှင့်အတူ ဟင်းမျိုးကြီး၏နောက်ဆုံးအော်ဟစ်သံကိုကြားလိုက်ရပြီး တောကားပကတိ တိတ်ဆိတ်သွားပြန်သည်။

— ၂ —



"အဲဒါ - ကျုပ်ရဲ့ တစ္ဆေဂူအတွေ့အကြုံပဲ။ ကျုပ်တွေ့ခဲ့တဲ့လူနှစ်ယောက်ဟာ ဆေးမြစ်လာတူးပြီး စောသိန်းလွင်အိမ်မှာတည်းတဲ့ ဧည့်သည်နှစ်ယောက်၊ ဘာကြောင့် - တစ်ယောက်သေကနေ နှစ်ယောက်သေ ဖြစ်ရ၊ သစ်ပင်ပေါ်က ပြုတ်ကျမသေဘဲ လူသေကိုထမ်းပြီး ဘာဖြစ်လို့ နဂါးခံတွင်း၊ ကျားခံတွင်းထဲ ဝင်ပြေးရတာလဲ၊ ကျုပ် - ခုထက်ထိ အဖြေမရှိဘူး"

စကားဝိုင်းက တိတ်ဆိတ်သွားပြန်ပြီ။

— ၃ —

နံနက်စောစော၊

ဟင်းလင်းပြင် တောင်ကတုံးတော ဖြစ်နေသော်လည်း ရှိုးမ၏ အကြွင်းအကျန်နှင်းနှင့် မြူတို့ မကွဲသေး။

ကိုမျိုး လက်သုံးတော် BSA ကိုစီး၍ တစ်ကိုယ်တော် ထွက်လာခဲ့သည်။ ဒီတစ္ဆေဂူနှင့်ပတ်သက်၍ သူ စိတ်ဝင်စားခဲ့သည်မှာ ကြာပြီ။

သတ္တလောကကြီးတွင် သရဲ၊ တစ္ဆေ၊ ဝိညာဉ်ရှိ၊ မရှိ သူ အငြင်းမပွား။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် ဘုရားဟောပေတဝတ္ထုကို လက်ခံထားသည်။ ရှေးရိုးစွဲနေသော အများစုပညာမဲ့ ကျေးလက်နေပြည်သူများကို ထစ်ခနဲရှိ တစ္ဆေ၊ သရဲမဟုတ်ကြောင်း၊ မရောယှက် မဆက်နွယ်သင့်ကြောင်း၊ လက်တွေ့ပြချင်သည့်ဆန္ဒ သူ့တွင် ရှိသည်။

သည်နေရာ၊ သည်ဒေသသို့ သူ ရောက်သည့်နေ့မှစ၍ ဤလျို့ဝှက်သည်းဖို၊ သည်းထိတ်ရင်ဖို၊ တုန်လှုပ်ချောက်ချား၊ ကြောက်စရာ "မိစ္ဆာဂူ" အကြောင်း အချိန်ရှိသရွေ့ နေ့ရှိသမျှ ကြားနေရသည်။

ဖြစ်စဉ်တစ်ခု၏အကြောင်းအရာများကို အသေးစိတ် မလေ့လာ၊ မစူးစမ်းဘဲ ဂယနကကျ စုံစမ်းထောက်လှမ်း လေ့လာခြင်းမရှိဘဲ သံယောင်လိုက်ပြီး တောရမ်းပယ်ဖွဲ့ ပုံကြီးချဲ့တတ်သော လူစားများတွင် သူမပါချင်။

ထိုအချိန်ကပင် သူ့တာဝန်ချိန် ကိုယ်ပိုင်အချိန်များထဲမှ ထုတ်နုတ်ပြီး မရဏတစ္ဆေဂူအကြောင်း တစ်ကိုယ်တော် တိတ်တဆိတ် စူးစမ်းလေ့လာခဲ့သည်။

www.burmeseclassic.com

ဤသို့လေ့လာခဲ့မှုကြောင့်ပင် စီအီးအိုနှင့် ဘုတ်အဖွဲ့အစည်းအဝေး ဌာနလုံးဆိုင်ရာ ရှင်းလင်းပွဲတွင် သူ လေ့လာခဲ့သမျှအား ဓာတ်ပုံ၊ ဗီဒီယို၊ အသံဖိုင်များဖြင့် တတ်အားသရွေ့ဟာကွက်မရှိတင်ပြခဲ့သည်။

တစ်ခုပဲ ကျန်တော့သည်။ မိစ္ဆာဂူတွင်းမှ ရန်သူတော်ကြီးအား မည်သို့အမျိုးပြုတ် ရှင်းလင်းရမည် မသိရသေး။ ယခုလေ့လာပြီးမှ အပြီးသတ် အစီရင်ခံစာတင်၊ လိုအပ်သော လက်နက်ခဲယမ်း၊ လူသူအင်အား၊ ရိက္ခာ စသည် တင်ပြတောင်းဆို ဖြည့်ဆည်း။ နေ့ရာပိုင်နက်အသီးသီး သတ်မှတ်ပြီး "စနာရီ" နှင့် "ရက်" သတ်မှတ်၊ စစ်ဆင်ရေး စတင်ရမည်။

မိစ္ဆာဂူနှင့် နီးလာပြီ။ ယခင်က ဒေါင်းက အိုးဝေ၊ မျောက်က ကြိုးခွေ၊ ရဂုံ့သာမော၊ ရိုးမတောနယ်မြေသည် တောဓာ၏အင်္ဂါနှင့် မညီတော့။ ကျားဆိုသည့် တောင်တို့ မြင်ဖူးချင်သူအား တိရစ္ဆာန်ဥယျာဉ်သွားပြ၊ သစ်ပင်သစ်တော မြင်လိုက ရန်ကုန်တက္ကသိုလ်နယ်မြေသာ လိုက်ပြရတော့မည့်နိုင်ငံ။

ဆိုင်ကယ်ရပ်၊ ဒေါက်ထောက် ထောင်ထားခဲ့ပြီး တတ်နိုင်သမျှ ခြေသံလုံလုံဖြင့် ချီတက်ခဲ့သည်။

ခေါင်းတွင် စစ်ခေါင်းစွပ်၊ စစ်ရောင်နိုင်လွန် စပို့ရှပ်လက်တို၊ စစ်ဘောင်းဘီရှည်နှင့် ခါးတွင် နှစ်ဖက်သွား ထိပ်ချွန်၊ အရှည်တစ်ပေရှိ ဓားတစ်ချောင်းကို အိတ်နှင့် (ဓားအိမ်တွင်း)ထည့်လျက်။ စစ်ကျောပိုးအိတ်တစ်လုံး။

ရင်ဘတ်နှင့် လက်ျာလက်ကို ကန့်လန့်ဖြတ်၊ ကြိုးသိုင်းထားသည့် အမ် (၁၆)မောင်းပြန်တစ်လက်၊ ဝဲပခုံးတွင် ချိတ်ထားသည့် အရှည်ကိုက်တစ်ရာရှိ ငါးမွှးလုံး နိုင်လွန်ကြိုးခွေ။

ခြေကို အတတ်နိုင်ဆုံးဖော့၊ သွက်လက်ဖျတ်လတ်ပေ့ါပါးစွာဖြင့် ကျဲကျဲသာကျန်တော့သည့် သစ်ပင်များဆီ ပြေးလိုက်၊ ကပ်လိုက်။ ဝန်းကျင်ကို ကြည့်လိုက်၊ ဝဲလက်ဖျံတွင် ကပ်ထားသည့် အချိန်မှတ်နာရီကိုကြည့်လိုက်။

တစ်ကုန်းတက် တစ်ကုန်ဆင်း၊ တစ်မြောင်လျှို၊ တစ်ချုံတိုးလျက် ရှေ့သို့။

တစ်ကိုယ်တော် စစ်ဆင်ရေးက စင်စစ် စိတ်ချလုံခြုံသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့က အဓိက။

အများနှင့် လှုပ်ရှားရသည်က Timing အချိန်လွဲနိုင်သည်။ ရှေ့ကိုက်နှစ်ရာခန့်တွင် မိစ္ဆာဂူ။

အနီးဆုံး ဘောက်ချုံတစ်ခုအတွင်းသို့ ဘေးဘီဝဲယာကြည့်၊ လိမ့်ဝင်လိုက်သည်။ ထို့နောက် မှဆိုးဒူးထောက် အနေအထားဖြင့် ကျောပိုးအိတ်ကိုဖြုတ်၊ ဖွင့်၍ အဝေးချိန်မှန်ပြောင်း (telescope)ထုတ်၊ အမ် (၁၆) မောင်းပြန်သေနတ်၏ ပြောင်းပေါ်တွင် ရစ်၍ တပ်ဆင်လိုက်သည်။

သေနတ်တွင် (တယ်လီ)တပ်ဆင်ပြီး တစ္ဆေဂူဝဘက်သို့ ချိန်လိုက်စဉ်–

ပြင်းထန်ဆိုးဝါးလှသည့် (အောက်ဖိတ်ဖိတ်)အနံ့ဆိုးကြီးက လေအဝေ့တွင် ဝင်ရောက်လာသည်။ ခေတ္တအသက်အောင့်၊ ဘောင်းဘီအိတ်တွင်းမှ (အနံ့ဆိုးကာသည့်)နှာခေါင်းစည်းထုတ်ချည်လိုက်ပြီး တယ်လီကို ဂူဝဆီ ချိန်လိုက်သည်။

မြင်ကွင်းက မသဲမကွဲ၊ တယ်လီကို အနီးအဝေး Focus ချိန်ပြီးကြည့်လိုက်သည်။ မြင်ကွင်းက ရှင်းနေသည်။ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမဟုတ်၊ ငှက်တစ်ကောင်ပင် မတွေ့၊ ဂူထဲတွင် ခိုကပ်နေတတ်သည့် တောက်တဲ့၊ လင်းဆွဲ၊ လင်းနို့တို့ပင် မမြင်ရ၊ ထိုစဉ် မြင်ကွင်းထဲသို့ အစက်အပြောက်များ၊ တစ်လုံးတစ်ထွေးကြီး ဝင်လာသဖြင့် အသေအချာကြည့်လိုက်သည်။

သူ့တွက်ကိန်း မှန်သွားပြီ။

သို့မို့ကြောင့် ...

ဤဂူထဲသို့မည်သည့်သက်ရှိမျှမဝင်နားခြင်းပင်၊ ပို၍စိတ်ချသွားရစေရန် တယ်လီကို ဂူအတွင်း အမှောင်ရိပ်ဘက်သို့ ဝေ့ကြည့်လိုက်မိသည်။

အမှောင်တွင်းမှ မြောက်မြားစွာသော အလင်းစက်လေးများက ဟိုမှသည်မှ တဖြည်းဖြည်း နေရာရွေ့နေသည်။

သေချာမှသေနတ်မှ တယ်လီကိုဖြုတ်၊ အိတ်တွင်းပြန်ထည့်လိုက်သည်။ ရုတ်ခြည်းမထသေးဘဲ အရိပ်အခြေကြည့်နေပြီးမှ သတိဖြင့် နှာခေါင်းမှ Mask ကိုဖြုတ်၊ အင်္ကျီအိတ်တွင်းမှ ဂတ်(စ်)မီးခြစ်ကို ထုတ်ကြည့်လိုက်သည်။

မီးညွန့်လေးက လေယူရာဘက်သို့တိမ်းလျက်၊ ဝန်းကျင်အနေအထား တျည်ကွယ် မျက်ကွယ်၊ ထိုးစစ် ခံစစ်၊ လိုအပ်သည့်လက်နက်၊ သယ်ယူ

www.burmeseclassic.com

ပို့ဆောင်ရေး၊ မိမိအခြေအနေ၊ ရန်သူ့အခြေအနေ၊ အတွင်းလမ်း၊ အပြင်လမ်း၊ ဝင်ပေါက်၊ ထွက်ပေါက်။

စစ်တို့၏သဘောက ရန်သူကို ပြေးလမ်းပေးရမည်။ သို့မပေးလျှင် ခွေးပင် ချောင်ပိတ်ရိုက်က၊ (ထွက်ပေါက်)မရှိက အသေခံ၍ပြန်ကိုက်တတ်သည် ပဲလေ ...။

သို့သော် "သူ" ယခုဆင်နွှဲမည့်စစ်ဆင်ရေးက စစ်ပွဲတိုင်းတွင် ပုံသေထားလေ့ရှိသော ရန်သူ့ထွက်ပေါက်ပေး၍ မဖြစ်။

ဆင်နွှဲရမည့်စစ်ဆင်ရေးက သူသေကိုယ်သေမဟုတ်။ မိမိဘက်က အကျအဆုံး မဆိုထားနှင့် အထိအခိုက်ပင် မခံနိုင်။ ရန်သူ့အခြေအနေ (မျက်မြင်)ကို သိပြီးဖြစ်၍ မိမိဘက်မှ ဗျူဟာကို ဟာကွက်မရှိ ရေးဆွဲနေသည်။

စောစောက လေအဝေ့တွင် ပါလာသောအနံ့ဆိုးက ပြန်လာပြန်ပြီ။ စောစောတုန်းကနှင့် ယခုအချိန်ကို နာရီကြည့် မိနစ်ဖွဲ့လိုက်သည်။ လေဆိုသည်က အစိုးမရ၊ ပုံမရှိ၊ လာချင်လာမည်၊ မလာချင်လည်း ရှိမည်။ ကိစ္စမရှိ။

အနံ့ဆိုးတစ်ပတ်လည်ချိန်က (၁၅)မိနစ်၊ မိမိတပ်ဖွဲ့ဝင်တိုင်း အနံ့ဆိုးကာ Mask များ ကိုယ်စီပေးထားရမည်။

ဒူးထောက်ရာမှ ထထိုင်လိုက်ပြီး တယ်လီဖြုတ် ကျောပိုးအိတ်တွင်းမှ ဖိုက်အမျိုးအစား မှန်ပြောင်းကိုထုတ်၊ သေနတ်ကို ကျောလွယ်၊ ဖိုက်မှန်ဘီလူးဖြင့် အသေအချာကြည့်နေတော့သည်။

ကိုမျိုးတစ်ယောက်တည်း အလုပ်ရှုပ်နေသည်။ မောင်းတင်၍သော့ပိတ်ထားသော အမ်(၁၆)တစ်လက်လွယ်လျက်၊ တစ္ဆေဂူ၏ နိမ့်ပြေဆင်းသွားသည့်ဘက်သို့ ရောက်သွားပြန်သည်။

ဂူတစ်လျှောက် အမြင့်ပေ(၂၀၀)၊ နှစ်မိုင်ခန့်အရှည်ဆိုသည်က တစ်ကိုယ်တော်သမား တစ်ဦးအတွက် မလွယ်။

အပြေးတက်ရခြင်းမဟုတ်၊ ဖြည်းဖြည်းမှန်မှန် မျက်စိရှင်ရှင် ထားရသောခရီး။ ဂူလမ်းတစ်လျှောက် တင်းတောင်းခန့်၊ ပြည်တောင်းခန့်အပေါက်များ



တွေ့လျှင်လည်း မြေပုံထဲ ဖြည့်စွက်မှတ်သား၍ အညွှန်းပြရသေးသည်။ နေ့တစ်ဝက် ကျိုးသွားပြီ။

ကိုမျိုး - ဆဲလ်ဖုန်းနှင့် စီအီးအို မစ္စတာယွမ်ထံ အကြောင်းကြားလိုက်ပြီ။ မိစ္ဆာဂူ စစ်ဆင်ရေးစပြီ။

ယာယီအကြမ်းရှင်းထားသော မြေသားလမ်းပေါ်တွင် (တပ်ဖွဲ့ဝင်)လုပ်သားများ၏ ကားကြီး(၃)စီး၊ မီးသတ်ကား(၂)စီး၊ ရေသယ်ကား(၅)စီး။

တပ်ဖွဲ့ဝင်သူအင်အား(၃၀၀)၊ အင်အား(၁၀၀)က မိစ္ဆာဂူနှင့် မီတာ(၁၀၀)ခန့်တွင် သတိအနေအထားနှင့် တပ်ဖွဲ့ဝင်တိုင်း လည်ရှည် (Tall Boots) များစီးလျက် ညာဘက်လက်ထဲတွင် အရှည်တစ်လံခန့်ရှိ ကြိမ်လုံးထိပ်ဖျား၌ အသွားနှစ်ခွရှိ မှိန်းကိုယ်စီ။

လုပ်သား (တပ်ဖွဲ့ဝင်)များနှင့် မိစ္ဆာဂူကြား မိစ္ဆာဂူဝရှေ့တွင် အမြင့်ဆယ်မြေ၊ အကျယ်ဆယ်ပေခန့်ရှိ ဂူဝအား အရှည်တစ်လံခန့်ရှိ ထင်းချောင်းကြီးများ၊ ကောက်ရိုး၊ စက္ကူစုတ်၊ ခြင်းတောင်း စသည့်လောင်စာများက အတန့်လိုက်။

အကန့်လိုက် သုံးတန်း၊ ကျန်ထုတ်နုတ်တပ်ဖွဲ့ဝင် (၁၀၀)က ကိုမျိုးမြေပုံနှင့် ညွှန်ပြထားသည့် အပေါက်ငယ်၊ အပေါက်ကြီးများ၊ လိုဏ်၊ တွင်းဝများအား ပိတ်ဆို့လျက်၊

လက်ထဲတွင်လည်း မှိန်းကိုယ်စီ၊ ကျန်(နောက်ဆုံး)တပ်ဖွဲ့ဝင် တစ်ရာအနက် (၅၀)က ဆေးတပ်ဖွဲ့၊ ထမ်းစင်များ၊ သောက်ဆေး၊ ထိုးဆေး၊ လိမ်းဆေးများအပြည့်၊ ဤဆေးတပ်ဖွဲ့က (ခွဲမှူး)ဆေးမှူး ဗိုလ်ကြီးမောင်ရွှေ(ငြိမ်း) နှင့် ဒု(ခွဲမှူး)ဆေးမှူး ဗိုလ်ကြီး သက်ဆွေတို့က ကြီးကြပ်လျက်။

(စ)နာရီ။

မိစ္ဆာဂူရှေ့ဘက်တွင် စီအီးအို မစ္စတာယွမ်နှင့် အမှုဆောင်များ၊ အရာရှိကြီးများနှင့်အတူ ကိုမျိုး။

www.burmeseclassic.com

www.burmeseclassic.com

ကိုမျိုးက (၈) နာရီတွင် လက်ပတ်နာရီကိုကြည့်၍ လေထဲသို့ သေနတ် တစ်ချက် ပစ်လိုက်သည်။ စက္ကန့်ပိုင်းခြား၍ သေနတ်သံ (၂) ချက် ဆက်တိုက် ကြားကြသည်။

သေနတ်ပစ်သံကြားသည်နှင့် ရှေ့တန်းစစ်ဆင်ရေးမှူးက မိဿာဂူရှေ့ စုပုံထားသောထင်းတုံးကြီးများနှင့် လောင်စာများကို ဓာတ်ဆီပုလင်းနှင့် ပစ် ပေါက်မီးရှို့လိုက်သည်။

ခြောက်သွေ့နေသောလောင်စာက ဓာတ်ဆီနှင့် ထိတွေ့ကာ လောင် ကျွမ်းပြီ။ စောစောပိုင်းက မီးကောင်းစွာ မစွဲသေး၍ မီးခိုးလုံးကြီးများသာ မြင် တွေ့ရသည်။ စုရပ် (၂) နှင့် (၃) ဘက်မှလည်း ချိန်ကိုက်မီးရှို့မှုကြောင့် မီးခိုးလုံး ကြီးများက မီးခိုးမဆုံး၊ မိုးမဆုံး။

မီးရှို့စဉ်က မထူးခြားသော်လည်း ဂူဝမှ ထင်းတုံးကြီးများ မီးစွဲလာသော အခါ အတွင်းမှ တဝေါဝေါ၊ တရှီရှီအသံများ၊ ဖောင်းခနဲ ဝုန်းခနဲ ပေါက်ကွဲသံ များ ဆက်တိုက်ထွက်ပေါ်လာတော့သည်။

တန်းစီနေသော တပ်ဖွဲ့ (၁၀၀) က (၂၅) ဦးတစ်စု၊ (၄) စု ခွဲလိုက်ပြီး နေရာ တချို့ကျဲ သူထားလိုက်ကာ လက်တွင်းမှ မိုန်းများက တိုက်ပွဲဝင်ရန်အသင့်။

စီအီးအို မစ္စတာယွမ်က ပထမပိုင်းတွင် သတိမပြုမိသေးသော်လည်း ဂူတွင်းမှ အသံများ၊ ပေါက်ကွဲသံများကြားလာခါမှ ကိုမျိုးမျက်နှာကို တစ် ချက်ကြည့်ပြီး "ဘာသံတွေလဲ" ဟု မျက်နှာပြင်တွင် မေးခွန်းထုတ်သည်။

ကိုမျိုးက နှုတ်ခမ်းဝတွင် လက်ညှိုးကန့်လန့် ထောင်ပြလိုက်သည်။ "ကြည့်နေ" ဆိုသည့်သဘော။

မကြာပါ – ရှေ့တန်းတပ်ခွဲဆီမှ –

"ရိုက် – ရိုက်ဟေ့ – ထွက်လာကြပြီ"

"ချ – အနားကပ်မခံနဲ့"

"ရိုက်နော် – ဓားသွားလို မရတ်နဲ့"

"ဖျောင်း – ဖျောင်း – ဖျောင်း"

"ရှီ – ရှီ"

ဆိုသည့်အသံများ။



မစ္စတာယွမ် မျက်လုံးများက တပ်ဖွဲ့ဝင်များထံ အကြည့်ရောက်သွားပြီ။

"ဟာ – ဘုရား – ဘုရား"

ဂေါတမဗုဒ္ဓဂန္ဓလရာဇ်စိနတိုင်းသားကြီး မစ္စတာယွမ်၊ ကွမ်ရင်မယ်တော် နှင့် အန်းကုံးဘိုးတော်၊ မြေစောင့်နတ်တွာပေကုန်း၊ မိုးနတ်မင်းကြီး မတ၊ ဂေါတမဗုဒ္ဓကို တ,လိုက်သည်။

မတ,၍လည်း မဖြစ်။ အရှိန်ပြင်းပြင်း၊ အလျှံညီးညီး တောက်လောင်နေ သည့် မီးပင်လယ်နှင့် မီးကျီးခဲနေရာအား ဖြတ်သန်း၍ ရာထောင်ချီသော မြွေ အုပ်ကြီးက တရကြမ်း ဖြတ်သန်းလာကြသည်။

မီးညွန့်၊ မီးရှိန်၊ မီးကျီးခဲ၊ ပြင်ကျယ်ကြီးကြောင့် အများစုမှာ တွန့်လိမ်၍ ပြေးလွှားဖြတ်သန်းရင်းမှ မီးလောင်သေကြသည်။ အကောင်ကြီး အသက် ပြင်းသော မြွေအချို့မှာလည်း အသင့်နေရာယူထားသည့် တပ်ဖွဲ့ဝင်တို့ကြောင့် အသက်မရှင်။

မီးရှိန်ကြောင့် ကြောက်လန့်တကြား ထွက်ပေါက်ရှာကြသည့် များလှစွာ သော မြွေတွန်သံများ၊ ရာထောင်ချီရှိသော ဂူတွင်းမှ မြွေဥများ မီးလောင် ပေါက်ကွဲသံ၊ ရာဘာပိုက်ပျော့နှင့်တူသော မြွေတို့ခန္ဓာကိုယ်ပေါက်ကွဲသံများ ဖြစ်ကြောင်း မစ္စတာယွမ် သိလိုက်ရပြီ။

ကိုမျိုးက လက်မှနာရီကိုကြည့်လျက် လေထဲတွင်းသို့ သေနတ်တစ်ချက် ဖောက်လိုက်သည်။

မီးအားပြင်းပြင်း၊ လောင်စာကောင်းကောင်းနှင့် တစ်နာရီတိတိ လောင် ကျွမ်းလိုက်သောမီး။

မြွေမဆိုထားနှင့် ဂေါ်ဇီလာပင် ခံနိုင်မည်မဟုတ်။

ကိုမျိုး၏ နောက်ဆုံးတစ်ချက်တည်းသော သေနတ်သံက စခန်းသိမ်း အောင်ပွဲ၊ တပ်ခွဲ (၁၊ ၂၊ ၃) တို့က သေနတ်သံကြားသည်နှင့် လောင်နေသော မီးများကို မီးသတ်ကားများဖြင့် ငြိမ်းသတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မီးလုံးဝ သေမှ စခန်းသို့ ပြန်လာကြတော့သည်။ "မိစ္ဆာဂူ" ဆိုသော ဝေါဟာရကား ယနေ့မှစ၍ လုံးဝကွယ်ပျောက်သွားပြီ။ ယခင်က နဂါးခံတွင်း၊ ကျားခံတွင်းကား ယခု အပြောင်ရှင်းဂူဖြစ်သွားပြီ။

စင်စစ် – နစ်ပေါင်းများစွာ မြွေမျိုးပေါင်းများစွာ မိတ်လိုက်၊ ဥ,ဥ၊ သားဖောက်နေသော မြွေနဂါးဂူကြီးဘေး၊ ယနေ့ တစ်ခန်းရပ်သွားရပြီ။

ရိုးရာဓလေ့ယုံကြည်မှုကို ကြောက်စရာကျိန်စာအဖြစ် မတရားသွေးထိုးခြောက်လှန့်၊ မြှောက်ပင့်သူများ၏ ကောလာဟလလည်း ပျောက်ကွယ်သွားရပြီ။

မစွတာယွမ်က ကိုမျိုး၏လက်ကို ဆွဲယမ်း၊ အားပါးတရနှုတ်ဆက်သည်။ ကိုမျိုးက အလိုက်သင့် ဟန်ဆောင်ပြုံးရင်းမှ –

"ခင်ဗျားဆီကပိုက်ဆံကြောင့် ကျုပ်က မြွေသိုက်(မြွေတိုင်းပြည်)ကို မီးရှို့ပေးပေမယ့် ကျုပ်နိုင်ငံ၊ ကျုပ်လူမျိုး၊ ကျုပ်တို့ဘာသာ၊ ကျုပ်တို့ယဉ်ကျေးမှုကိုတော့ ဘယ်တော့မှ ဘယ်လောက်ရရ ကျုပ်သစ္စာမဖောက်၊ မီးမရှို့ဘဲ မတရားမှုကို ပြန်တိုက်မယ်ကွ"

ကိုမျိုး၏ရင်တွင်းမှ သစ္စာစကားကိုသာ မစွတာယွမ် သိခဲ့ပါလျှင် ...။

⇨ ကျော်မင်းညွန့် (လှည်းကူး)



ဝက်ဝံထိုးမှုခိုး

www.burmeseclassic.com

## ပိသသာချိန် ခြောက်ဆယ်ကျော်သော
## အန္တရာယ်ကြီးမားသည့် တောဝက်ကြီးကို
## သက်စွန့်ဆံဖျား ဖမ်းဆီးပုံကို ..

"**ကိုဖိုးသိန်း** – ဗျို့ – ကိုဖိုးသိန်း – အိမ်မှာ ဘယ်သူမှမရှိကြဘူးလား"

ကိုဖိုးသိန်း၏အိမ်ခြံဝမှ ကိုဖိုးသိန်း၏နာမည်အားခေါ်၍ ဝင်လာသော မောင်ကျော်လှ၏ခေါ်သံကြောင့်အိမ်နောက်ဘက်တွင်ခြံစည်းရိုးကာနေသော ကိုဖိုးသိန်းက –

"ဩ – ဒီမှာရှိတယ်ဟေ့၊ မောင်ကျော်လှ – လာလေကွာ၊ အရေးတကြီး ဘာကိစ္စရှိလို့လဲ"

"အစ်ကိုဖိုးသိန်းက ခြံစည်းရိုးကာနေတာကိုး၊ ကိစ္စကတော့ – ဒီနေ့ည ဝက်လိုက်သွားကြမယ်တဲ့၊ အဲဒါ – အစ်ကိုဖိုးသိန်း – လိုက်ခဲ့ပါတဲ့၊ ဦးအလုံးက ပြောခိုင်းလိုက်လို့ ကျွန်တော်လာပြောတာ"

"အစ်ကိုအလုံးက လိုက်ခဲ့ပါဆိုတော့လည်း လိုက်ရမှာပေါ့၊ လိုက်ကြမယ့် လူ များရဲ့လားကွ၊ လူနည်းလို့တော့ မဖြစ်ဘူးနော်၊ ခွေးတွေရော၊ အစုံရှိရဲ့လား"

"ရှိပါတယ် – အစ်ကိုဖိုးသိန်းရဲ့၊ အစ်ကိုမောင်မြထွန်းခွေးနှစ်ကောင်ကို အလုံးခွေးနှစ်ကောင်နဲ့ ကိုသာကျော်နဲ့ခွေးနှစ်ကောင် ဖပါင်းခြောက်ကောင် ရှိပါတယ်၊ လူကလည်း ဆယ့်နှစ်ယောက်လောက် လိုက်ကြမယ်လို့ ပြောပါတယ်"

"အေး – အေး – အစ်ကိုအလုံးကိုပြောလိုက် – ဩအဆင်သင့်လုပ်ထားပြီး ည(၈)နာရီအချိန်လောက်မှာ စထွက်ကြမယ်လို့"

"ဟုတ်ကဲ့ – အစ်ကို၊ ကျွန်တော်ပြောလိုက်ပါ့မယ်၊ ကျွန်တော်ပြန်ဦးမယ် အစ်ကို"

မောင်ကျော်လှ ပြန်သွားသည်နှင့် ခြံစည်းရိုးအား လက်စသတ်ကာ လိုက်ပြီး အိမ်ပေါ်သို့တက်လာပြီး အိမ်၏အထပ်ခိုးတွင် တင်ထားသောမိုန်း အားယူလိုက်ကာ ဓားသွေးကျောက်ရှိရာသို့သွားကာ မိုန်းသွားအား သွေးနေ သည်၊ မိုန်းသွားမှာ နှစ်ဖက်ထစ်ဖော်ပါသော သစ်သားအရိုးငါးတောင်ခန့် တွင် တပ်ရသည်၊ မိုန်းအသွားမှာ လက်ခွခန့်ပြတ် အကျယ်ရှိပြီး အထပ်နှစ်ဖက် ဖော်ထားခြင်းကြောင့်ဖြစ်သည်၊

ကိုဖိုးသိန်းတို့ နေထိုင်သော ရခိုင်ပြည်နယ်အနောက်ဘက် ဘူးသီး တောင်မြို့နှင့် ကပ်လျက်တွင်ရှိသော ရွာမရွာတွင် မိုးရာသီတွင် ဝက်အသိုက် များတွင် ဝက်ထိုးသောမုဆိုးအလုပ်လုပ်ကြသလို ယခုလို နွေရာသီတပို့တွဲ တပေါင်းလရောက်လျှင် လယ်ကွင်းများ၌ ခွေးများဖြင့်လိုက်ပြီး မိုန်းဖြင့်ထိုး သော ဝက်ထိုးမုဆိုးများ ရွာမရွာတွင် ရှိလေသည်၊

ဝက်လိုက်၍ ဝက်ထိုးသည့်အလုပ်ဆိုသည်က လွယ်ကူသောအလုပ် မဟုတ်ပါပေ၊ လူတိုင်းလည်း မထိုးနိုင်ကြပေ၊ လေးလွှန်းသောမိုန်းဖြင့် ဆယ် တောင်မှ ဆယ့်ငါးတောင်အကွာအဝေးတွင်ရှိသော တောဝက်အား ထိမှန် အောင် ပစ်ထိုး၊ ထိုးရသည်မှာ အလေ့အကျင့် အချိန်အဆ မှန်လွှန်း မှန်နိုင် သည်၊ ရွာမရွာတွင် ကိုအလုံး၊ ကိုဖိုးသိန်းနှင့် ကိုမောင်မြထွန်းတို့သုံးယောက် သာ တိကျသောထိုးချက်ဖြင့် လိုအပ်သောပစ်မှတ်ကို ထိမှန်အောင် ထိုးနိုင် ကြသည်၊

နွေရာသီတွင် ဝက်လိုက်၊ ဝက်ထိုးသည်မှာ တောဝက်များ ပေါများသော မေယုတောင်တန်းကြီး၏တောင်စွယ်၊ တောင်တန်း၊ တောင်ကုန်းများ



www.burmeseclassic.com

www.burmeseclassic.com

အနီးတွင်ရှိသော လယ်ကွက်များ၌စပါးများ ရိတ်သိမ်းပြီး၍ လယ်ကွက်များမှ ကျကျန်ရစ်သောစပါးနှံ၊စပါးစေ့များကိုညဘက်တွင်တောင်ကုန်းတောင်စွယ်များမှ တောဝက်အုပ်များ ဆင်းလာပြီး ရှာဖွေစားသောက်ကြလေ၏။

— —

တောဝက်လိုက်သည့်ခွေးများမှာ ငယ်ငယ်လေးတည်းက ခွေးကြီးများနှင့်တွဲ၍ သင်ပေးထားခြင်းကြောင့် ကျွမ်းကျင်သည်၊ စိတ်ချရသည်၊ တောဝက်အနံ့ ရသည်နှင့်တောဝက်ရှိရာနေရာကိုရအောင်ရှာပြီးဝိုင်း၍ဟောင်ကြလေသည်၊ ခွေးများမှ ဝိုင်း၍ဟောင်ကြသောကြောင့် တောဝက်အုပ်မှာ ကြောက်လန့်ပြီး နီးစပ်ရာတောင်ကုန်းများပေါ်သို့ ပြေးထွက်သွားကြလေ၏။ ဝက် အုပ်တွင်ပါသော ဝက်မအကြီးများ အလေးချိန် (ပိဿာ ၅၀၊ ၆၀) ထွက်များနှင့် ဝက်တောင်းကြီးများမှာ ထွက်မပြေးဘဲ ခွေးအုပ်များ ပြန်၍ရန်ခံ (ရန်မူ)လေသည်၊ ခွေးများက တောဝက်၏နောက်ပိုင်းမှဝင်၍ ကိုက်ဆွဲသည့် အတောင်က ကိုက်ဆွဲ၏၊ တောဝက်က သူ့အားဝင်၍ကိုက်ဆွဲသောခွေးအား လှည့်၍ခံလေလျှင် နောက်မှခွေးက ဝင်ဆွဲ၊ ဝင်ခဲလေသည်၊ ခွေးများ ဝိုင်းဟောင်၊ ဝိုင်းဆွဲ၊ ဝိုင်းကိုက်ခံရသောတောဝက်မှာ ဆောင့်ကြောင့်ထိုင်၍ ဝင်လာသမျှခွေးများအား ပြန်၍ပက်လေသည်၊ ထိုကဲ့သို့ ဆောင့်ကြောင့်ထိုင်၍ ပြန်ခံနေချိန်တွင် ဝက်ထိုးမုဆိုးက မိုန်းတစ်ကမ်းအကွာအဝေးမှ မိုန်းဖြင့် ပစ်ထိုးထိုးရလေသည်၊ မိုန်းချက်ထိမှန်ခံရသောတောဝက်မှာ ပြေး၍မရတော့ဘဲ ခွေးများ၏ဝိုင်းကိုက်ခြင်းကို ခံရ၏၊ ထိုအချိန်ထိ တောဝက်မှာမသေ၊ သေအောင် မိုန်းတစ်ချောင်းဖြင့် လက်စသတ်ထိုးရလေသည်၊ မိုန်းသမား၏မိုန်းထိုးချက် မသေချာ၍ ထိချက်မမှန်ဘဲ ထိချက်လွဲသွားသည့်အခါ တောဝက်မှ ပြေး၍ပက်သည့်အတွက် အသက်ဆုံးရှုံးရသူ၊ ဒဏ်ရာပြင်းထန်စွာ ရသူတွေ ရှိခဲ့ဖူးပါသည်၊

တောဝက်အမဆိုလျှင် ဒဏ်ရာရချိန်တွင် လူနှင့်ပက်ပင်းတိုးမိပါက ခွေးကိုက်သကဲ့သို့ ကိုက်လေသည်၊ အစွယ်မရှိ၍ မပက်ပါ၊ တောဝက်အထီး





ခွေးများမှာ တောဝက်၏ရှေ့မှ
ဟောင်၍အယောင်ပြသည့်အကောင်က
အယောင်ပြပြီး လစ်သည်နှင့် နောက်မှ
ဝင်ဆွဲသည့် ခွေးက ဝင်ဆွဲနေလေသည်။
ကိုဖိုးသိန်းသည် အခြေအနေကို
ကြည့်လိုက်ပြီး ဝါးတစ်ပြန်အကွာအဝေး
သို့ ရောက်သည်နှင့် ပါးစပ်မှ စုတ်သပ်သံ
ပေးလိုက်ရာ ခွေးများသည် နောက်သို့
ဆုတ်လိုက်ကြပြီး သဲကြီးမဲကြီးထိုး၍
ဟောင်လိုက်ကြလေသည်။

ဝက်တောင်း(ဝက်သိုး) ဆိုပါက ပြေး၍ပက်လေ၏၊ ဝက်တောင်းအပက်ခံရပါက မသေသော်လည်း ဒဏ်ရာအကြီးအကျယ်ရပြီး မသန်မစွမ်း ဒုက္ခိတ ဖြစ်ရလေသည်၊

— —

ညရစ်နာရီအချိန်ခန့်တွင် ခွေးခြောက်ကောင်၊ လူဆယ့်နှစ်ယောက်တို့သည် ရွာမှ ထွက်ခဲ့ကြလေသည်၊ လက်ဝဲဘက်ချောင်းအား ကူးတို့လှေဖြင့် ဖြတ်ကူးခဲ့ကြပြီး စဉ့်အိုးပြင်ရွာနံဘေးလယ်ကွင်းပြင်မှ ဖြတ်၍လာခဲ့ကြလေသည်၊ လဆန်းဆယ့်တစ်ရက်လရောင်မှာ ရိုးပြတ်များပေါ် ဖြန့်ပက်ကျနေလေသည်၊ စဉ့်အိုးပြင်ရွာလွန်သည်နှင့် တောင်ကုန်းများ ပတ်လည်ဝိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com

သော လယ်ကွင်းပြင်အတွင်း အမဲလိုက်ခွေးခြောက်ကောင်မှာ ရှိုးပြတ်တော အတွင်း အနန့်စံရင်းရှေ့သို့ ပြေးသွားနေကြသည်။ လူများမှာ ခွေးများ ပြေးထွက်သွားရာ လယ်ကွင်းပြင်သို့ကြည့်၍ နားစိုက်ထောင်နေကြလေသည်၊ မကြာမီ အချိန်အတွင်း ခွေးများပြေးသွားသောလယ်ကွင်းပြင်မှ –

"ဂုတ် – ဂုတ် – ဂုတ် – ဂုတ်"

"ဝေါင်း – ဝေါင်း – ဝေါင်း"

ခွေးများ ဟောင်သံကို ကြားကြရလေသည်၊ မိုန်းကို ထမ်းထားသော ကိုဖိုးသိန်းက –

"ဟော – ခွေးတွေ – တောဝက်နဲ့တွေ့နေပြီ။ မိုန်းပါတဲ့လူတွေ ငါနဲ့ လိုက်ခဲ့ကြ၊ ကျန်တဲ့လူတွေ နောက်က ဖြည်းဖြည်းလိုက်ခဲ့ကြ၊ ဓာတ်မီး လုံးဝ မထိုးကြနဲ့"

ပြောပြီးသည်နှင့် ညာလက်က မိုန်းအား အသင့်ကိုင်၍ ခပ်သုတ်သုတ် ထွက်သွားလေရာ ကိုဖိုးသိန်းနောက်မှ ကိုအလုံးကိုဘသိန်းနှင့်မောင်မြထွန်း တို့ သုံးယောက်မိုန်းများကို အသင့်ကိုင်၍ လိုက်သွားကြလေသည်၊

"ဂုတ် – ဂုတ် – ဂုတ်"

"ဝေါင်း – ဝေါင်း – ဝေါင်း"

ခွေးများ၏ ဒေါသတကြီး မာန်ဖီဟိန်းသံ၊ ဟောင်သံများ ဆူညံစွာ ထွက်ပေါ်နေသော နေရာအနီးသို့ ရောက်လာပြီး လရောင်အောက်တွင် မြင်လိုက်ရသည်က ခွေးခြောက်ကောင်၏အလယ်တွင်ဖင်ထိုင်ရင်းရှေ့လက်နှစ်ချောင်း ထောက်ပြီး ဆောင့်ကြောင့်ထိုင်လျက်ဖြင့် ဟောင်သံပေးရင်း နောက်မှ အလစ်ဝင်ကိုက်ဆွဲနေသောခွေးများအား ခံနေ(ရန်ခံ)သော တောဝက်တစ်ကောင်ကို မြင်ကြရလေသည်။ ထိုမြင်ကွင်းကို မြင်တွေ့လိုက်ရသည်နှင့် ကိုဖိုးသိန်းက လေချွန်သံပေး၍ အချက်ပြလိုက်လေသည်။ မိုန်းအား ညာလက်နှင့်ကိုင်ပြီး ညာပခုံးပေါ်သို့ ထမ်းလိုက်ပြီး ပစ်ထိုးရန် အသင့်အနေအထားဖြင့် ရှေ့သို့တစ်လှမ်းချင်း လှမ်း၍ သွားလေ၏။ ခွေးများမှာ တောဝက်၏ရှေ့မှဟောင်၍ အယောင်ပြသည့်အကောင်က အယောင်ပြပြီး လစ်သည်နှင့် နောက်မှဝင်ဆွဲသည့်ခွေးက ဝင်ဆွဲနေလေသည်။ ကိုဖိုးသိန်းသည် အခြေအနေကို ကြည့်လိုက်ပြီး ဝါးတစ်ပြန်အကွာအဝေးသို့ ရောက်သည်နှင့် ပါးစပ်မှ စုတ်သပ်သံပေးလိုက်ရာ ခွေးများသည် နောက်သို့ဆုတ်လိုက်ကြပြီး သဲကြီးမဲကြီးထိုး၍ ဟောင်လိုက်ကြလေသည်၊ ခွေးများ နောက်ဆုတ်လိုက်သည်နှင့်ထိုင်နေသောတောဝက်မှာရှေ့လက်ကိုအားပြု၍လေးဖက်ရပ်လိုက်သည်။ ရလာသည့်အခွင့်အရေးကို ကိုဖိုးသိန်း ပိုင်ပိုင်နိုင်နိုင် အသုံးချလိုက်လေတော့သည်၊

ညာလက်ဖြင့်ကိုင်လျက် ညာပခုံးပေါ် ထမ်းထားသော မိုန်းအား ညာလက်ကို နောက်သို့ဆုတ်လိုက်ပြီး ခန္ဓာကိုယ်တွင်းရှိ အားများကို ညာလက်မောင်းအတွင်းသို့ စုစည်းပို့လိုက်ပြီး မိုန်းတံအား တောဝက်ရှိရာသို့ ပစ်လွှတ်လိုက်လေသည်၊ ထိုင်ရာမှ ခြေလေးချောင်းပေါ်ရပ်မိပြီး ပြေးထွက်ရန် အားယူနေသောတောဝက်မှာ ရှေ့လက်နောက်လက် ပတ်နေရာသို့ မိုန်းတံ လာရောက်စိုက်ဝင်သဖြင့် တစ်ဖက်သို့ ကျွံထွက်သွားသော မိုန်းတံအရှိန်ကြောင့် ဘေးသို့ ယိုင်ကျသွားပြီး နာကျင်စွာ အော်လိုက်သည်၊ ဝက်အော်သံကြားသည်နှင့် ခွေးခြောက်ကောင်မှာ တစ်ပြိုင်တည်း ပြေးဝင်၍ကိုက်ဆွဲလိုက်ကြလေသည်၊ မိုန်းစူးဝင်သည့်ဒဏ်ရာမှာ နှလုံးကိုဖောက်ဝင်သွားသည့်အတွက် တောဝက်မှာ တစ်ချက်နှစ်ချက် အော်လိုက်ပြီး ငြိမ်သက်သွားရာ ခွေးများမှာ ကိုက်ဆွဲနေခြင်းကို ရပ်လိုက်ကြသည်။ ထိုအချိန်တွင် ကိုဖိုးသိန်းသည် ခါးတွင် ထိုးထားသော လက်နှိပ်ဓာတ်မီးအားယူ၍ တောဝက်အား ထိုးကြည့်လိုက်ရာ မိုန်းတန်းလန်းနှင့် အသက်ပျောက်နေသည်ကို မြင်ရလေလျှင် လက်တွင်းမှ ဓာတ်မီးဖြင့် နောက်ဘက်သို့ လှည့်၍အချက်ပြလိုက်လေသည်၊

မိုန်းကိုင်သူသုံးယောက်နှင့်ရှာသားများကိုဖိုးသိန်းအနီးသို့ ရောက်လာကြပြီး တောဝက်သေအားကြည့်ပြီး ကိုအလုံးက ပြောလိုက်သည်၊

"ဝက်မပဲကွ – တစ်ချက်တည်းနဲ့ပွဲသိမ်းပဲ၊ အချိန်(၅၀)တော့ ထွက်မှာ သေချာတယ်ကွ၊ ဒီနေ့ လာဘ်ဦးကောင်းတယ်၊ ဒီဝက်ကို ဟိုလမ်းဘေးက တလင်းပျက်ထဲကို ရွှေ့ထားခဲ့ကြပြီး ရှေ့က အော်လံပြင်ကွင်းဘက်ကို ဆော်လိုက်ကြမယ်"





www.burmeseclassic.com

www.burmeseclassic.com

ကိုအလုံးပြောသည့်စကားကြောင့် ကိုဘသိန်းက -

"ကဲ - ကဲ - လာကြဖော့။ ဒီဝက်ကို ဟိုနားက တလင်းပျက်ထဲကို ပြောင်းကြမယ်။ ပြီးရင် - ရှေ့ကို ဆက်ပြီးလိုက်ကြမယ်"

ရွာသားများသည် ပါလာသောကြိုးများဖြင့် ဝက်ကောင်အား ရှေ့လက်နှစ်ချောင်းနောက် ခြေနှစ်ချောင်းပူး၍ ချည်လိုက်ကြပြီး ဝါးနက်ဝါးပိုင်းဖြင့် လျှို၍ ထမ်းကာ တလင်းပျက်ဆီသို့ ထမ်းယူခဲ့ကြပြီး ကောက်ရိုးများဖြင့် အုပ်၍ထားခဲ့ကြလေသည်။ ထို့နောက် ဆက်၍ထွက်လာခဲ့ကြရာ အော်လံပြင်ရွာနံဘေးမှ ဖြတ်၍ အော်လံပြင်ကွင်းသို့ ဆက်လက်ထွက်လာကြလေသည်။

— —

"ဒုတ် - ဒုတ် - ဒုတ်"

"ဝေါင်း - ဝေါင်း"

"ဂီး - ဂီး - ဂါး"

အော်လံပြင်ရွာလွန်ပြီး အော်လံပြင်အင်းအစပ်ဘက်မှ အမဲလိုက်ခွေးများ၏ ဟောင်သံ၊ မာန်ဖီကိုက်ခဲသံများအား ကြားလိုက်ရသောကြောင့် မှိန်းသမားများ ခေါင်းထောင်၍ နားစွင့်လိုက်ကြပြီး ကိုအလုံးက ပြောလိုက်သည်။

"ခွေးအုပ်တော့ - တောဝက်အုပ်နဲ့ တိုးနေပြီဟော့။ မှိန်းသမားတွေ ငါနဲ့ လိုက်ခဲ့ကြ - သတိရှိကြပါနော်"

ကိုအလုံးက ပြောပြီး ခွေးဟောင်သံများကြားရသော အော်လံပြင်အင်းအစပ်ရှိရာသို့ အပြေးထွက်သွားလေသည်။ မှိန်းသမားများမှာလည်း နောက်မှအပြေးလိုက်သွားကြသည်။ ကိုအလုံးသည် မှိန်းကို ညာလက်ဖြင့်ကိုင်၍ ညာပခုံးပေါ်ဖော်ထမ်းထမ်းရင်း ခွေးအုပ်ရှိရာနေရာသို့ တစ်လှမ်းချင်းလှမ်းကာ ကပ်သွားလေသည်။ ခွေးအုပ်ဟောင်နေသည့်နေရာမှာ အော်လံပြင်အင်းစပ်တွင် ပေါက်နေကြသော ကျူးပင်များကြားတွင် ဖြစ်သည်။ ကျူးပင်များမှာ လူများမှ ထင်းအဖြစ် အကိုင်းအခက်များအား ခုတ်ယူထားသောကြောင့် ကျူးပင်ငုတ်တိုများ ဖြစ်နေကြသည်။ တချို့သောအပင်များမှာ လက်မောင်းလုံးအရွယ်၊ ခြေသလုံးအရွယ်အကိုင်းများဖြင့် အုပ်ဆိုင်းနေကြသည်။



ကျူးပင်များကြားတွင်ရှိသော မြေကွက်လပ်တွင် ဝိုင်း၍ဟောင်နေသည့် ခွေးအုပ်အလယ်တွင် တောဝက်နှစ်ကောင်မှာ ဖင်ချင်းဆိုင်၍ သူတို့အား ဝင်ရောက်ကိုက်ခဲလာကြသောခွေးများအား ပြန်ခံ၍ပက်နေကြသည်ကို လရောင်အောက်တွင် မြင်လိုက်ရလေသည်။ ကိုအလုံးမှ မှိန်းသမားများထဲမှ ကိုဖိုးသိန်းအား တီးတိုးလေသံဖြင့် -

"ဖိုးသိန်း - မင်းနဲ့ဘသိန်းက ဟိုဘက်က ကျူးပင်အုပ်နားကနေပြီး ငါ အချက်ပေးတာနဲ့ ဘယ်ဘက်ကအကောင်ကို ထိုးပေတော့။ ငါက ဒီညာဘက်က အကောင်ကို ထိုးမယ်။ တစ်ပြိုင်တည်းထိုးမှာနော်။ ငါ့ဆီက အချက်ပေးသံကို နားထောင် - ကြားလား"

"စိတ်ချ - အစ်ကိုလုံး။ ကျွန်တော်က ဘယ်ဘက်က အကောင်နော်"

"ဟုတ်တယ် - ဘယ်ဘက်ကအကောင် သတိထားကြကွာ"

ကိုအလုံးအား ပြောပြီးသည်နှင့် လက်ဝဲဘက်သို့ ကျူးပင်များအား အကာအကွယ်ယူပြီး ကိုအလုံးနှင့် ဝါးတစ်ပြန်အကွာခန့်တွင် ရှိသော ကျူးပင်ငုတ်တိုအနီးသို့သွား၍ ကျူးပင်အား ကြည့်လိုက်ရာ ခြေသလုံးအရွယ်ခန့်ရှိသော အကိုင်းတစ်ကိုင်းသည် သူ့ခေါင်းပေါ်သို့ ထိုးထွက်လျက် ရှိသည်ကို မြင်ရလေသည်။

ကိုဖိုးသိန်းက သူ့အနီးတွင်ရှိသော ကိုဘသိန်းအား သူ၏လက်ဝဲဘက် တစ်လံအကွာနေရာတွင် နေရာယူရန် လက်ဟန်ဖြင့် ပြလိုက်ပြီး ကိုဖိုးသိန်းသည် မှိန်းတံအား ညာလက်ဖြင့် ဆုပ်ကိုင်၍ ညာပခုံးအထက် မြှောက်တင်ပြီးလျှင် ပစ်ထိုးရန် အသင့်အနေအထား ပြင်ဆင်လိုက်သည်။ လေချွန်သံဖြင့် အသင့်ဖြစ်ကြောင်းကိုအလုံးအား အချက်ပေးလိုက်လေသည်။ ကိုဖိုးသိန်း၏ လေချွန်သံအဆုံးကို အလုံးထံမှ -

"ထိုး"

ဟူသောအချက်ပေးသံကို ကြားလိုက်ရသည်နှင့် ခွေးများအားခံ၍ ရန်မူနေသော တောဝက်နှစ်ကောင်အနက် လက်ဝဲဘက်မှအကောင်အား လက်ထဲမှမှိန်းဖြင့် အားကုန်ပစ်ထိုးလိုက်လေသည်။ လက်ယာဘက်မှ တောဝက်ကိုလည်း အလုံးမှမှိန်းဖြင့်ပစ်ထိုးလိုက်သည်မှာ တစ်ပြိုင်တည်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုဖိုးသိန်း၏မိန်းသွားသည့်တောဝက်၏ခါးအောက်ပိုင်းဝမ်းဗိုက်နေရာသို့ စူးဝင်သွားလေသည်။ တောဝက်သည် မိန်းသွားဝမ်းဗိုက်သို့ စူးဝင်သွားသည်နှင့် စူးရှစွာ တစ်ချက်အော်လိုက်ပြီး ရှေ့သို့ ပြေးထွက်လိုက်သည်။ တောဝက်အားမိန်းချက်ထိ၍အော်သံကြားရသည်နှင့်တောဝက်၏ညာဘက်နားတွင်ရှိသောခွေးက တောဝက်အား ပြေးဝင်၍ ကိုက်လေ၏။ တောဝက်မှ သူ့ထံသို့ ပြေးဝင်လာသောခွေးအား ခေါင်းလှည့်၍ ပက်ထုတ်လိုက်ရာ ပြေးဝင်လာသော အစွယ်ဒဏ်ချက်ကြောင့် ခွေးမှာ ဗိုက်ပွင့်ပြီး အူများ အထွေးလိုက် ပုံကျလျက် "ကိန် – ကိန် – ကိန်" ဟု နာကျင်စွာ အော်နေလေသည်။

မိန်းတန်းလန်းဖြင့် တောဝက်သည် လရောင်အောက်တွင် မြင်လိုက်ရသော ကိုဖိုးသိန်းထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာပြီး ထိုးကော်၍ ပက်လိုက်လေသည်။ ဝါးတစ်ပြန်ခန့်အကွာအဝေးမှ ပြေးဝင်လာသောတောဝက်မှာ ဝံလုံးထိုး မြန်ဆန်လွန်းလှလေသည်။ တောဝက်အား မိန်းဖြင့် ထိုးလိုက်ပြီးချိန်တွင် သူ၏ထိုးလိုက်သောမိန်းချက် လွဲသွားသည်ကို သိလိုက်သော ကိုဖိုးသိန်းသည်တောဝက်ကပြေးဝင်ပက်လိုက်သည်နှင့်သူ၏ခေါင်းအထက်တွင်ရှိသော ကျေးပင်အကိုင်းအား ခုန်၍ လက်နှစ်ဖက်ဖြင့် ဆွဲလိုက်လေသည်။

မြန်လိုက်သည့်တောဝက်…။ ကိုဖိုးသိန်းခုန်၍ကျေးပင်အကိုင်းအားဆွဲမိချိန် ကိုဖိုးသိန်းအောက်သို့ ရောက်လာလေပြီး သူ၏အစွယ်ဖြင့် ကော်၍ပက်လိုက်သည်။ ဖြစ်ပျက်မှုက အလွန်လျင်မြန်လွန်းလှပေသည်။ စက္ကန့်ပိုင်းအတွင်း ဖြစ်ပျက်သွားခြင်းဖြစ်သည်။ ကိုဖိုးသိန်းက ကျေးပင်အကိုင်းအား ခုန်ဆွဲချိန်တွင် သူ၏ခါးတွင်ဝတ်ထားသော ပုဆိုးမှကျွတ်၍လျောကျသွားချိန် တောဝက်မှ ပြေးဝင်၍ အစွယ်ဖြင့်ကော်ပြီး ပက်ချိန်တစ်ပြိုင်တည်း ကျသွားသောကြောင့် တောဝက်ခေါင်းပေါ်ပုဆိုးအုပ်လျက်သားဖြစ်သွားလေသည်။ လျင်မြန်လွန်းလှသော ကိုဖိုးသိန်းမှာ ကျေးပင်အကိုင်းတွင် ခိုဆွဲလျက် တွဲလောင်းဖြစ်နေသည်။ ကိုဖိုးသိန်း၏လက်ဝဲဘက်တွင်မိန်းတန်ကိုင်လျက်သား မင်တက်နေသောကိုဘသိန်းအား သတိပေးလိုက်လေသည်။

"ထိုး … ကိုသိန်း – ထိုး – ထိုး "



ကိုဖိုးသိန်း၏ ကျွတ်ကျသွားသော ပုဆိုးခေါင်းပေါ်တွင် အုပ်လျက်သားဖြင့် ထိန့်ပင်အရင်းပင်စည်တွင် ခေါင်းထိုးလျက်ရှိနေသော တောဝက်အား ကိုဘသိန်းက သတိဝင်လာပြီး လက်တွင်းမှမိန်းဖြင့် ပစ်ထိုးလိုက်လေသည်။ မိန်းသွားမှာ တောဝက်၏လက်ပတ်နောက်မှ ဖောက်ဝင်သွားသောကြောင့် တောဝက်မှာ နာကျင်စွာ တစ်ချက်ဟစ်အော်လိုက်ပြီး ဘေးတစောင်းလဲကျသွားလေတော့သည်။ ကျွန်ုပ်ရေးပြနေသည့်အချိန်သည် လွန်စွာကြာမြင့်လှပါသည်။ ကိုဖိုးသိန်းတောဝက်အားမိန်းဖြင့်ထိုး၍တောဝက်အားမိန်းသွားထိသွားပြီး ခွေးအား ပက်လိုက်ချိန် တစ်ဆက်တည်း ကိုဖိုးသိန်းအား ပြေးပက်လိုက်ချိန်နှင့် ကိုဘသိန်းမှ တောဝက်အား မိန်းဖြင့်ထိုးလိုက်သောအချိန် စုစုပေါင်းမှာ (၁၅)စက္ကန့်၊ စက္ကန့် (၂၀) မျှသောအချိန်အတွင်း ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။

ကိုဘသိန်း၏မိန်းချက်ထိ၍တောဝက်လဲကျပြီးသက်သွားလေမှ ကျေးပင်အကိုင်းတွင် တွဲလောင်းခိုဆွဲလျက်ရှိနေသော ကိုဖိုးသိန်းသည် ခိုဆွဲထားသော လက်နှစ်ဖက်အား ဖြုတ်၍ ခုန်ချလိုက်လေသည်။

"ဟူး – တော် – တော် – မြန်တဲ့တောဝက်ပဲ၊ ကျွန်တော်က မထိုးခင်တတည်းက ဒီကျေးပင်အကိုင်းကို ကြည့်ထားပြီးသားမို့ပေါ့ဗျာ၊ မဟုတ်လို့ကတော့ – ခုလောက်ဆို – ဗိုက်ပွင့်ပြီး အူအထွေးလိုက် ထွက်နေလောက်ပြီ"

ကိုဖိုးသိန်းက လေပူတစ်ချက် မှုတ်ထုတ်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။ ကိုဘသိန်းက –

"ငါကတော့ တောဝက်ပြေးပက်လိုက်တာ ရိပ်ခနဲ မြင်လိုက်ရတော့ ဖိုးသိန်းတော့ သွားပြီလို့ ထင်လိုက်မိတာ၊ ငါလည်း အံ့အားသင့်ပြီး မင်တက်မိနေတာ၊ မင်းအော်ပြောလို[illegible]သံကို ကြားရမှ သတိဝင်လာပြီး လက်ထဲကမိန်းနဲ့ ထိုးလိုက်ရတာ၊ ကံကောင်းလို့ပေါ့ကွာ"

— —

www.burmeseclassic.com

ကိုဖိုးသိန်းနှင့်ကိုဘသိန်းတို့နှစ်ယောက်ရှိရာသို့ကိုအလုံးနှင့် ကိုမောင်မြထွန်းတို့လက်နှိပ်ဓာတ်မီးများ ထိုး၍ရောက်လာကြပြီး မှိန်းနစ်ရှောင်းစူးဝင်သေဆုံးနေသောတောဝက်အားကြည့်လိုက်ကြကာ ကိုအလုံးက ပြောလိုက်လေသည်။

“ဟာ - ဖိုးသိန်းထိုးလိုက်တဲ့အကောင်က ဝက်တောင်းကြီးကိုးကွ။ ငါ ထိုးလိုက်တဲ့အကောင်က ဝက်မကြီးကွ။ တစ်ချက်တည်းနဲ့လဲတာပဲ။ မင်း ထိုးလိုက်တဲ့အကောင်က ဝက်တောင်းလည်းဖြစ်ပြန်၊ ထိချက်ကလည်း ဗိုက်ကိုထိသွားတော့ ပြေးဝင်လာတဲ့ခွေးကို ကော်ပြီးပက်လိုက်တာ၊ ခွေးလည်း ဗိုက်ပွင့်လို့ အူထွက်ပြီး ပွဲချင်းပြီးပဲ။ မင်းကို ပြေးပြီးပက်လိုက်တာ မြင်လိုက်ရတာ ငါ့လည်း မျက်စိတွေ ပျာသွားပြီး စိုးရိမ်သွားမိတယ်၊ နောက်မှ - ဖိုးသိန်း အသံကြားရလို့ စိတ်အေးသွားရတာကွ”

ကိုအလုံး၏ပြောစကားအဆုံးနောက်တွင် ချန်နေရစ်ခဲ့ကြသော ရွာသားများ ရောက်လာကြပြီး လက်နှိပ်ဓာတ်မီးများဖြင့် ထိုးကြည့်လိုက်ရာ အတွင်းခံ ဘောင်းဘီတိုလေးနှင့် ကိုဖိုးသိန်းအား မြင်ကြရလေသောကြောင့် မောင်ကျော်လှက မေးလိုက်လေသည်။

“အစ်ကိုဖိုးသိန်းကြီးက ဘောင်းဘီတိုကြီးနဲ့၊ ပုဆိုးက ဘယ်ရောက်သွားလို့လဲ”

မောင်ကျော်လှ၏အမေးစကားအား ကိုမောင်မြထွန်းက -

“ဖိုးသိန်းပုဆိုးက ဟိုဝက်တောင်းကြီး ခေါင်းပေါ်မှာကွ၊ ဝက်တောင်းကြီး ချမ်းလို့ ခြုံပေးထားတာတော့ မဖြစ်နိုင်ဘူး”

ထိုအချိန်တွင် ကိုဘသိန်းက ပြောလိုက်လေသည်။

“ဟာ - ဘယ်ကဝက်တောင်းကြီးချမ်းလို့ခြုံပေးတာဟုတ်ရမှာလည်းကွ၊ ဖိုးသိန်းက ဝက်တောင်းကြီးကို နှိုတိုက်ဖို့လုပ်နေလို့ ဝက်တောင်းကြီးက မျက်စိနောက်ပြီး ပြေးပြီး ပုဆိုးကို ကိုက်ယူသွားတာကွ၊ ကံကောင်းလို့ပေါ့၊ ဖိုးသိန်း တစ်ယောက် သင်းကွပ်ပြီးသား မဖြစ်တာ၊ မဟုတ်လို့ကတော့ ဖိုးသိန်း ယောကျ်ားဘဝကနေ လုံးရာက ပြားသွားရပြီပေါ့ကွာ - ဟား - ဟား - ဟား ဟား”



ကိုဖိုးသိန်းက အဖြစ်အပျက်အား ပြောပြလိုက်ပြီး ဝက်တောင်းကြီးခေါင်းတွင် အုပ်လျက်ရှိနေသော ပုဆိုးအား ယူလိုက်ရာ ပုဆိုးမှာ တံတောင်ကျော်ခန့် ပြဲလျက်ရှိသည်ကို တွေ့မြင်ရလေသည်။ ဝက်တောင်းကြီးမှာ ပိဿာချိန် (၆၀) ကျော်ခန့်ရှိပြီး ဝက်မမှ ပိဿာချိန် (၅၀)ခန့်ရှိမည်ဟု ခန့်မှန်းကြလေသည်။ ရွာသားများသည် ဝက်နှစ်ကောင်အား ခြေနှင့်လက်များပူး၍ ချည်နှောင်လိုက်ကြလေသည်။ ဝါးနက်ပိုင်းများဖြင့် လျှိုလျက်ထမ်းကာ လရောင်အောက်တွင် ပျော်ရွှင်စွာဖြင့် လယ်ကွင်းများကိုဖြတ်၍ ရွာမရွာဆီသို့ လျှောက်လှမ်းကာ လာခဲ့ကြတော့သည်။

ဘုးသီးတောင်မြို့ ရွာမရွာမှ ဦးအလုံး၊ ဦးမောင်မြထွေးနှင့် ဦးဘသိန်း (ဦးဖိုးသိန်းကွယ်လွန်)တို့အား အမှတ်တရ ရေးသားအပ်ပါသည်။

မင်းမြင့်နိုင် (ဘုးသီးတောင်)

# စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com





သာယာကြည်နူးဖွယ်ကောင်းသော
ဘဝကလေးတစ်ခုကည်းသို့ရှုမြင်ကြပါ
ရှောင်ရှားလာသော ငြိမ်းချမ်းရာမှ
ဖြောင်းလိုရှာရသော ကြောက်ရွံ့ဖွယ်
ကောင်းလှသော ဒေါ်မိုး..

မြို့ဆိပ်ကမ်းတွင် ဒေါက်တာဂေဇက်ဝမ်း အခြေချလာရောက်နေထိုင်သည်မှာ
နှစ်ရှိခဲ့လေပြီ။ ဒေါက်တာဂေဇက်ဝမ်းသည် မွေးစားသည့်အရပ်ဒေသဖြစ်သည်။
ထောတဲ့သို့ ရွာတစ်ရွာတွင် အဘယ်ကြောင့်လာနေသည်ကို မည်သူမှ မသိကြပေ။
တာဂေဇက်ဝမ်း ရောက်လာခါစတွင် သမိန်ဖောထောရွာသူ ရွာသားများနှင့်
တော်ဝန်းကျင်မှလူများသည် ဒေါက်တာဂေဇက်ဝမ်းအပေါ်တွင် သံသယရှိခဲ့ကြသေး
ရွာတွင် ရာဇဝတ်မှုတစ်ခုကျူးလွန်ပြီး ဤရွာသို့ လာရောက်တိမ်းရှောင်နေခြင်း
သည်ဟု ထင်ကြသူရှိသလို၊ အချို့ကလည်း ဒေါက်တာဂေဇက်ဝမ်းသည် စိတ်နာကြည်
င်းတစ်ခုကို ရှောင်ခဲ့ရပြီး ဖနောက် အကြောင်းကိုပြည့်ပြီး ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာဇော်ဝမ်းနှင့်ပတ်သက်၍ သံသယရှိမှုများ သို့လော - သို့လော ပြောကြားချက်များသည် တစ်နှစ်ခန့်ကြာသောအခါ တိတ်ဆိတ်သွားတော့၏။ သမိန်ထောရွာသူ၊ ရွာသားများသာမက အနီးအနားရှိ ရွာသူရွာသားများ သာမက အနီးအနားရှိရွာသူရွာသားများကပါ သူ့အား လေးစားခင်မင်လာကြ၏။ ဒေါက်တာဇော်ဝမ်းမှာ အရပ်မြင့်မြင့်၊ မျက်နှာသွယ်သွယ်၊ ကိုယ်လုံးကိုယ်ပေါက်အနေတော်ဖြင့်ယောကျ်ားပီသစွာ ချောမောခန့်ညားလှသည်။ ဆေးဝါးကုသမှုတွင် အလွန်တော်ပြီး လူနာများအပေါ် အလွန်စေတနာထားတတ်သည်။ ဆေးဝါးကုသခကိုအနည်းငယ်သာယူပြီးမရှိဆင်းရဲသောလူနာများကို အခမဲ့ ဆေးကုသပေးတတ်၏။ ဤသို့ဖြင့် ဒေါက်တာဇော်ဝမ်းမှာ လူအများ၏ ချစ်ခင်လေးစားမှုကို ရရှိခဲ့၏။

— ✽ —

ဒေါက်တာဇော်ဝမ်းသည် ရွာအစွန် ခြံဝင်းကျယ်ကြီးအတွင်းရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးတွင် နေထိုင်၏။ ဒေါ်သိန်းနုဆိုသော အသက်ငါးဆယ်ကျော်ခန့်ရှိ ထမင်းချက်အမျိုးသမီးကြီးနှင့် မနီဆိုသော အသက် (၁၈)နှစ်အရွယ်အိမ်ဖော်မိန်းကလေးတစ်ဦးသာ သူ့အိမ်တွင်ရှိ၏။ ဒေါက်တာဇော်ဝမ်းမှာ လူပျိုကြီးဖြစ်သည့်အလျောက် သမိန်ထောရွာရှိဥစ္စာပေါ၊ ရုပ်ချောမိန်းမပျိုများက စိတ်ဝင်စားကြ၏။ သို့သော် ဆရာဝန်လူပျိုကြီးသည် အိမ်ထောင်မပြုဘဲ သူ့ဆေးကုသမှုလုပ်ငန်းနှင့် စာဖတ်ခြင်းကိုသာ အလေးပေးခဲ့သည်။ သူ့နေအိမ်၏ ခြေရင်းဘက်တွင် အဆောင်တစ်ဆောင် ဆောက်၍ ထိုအဆောင်တွင် စာဖတ်ခြင်း၊ ဆေးဝါးကုသခြင်း ပြုလုပ်၏။ ထို အဆောင်မှာ အိမ်နှင့်တစ်ဆက်တည်းလည်း ဖြစ်၏။

မစောနွဲ့မှာ သမိန်ထောရွာသူဖြစ်သော်လည်း အသက်ငယ်စဉ်ကစ၍ ဖျာပုံမြို့တွင် သွားနေခဲ့၏။ ဖျာပုံမြို့မှ (၁၀)တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်သို့ ဆက်တက်ခဲ့၏။ ဘွဲ့ရပြီးနောက် အစိုးရဌာနတစ်ခုတွင် အလုပ်ဝင်လုပ်လေသည်။ သို့သော် သမိန်ထောရွာတွင် ကျန်ရှိနေသော ဖခင်ကြီး မကျန်းမာသဖြင့် အလုပ်မှ အငြိမ်းစားယူ ထွက်ကာ ရွာသို့ပြန်လာပြီး ဖခင်ကြီးအား ပြုစုလေ



သည်။ ဖခင်ကြီးအား ဒေါက်တာဇော်ဝမ်းနှင့် ဆေးကုသရာမှ မစောနွဲ့နှင့် ဒေါက်တာဇော်ဝမ်းတို့ ရင်းနှီးခဲ့ကြ၏။ ထို့နောက် ချစ်သူများ ဖြစ်လာကြ၏။ မစောနွဲ့၏ဖခင်ကြီးမှာ လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။ မစောနွဲ့တို့ မိသားစုမှ ဘိုးဘွားအစဉ်အဆက် ချမ်းသာကြွယ်ဝလာသူများဖြစ်သလို သမိန်ထောရွာပတ်ဝန်းကျင်တွင် ရင်းတို့ပိုင်လယ်ဧကတစ်ထောင်ကျော်ရှိပြီး ဥယျာဉ်ခြံမြေများလည်း ရှိ၏။ ဖခင်ကြီးကွယ်လွန်ပြီးနောက် ကျန်ရစ်သော လယ်၊ မြေခြံများနှင့်ပစ္စည်းများကို မစောနွဲ့နှင့် အစ်ကိုဖြစ်သူ ကိုသောင်းဟန်တို့ရရှိကြ၏။ ကိုသောင်းဟန်မှာလူပျိုကြီးဖြစ်၏။ စိတ်ရင်းကောင်းသော်လည်း မဟုတ်မခံစိတ်ဓာတ် ရှိလေသည်။ ညီမဖြစ်သူ မစောနွဲ့ကိုလည်း အလွန်ချစ်၏။ ဖခင်ကြီး ကွယ်လွန်ပြီး သုံးလခန့်အကြာတွင် ဒေါက်တာဇော်ဝမ်းနှင့် မစောနွဲ့တို့ စေ့စပ်ကြောင်းလမ်းပွဲ ပြုလုပ်၏။ ဒေါက်တာဇော်ဝမ်းမှာ အသက် (၃၇)နှစ်၊ မစောနွဲ့မှာ အသက်(၂၅)နှစ်ဖြစ်သည်။ ကိုသောင်းဟန်သည် ညီမဖြစ်သူအား ဒေါက်တာဇော်ဝမ်းနှင့် သဘောတူခဲ့သည်။ စေ့စပ်ကြောင်းလမ်းမှုကို ဖေဖော်ဝါရီလတွင်ပြုလုပ်ပြီး ဇွန်လတွင် လက်ထပ်ရန် သတ်မှတ်ထား၏။ ဇွန်လ(၃)ရက်နေ့တွင် ဒေါက်တာဇော်ဝမ်းထံသို့ ဖျာပုံစာတိုက်မှ တစ်ဆင့် စာတစ်စောင် ရောက်လာ၏။ ထိုစာသည် (၅)နှစ်အတွင်း ဒေါက်တာဇော်ဝမ်းထံသို့ ပထမဆုံး ရောက်လာသောစာဖြစ်သည်။

နောက်တစ်နေ့ ဇွန်လ(၄)ရက်နေ့ နံနက်တွင် ဒေါက်တာဇော်ဝမ်းသည် မစောနွဲ့တို့တိုက်ကိုသွားပြီး အိမ်ရှေ့ပန်းခြံထဲတွင် တစ်နာရီနီးပါး မစောနွဲ့နှင့် စကားပြောနေခဲ့၏။ ထို့နောက်ဒေါက်တာဇော်ဝမ်း ပြန်သွား၏။ မစောနွဲ့သည် မျက်နှာမသာယာစွာဖြင့် အိပ်ခန်းထဲသို့ ဝင်သွား၏။ ထိုနေ့တစ်နေ့လုံး အိပ်ခန်းထဲတွင် ငိုနေ၏။ မကြာခင် - ဒေါက်တာဇော်ဝမ်းနှင့်မစောနွဲ့တို့ စေ့စပ်ကြောင်းလမ်းမှု ပျက်သွားသည့်အကြောင်းကို တစ်ရွာလုံး သိသွားတော့၏။ ကိုသောင်းဟန်မှာ ညီမဖြစ်သူအတွက် အလွန်အရှက်ရကာ ဒေါက်တာဇော်ဝမ်းအား သတ်မည်၊ ဖြတ်မည်ဟု ကြိမ်းဝါးနေ၏။ ဒေါက်တာဇော်ဝမ်းသည် ခါတိုင်းကဲ့သို့ ရပ်ရွာထဲသို့ ထွက်ခြင်း၊ လမ်းလျှောက်ခြင်း မလုပ်တော့ဘဲ အိမ်မှာသာ နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ရက်သတ္တနှစ်ပတ်ခန့် ကြာသွားခဲ့၏။ တစ်ည(၉)နာရီခွဲတွင် ဒေါ်သိန်းနသည်ဆေးကုခန်းလုပ်ထားသောအဆောင်သို့ဝင်သွားသောအခါ စားပွဲတွင် စာရေးနေသော ဒေါက်တာဇော်ဝမ်းကို တွေ့ခဲ့သည်။ ကော်ဖီဖျော်ပေးရန် လို,မလို သွားမေးခြင်းဖြစ်သည်။ ဒေါက်တာဇော်ဝမ်းက ကော်ဖီမယူလိုကြောင်း ပြောသဖြင့် အိမ်မသို့ ပြန်လာခဲ့၏။ အိမ်ဖော်မနီအား အိပ်ချင်က အိပ်နိုင်ကြောင်းပြောပြီး သူမကမူ အဝတ်အစားများကို မီးပူတိုက်နေခဲ့၏။ ည(၁၁)နာရီအထိမီးပူတိုက်နေခဲ့ပြီးနောက် အလုပ်နား၍အိပ်ခန်းသို့အိပ်ရန်သွားခဲ့သည်။ အိပ်ရာပြင်ဆင်ပြီးနောက် အိပ်ရန်ဟန်ပြင်ချိန်တွင် ခေါ်သံလိုလို၊ အော်သံလိုလိုကြားရ၏။ ထိုအချိန်မှာ ည(၁၁)နာရီ(၁၅)မိနစ်ဖြစ်သည်။ ထိုအသံမှာ အိမ်ခြေရင်းဘက်အဆောင်မှ ဖြစ်သည်။ ဒေါ်သိန်းနသည် ဆေးကုခန်းအဆောက်ဘက်သို့ ခပ်မြန်မြန်သွားရောက် ခဲ့၏။



စားပွဲဘေးကြမ်းပေါ်တွင်
ဲလဲကျသေဆုံးနေသောဒေါက်တာ
ဇော်ဝမ်းအလောင်းကိုတွေ့ကြရ၏။
ဒေါက်တာဇော်ဝမ်းသည်မသေဆုံးခင်
ကအပြင်းအထန် ဝေဒနာခံစားခဲ့ရပုံရ၏။
မျက်လုံးများပြူးထွက်နေပြီးမျက်နှာ
တစ်ဝိုက်တွင် ဒဏ်ရာများတွေ့ရ၏။
လည်ပင်းညှစ်၍အသတ်ခံရသည်ဟု
ယူဆကြ၏။ ကိုယ်ပေါ်တွင် ခါတိုင်း
ဝတ်နေကျအဝတ်အစားများကို
ဝတ်ဆင်ထား၏။

ဆေးကုခန်းတံခါးပိတ်ထားသော်လည်း အခန်းတွင်းမှာ မီးလင်းနေ၏။ ဒေါ်သိန်းန တံခါးခေါက်လိုက်၏။

"ဘယ်သူလဲ" ဒေါက်တာဇော်ဝမ်းက မေးလိုက်သည်။

"ကျွန်မပါ - ဒေါက်တာ - ဒေါ်သိန်းနပါ"

"ဘာလာလုပ်တာလဲ။ ကျွန်တော် - ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး။ သိပ်ပင်ပန်းနေတယ်၊ အေးအေးဆေးဆေး နေပါရစေ။ ခင်ဗျားအခန်းကို ပြန်အိပ်တော့"

"ဒေါက်တာခေါ်တယ်ထင်လို့ လာတာပါ"

ဒေါ်သိန်းနက ရှင်းပြသည်၊ စိတ်ထဲမကောင်းဖြစ်နေ၏။ ဒေါက်တာဇော်ဝမ်းသည် သူမအား ဤသို့မာမာထန်ထန် မဆက်ဆံဖူးပေ၊ ဒေါ်သိန်းနသည် သူမအခန်းသို့ပြန်လာစဉ် နံရံပေါ်မှနာရီကို ကြည့်မိ၏။ ည(၁၁)နာရီခွဲ တိတိ ဖြစ်သည်။

ည(၁၁)နှင့် (၁၂)နာရီအကြား သူမနာရီကို အတိအကျ မပြောနိုင်ပေ။ လူနာတစ်ယောက် ရောက်လာပြီး ဆရာဝန်အား ခေါ်သံကြားရ၏။ လာခေါ်သူမှာ ကုန်စုံဆိုင်ပိုင်ရှင် ဦးကျော်၏ဇနီး ဒေါ်မြင့်ဖြစ်သည်၊ ဦးကျော် အပြင်းအထန်ဖျားနေသောကြောင့် ဆရာဝန်လာခေါ်ခြင်းဖြစ်သည်၊ လူနာစမ်းသပ်ခန်းတွင်မီးလင်းနေသဖြင့် တံခါးခေါက်၍အမည်ကိုခေါ်သော်လည်းအတွင်းမှပြန်ထူးသံမကြားရပေ၊ ဒေါက်တာဇော်ဝမ်း အပြင်ထွက်သွားသည်ဟုယူဆပြီး အိမ်ပြန်လာခဲ့၏။

ဒေါ်မြင့်အိမ်ဝင်းဝသို့အရောက်တွင် ရွာလမ်းအတိုင်း လက်နှိပ်ဓာတ်မီးထိုး၍ လူတစ်ယောက် လျှောက်လာသည်ကို မြင်၏။ ထိုလူသည် မြို့ဆီသို့ ဦးတည်လာနေခြင်း ဖြစ်၏၊ ဒေါက်တာဇော်ဝမ်း ဆေးကုသွားရာမှ ပြန်လာသည်ဟုထင်သဖြင့်ခြံဝမှရပ်စောင့်နေခဲ့၏၊ သူမအနီးသို့ရောက်မှကိုသောင်းဟန် ဖြစ်ကြောင်း သိ၏။ ကိုသောင်းဟန်မှာ စိတ်လှုပ်ရှားနေဟန်ရှိပြီး လက်တွင် သံတုတ်ဟု ထင်ရသောအရာဝတ္ထုတစ်ခု ကိုင်ထား၏။

"ဒေါက်တာ့ဆီကို လာတာလား၊ ဒေါက်တာ - အိမ်မှာ မရှိဘူး"

ဟု ဒေါ်မြင့်က ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား - ဘယ်လိုလုပ်ပြီးသိသလဲ"

"ကျွန်မ - သူ့အခန်းကို ရောက်ပြီးပြီ"

"မီးထွန်းထားတာပဲ၊ အဲဒီမီးထွန်းထားတဲ့အခန်း မဟုတ်လား"

"ဟုတ်ပါတယ် - ဒါပေမဲ့ - အခန်းမှာ သူ မရှိဘူး၊ ဆေးကုထွက်သွားတာ ဖြစ်လိမ့်မယ်"

"ကျွန်တော် - သူနဲ့ တွေ့ဖို့ရှိတယ်၊ ဒီကစောင့်နေမယ်၊ အချိန်တန်ရင် သူ့အိမ်ပြန်လာမှာပါ"

ကိုသောင်းဟန်က ပြောပြီး ခြံထဲဝင်သွား၏၊ ဒေါ်မြင့်လည်း အိမ်ကို ပြန်လာခဲ့တော့၏၊

နံနက်(၃)နာရီအချိန်တွင် ဦးကျော်၏အဖျားရောဂါမှာ ပိုဆိုးလာ၏၊ ကိုယ်အလွန်ပူပြီး ပါးစပ်မှ ကယောင်ကတမ်းပြောပြီး ငန်းဖမ်းသလို ဖြစ်လာ၏၊ ဒေါ်မြင့်မှာ အလွန်စိုးရိမ်သွားသဖြင့် ဒေါက်တာဇော်ဝမ်းကိုခေါ်ရန် ထပ်လာခဲ့၏၊ ခြံဝင်းအတွင်းသို့ဝင်လိုက်သောအခါ ပုဏ္ဏရိက်ပင်များနောက်တွင် ရပ်နေသူတစ်ယောက်ကို တွေ့ရ၏၊ ထိုသူမှာ ကိုသောင်းဟန် ဖြစ်သည်၊ ဒေါ်မြင့်မှာ ခင်ပွန်းသည်အတွက် စိတ်ပူပန်နေသဖြင့် ကိုသောင်းဟန်ကို ဘာမှမပြောဘဲ ဆရာဝန်အိမ်ကိုသာ အမြန်လာခဲ့၏၊

ဆေးကုခန်းမှာ မီးလင်းနေဆဲဖြစ်သည်ကို တွေ့ရ၏၊ ဒေါ်မြင့်သည် တံခါးကိုအကြာကြီးခေါက်သော်လည်း အတွင်းမှပြန်မထူးပေ၊ ဒေါက်တာဇော်ဝမ်းသည် မီးဖွင့်ထွန်းခဲ့ပြီး အပြင်သို့ ထွက်မည့်သူမဟုတ်ပေ၊ ဒေါက်တာသည် ပက်လက်ကုလားထိုင်ပေါ်တွင် စာဖတ်ရင်း အိပ်ပျော်နေမည်ဟု တွေးမိ၏၊ ဒေါ်မြင့်သည် အပေါက်ငယ်တစ်ပေါက်ကိုရှာ၍ ထိုအပေါက်မှ ချောင်းကြည့်လိုက်၏၊

စားပွဲပေါ်တွင် တင်၍ထွန်းထားသော လက်ဆွဲမှန်အိမ်မှ အလင်းရောင်ကြောင့် အခန်းမှာ လင်းထိန်နေ၏၊ အခန်းမှာ ပုံမှန်အနေအထားအတိုင်း ရှိနေပြီး မည်သူမှ မတွေ့ရပေ၊ အပေါက်နှင့် အတော်လှမ်းသော နေရာရှိစားပွဲ



အရိပ်မှ ကြမ်းပေါ်သို့ ထိုးထွက်နေသော ဖြူဖြူအရာတစ်ခုကို တွေ့ရ၏၊ တဖြည်းဖြည်းဖြင့် သူမသည် အလင်းရောင်ကို ပိုကြည့်လာနိုင်၏၊ ထိုအခါ အရိပ်၏ အခြားဘက်တွင် ထိုးထွက်နေသော ခြေထောက်တစ်ဖက်ကို မြင်ရ၏၊ ဒေါ်မြင့် အလွန်တုန်လှုပ်သွား၏၊

စောစောက ဖြူဖြူအရာကို ပြန်ကြည့်လိုက်သောအခါ ကြမ်းပေါ်တွင် လဲနေသော လူတစ်ယောက်၏ လက်တစ်ဖက်ဖြစ်သည်ကို သိလိုက်၏၊ ဒေါ်မြင့်သည် အိမ်မကြီးဘက်သို့ ချက်ချင်းသွားပြီး ဒေါ်သိန်းနုကို နိုး၏၊ ဒေါ်သိန်းနုနှင့် မနီတို့ နိုးလာပြီး တံခါးဖွင့်ပေး၏၊ ဒေါ်မြင့်က အကျိုးအကြောင်း ပြောပြသောအခါ ကျေးရွာလူကြီးများကိုခေါ်ရန် မနီကို ရွာထဲသို့ လွှတ်ပြီး အမျိုးသမီးနှစ်ယောက်သည် ဆေးကုခန်းသို့ လာခဲ့ကြ၏၊

— 🕯 —

ကျေးရွာလူကြီးများနှင့် ရဲအရာရှိများရောက်လာသောအခါ ဆေးကုခန်းသို့ဖွင့်ဝင်ကြ၏၊ စားပွဲဘေးကြမ်းပေါ်တွင် လဲကျသေဆုံးနေသော ဒေါက်တာဇော်ဝမ်းအလောင်းကို တွေ့ကြရ၏၊ ဒေါက်တာဇော်ဝမ်းသည် မသေဆုံးခင်က အပြင်းအထန် ဝေဒနာခံစားခဲ့ရပုံရ၏၊ မျက်လုံးများ ပြူးထွက်နေပြီး မျက်နှာတစ်ပိုက်တွင် ဒဏ်ရာများ တွေ့ရ၏၊ လည်ပင်းညှစ်၍အသတ်ခံရသည်ဟု ယူဆကြ၏၊ ကိုယ်ပေါ်တွင် ခါတိုင်းဝတ်နေကျအဝတ်အစားများကို ဝတ်ဆင်ထား၏၊ ဖိနပ်တွင်ကားရွှံ့များပေကျံခြင်းမရှိပေ၊ ဆေးခန်း၏ကြမ်းပြင်ပေါ်တွင် ဖိနပ်ရာများ အနှံ့အပြား ထင်နေ၏၊ လူသတ်သမား၏ဖိနပ်တွင်ကား ရွှံ့များ ပေကျံခြင်းမရှိပေ၊ ဆေးခန်း၏ကြမ်းပြင်ပေါ်တွင်ဖိနပ်ရာများဟု ယူဆကြရ၏၊ လူသတ်သမားသည် ဘေးတံခါးမှ ဝင်လာပြီး ဒေါက်တာအား သတ်၍ ပြန်ထွက်သွားခြင်းဖြစ်မည်ဟု ယူဆကြ၏၊ ဆိုက်ကြီးသောဖိနပ်ရာနှင့် လည်ပင်းညှစ်သတ်သည်တို့ထောက်၍ လူသတ်သမားသည် ယောကျာ်းတစ်ယောက် ဖြစ်မည်ဟု ခန့်မှန်းနိုင်သည်၊ ရဲများသည် ထိုအချက်များမှလွဲ၍ ဘာမျှဆက် မသိတော့ပေ၊



www.burmeseclassic.com

www.burmeseclassic.com

ကိုသောင်းဟန်တွင် အပြစ်မရှိကြောင်း
ထောက်ခံသောအချက်များလည်းရှိနေ၏။
ဒေါ်သိန်းနုသည်ည (၁၁) နာရီတွင် ဒေါက်တာဇော်ဝမ်း၏
စကားသံများကို ကြားခဲ့ရ၏။ ကိုသောင်းဟန်၏မိတ်ဆွေများက
ထိုအချိန်တွင် အခန်းထဲတွင် ဒေါက်တာတစ်ယောက်တည်း
မဟုတ်ကြောင်း လူစိမ်းတစ်ယောက်ရှိနိုင်ကြောင်း...။



ဒေါက်တာ၏ ရွှေလက်စွပ်၊ ရွှေဆွဲကြိုးများကို ခန္ဓာကိုယ်ပေါ်တွင် တွေ့ရသဖြင့်ဓားပြတိုက်သည်ဟုမယူဆနိုင်ပေ။ အခန်းထဲတွင်သော့ခတ်ထားသော သေတ္တာတစ်လုံးကို တွေ့ရ၏။ သေတ္တာကို ဖွင့်ကြည့်သောအခါ ဘာမျှမတွေ့ရပေ။ ဒေါ်သိန်းနုက ဒေါက်တာဇော်ဝမ်းသည် ထိုသေတ္တာထဲတွင် ငွေများ ထည့်လေ့ရှိကြောင်း ပြောပြ၏။ စားပွဲပေါ်တွင်ဘောင်သွင်း၍တင်ထားသော မစောနွဲ့၏ဓာတ်ပုံမှာလည်း ပျောက်ဆုံးနေ၏။



ဒေါ်သိန်းနွဲ့သည် ထိုနေ့ညဦးပိုင်းတွင် ဆေးကုခန်းသို့ လာစဉ်က မစောနွဲ့၏ဓာတ်ပုံကို သတိထားမိ၏။ ယခု - ထိုဓာတ်ပုံ မရှိတော့ပေ၊ ဓာတ်ပုံဘောင်သာကျန်ခဲ့၏။ ၎င်းအပြင် စားပွဲပေါ်တွင်အစိမ်းရောင်နေကာမျက်မှန်တစ်လက် တွေ့ရ၏။ ဒေါက်တာဇော်ဝမ်းတွင် နေကာမျက်မှန်မရှိကြောင်း ဒေါ်သိန်းနုက ထွက်ဆို၏။ လူသတ်သမား၏ ပစ္စည်းဖြစ်မည်ဟု ယူဆကြ၏။ ရဲများသည် ကိုသောင်းဟန်အား လူသတ်မှုအတွက် မသင်္ကာသဖြင့် ဖမ်းဆီးလိုက်ကြ၏။

သူသတ်သည်ဟု တိုက်ရိုက်အထောက်အထား မရှိသော်လည်း အခင်းဖြစ်သည့်ညက သူသည် သံတုတ်တစ်ချောင်းကိုင်၍အိမ်ဝင်းထဲသို့ ဝင်သွားခဲ့၏။ သူ့ညီမဖြစ်သူ၏ စေ့စပ်လမ်းကြောင်းလမ်းမှ ပျက်သွားသည့်အချိန်က စ၍ ဒေါက်တာဇော်ဝမ်းကို လက်စားချေမည်ဟု ကြိမ်းဝါးနေခဲ့၏။ သူ ရုတ်တရက်ဝင်လာသဖြင့် ဒေါက်တာဇော်ဝမ်းသည် အံ့အားသင့်သွားမည်ဟု ရဲများက ယူဆ၏။ ထို့ကြောင့် ဒေါက်တာ၏အသံသည် ခါတိုင်းနှင့်မတူဘဲ ထူးခြားနေသည်ဟု ဒေါ်သိန်းနု ထင်ခဲ့၏။ ဒေါက်တာသည် ကိုသောင်းဟန်နှင့် စကားပြောရန်အတွက် ဒေါ်သိန်းနွဲ့ကို အမြန်ပြန်လွှတ်ခြင်း ဖြစ်မည်ဟု ယူဆကြ၏။ ဒေါက်တာနှင့်ကိုသောင်းဟန်တို့သည် ကြာမြင့်စွာ စကားပြောပြီးနောက် စကားများပြီး သတ်ပုတ်ကြလိမ့်မည်။

ဤတွင် ဒေါက်တာသေဆုံးခဲ့ရ၏။ ဒေါက်တာဇော်ဝမ်း၏အလောင်းအား ဗျာပုံဆေးရုံတွင် ခွဲစိတ်ကြည့်သောအခါ အသည်းတွင် ဆိုးဆိုးဝါးဝါး အနာဖြစ်နေသည်ကို တွေ့ရ၏။ ထို့နောက် ကိုသောင်းဟန်သည် မစောနွဲ့၏ဓာတ်ပုံအား ဖြုတ်ယူပြီး ဒေါတံခါးကိုဖွင့်၍ ထွက်သွားလိမ့်မည်။ နောက်တစ်ကြိမ် ဒေါ်မြင့် - ဒေါက်တာအိမ်သို့ ပြန်လာသောအခါ ပုဏ္ဏရိက်စည်းရိုးနောက်တွင် ရပ်နေခဲ့၏။ ဤသည်မှာ ရဲအရာရှိများ၏ တွေးဆချက်များသာ ဖြစ်၏။

ကိုသောင်းဟန်သည် သူသည် မိသားစုကိစ္စနှင့် ပတ်သက်၍ ဒေါက်တာနှင့် စကားပြောရန် ထိုညက သွားခဲ့ကြောင်း၊ ဒေါ်မြင့်က ဒေါက်တာအိမ်တွင် မရှိကြောင်း ပြောသဖြင့် နံနက်(၃)နာရီအထိ ခြံဝမှ စောင့်နေခဲ့ကြောင်း နံနက်(၃)နာရီတွင် ဆက်မစောင့်တော့ဘဲ အိမ်ပြန်လာကြောင်း ထွက်ဆို၏။ သူသည် ဒေါက်တာဇော်ဝမ်းနှင့် ခင်မင်ရင်းနှီးကြောင်း၊ သို့ရာတွင် လူ့ ...ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ရက်အနည်းငယ်ကစ၍ အကြောင်းတစ်ခုကြောင့် ခပ်တန်းတန်းနေခဲ့ကြကြောင်း ထွက်ဆို၏။

ကိုသောင်းဟန်တွင်အပြစ်မရှိကြောင်းထောက်ခံသောအချက်များလည်း ရှိနေ၏။ ဒေါ်သိန်းနုသည် ည(၁၁)နာရီတွင် ဒေါက်တာဇော်ဝမ်း၏စကားသံများကို ကြားခဲ့ရ၏။ ကိုသောင်းဟန်၏မိတ်ဆွေများက ထိုအချိန်တွင်အခန်းထဲတွင် ဒေါက်တာတစ်ယောက်တည်း မဟုတ်ကြောင်း လူစိမ်းတစ်ယောက်ရှိနိုင်ကြောင်း ထိုလူနှင့်စကားပြောလိုသဖြင့် ဒေါ်သိန်းနုကို အမြန် ပြန်လွှတ်ကြောင်း ပြောကြ၏။ ဤသို့ဆိုပါက ဒေါက်တာဇော်ဝမ်းသည် ည(၁၁)နာရီခွဲနှင့် ပထမအကြိမ် ဒေါ်မြင့်လာခေါ်သောအချိန်အတွင်း ဖြစ်နိုင်၏။ ထိုအချိန်က ဒေါ်မြင့်ခေါ်သံကိုပြန်မထူးခဲ့ပေ။ ဒေါ်မြင့်သည်ခြံဝင်းအဝတွင် ကိုသောင်းဟန်နှင့် တွေ့ဆုံခဲ့ကြ၏။

ဤတွေးဆချက် မှန်ကန်ပါက ဒေါ်မြင့်နှင့် ကိုသောင်းဟန်တို့ မတွေ့ခင်က လူတစ်ယောက်သည် ဒေါက်တာဇော်ဝမ်းနှင့်အတူ ရှိနေပေလိမ့်မည်။ ထိုသူမည်သူနည်း။ မည်သည့်ရည်ရွယ်ချက်ဖြင့် ဒေါက်တာဇော်ဝမ်းကိုသတ်ခဲ့ပါသနည်း။

ရဲများဘက်မှ စဉ်းစားပါကလည်း လူသတ်မှု ဖြစ်ပွားသည့် အိမ်အနီးနားတွင် ကိုသောင်းဟန်မှလွဲ၍ မည်သူမှ ရှိမနေပေ။ ပထမအကြိမ် ဒေါ်မြင့် လာခေါ်စဉ်က ဒေါက်တာသည် သူ့အခန်းထဲတွင် အနားယူနေရှိန် (သို့မဟုတ်) အပြင်သို့ ဆေးကုသွားနေခြင်း ဖြစ်နိုင်၏။ ထို့နောက် အိမ်သို့ပြန်လာပေမည်။

ကိုသောင်းဟန်၏မိတ်ဆွေများက သူ့အခန်းကို ရဲများ ရှာဖွေစဉ်က မစောနွဲ့၏ဓာတ်ပုံ မတွေ့ရသောအချက်ကို အလေးအနက်ထား ပြောဆိုကြ၏။ ထိုအချက်မှာ ကိုသောင်းဟန်အတွက် အားကိုးလောက်သောအချက် မဟုတ်ပေ။ ကိုသောင်းဟန်သည် ဓာတ်ပုံကို ဖျောက်ဖျက်ရန် အချိန်များစွာရခဲ့သည်။ ကြမ်းခင်းပေါ်မှ ရွှံ့ပေနေသည့်ခြေရာများသည်လည်း အမှုအတွက် အသုံးမဝင်အောင်ဖြစ်သွား၏။ တရားခံ၏ဖိနပ်မှာ ရွှံ့ပေနေသော်လည်း တရားခံ၏ခြေထောက်တွင် ရွှံ့လုံးဝမတွေ့ရပေ။ ဖိနပ်တွင် ရွှံ့ပေသည်မှာ မဆန်းပေ။ ထိုနေ့ညနေက မိုးရွာသဖြင့် အပြင်ထွက်သူတိုင်း၏ဖိနပ်တွင် ရွှံ့ပေနေကြပေမည်။

— ❦ —

အမှုကိုဖျာပုံမြို့နယ်တရားရုံးတွင်စစ်ဆေးခဲ့သည်။ ကိုသောင်းဟန်ဘက်မှ အမှုစ,စစ်သောနေ့တွင် တရားရုံးတစ်ခုလုံးမှာ အမှုစစ်ဆေးသည်ကို လာရောက်နားထောင်သူများဖြင့် ပြည့်နေ၏။ အမှုဖြစ်ပွားပုံ၊ တရားရုံးတွင် စစ်ဆေးပုံ၊ နစ်ဖက်ရှေ့နေများ၏မေးမြန်းပုံ၊ သက်သေများ၏ထွက်ဆိုချက်စသည်များကိုရန်ကုန်မှ သတင်းစာများတွင် အမြဲတမ်းဖော်ပြခဲ့၏။ သက်သေအတော်များများက ကိုသောင်းဟန်သည် ဒေါက်တာဇော်ဝမ်းအား ပြင်းပြင်းထန်ထန် ကြုံးဝါးသည်ကိုကြားရကြောင်း ထွက်ဆိုကြ၏။ ဤကဲ့သို့ကြိမ်းဝါးသည်မှာ ဒေါက်တာက သူ့ညီမအပေါ် ကတိဖျက်ကွက်မှုကို မကျေနပ်၍ဖြစ်ကြောင်းထွက်ဆိုကြ၏။ ဒေါ်မြင့်ကလည်း ကိုသောင်းဟန်သည်အခင်းဖြစ်ပွားသည့် ဒေါက်တာအိမ်သို့လာကြောင်း ထွက်ဆို၏။ အခြားသက်သေတစ်ဦးကလည်း ထိုအချိန်မျိုး၌ဒေါက်တာသည်ဆေးကုခန်းအတွင်း စာဖတ်နေလေ့ရှိသည်ကိုသိကြောင်း၊ ထိုအချိန်ကို ရွေး၍ လာခြင်း ဖြစ်ကြောင်း ထွက်ဆို၏။ တရားခံ၏အိမ်မှ လယ်သူရင်းငှားတစ်ယောက်ကလည်း အခင်းဖြစ်ပွားသည့် ည(၃)နာရီတွင် ကိုသောင်းဟန်အပြင်မှပြန်လာသံ ကြားရကြောင်း ထွက်ဆို၏။ ထို့ကြောင့် ကိုသောင်းဟန်မှာ လူသတ်မှုတွင် ချောင်ပိတ်မိသလို ဖြစ်သွားတော့၏။ ဤသို့ဖြင့် တရားခံဘက်မှ တင်သွင်းသောသက်သေများကို စစ်ဆေးမည့်အလှည့်သို့ ရောက်[illegible]တ၏။ ပထမဆုံးသက်သေမှာ မစောနွဲ့ ဖြစ်သည်။

မစောနွဲ့မှာ အရပ်မြင့်ပြီး ကိုယ်လုံးမှာ သွယ်သော်လည်း တောင့်တင်းလေသည်။ အသားညိုစိမ့်သည်။ အသံမှာ တိုးညင်းသော်လည်း ရှင်လင်း

www.burmeseclassic.com

ပြတ်သား၏။ မစောနွဲ့မှာ သူနှင့်ဒေါက်တာဇော်ဝမ်းတို့ စေ့စပ်ကြောင်းလမ်းမှု အကြောင်းကို သာမန်မျှသာ ပြော၏။ ထို့နောက် သူမအစ်ကိုသည် အဖြစ်မှန်ကိုမသိသဖြင့် ဒေါက်တာဇော်ဝမ်းကိုစိတ်ဆိုးခြင်းသာဖြစ်ကြောင်း၊ ဒေါက်တာဇော်ဝမ်း၏စိတ်ဓာတ်မှာ အလွန်လေးစားစရာကောင်းကြောင်း၊ ဒေါက်တာ၏ အပြုအမူအတွက် သူမတွင် ထိခိုက်နစ်နာသည်ဟု မယူဆပါကြောင်း၊ ဒေါက်တာဇော်ဝမ်းအား သူမအစ်ကို ဒေါသထွက်သည်မှာ မှားကြောင်းပြောပြသောအခါ တစ်ရုံးလုံး အံ့အားသင့်သွားကြ၏။ မစောနွဲ့၏ ထွက်ဆိုချက်များသည် အစ်ကိုဖြစ်သူကိုသောင်းဟန်အတွက် အားကိုးရာမဖြစ်ဘဲ တရားခံကို အပြစ်ကျအောင် ဖိအားပေးလုပ်နေသလို ဖြစ်နေသည်။

ဤတွင်တရားခံရှေ့နေ ဦးနေအောင်က - "ခင်ဗျားအစ်ကိုဟာဒေါက်တာဇော်ဝမ်းကို သတ်တယ်လို့ထင်ပါသလား" ဟု မစောနွဲ့အား မေးခွန်းထုတ်လိုက်သည်။

သို့သော်မစောနွဲ့ထံမှမည်သည့်အဖြေမှထွက်မလာခင်တရားသူကြီးက "ဒီမေးခွန်းကိုခွင့်မပြုပါဘူး" ဟုကန့်ကွက်တော့သည်။ "တရားရုံးဟာ စစ်ဆေးတွေ့ရှိချက်ကို မူတည်ပြီး ဆုံးဖြတ်မှာ ဖြစ်တယ်။ သက်သေရဲ့အထင်ကို ဆုံးဖြတ်မှာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ - ဒီလိုဆို - ကျွန်တော် - မေးခွန်း ပြောင်းပြီးမေးပါရစေ" ဟု ဦးနေအောင်က တရားသူကြီးအား အရိုအသေပေး ပြောဆိုပြီးနောက် မစောနွဲ့ဘက်မှ လှည့်ကြည့်ပြီး "ဒေါက်တာဇော်ဝမ်းသေဆုံးမှုအတွက် ခင်ဗျားအစ်ကိုမှာ အပြစ်မရှိဘူးဆိုတာကိုကော သိပါသလား" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ - သိပါတယ်"

"ဒါဆို - ဘာကြောင့်သိတယ်လို့ပြောတာ - ဘာလဲ"

"ဒေါက်တာဇော်ဝမ်း - မသေလို့ပါပဲရှင်"

ယင်းစကားသည် အမှုကို အလွန်အရေးကြီးသော အလှည့်အပြောင်းဖြစ်စေမည်ဖြစ်သော်လည်း မစောနွဲ့၏အသံမှာ အရေးမကြီးသလို ဖြစ်နေသဖြင့် ရုံးခန်းတစ်ခွင်လုံးရှိပရိသတ်တို့မှာ ဟာခနဲ၊ ဟင်ခနဲဖြစ်ကုန်ကြတော့၏။



အာမေဋိတ်သံများ၊ ကြွက်စီကြွက်စီ၊ စကားသံများမှာလည်း တိုးရာမှ ကျယ်လာသဖြင့် တရားသူကြီးက ခုံကိုထု၍ တိတ်ကြရန် သတိပေးရသည်အထိ ဖြစ်ခဲ့သည်။

ဤတွင် တရားခံ၏ ရှေ့နေကြီးဦးနေအောင်က - "ဒေါက်တာဇော်ဝမ်း မသေဘူးလို့ ခင်ဗျားဘာကြောင့် ပြောရတာလဲ - မစောနွဲ့" ဟု မေးခွန်းထုတ်ပြန်သည်။

"မကြာခင်ကမှ သူရေးလိုက်တဲ့စာတစ်စောင်ကို ကျွန်မရလိုက်လို့ပါပဲ"

"စာတစ်စောင် - ဒေါက်တာဇော်ဝမ်းရဲ့စာတစ်စောင်"

ရှေ့နေကြီး ဦးနေအောင်က ရေရွတ်လိုက်ပြီး အံ့သြစွာ ဆက်မေးပြန်သည်။

"ခင်ဗျားမှာ - အဲဒီစာ - ရှိပါသလား"

"ဟုတ်ကဲ့ - ရှိပါတယ်၊ ဒါပေမဲ့ - ကိုယ်ရေးကိုယ်တာကိစ္စမို့ မပြပါရစေနဲ့"

မစောနွဲ့၏အသံမှာ ပြတ်သားလှ၏။

"ဒါဆို - စာအိတ်တော့ ရှိမှာပေါ့"

"ဟုတ်ကဲ့ - ရှိပါတယ်" မစောနွဲ့မှာ ပြောပြောဆိုဆို သူ့ပိုက်ဆံအိတ်ထဲမှ စာအိတ်တစ်လုံးကို ရှေ့နေကြီး ဦးနေအောင်အား လှမ်းပေးသည်။

ရှေ့နေကြီး ဦးနေအောင်ကလည်း စာအိတ်ကို လှမ်းယူရင်း - "ဘယ်မြို့က စာတိုက်တံဆိပ်လဲ" ဟု မေးဖြစ်အောင် မေးလိုက်သေးသည်။

"ရန်ကုန် - ကြည့်မြင်တိုင်က စာတိုက်တံဆိပ်ပါ ရှင်"

"နေ့စွဲကကော ..."

"ဇွန်လ (၂၂) ရက် နေ့စွဲနဲ့ပါ"

"ဒါဆို - ဒေါက်တာဇော်ဝမ်းသေပြီးနောက် တစ်နေ့ပေါ့၊ ကဲ - ဟုတ်ပါပြီလေ။ စာအိတ်ပေါ်ကလက်ရေးကကော ဒေါက်တာဇော်ဝမ်းရဲ့လက်ရေးဆိုတာ သေချာပါရဲ့လား"

"ကျွန်မ - ကျမ်းကိုင်ပြီး အစစ်ခံထားပါတယ် - ရှေ့နေကြီး"

မစောနွဲ့၏အသံမှာ စိတ်တိုချင်ချင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ရှေ့နေကြီး ဦးနေအောင်က တရားသူကြီးဘက်သို့လှည့်ပြီး –

“စာအိတ်ပေါ်ကလက်ရေးဟာ ဒေါက်တာဇော်ဝမ်းရဲ့ လက်ရေးဖြစ်ကြောင်း ထောက်ခံပေးမယ့် နောက်ထပ်သက်သေတစ်ဦး လိုပါသေးတယ် ရုံးမင်း ခင်ဗျား” ဟု လျှောက်ထားပြန်သည်။

“ကျန်တဲ့သက်သေကို မနက်ဖြန်လာဖို့ ချိန်းလိုက်ပါတော့”

ဟု တရားသူကြီးက ရက်ချိန်းပေးခဲ့သည်။

ဤတွင် တစ်ချိန်လုံးထိုင်၍စောင့်စားနားထောင်နေသော အစိုးရရှေ့နေကြီးက ထိုင်ရာမှထပြီး – “ခုချိန်မှာ ဒီစာကို တရားရုံးက ယူထားသင့်ပါတယ်။ တရားကြီး ခင်ဗျား” ဟု လျှောက်ထားတော့သည်။ သူကပင် ဆက်၍ “စာအိတ်နဲ့ စာအိတ်ပေါ်က လက်ရေးဟာ ဒေါက်တာဇော်ဝမ်းရဲ့လက်ရေးအစစ် ဟုတ်၊ မဟုတ်ကို လက်ရေးပါရဂူတွေနဲ့ စစ်ဆေးသင့်ပါတယ်။ ဒီစာဟာ လှည့်ဖြားမှုလည်း ဖြစ်နိုင်တယ်။ တရားခံမလွတ်နိုင်တဲ့အခြေအနေမျိုးရောက်မှ ဒီစာအကြောင်း ဖွင့်ပြောတာဟာ စဉ်းစားသင့်တဲ့အချက် ဖြစ်နေပါတယ်”

သို့သော် တရားခံရှေ့နေကြီး ဦးနေအောင်ကမူ ရသည့်အခွင့်အရေးကို လက်မလွှတ်နိုင်သူပီပီ တွန့်ဆိုင်း၍ မနေတော့ဘဲ – “စာပါအကြောင်းကို တဆိတ်လောက် ရှင်းပြပါလား – မစောနွဲ့” ဟု တောင်းပန်သံဖြင့် ပြောခဲ့သည်။

“စာပါအကြောင်းအရာက လူအများမသိစေလိုတဲ့ ကျွန်မတို့ရဲ့ကိုယ်ရေးအကြောင်းမို့ပါ ရှင် ...”

အစိုးရရှေ့နေကြီးက စိတ်တိုစွာဖြင့် ဝင်မေးတော့သည်။

ဤတွင်မစောနွဲ့က – “ကျွန်မ – ကျွန်မ – အစ်ကို – မတရားချုပ်ခံနေရတာကို မကြည့်ရက်လို့ပါ ရှင်” ဟု တုန်ရင်စွာ ပြန်ပြောခဲ့သည်။

ထိုအချိန်၌ နားထောင်သူများထံမှ ကရုဏာသက်စွာ ရေရွတ်မြည်တမ်းသံများထွက်ပေါ်လာသဖြင့် တရားသူကြီးက စားပွဲခုံကို ထုခဲ့သည်။ တစ်ဆက်တည်းမှာပင် – “ဒါဆို – သေဆုံးသူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ တရားခံဘက်ကဖော်ထုတ်ပေးဖို့လိုနေပြီ။ အသိတော်တော်များများကတော့ လူနာတွေတောပါ သေဆုံးသူဟာ ဒေါက်တာဇော်ဝမ်းလို့ ယူဆထားကြတာ ဆိုတော့ ...”



“ဒီကိစ္စကို ရှင်းနိုင်မယ်လို့မျှော်လင့်ပါတယ် – တရားသူကြီးမင်းခင်ဗျာ”

“ကဲ – ဒါဆိုလည်း – အမှုကို နက်ဖြန်ဆက်စစ်မယ်”

ဟု တရားသူကြီးက ရက်ချိန်းလိုက်တော့သည်။

ဤသို့ဖြင့် ယင်းအမှုသည် ပို၍စိတ်ဝင်စားစရာ ဖြစ်လာရတော့၏။

— 🕯 —

မစောနွဲ့၏စာသည် အစစ်အမှန် ဟုတ်၊ မဟုတ် ငြင်းခုန်ကြ၏။ အချို့ကလည်း မစောနွဲ့သည် အစ်ကိုဖြစ်သူ လွတ်မြောက်ရေးအတွက် အတင့်ရဲစွာ ဉာဏ်ဆင်လိုက်ခြင်း ဖြစ်သည်ဟု သုံးသပ်ကြ၏။ ဒေါက်တာဇော်ဝမ်းသည် မသေသည်သာ မှန်ကန်ပါက ဆေးကုသခန်းအတွင်း သေဆုံးနေသောသူနှင့် အလွန်တူသူအတွက် ဒေါက်တာဇော်ဝမ်း၌ တာဝန်ရှိလေသည်။ မစောနွဲ့ လက်ဝယ်ရှိ စာသည် သူ့အပြစ်ကျူးလွန်ကြောင်း အထောက်အထား ဖြစ်နိုင်၏။ မစောနွဲ့၏လုပ်ရပ်မှာ အစ်ကိုဖြစ်သူကို ကာယ်ဆယ်လိုသဖြင့် ချစ်သူကို ကြိုးစင်ပို့သလိုလည်း ဖြစ်နေ၏ဟု ဆိုကြသည်။

နောက်တစ်နေ့နံနက်တွင် တရားရုံးသို့ ယမန်နေ့ကထက် ပိုမိုများပြားစွာ လူများ လာရောက်ခဲ့ကြသည်။ အမှုစစ်သည်ကို နားထောင်ကြ၏။ တရားသူကြီး ရောက်မလာခင် တရားခံရှေ့နေဦးနေအောင်သည် အလွန်အရေးကြီးသော အမှုအရာဖြင့် အမှုစစ်မည့် ရုံးခန်းအတွင်းသို့ ဝင်လာ၏။ တရားရုံးရှေ့နေကြီး၏မျက်နှာမှာ အလွန်အံ့ဩဟန် ပေါ်နေ၏။ မကြာခင် ရုံးခန်းအတွင်းသို့ တရားသူကြီးဝင်လာသဖြင့် အရိုအသေပေးကြ၏။ ထို့နောက် အမှုကို စတင်စစ်ဆေးတော့သည်။ ပထမဦးဆုံး ဦးနေအောင်က တရားသူကြီးအား သူ့အနေဖြင့် ဒေါ်စောနွဲ့အား သက်သေအဖြစ် ထပ်မခေါ်လိုကြောင်း တင်ပြ၏။ သူ့တင်ပြချက်ကို တရားသူကြီးကလည်း လက်ခံ၏။ တစ်ဆက်တည်းမှာပင် တရားသူကြီးက – “တရားခံရှေ့နေကြီး – ခင်ဗျားဟာ ဒီအမှုနှင့် ပတ်သက်၍ ဘာမှမရှင်းလင်းနိုင်သေးဘူးဆိုတာ – သတိရပါ” ဟု သတိပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ရှေ့နေကြီး ဦးနေအောင်က – “တရားသူကြီးခင်ဗျား – နောက်ခေါ်မယ့်သက်သေဟာ အမှုကို ရှင်းလင်းပေးပါလိမ့်မယ်” ဟု လျှောက်ထားတော့သည်။

“ဒါဖြင့် – ခင်ဗျားသက်သေကို ခေါ်ပါ”

“ဒေါက်တာဇော်ဝမ်း – သက်သေခံရန် – ကြွပါ”

— —

တရားခံရှေ့နေကြီး ဦးနေအောင်၏ဖိတ်ခေါ်ချက်ကြောင့် တရားရုံးတစ်ခုလုံးသည် အပ်ကျသံကြားရမတတ် တိတ်ဆိတ်သွားတော့၏။

ယခုစစ်ဆေးနေသောအမှု၏အဓိကပုဂ္ဂိုလ်ဖြစ်သောဒေါက်တာဇော်ဝမ်းသည် တရားသူကြီးအားအရိုအသေပေး၍သက်သေများထိုင်သောနေရာသို့ ဝင်လာသောကြောင့် ဖြစ်၏။ ခရီးဝေးမှ လာခဲ့ရဟန်ဖြင့် မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်ရိပ်များ ပေါ်နေသော်လည်း သူ့အသွင်မှာ ယောကျ်ားပီသစွာ ရှောမော ခန့်ညားနေသေး၏။ ဒေါက်တာဇော်ဝမ်းသည် တရားသူကြီးဘက်သို့ ဦးညွှတ်၍ သူ့အနေဖြင့် ထွက်ဆိုချက်ပေးလိုကြောင်း ခွင့်တောင်း၏။

အောက်ပါအကြောင်းများမှာ တရားသူကြီးနှင့် နှစ်ဖက်ရှေ့နေများ၏ မေးခွန်းများကို ဒေါက်တာဇော်ဝမ်း၏ ပြန်လည်ဖြေကြားချက်၊ ဒေါက်တာဇော်ဝမ်း၏ ဖြည့်စွက်ထွက်ဆိုချက် ဖြစ်ပါ၏။

ကျွန်တော် ဒေါက်တာဇော်ဝမ်းသည် မိုးကုတ်မြို့မှ ကျောက်တွင်းပိုင်ရှင် ဦးထွန်းဇော်၊ ဒေါ်စောနုန်းတို့၏ သားဖြစ်ပါသည်။ ကျွန်တော်၏မိခင်သည် သူမ၏တစ်သက်တာတွင် တစ်ကြိမ်တည်းသာ မီးဖွားမြင်ခဲ့၏။ ထိုတစ်ကြိမ်တွင် သားနှစ်ယောက်ကို အမြွှာပူးမွေးဖွားခဲ့သည်။ ကျွန်တော်သည် မိခင်၏ ဝမ်းဗိုက်အတွင်းမှ ဦးစွာထွက်လာသဖြင့် ဖခင်ကြီးက ကျွန်တော့်အား ဇော်ဝမ်းဟုလည်းကောင်း၊ နောက်မှမွေးသောအမြွှာညီအား ဇော်တူးဟု နာမည်ပေးခဲ့ပါသည်။

ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ရုပ်ချင်းသည် အလွန်တူညီသည့်အတွက် နှစ်ယောက်ယှဉ်ထိုင်နေလျှင် မိဘနှစ်ပါးမှလွဲ၍ မည်သူမျှ မခွဲခြားတတ်ပါ။ ကျွန်တော်တို့နှစ်ယောက်၏ရုပ်ရည်ချည်းတူညီမှုသည် နောင်အခါတွင် ကျွန်တော့်ကို ဒုက္ခဖြစ်စေမည်ဆိုသည်ကို ယင်းအချိန်က မတွေးမိခဲ့ပါ။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ကလေးဘဝမှာ ချမ်းသာပျော်ရွှင်စွာ နေထိုင်ခဲ့ရပါသည်။ ဒီလိုနှင့် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်သည် တဖြည်းဖြည်း ကြီးပြင်းလာခဲ့ပါသည်၊ ကျွန်တော်တို့နှစ်ယောက်သည် ရုပ်ချည်းတူသော်လည်း စိတ်ဓာတ်က မတူကြပါ။

သေဆုံးသွားသူ့အကြောင်း ပြောရသည်က မကောင်းပါ၊ သို့သော် သူကား ကျွန်တော်၏ တစ်ဦးတည်းသောညီဖြစ်ပါသည်၊ မောင်ဇော်တူး၏ အကျင့်စာရိတ္တကို မိုးကုတ်မြို့တစ်မြို့လုံးနှင့် မန္တလေးမြို့မှ လူအတော်များများ သိကြပါသည်၊ သူသည် မကောင်းသောအလုပ်အားလုံးမှာ မွေ့လျော်လု သည်။ ယင်းထက်ဆိုးသည်မှာ သူနှင့်ကျွန်တော် ရုပ်ချင်းခွဲမရအောင် တူနေခြင်းကို အခွင့်ကောင်းယူ၍ သူလုပ်သမျှမကောင်းမှုများကို ကျွန်တော့်အပေါ် ပုံချတတ်ခြင်းပင် ဖြစ်ပါသည်။ မိုးကုတ်မြို့မှာရော မန္တလေးမြို့မှာပါ ကျွန်တော်သည် သူ့ကြောင့် ဂုဏ်သိက္ခာကျဆင်းခဲ့ရပြီး လူအများ၏ အထင်သေးမှုကို ခံခဲ့ရပါသည်။

ကျွန်တော်ဆယ်တန်းအောင်သောနှစ်တွင် မိဘနှစ်ပါးလုံး ကားတိုက်မှုတွင် ဆုံးပါးသွားခဲ့ကြပါသည်။ ဤတွင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် မိဘများ၏ အမွေအနှစ်ကို အညီအမျှ ခွဲယူကြသည်။ ထို့နောက် ကျွန်တော်က ရန်ကုန်မြို့သို့ ဆင်းလာပြီး ဆရာဝန်ဖြစ်ရန် ဆေးကောလိပ် တက်ခဲ့သည်။ ကျွန်တော့်ညီ ဇော်တူးမှာကား သူ့အမွေရသော မိုးကုတ်မြို့မှ အိမ်ကြီးတွင် နေရစ်ကာ အပေါင်းအသင်းများနှင့် သုံးဖြုန်းပျော်ပါးနေသည်ဟု ကြားသိရပါသည်။

ကျွန်တော် ဆရာဝန်ဘွဲ့ရလာချိန်တွင် သူမှာကား မိဘအမွေမှန်သမျှ သုံးဖြုန်း၍ ကုန်သလောက် ဖြစ်နေရပြီဟု ကြားသိခဲ့ရသည်၊ သူ့တွင် ငွေကုန်လျှင် ကျွန်တော့်ဆီလာ၍ ဒုက္ခပေးဦးမည်မှာ သေရာသည်၊ ထို့ပြင် ကျွန်တော့်ဂုဏ်သိက္ခာကျဆင်းစေမည့် အလုပ်များနှင့် ကျွန်တော့်နာမည်ကို အသုံးချပြီး အခွင့်ကောင်းယူဦးမည်မှာလည်း သေရာသည်၊ ထို့ကြောင့် သူ

www.burmeseclassic.com

www.burmeseclassic.com

နှင့်ဝေးလေ ကောင်းလေဟု ဆုံးဖြတ်ကာ မြစ်ဝကျွန်းပေါ်ဒေသရှိ မထင်ရှားလှသော ဤသမိန်ထောရွှာကြီးသို့လာကာ ဆေးကုသခြင်းအလုပ်ကို လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။

ကျွန်တော် ရွေးချယ်မှန်ခဲ့ပါသည်။ မည်မျှအထိ မှန်သနည်းဆိုသော် နှစ်အတော်ကြာသည်အထိကျွန်တော်သည်စိတ်ချမ်းသာစွာကိုယ်လုပ်ချင်သည့်အလုပ်ကို လုပ်ကိုင်ခွင့် ရရှိနေခဲ့ပါသည်။

ထိုအချိန်က ကျွန်တော်မည်မျှစိတ်ချမ်းသာသနည်းဆိုလျှင် ဆေးလိုက်သည့်ဆရာဝန်တစ်ယောက်၊ တစ်သက်တွင် တစ်ခါသာ ဖြစ်ပေါ်နိုင်မည့်မြတ်နိုးလှသောချစ်စိတ်ဖြင့် ချစ်ရသော မစောနွဲ့၏ အချစ်ကိုရခဲ့သည်သာမက မကြာမီ လက်ထပ်နိုင်မည့်အထိ ဇစ်ငြိမ်းလမ်းကြောင်းခြင်းအလုပ်ကို လုပ်ဖြစ်ကြသည်အထိ ဖြစ်ပါသည်။

သည့်နောက်တွင်တော့ ကျွန်တော်နှစ်ပေါင်းများစွာက စိုးရိမ်ကြောင့်ကြနေသောအဖြစ်သည် ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာပါတော့သည်။ အကြောင်းမှာ ကျွန်တော်ရှိနေသောနေရာကို ကျွန်တော့်ညီ ဖော်တူးက သိရှိသွားသောကြောင့် ဖြစ်ပါသည်။

ယခုဖြစ်ကြသည့် ပြဿနာ၏အစမှာ ကျွန်တော့်ညီထံမှ စာတစ်စောင်ရရှိခြင်းက အစပြုသည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ သူရောက်လာလျှင် ကျွန်တော်သာမက ကျွန်တော်နှင့်ပတ်သက်သူများလည်း ဂုဏ်သိက္ခာကျ ရှေတော့မည်။ ကျွန်တော် ဘာလုပ်ရမည်နည်း။ ကျွန်တော့်အတွက် မသက်ဆိုင်သူများ စိတ်ဆင်းရဲမည်ကို ကျွန်တော် မလိုလားပါ၊ ကျွန်တော့်ဒုက္ခကို ကျွန်တော်သာ ခံလိုက်ချင်ပါသည်။ ကျွန်တော် မည်သို့လုပ်ရပါမည်နည်း။ သူမလာအောင် မတားဆီးနိုင်တော့သည့်အဆုံး ကျွန်တော့်အဖို့ မတော်လိုက်ရသော ယောက်ဖကြီးကိုလည်း မနစ်နာစေလိုသော လျှပ်တစ်ပြတ်အတွေးဖြင့် ယခုကဲ့သို့ လုပ်ဆောင်မိခြင်း ဖြစ်ပါသည်။

အခင်းဖြစ်သည့်ညတွင် ကျွန်တော့်ညီဖော်တူး ရောက်လာပါသည်။ ထိုအချိန်က ကျွန်တော်သည် ဆေးခန်းထဲတွင် စာဖတ်နေခဲ့ပါသည်၊ အချိန်မှာ ည(၁၁)နာရီခွဲခန့်ဖြစ်ပြီး အပြင်ဘက်ကျောက်စရစ်လမ်းပေါ်က ခြေသံကို စတင်ကြားလိုက်ရသည်။ မကြာခင်ပြတင်းပေါက်မှ သူ့မျက်နှာကိုပါမြင်လိုက်ရသည်။ သူနှင့်ကျွန်တော့်မှာ ရုပ်ချင်းတူသူများဖြစ်သည့်အလျောက် ကျွန်တော့်၏မျက်နှာကို မှန်ထဲတွင် မြင်ရသကဲ့သို့ ထင်ရပါသည်။ အချိန်မဟုတ်ပါဘဲလျက် မျက်မှန်အနက်ကို တပ်ထားခြင်းကိုမူ ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ခဲ့ရသေးသည်။ သို့သော်သူ့ထံတွင်အမြဲတွေ့ရတတ်သောကောက်ကျစ်သည့်အပြုံးကိုမူ တွေ့နေရဆဲ ဖြစ်ပါသည်၊ သူက ပြူး၍ နှုတ်ဆက်သည်တွင် လူအများ အသိမခံချင်သူ ကျွန်တော်က ပြေးပြီး တံခါးဖွင့်ပေးလိုက်ရသည်။

သူ အခန်းထဲရောက်၍ အနီးကပ်ကြည့်မိတော့မှ သူဟာ အတော်ကြီးကျန်းမာရေးချို့တဲ့နေသည်ကို သိရတော့တယ်။ သူပြောပြသော ကျပ်တည်းဆင်းရဲမှုများအပြင် ဖျာပုံမြို့မှ ကားလမ်းအတိုင်း ခြေကျင်လျှောက်လာရသည့်အကြောင်း၊ နေမကောင်းသည့်အကြောင်းများကိုပါ သိလာရပါသည်။ ညီအစ်ကိုအရင်း အမွှာပူးများဖြစ်ခဲ့၍ သွေးမကင်း၊ သံယောဇဉ် မကုန်နိုင်သောစိတ်နှင့်သူ့ကို အကဲခတ်ကြည့်မိတော့မှ သူ့တွင် အတော်ဆိုးရွားသော အတွင်းရောဂါရှိနေမှန်းကို ဆရာဝန်အသိနှင့် ကျွန်တော် သိလိုက်ပါသည်။

ထို့အပြင် ရန်ကုန်ဆိပ်ကမ်းတွင် အလုပ်သမားများနှင့် သတ်ပုတ်ခဲ့ရ၍ သူ့မျက်နှာ ဖူးယောင်နေခဲ့ခြင်းကို လူမမြင်စေချင်၍ မျက်မှန်အနက် တပ်ခဲ့ကြောင်းကိုပါ ရှင်းပြရှာသည်။ အခန်းထဲရောက်မှ သူ့မျက်မှန်အနက်ကို ချွတ်သည်၊ ရုပ်အတော်ကျသွားသည်ပဲ၊ အဝတ်အစားများသည် ဟောင်းနွမ်းစုတ်ပြတ်နေသလို စီးထားသောဖိနပ်ကပါ အမြီးပြတ်နေသည်။

သူသည် ဆင်းရဲဒုက္ခကို အတော်ခံစားခဲ့ရသည့်အတွက် ချမ်းချမ်းသာသာ ဖြစ်နေသောကျွန်တော့်ကို မရှုဆိတ်နိုင်အောင် ဖြစ်နေသည်၊ သူ့ဝေ အဖေ့ကိုကျွန်တော်မတရားပိုယူသည်ဟု စွပ်စွဲပြီး သူမနှလေးတွင် ထော်ပြတ်နေရိုက်၍ ကျွန်တော်က သူ့ငွေတွေနဲ့ ရန်ကုန်မှာ လာနေသည်လို့လည်း ပြောပြန်သည်။ သူ့ရဲ့စွပ်စွဲမှု၊ ဇော်ကားမှုဟာ များလွန်းလို့ ကျွန်တော် မပြောသာပါ၊ သူသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး တစ်မိနစ်တိုး အရက်နှင့်ပိုက်ဆံကိုသာ တောင်းနေပါတော့သည်။

www.burmeseclassic.com

ကျွန်တော့်ကိုလည်း ဆဲဆိုကြိမ်းမောင်းလိုက်၊ ခြိမ်းခြောက်လိုက်နှင့် ကျွန်တော်ဒေါသဖြစ်ပေမယ့် စိတ်ချုပ်တည်းနိုင်ခဲ့သည်။ ဘာတစ်ခုမျှ ပြန်မပြောတော့ဘဲ သူပြောသမျှ ငြိမ်ခံနေလိုက်ပါသည်။ မကျန်းမာနေသူတစ်ယောက်သည် စိတ်တိုတတ်သည် မဟုတ်ပါလား။ ထို့အပြင် သူသည် ကျွန်တော့်ညီအရင်းတစ်ယောက်လည်း ဖြစ်ချေသည်။

ကျွန်တော်က ဘာမျှပြန်မပြောတော့ပါ။ သူသည် ပို၍ဒေါသထွက်လာတော့သည်။ ဤသည်မှာလည်း သဘာဝပင်။ ငြိမ်နေခြင်းသည် သူပြောသမျှကိုအမှန်ဟုထောက်ခံနေသည်ဟုအထင်ရောက်သွားပုံရသည်ထင်ပါသည်။ ပြောနေရင်းမှာပင် သူ့ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားဟန်တူပါသည်။ ဝေဒနာတစ်ခုကို ခံစားလိုက်ရသလို မျက်နှာရှုံ့မဲ့ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတော့သည်။ ထို့နောက် နာကျင်စွာတစ်ချက်အော်ပြီး ကျွန်တော့်ခြေရင်းမှာပင် ပုံလျက်သား လဲကျသွားပါသည်။ ကျွန်တော်က သူ့ကိုယ်လုံးကို ဆိုဖာပေါ် မ.တင်ထားပြီး အခြေအနေကို စောင့်ကြည့်နေရင်း သူ့ကို ခေါ်ကြည့်ခဲ့ပါသေးသည်။ သူပြန်မထူးနိုင်တော့ပါ။ ကျွန်တော့်ကို ဆုပ်ထားသောသူ့လက်သည် တဖြည်းဖြည်း အေးစက်လာပြီး နောက်ဆုံး၌ လွတ်ကျသွားပါတော့သည်။ သူ့အဖြစ်မှာ နှလုံးရောဂါနှင့် အသည်းရောဂါကြာမြင့်စွာ ရှိနေခဲ့ခြင်းကြောင့် ရုတ်တရက်ဖြစ်ပေါ်လာသော ဒေါသကြောင့် စိတ်လှုပ်ရှားပြီး သူ သေဆုံးသွားခြင်းမျိုး ဖြစ်ပါသည်။

စိတ်လည်းမကောင်း၊ စိတ်လည်း ထိခိုက်နေမိသော ကျွန်တော်သည် ညီဖြစ်သူ ဇော်တူး၏အလောင်းကိုကြည့်ရင်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေမိပါသည်။ ထိုအချိန်မှာပင် ဒေါ်သိန်းနွဲ့ တံခါးလာခေါက်သံကြောင့် ကျွန်တော်သတိဝင်လာရပါသည်။ ဇော်တူး၏သေခါနီးအော်သံကိုကြားလိုက်ရ၍သာ ဒေါ်သိန်းနု လာခြင်းဖြစ်တန်ရာသည်။ ထို့ကြောင့် ကျွန်တော်က ဒေါ်သိန်းနုကိုပြန်အိပ်ရန် ပြောလိုက်ရပါသည်။ ဒေါ်သိန်းနုပြန်သွားပြီး မကြာမီမှာပင် အခြားသူတစ်ဦးက တံခါးလာခေါက်ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ ကျွန်တော် အသံပြန်မပေးတော့ပါ။ ဤသို့ အသံမပေးခြင်းကြောင့်



တံခါးလာခေါက်သူမှာ ပြန်ထွက်သွားလေတော့သည်။ ထိုသောအခါမှ ကျွန်တော့်ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာပါတော့သည်။

အခုဆိုလျှင် မစောနွဲ့နှင့်ကျွန်တော်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စမှာလည်း ပျက်သွားချေပြီ။ မစောနွဲ့ခမျာ ကျွန်တော့်အတွက် စိတ်အလွန်ဆင်းရဲနေရချေပြီး ကိုယ်တိုင်ကိုယ်တိုင်လည်း စိတ်ဆင်းရဲလှပါသည်။ ကျွန်တော့်တစ်သက်လုံးကို ဒုက္ခပေးနေခဲ့သည့် ညီဖြစ်သူဇော်တူးလည်း သေဆုံးသွားချေပြီ။ ကျွန်တော် ဆုံးဖြတ်ထားခဲ့သောကိစ္စမှာလည်း ပြုပြင်၍ မရနိုင်တော့ပါ။ သမိန်ထောမှ ထွက်သွားတော့မည်ဆိုသောဆုံးဖြတ်ချက်ကိုဆိုလိုပါသည်။ ထို့ကြောင့် ဆိုဖာပေါ်တွင် ကျွန်တော်နှင့်ခွဲမရအောင်တူသော ဇော်တူး၏အလောင်းက အဆင်သင့်ရှိနေသည့်အလျောက် ဤအကြံကိုကြံစည်ဖြစ်ခြင်းဖြစ်ပါသည်။ ဇော်တူးကို ဤရွာမှ မည်သူမှ သိထားကြသူမရှိပါ။ ကျွန်တော့်အဝတ်အစားကိုသာ သူ့အား ဝတ်ဆင်ပေးလိုက်လျှင် ဒေါက်တာဇော်ဝမ်းတစ်ယောက် သူ့ဆေးခန်းထဲတွင် သေဆုံးရှာပြီဟု ထင်ကြမည်မှာ မလွဲပါ။ ထို့အပြင် သေတ္တာထဲတွင် ငွေအလုံလောက် ရှိနေခြင်းကလည်း ကျွန်တော့်အနေဖြင့် မြန်မာပြည်တစ်နံတစ်လျား ရှောင်ကျကျနေရာတစ်ခုတွင် အေးဆေးစွာ အခြေချနိုင်မည် ဖြစ်ပါသည်။

ဤသို့ဖြင့် ယင်းအစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်လိုက်ပါတော့သည်။ တစ်နာရီအတွင်းမှာပင် ဇော်တူး၏အဝတ်အစားများ လဲဝတ်လိုက်ပြီး အခန်းဘေးတံခါးမှ ထွက်ခဲ့သည်။ ထို့နောက် လယ်ကွင်းများကိုဖြတ်ပြီး ဖျာပုံမြို့ဆီသို့ ဦးတည်လျှောက်ခဲ့သည်။ နံနက်လင်းအားကြီးချိန်တွင်မှ မြို့ပေါ်သို့ ရောက်ပါသည်။

ကျွန်တော့် ပိုက်ဆံအိတ်ထဲတွင် ကျွန်တော့်ချစ်သူ မစောနွဲ့၏ဓာတ်ပုံပါလာသည်။ ကျွန်တော် အသတ်ခံရသည်ဟု လူအများ တွေးထင်ကြလိမ့်မည်ဟု မထင်ခဲ့ပါ။ ရောဂါဖြင့် သေဆုံးသွားသည်ဟုသာ ထင်လိမ့်မည်ဟု ယူဆထားခဲ့ပါသည်။ ယင်းအတွက် လူတစ်ယောက်မှာ ကိုသောင်းဟန်ကိုဆိုလိုသည်။ အပြစ်မရှိပါပဲလျက် ဒုက္ခရောက်ရမည်ကိုလည်း မစဉ်းစားမိခဲ့

ပါ။ ကျွန်တော့်ဘဝကို အသစ်က ပြန်စရန်ကိုသာ စိတ်စောနေခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော်ဖျာပုံရောက်ပြီး နောက်တစ်နေ့မှာပင် ရန်ကုန်ကို ဆက်သွားခဲ့ပါသည်။ ကြည့်မြင်တိုင်မှာတည်းရင်း မစောနွဲ့ဆီ စာတစ်စောင် ရေးထည့်လိုက်ပါသည်။ အကြောင်းစုံဖော်ပြပြီး ဒီဘဝ ဒီမျှသာသောမျိုး နှုတ်ဆက်စာလည်း ဖြစ်သည်။

ကျွန်တော်၏လုပ်ရပ်များသည် အလွန်ရက်စက်စိမ်းကားမှု(ဒါမှမဟုတ်) ကြောင်စီစီနိုင်လှသောဖြစ်ရပ်တစ်ခုဆိုတာကိုလည်း မတွေးမိခဲ့ပါ။ ဒီကမ္ဘာမှာ ကျွန်တော့်အတွက် ပူဆွေးသောကရောက်မည့်သူဆို၍ မစောနွဲ့တစ်ဦးသာ ရှိနေပြီး သူမကလည်း ကျွန်တော့်လုပ်ရပ်ကို နားလည်ခွင့်လွှတ်မှုကို ရခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် စာထည့်ပြီး နောက်တစ်ရက်တွင် ကျွန်တော် မော်လမြိုင်ကို ထွက်လာခဲ့သည်။ ပြီးခဲ့သည့်နှစ်ရက်က ရန်ကုန်ပြန်ရောက်သောအခါမှ အမှုအကြောင်းနှင့် ပတ်သက်ပြီး သတင်းစာများထဲတွင် ဖတ်ရမှ နားမလည်နိုင်သော ရှုပ်ထွေးမှုများကို အမှန်အတိုင်း ဖွင့်ပြောရန် ယခုကဲ့သို့ ပြန်လာခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော့်အား ခွင့်လွှတ်ပါဟု မဆိုချင်ပါ။ အဖြစ်မှန်ပေါ်၍ မလို့သူ၊ မသက်ဆိုင်သူ ဒုက္ခမရောက်ရေးကိုသာ ဦးတည်ပြီး အမှန်အတိုင်း ဆုံးဖြတ်ကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ဤသို့ဖြင့် ဒေါက်တာဇော်ဝမ်း၏ လျှောက်ထားချက်ကြားရသောအခါ တရားသူကြီးနှင့်တကွ နစ်ဖက်သောရှေ့နေကြီးတို့မှာ အလုပ်ရှုပ်ကြရတော့သည်။ အတန်ကြာမျှစဉ်းစားတွေးတောပြီး သေဆုံးသူဇော်တူး၏အလောင်းကို မြို့ဖော်ပါမှ ဆရာဝန်ကြီးများအား ပြန်စစ်ဆေးစေခဲ့ပါသည်။ ထိုအခါကျမှ ဇော်တူးသည် နှလုံးရောဂါဖြင့် အမှန်တကယ် သေဆုံးခြင်းဖြစ်ကြောင်း အဖြေမှန် ထွက်လာခဲ့ပါတော့သည်။



ဤဇာတ်လမ်း၏နိဂုံးမှာ...

ဒေါက်တာဇော်ဝမ်းသည် သိမ်တောရွာသို့ပြန်လာပြီး ဆေးခန်းပြန်ဖွင့်ဖြစ်ခဲ့သည်။ ကိုသောင်းဟန်၏ အထူးကျေးဇူးတင်မှုကို ရရှိခဲ့သည်။ မရှေးမနှောင်းမှာပင် ဒေါက်တာဇော်ဝမ်းနှင့် မစောနွဲ့တို့၏ ထိမ်းမြားလက်ထပ်ကြောင်း ကြော်ငြာကိုလည်း စိတ်ချမ်းမြေ့ကြည်နူးစွာ ဖတ်ခဲ့ရပါသည်။

☞ ဘဘသဝ်ဆွေ


## စာမူရှင်များသို့..

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ဖုန်းနံပါတ်မရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း